

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၂၇) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် ၊ ဗုဒ္ဓဟူး ၊ (စက်တင်ဘာ ၁၁ ၊ ၂၀၁၃)

# ကိုယ်ပျောက် အမတ်မင်းများကို သတိထားပါ

**ထွန်းနိုင်၊ ချစ်ဝိုင်း**

လွန်ခဲ့သောနှစ်လခန့်က လူငယ်သတင်းသမားများ၊ ပညာရှင်များပါဝင်သည့် အဖွဲ့တစ်ခုသည် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ စစ်တမ်းတစ်ခုကို ကောက်ယူခဲ့သည်။

သူတို့စစ်တမ်းထဲတွင် နိုင်ငံရေးဆိုင်ရာ မေးခွန်းအချို့လည်း ထည့်သွင်းမေးမြန်းခဲ့သည်။

စာမျက်နှာ ၈ »

# ဈေးငွေဖြင့် ဆင်းရဲမွဲတေမှုဖြေရှင်းနိုင်မလား

**သတင်းအဖွဲ့**

အကြွေးရပါက ဆင်ကိုပင် ဝယ်စီးသည်ဟု မြန်မာလူမျိုးများ ပြောဆိုလေ့ရှိကြသည်။

မိမိအတွက် အသုံးလိုသည်၊ မလိုသည်ကိုမစဉ်းစားဘဲအကြွေးရပါက ရယူချင်သောဆန္ဒအား ဥပမာပေး ပြောဆိုခြင်းဖြစ်သည်။

ယခုဆိုလျှင် သမဝါယမအသင်းအနေဖြင့် တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်းချေးမည့်အစီအစဉ်စတင်နေပါပြီ။ ထို့အပြင် မှန်မှန်ကန်ကန်လုပ်ကိုင်ပြီး မှန်မှန်ကန်ကန်ပြန်လည်ပေးဆပ်သည့်အသင်းသားများအား ကျပ်ငါးသိန်းထိထုတ်ချေးပေးမည်ဟုလည်း သမဝါယမဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ပြောကြားထားပါသည်။

အချပ်ပို ၂ »



ကုန်းကျော်ရွာရှိ ဒုက္ခသည်များနေထိုင်ရာ တဲအိမ်ကလေးများကို ဩဂုတ်၁၈ရက်ကတွေ့ ရစဉ် ဓာတ်ပုံ-မောင်တာ

# ကုန်းကျော်ရွာကို စွန့်ခွာရမည့်အချိန်

**မောင်တာ**

မြေတူးစက် ယန္တရားဘက်ဟိုးနှင့် မော်တော်ကားအပါအဝင် သူပိုင်ဆိုင်သည့် ပစ္စည်းများချန်ထားခဲ့ပြီး ရွာမှထွက်ပြေးရန် နောက်ဆုံး၌ ဆုံးဖြတ်ချက်ချလိုက်ရသည်။

မိသားစုနှင့် သူ့ဘဝအသက်ရှင်ရပ်တည်နိုင်ရေးအတွက် နေအိမ်၊ မြေယာနှင့် ဥစ္စာပစ္စည်းအားလုံးစွန့်ခွာကာထွက်ပြေးမှဖြစ်တော့မည်ဟု ဦးစိုင်းလျန် သေသေချာချာ နားလည်လိုက်သည်။

အနာဂတ်အတွက် မျှော်လင့်အားကိုးစရာ တစ်စုံတစ်ရာ မရှိသော်လည်း အသက်ဆက်ရှင်နိုင်ရေးအတွက် ရွာမှထွက်ပြေးခြင်းမှတစ်ပါး သူတို့တွင် အခြားရွေးချယ်စရာလမ်း မရှိတော့ပါ။

တဝုန်းဝုန်းဖြင့် ပေါက်ကွဲနေပြီး ဆက်တိုက်ပစ်လွှတ်နေတတ်သည့်လက်နက်ကြီးများပစ်ခတ်သံများက သူတို့ရွာကိုမီးလောင်တိုက်သွင်းပြာချတော့မည်ဟု ဦးစိုင်းလျန် ယုံကြည်သည်။ အသက်မသေမီ တိုက်ပွဲများနှင့် ဝေးရာဆီသို့ မိသားစုကို ဦးဆောင်ကာ ထွက်ပြေးလာခဲ့သည်။ သေနတ်သံနှင့် လက်နက်ကြီးပေါက်ကွဲသံများ တဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့သည်။

အချပ်ပို ၈ »

INTERVIEW

# "ဆီးဂိမ်းနဲ့ အာဆီယံဥက္ကဋ္ဌနီးလာတော့ ငြိမ်းချမ်းရေးကို အဖြစ်သဘောနဲ့ လုပ်ချင်လာတယ်လို့ ခံစားရတယ်"

ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (KBC) အထွေထွေ အတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဆွန်နှင့် တွေ့ဆုံခြင်း

စာ ၁၈ »





7 DAY NEWS JOURNAL
Vol.12, No.27 · SEPTEMBER 11 , 2013

# ရွှေဝါရောင်ကိစ္စ တာဝန်အရဆောင်ရွက်ခဲ့ခြင်းကို မှားယွင်းသည်ဆိုပါက ကြိုးပေးခံနိုင်ဟုဝန်ကြီးချုပ်ဦးမြင့်ဆွေပြော

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ-၉**

ရွှေဝါရောင်တော်လှန်ရေးကာလတွင် ရန်ကုန်မြို့၌ ဆောင်ရွက်ခဲ့မှုများသည် လုပ်သင့်လုပ်ထိုက်၍ တာဝန်အရ ဆောင်ရွက်ခဲ့သဖြင့် မှားယွင်းခဲ့သည်ဆိုကာ တင်ပြလာပါက ကြိုးပေးလျှောင်ပင် ခံနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောသည်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာက ရန်ကုန်မြို့၌ သံဃာတော်များ ဦးဆောင်ကာ ဆန္ဒပြခဲ့သည့် ရွှေဝါရောင်တော်လှန်ရေးဖြစ်နေစဉ်တွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နေ့ရောညပါ ဆက်သွယ်တင်ပြခဲ့ပြီး ထိုစဉ်က ဆောင်ရွက်ခဲ့သမျှသည် လုပ်သင့်လုပ်ထိုက်၍ တာဝန်အရဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း ဦးမြင့်ဆွေက ပြောသည်။

"ရန်ကုန်မှာမင်းရှိတော့ မင်းမှာတာဝန်မရှိဘူးလားမေးရင် ရှိပါတယ်။ ကျွန်တော့်မှာတာဝန်ရှိတယ်လို့ တင်ပြရင် ကျွန်တော်က တော့ အဆင်သင့်ပဲ။ ကုန်ကုန်ပြောရင် ကြိုးပေးလည်း ကျွန်တော်ခံပါ့မယ်"ဟု ရန်ကုန်တိုင်း တိုင်းမှူးဘဝမှ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖြစ်လာသည့် ဦးမြင့်ဆွေက စက်တင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ပြောကြားသည်။

ရန်ကုန်တိုင်း တိုင်းမှူးတာဝန်ယူခဲ့စဉ်က ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဖမ်းဆီးခဲ့ခြင်းနှင့် မဆလပါတီဥက္ကဋ္ဌဦးနေဝင်းကို ဖမ်းဆီးခဲ့သည်မှာမမှန်ကန်သည့်ကောလာဟလများဖြစ်ကြောင်း ဦးသူရရွှေမန်းကို သက်သေတည်၍ ဦးမြင့်ဆွေကပြောသည်။ သူရရွှေမန်းနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ဦးမြင့်ဆွေက ယခုကဲ့သို့ပြောကြားသည်။

"ဦးနေဝင်းကို ကျွန်တော် မဖမ်းပါဘူး။ အဲဒီအချိန်မှာ ကျွန်တော်က မော်လမြိုင်မှာရှိနေတာပါ။ ဖမ်းစရာလည်းအကြောင်းမရှိပါဘူး။ နောက် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုလည်း ကျွန်တော်ဖမ်းတာမဟုတ်ဘူးဆိုတာ ဗိုလ်ချုပ်ကြီး သူရရွှေမန်းအသိပါ။ ကျွန်တော်မလုပ်ဘဲနဲ့ ကျွန်တော့်မိသားစုကို ထိခိုက်လာတယ်"ဟု ဦးမြင့်ဆွေကပြောသည်။

အထက်ပါကိစ္စများအား မဖြေရှင်းဘဲ ထားသော အခါ တဖြည်းဖြည်း နာမည်ဆိုးဖြင့် ကျော်စောလာသောကြောင့် ဖမ်းဆီးခဲ့မှုများကို ၎င်းမလုပ်ခဲ့ဟု မီဒီယာများတွင် ပြန်လည်ဖြေရှင်းခဲ့ရကြောင်း ဦးမြင့်ဆွေကပြောသည်။

ရွှေဝါရောင်တော်လှန်ရေးဖြစ်စဉ်အတွင်း ရန်ကုန်မြို့အတွင်း ဆန္ဒပြနေသည့် သံဃာတော်များကို စစ်တပ်မှသေနတ်ဖြင့်ပစ်ခြင်းနှင့် စွမ်းအားရှင်များက ဝါးရင်းတုတ်များဖြင့် ရိုက်ခဲ့သောကြောင့် ဂျပန်နိုင်ငံသား သတင်းထောက်တစ်ဦးသေဆုံးပြီး လူနှင့်သံဃာတော်အများအပြား ဒဏ်ရာရရှိ ဖမ်းဆီးခံခဲ့ရသည်။ ယခုနှစ် စက်တင်ဘာတွင် ရွှေဝါရောင်တော်လှန်ရေး(၆)နှစ်ပြည့်မြောက်ပြီဖြစ်သည်။




*လက်ရှိရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေ*

ဓာတ်ပုံ-နစ်ကီ







7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013



# ရခိုင်ပြဿနာများက ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို မထိခိုက်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ-၈**

ရခိုင်ဒေသတွင်ဖြစ်ပွားသည့်ဘာသာရေးပြဿနာများသည် ထိုဒေသရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏တိုးတက်မှုကို ထိခိုက်မည်မဟုတ်ကြောင်း မြန်မာအစိုးရဝန်ကြီးများကပြောကြားသည်။

မြန်မာနိုင်ငံ အနောက်တောင်ပိုင်းတွင် တည်ရှိသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် အရေးကြီးသည့်မြှုပ်နှံမှုများလုပ်မည့်နေရာဖြစ်သဖြင့်အစိုးရအတွက် ဘာသာရေးဆိုင်ရာပဋိပက္ခပြဿနာများမှ ကင်းရှင်းစိတ်ချရန်အသေအချာလိုအပ်သည်။

ထိုဒေသနှင့် နီးစပ်နေသည့် ရခိုင်ပြည်နယ်ဒေသအချို့တွင် ဘင်္ဂါလီများနှင့် ရခိုင်ဗုဒ္ဓဘာသာဝင်များ၏ ပဋိပက္ခများကြောင့် လူနှစ်ရာခန့်သေဆုံးပြီး လူတစ်သိန်းလေးသောင်းခန့်နေရာရွှေ့ပြောင်းခဲ့ရသည်။

သို့သော်လည်း မြန်မာအစိုးရက အလားအလာရှိသော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများကို ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင်မြှုပ်နှံရန်တွန်းအားပေးလျက်ရှိသည်။

မြန်မာဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းက ကျောက်ဖြူစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ဒုတိယဥက္ကဋ္ဌဖြစ်သည်။

“ဒီပဋိပက္ခတွေက သိပ်မကြီးကျယ်ပါဘူး။ ရောမပြဿနာကြီးမဟုတ်ပါဘူး။ အဲဒီမှာ ပြဿနာအချို့ရှိတယ်။ ဒါပေမဲ့ ကျွန်တော်ထင်တယ် မရှင်းနိုင်ရအောင်ခက်ခဲကြီးကျယ်တဲ့ ပြဿနာတွေမဟုတ်ပါဘူး။ နောက်တစ်ခုကလည်း ဒီဒေသက ပြဿနာတွေနဲ့ယဉ်ပါးနေပါပြီ”ဟု ၎င်းကပြောကြားသည်။

အဆိုပါကျောက်ဖြူစီးပွားရေးဇုန်က သဘာဝဓာတ်ငွေ့နှင့် ရေနံတင်ပို့ခြင်းအပါအဝင် အခွင့်အရေးအများအပြားရှိလာနိုင်သည်ဟု မြန်မာအစိုးရက ကမ်းလှမ်းထားသည်။ ရေနက်ဆိပ်ကမ်းဖြစ်သည့်အတွက် ကြီးမားသောကုန်တင်သင်္ဘောများ ဆိုက်ကပ်နိုင်မည်ဟုဆိုသည်။



*ကျောက်ဖြူမြို့အဝင်နေရာ*

ကျောက်ဖြူအထူးစီးပွားရေးဇုန်ဥက္ကဋ္ဌရထားပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမြင့်သိန်းက “ကျွန်တော်တို့က နောက်ကျတယ်။ နောက်ကျသူက အခွင့်ကောင်းရမယ်။ ဒါကြောင့် ကျွန်တော်တို့စနစ်တကျနဲ့ရေရှည်ထိန်းသိမ်းသွားမယ့် စီးပွားရေးဖွံ့ဖြိုးမှုကို စတင်ရမယ်။ အဲဒီနေရာမှာ ပင်လယ်စာထုတ်လုပ်ရေးစက်ရုံလို စက်မှုလုပ်ငန်းတွေကို ကျွန်တော်တို့စတင်ရမယ်။ ပြီးတော့ အဲဒီနေရာက အရှေ့တောင်အာရှနဲ့နီးတယ်။ ပစိဖိတ်သမုဒ္ဒရာနဲ့ ဘင်္ဂလားပင်လယ်အော်တို့နဲ့ဆက်နေတယ်။ ဒီနေရာကိုပို့ဆောင်ရေးအချက်အချာနေရာ တစ်ခုအဖြစ်လည်းလုပ်ရမယ်”ဟု ဆိုသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ၂၀၁၆ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကာ အစောပိုင်းတွင် အမေရိကန်ဒေါ်လာ ၂၂၇သန်းခန့် ရင်းနှီးမြှုပ်နှံလိမ့်မည်ဟု စီးပွားရေးပညာရှင်များက တွက်ချက်ထားသည်။

**ကိုးကား-ချန်နယ်နယူးအေးရှ**

# ပါကစ္စတန်ရှိ IPRJ မှ အငြိမ်းစားသံအမတ်လာရောက်ဆွေးနွေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊**
**စက်တင်ဘာ-၉**

ပါကစ္စတန်နိုင်ငံရှိ အစ္စလာမ်မာဘတ်မူဝါဒသုတေသန အင်စတီကျုဒ်(IPRI) မှ အငြိမ်းစားသံအမတ်မစ္စတာ Sohai Amin ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်၍ ဆွေးနွေးဖလှယ်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (Myanmar ISIS) ၏ ဖိတ်ကြားချက်အရ လေးရက်ကြာလာရောက်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ၌ အမြင်ချင်းဖလှယ်ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်သည်။

အမြင်ချင်းဖလှယ်ဆွေးနွေးပွဲတွင် ဒေသတွင်းနှင့် ပြင်ပသို့ မြန်မာ့ပြုပြင်ပြောင်းလဲမှု၏ သက်ရောက်မှု၊ မြန်မာအတွက် ပါကစ္စတန်၏ ပတ်သက်ဆက်နွှယ်မှု၊ အမေရိကန်နှင့် ပါကစ္စတန် ဆက်ဆံရေး၊ ပါကစ္စတန်နှင့် အိန္ဒိယဆက်ဆံရေးအကြောင်းအရာများကို ဖလှယ်ဆွေးနွေးကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ပါကစ္စတန်ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) နှင့် ရန်ကုန်တက္ကသိုလ်ရှိ နိုင်ငံတကာဆက်ဆံရေးပညာဌာနသို့သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပါကစ္စတန်ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) နှင့် ရန်ကုန်တက္ကသိုလ်ရှိ နိုင်ငံတကာဆက်ဆံရေးပညာဌာနသို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

## CRIME မှုခင်းသတင်း CORNER

# ပြိုင်ကားနှင့် အငှားယာဉ်တိုက် အငှားယာဉ်မောင်း ဆေးရုံရောက်

သန်းဌေး

ရန်ကုန်၊ စက်တင်ဘာ-၉

ဗိုလ်ချုပ်လမ်းနှင့်ဘုန်းကြီးလမ်းထောင့်၌ပြိုင်ကားနှင့်အငှားယာဉ်တိုက်မိကာ ကားနှစ်စီးလုံးပျက်စီးပြီး အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် ဆေးရုံတင်ထားရကြောင်း သတင်းရရှိသည်။

စက်တင်ဘာ ၉ ရက်က သန်းခေါင်ယံအချိန်တွင် လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့်ဘုန်းကြီးလမ်းထောင့်ရှိ မီးပွိုင့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြည်လမ်းအတိုင်း ဒဂုံမြို့နယ်ဘက်မှ လမ်းမတော်မြို့နယ်ဘက်သို့မောင်းလာသည့် Mazata RX-8 အမျိုးအစားပြိုင်ကားအဖြူရောင်ယာဉ်သည် မီးနီဖြတ်မောင်းစဉ် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းလာသည့် AA ဗင်ဖင်ကောက် ခဲ ရောင်အငှားယာဉ်အား ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှုခင်းမှတ်တမ်း များတွင် ဖော်ပြထားသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးလုံးပျက်စီးခဲ့ပြီး အငှားယာဉ်မောင်းဦးထွန်းထွန်း၏ မျက်နှာနှင့် ဦးခေါင်းတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ရန်ကုန်ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေရကြောင်း သတင်းရရှိသည်။

ထို့ကြောင့် ယာဉ်အားမဆင်မခြင်မောင်းနှင်မှုနှင့် အခြားသူအားပြင်းထန်စွာ ထိခိုက်နာကျင်စေသောကြောင့် ပြိုင်ကားယာဉ်မောင်းအမျိုးသားအား လမ်းမတော်မြို့မရဲစခန်းမှ ပြစ်မှုဆိုင်ရာ ပုဒ်မ-၂၇၉/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း လမ်းမတော် ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# ဆီးဂိမ်းတွင် ဆိုက်ရောက်ဗီဇာထုတ်ပေးရေးညှိနှိုင်း

သန်းထူး

နေပြည်တော်၊ စက်တင်ဘာ-၉

လာမည့်ဒီဇင်ဘာတွင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လာရောက်မည့် အားကစားအဖွဲ့များနှင့်ပတ်သက်၍ဆိုက်ရောက်ဗီဇာ ထုတ်ပေးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းလျက်ရှိကြောင်း သတင်းရရှိသည်။

"လုပ်ပေးဖို့ဖြစ်နိုင်ပါတယ်။ လောလောဆယ်တော့ ဆွေးနွေးညှိနှိုင်းနေဆဲပါ"ဟု လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။




*သုဝဏ္ဏအားကစားကွင်းအနီးစိုက်ထူထားသည့် ဆီးဂိမ်းလှုံ့ဆော်ရေးပိုစတာများ*  ဓာတ်ပုံ-ဗိုလ်ဗိုလ်ဝင်း

ဆိုက်ရောက်ဗီဇာထုတ်ပေးရန်အတွက် အားကစားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနများနှင့် ညှိနှိုင်းနေခြင်းဖြစ်သည်။

အားကစားဝန်ကြီးဌာနတွင် စက်တင်ဘာ ၅ ရက်က ပြုလုပ်သော ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တက်ရောက်ဆွေးနွေးသူက ဆိုက်ရောက်ဗီဇာထုတ်ပေးရေးအတွက် စတင်ဆွေးနွေးခဲ့သည်။

စက်တင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် ပြိုင်ပွဲအကြိုဖိတ်ခေါ်ပြိုင်ပွဲများအတွက်လည်း ပြည်ပမှလာရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များကို ဆိုက်ရောက်ဗီဇာထုတ်ပေးရန်နှင့်ပတ်သက်၍ ထပ်မံဆွေးနွေးခဲ့သည်။

ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းကို နိုင်ငံပေါင်း ၅၀ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်(Business) များအတွက် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ လေဆိပ်များအတွက်မူ မပါဝင်သေးကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

ဆီးဂိမ်းအတွက် ထုတ်ပေးမည့် ဆိုက်ရောက်ဗီဇာသက်တမ်းကို ရက်အနည်းငယ်အတွင်း ထုတ်ပြန်နိုင်ရန်ရှိကြောင်းလည်း အဆိုပါဝန်ကြီးဌာနမှ သတင်းရရှိသည်။



Life
7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# အပေါက်ဖောက်၍ အလှဆင်

မိုးညို

မျက်လုံးချင်းအကြည့် ဆုံလိုက်သည်နှင့် တစ်ဖက်က မျက်လုံးအစုံမှာ သာမန်မျက်လုံးမဖြစ်နိုင်ကြောင်း ချက်ချင်းသိနိုင်သည်။ ရုတ်တရက် ကြည့်လိုက်လျှင်လူ တစ်ယောက်၏ မျက်လုံးတစ်လုံးနှင့်မတူ။ တိရစ္ဆာန်တစ်ကောင်၏ မျက်လုံးတစ်လုံးဟု ထင်ပေလိမ့်မည်။

သတ္တဝါတစ်ကောင်၏မျက်လုံးကို အစားထိုးထားသည့် အမေရိကန်နိုင်ငံမှ နာမည်ကြီးရော့ခ်အဆိုတော် မာရီလင်မန်စန်ပင်။

သူ၏ဂီတနယ်ပယ်အသိုင်းအဝိုင်း ပညာရှင်များ၏ အဆိုအရ မာရီလင်မန်စန်မှာ သူ၏နံရိုးအချို့ကိုပင်ချိုးပြီး ခန္ဓာကိုယ်ပျော့ပျောင်းစေရန် ပြုလုပ်ထားသည်ဟုဆိုကြသည်။ ကမ္ဘာကျော်ရုပ်သံလိုင်းတစ်ခုဖြစ်သော CNN ရုပ်သံလိုင်းမှ ရိုက်ကူးထားသည့် မှတ်တမ်းရုပ်ရှင် (Documentary)တစ်ခုတွင် လူငယ်အမျိုးသားတစ်ဦး မိမိမျက်လုံးကို ခွဲစိတ်ပြီး ဆိတ်တစ်ကောင်၏ မျက်လုံးကို ပြန်ထည့်နေသည့် ရိုက်ကူးတင်ဆက်မှုမှာ ကြည့်ရှုသူအများစုအတွက် အသည်းအေးစရာတစ်ခုဖြစ်ခဲ့သည်။



*မျက်နှာတွင် အပေါက်များဖောက်ကာ အလှဆင်ထားသည့် မြန်မာပန့်ခ်လူငယ်တစ်ဦး*

ဓာတ်ပုံ-SBS.com.au

ယင်းမှာ အနောက်နိုင်ငံမှ ဂီတနှင့်ဖက်ရှင်ကိုတွဲဖက်ရူးသွပ်ကြသူများ၏ စွန့်ဦးတီထွင်လုပ်ရပ် အချို့ပင်ဖြစ်သည်။ ရော့ခ်သီချင်း ခပ်ပြင်းပြင်းများကို ပန့်ခ်စတိုင်နှော ပြီးဆိုတတ်သည့် အမေရိကန် အဆိုတော် မန်စန်ကဲ့သို့ မြန်မာနိုင်ငံမှ ထင်ရှားကျော်ကြားသည့် အနုပညာရှင်များ အပါအဝင် ခေတ်လူငယ်အများစုတွင်တော့ ထိုကဲ့သို့ ရူးသွပ်မှုများ ကူးစက်မှုမရှိသေး။

သို့သော်ယနေ့ခေတ်လူငယ်အချို့တွင် နား၊ နှုတ်ခမ်း၊ လျှာ၊ မျက်ခုံးများတွင်ဖောက်ပြီး တန်ဆာဆင်ကြသည့် ဓလေ့မျိုးမှာ ကြာမြင့်စွာ ကြီးစိုးနေပြီဖြစ်သည်။ ခေတ်၏ ဖောက်ထွက်လာသော ရေစီးကြောင်းများအရ မြန်မာနိုင်ငံမှလူငယ်အချို့တွင် အပေါက်ဖောက်သည့် ယဉ်ကျေးမှုမှာ ဂီတကို ရူးသွပ်ကြသူများ အပါအဝင် ဖက်ရှင်ကျချင်သည့်လူငယ်အချို့အတွက် မပါမဖြစ် အရေးကြီးသည့် စတိုင်တစ်ခုဖြစ်သည်။

“ဘာရယ်တော့မဟုတ်ပါဘူး။ လူငယ်တွေက ဂေါ်ချင်လို့ဝတ်ကြတာပေါ့”ဟု စမ်းချောင်းမြို့နယ်မှ အသက် ၁၈ နှစ်အရွယ်ရှိ လူငယ်တစ်ဦးဖြစ်သူ ရဲမင်းဟိန်းကဆိုသည်။

ခန္ဓာကိုယ်တစ်ဝိုက်နှင့် မျက်နှာကို အပေါက်ဖောက်သည်ဆိုခြင်းမှာ အိန္ဒိယနွယ်ဖွား ဟိန္ဒူလူမျိုးတို့၏ နတ်ကိုးကွယ်ယုံကြည်မှုများမှ အဓိကဆင်းသက်လာခြင်းဖြစ်ပြီး အနောက်တိုင်းမှ ဂီတကို ရူးသွပ်ကြသူများ၏ ဆန်းသစ်လုပ်ဆောင်မှုများကြောင့် တစ်စတစ်စဖြင့် ကမ္ဘာတစ်ဝန်းကို ပျံ့နှံ့လာခဲ့ရာ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ခဲ့သည်။

“ဒါတွေခေတ်စားလာတာ တော်တော်ကြာပါပြီ။

**စာမျက်နှာ(၆)သို့**



7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013




YG Made in KOREA
ကိုးရီးယားနိုင်ငံ၏ ရောင်းအားအကောင်းဆုံး နံပါတ်(၁) YG တံဆိပ်
အဆင့်မြင့်စတီး(လ်)ဖောက်ဆူးသွား

ဆိုဒ်အစုံ
1mm ~ 38mm
"တန်ဖိုးထက်ပိုတဲ့ အရည်အသွေးကိုရယူပါ။"
မြန်မာပြည်တစ်ဝှမ်းတည်းကိုယ်စားလှယ်
Telco Myanmar Trading Co., Ltd.
Ph - 01-512076, 09 550 5595
Hot Line 09 732 10185
~ ဝယ်ယူရရှိနိုင်သောဆိုင်များ ~
(ရန်ကုန်) - သန့်ထွန်းအောင် 570343၊ မြသောင်းထွန်း 590839၊ ဦးသန်းထွန်းနှင့်သားများ 378956၊ စံရှိန်း 0973167156၊ ဖြိုးအောင် 095172729၊ မေမြင့်ထိုင်း 377104၊ Great Star 388966၊ ကျော်ကိုအောင် 590272၊ KTZ 0973069685၊ နိုင်ဟင်း 581879၊ 7Diamond 095170498၊ ဖူးပွား 663329၊ ဦးထွန်းရွှေနှင့်သားများ 555364၊ (မန္တလေး) National 02-61993၊ (ပဲခူး) ထိုင်ရတနာ 052-22646

တောင်ပေါ်သား
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
တောင်ကြီး–ရန်ကုန်–မန္တလေး–နေပြည်တော်–ဘားအံ–ကော့ကရိတ်–မြဝတီ
တောင်ပေါ်သားယာဉ်လိုင်းမှ

တောင်ကြီး ⟷ ရန်ကုန်
ညနေ(၆)နာရီ

ရန်ကုန်–နေပြည်တော်–ရမည်းသင်း
နံနက်(၈)နာရီ
နေ့လည်(၁)နာရီ
ညနေ(၄)နာရီ
ည(၈:၃၀)နာရီ

ရမည်းသင်း–နေပြည်တော်–ရန်ကုန်
နံနက်(၁၀:၃၀)နာရီ
နေ့လည် (၁၂) နာရီ
ည(၉:၃၀)နာရီ
ည(၁၀:၃၀)နာရီ

ရန်ကုန် မှ မန္တလေး
ည(၇:၃၀)နာရီ

မန္တလေး မှ ရန်ကုန်
ည(၉)နာရီ

ရန်ကုန်မှ ဘားအံ ၊ ကော့ကရိတ် ၊ မြဝတီ
ည(၇)နာရီ

မြဝတီ၊ ကော့ကရိတ် မှ ရန်ကုန်
ညနေ(၅)နာရီ

တောင်ကြီး ⟷ မန္တလေး
ည(၇)နာရီ

တောင်ကြီး ⟷ နေပြည်တော်
ည(၇)နာရီ

နေပြည်တော် မှ မန္တလေး
ည(၇:၃၀)နာရီ

မန္တလေး မှ နေပြည်တော်
ညနေ(၄)နာရီ

အထက်ပါ ခရီးစဉ်တွေကို အထက်ပါယာဉ်ထွက်ချိန်အတိုင်း ပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
တောင်ပေါ်သားယာဉ်လိုင်းမိသားစု
အထူးကျေးဇူးတင်ရှိပါသည်။

ဒီလိုလေး ချက်ကြိုရအောင်

ဝိုက်ဒီ

# ကကတစ်ရေချို



ဒီတစ်ပတ်ဝိုက်ဖီက တံငါဟင်းလေးတစ်ခွက်ချက်ထားပါတယ်။ ကကတစ်ငါးကိုအကောင်လိုက်လေးချက်ထားတာပါ။ ဒီဟင်းချက်ဖို့ အနေတော် ကကတစ် တစ်ကောင်၊ ပဲစောင်းလျားသီး ၃ တောင့်၊ ငရုတ်သီးစိမ်းအနည်းငယ်တို့ပဲလိုပါတယ်။

ပထမဆုံးတော့ ကကတစ်ငါးကိုအကောင်လိုက်ရေဆေးသန့်စင်ပြီး ညီညီညာညာမွှန်းပါမယ်။ ကြက်သွန်ဖြူနီကိုလည်း အဆင်သင့်ထောင်းထားပါ။ ပဲစောင်းလျားသီးတစ်တောင့်ကို သုံးပိုင်း လောက်လှီးပါမယ်။ ဆီနည်းနည်းနဲ့ကြက်သွန်ဆီ သတ်ပြီးရင် အရသာ၊ နနွင်းနယ်ထားတဲ့ ငါးအကောင်လိုက်ကိုထည့်ပါ။ ဟင်းခတ်မှုန့်ထည့်ပါမယ်။ ရေထည့်ပြီး ၃ မိနစ်လောက် အုပ်ထားပါ။ ရေမခန်းခင် အသင့်လှီးထားတဲ့ ပဲစောင်းလျားသီးတွေ ထည့်ပါမယ်။ ပဲစောင်းလျားသီး ထည့်ပြီးရင် ငရုတ်သီးစိမ်းကို ထက်ခြမ်းခွဲပြီးရောအုပ်လိုက်ပါမယ်။ ခဏလောက်အဖုံးအုပ်ထားပေးပါ။ နှစ်မိနစ်လောက်ဆိုရပါပြီ။ ဆီကျန်၊ ရေကျန်လေးနဲ့ချလိုက်ပါ။ အင်မတန်အရသာရှိတဲ့ ကကတစ်ရေချိုဟင်းလျာဖြစ်ပါတယ်။

စာမျက်နှာ(၅)မှ

## အပေါက်ဖောက်၍ အလှဆင်

အခုမှတော့ အဆန်းမဟုတ်တော့ပါဘူး"ဟု အသက် ၄၀ အရွယ်ရှိ အမျိုးသားတစ်ဦးက ဆိုသည်။ ခေတ်မီစက်ကိရိယာများဖြင့်လုပ်လျှင် ကြိုက်သလိုပြုပြင်ပြောင်းလဲနေသည့်ခေတ်ကြီးတွင် မြန်မာနိုင်ငံမှ လူငယ်အများစုမှာ လိုက်ပါစီးမျောရန် အမီလိုက်လျက်ရှိသည်။

"နားဆိုရင်အကြောလွတ်နိုင်သမျှ နေရာတွေ အကုန်လုံး ပတ်ဖောက်ကြတာ။ အချို့ဆို လူကြီးတွေတောင် စတိုင်ကျချင်လို့ လာဖောက်ကြတာမျိုးတွေလည်း ရှိတယ်"ဟု ဒဂုံမြို့နယ် Summit ဆေးခန်းမှ ဒေါက်တာမျိုးမျိုးဆွေက ပြောပြသည်။

လူငယ်အများစုမှာ လမ်းဘေး လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များတွင် သူငယ်ချင်းများ အတူတူထိုင်ကြရင်း ပင်အပ်များကို မီးကင်ပြီး အချင်းချင်း နား၊ နှာခေါင်း၊ မျက်ခုံး၊ လျှာများတွင် ဖောက်ကြလေ့ရှိသည်ဟု ဒေါက်တာမျိုးမျိုးဆွေက ပြောသည်။

"လူငယ်တော်တော်များများက သူတို့ဘာသာသူတို့ လမ်းဘေးမှာ ဖောက်ကြတာတွေ အများကြီးပဲ။ အချို့က အကြောတွေ ဘာတွေ မလွတ်လို့ သွေးထွက်လွန်မှ ဆေးခန်းလာပြကြတာ"ဟု ဒေါက်တာမျိုးမျိုးဆွေကပင် ပြောပြသည်။

မျက်နှာတစ်ဝိုက်ရှိ နား၊ နှုတ်ခမ်း၊ မျက်ခုံး၊ လျှာ အများစုကို ဖောက်ရာတွင် ပင်အပ်၊ ပြွန်၊ အပ်သေနတ် အစရှိသော အရာအများစုဖြင့် ဖောက်နေကြပြီး အများစုမှာ ဆေးခန်းနှင့် အလှပြင်ဆိုင်များက ဝန်ဆောင်မှုပေးနေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ခန္ဓာကိုယ်အား ပစ္စည်းမျိုးစုံဖြင့် အလှဆင်ပေးနေသည့် စတူဒီယိုများ သီးသန့်မရှိသေးသော်လည်း ဆံပင်၊ မိတ်ကပ်ဆိုင်ရာ အလှပြုပြင်သည့် ဆိုင်များတွင်သာ အများဆုံးပြုလုပ်ပေးလျက်ရှိသည်။ နားအပါအဝင် မျက်နှာအနှံ့အပြားတွင် အပေါက်ဖောက်သူ လူငယ်အများစု၏ အဆိုအရ အပေါက်ဖောက်ခြင်းကို အများစုက အချင်းချင်းသာ ဖောက်ကြသည်ဟုဆိုသည်။

အများစုမှာ နားရှိ အကြောလွတ်နိုင်သမျှ နေရာတွင် ဖောက်ကြသော်လည်း အချို့လူငယ်အများစုကမူ မျက်နှာပေါ်မှ ထူထဲလှသည့် နှုတ်ခမ်းသားကို ဖောက်ကြသည်ဟုဆိုသည်။

"နှုတ်ခမ်းဖောက်တုန်းက နာလွန်းလို့ မျက်ရည်တောင်ကျတယ်။ နောက်တော့လည်း နေသားကျသွားတာပေါ့။ ဒါပေမဲ့ အမြဲတပ်ထားရင် ဖောက်ထားတဲ့ အပေါက်ကြီးတွေက ကျယ်လာတယ်"ဟု နှုတ်ခမ်းနှင့် မျက်ခုံးတွင် ဖောက်ထားသည့် စမ်းချောင်းမြို့နယ်နေ အသက် ၂၀ ကျော် လူငယ်တစ်ဦးကပြောပြသည်။

ထို့အပြင် မျက်ခုံးကိုဖောက်ရာတွင်မူ အကြောလွတ်နိုင်သည့် နေရာမှာ ရှာရန်ခက်ခဲသဖြင့် ကျွမ်းကျင်သည့် အလှပြင်ဆိုင်များတွင်သာ သွားရောက်၍ ဖောက်သင့်သည်ဟု ထိုလူငယ်က အကြံပြုသည်။

"အမြဲတပ်ထားရင် အများစုရဲ့အမြင်မှာရိုင်းတယ်ထင်မှာစိုးလို့ ကလပ်တွေ၊ ရှိုးပွဲတွေရှိမှ မျက်နှာမှာတပ်သွားလိုက်တယ်'ဟု နှုတ်ခမ်းနှင့် မျက်ခုံးတွင် အပေါက်များ ဖောက်ထားသူ လူငယ်တစ်ဦးဖြစ်သူ ကျော်စွာစိုးကဆိုသည်။

ယခင်က မျက်နှာတွင် အပေါက်ဖောက်ခြင်းကို အများစုမှာ ယောကျ်ားလေးများတွင်သာ တွေ့ရတတ်ပြီး ယခုလက်ရှိအချိန်တွင် မိန်းကလေးများသို့ပါ ကူးစက်လာသည်။ မိန်းကလေးအများစုမှာမူ ယောကျ်ားလေးများကဲ့သို့ လမ်းဘေးတွင် ပြီးစလွယ်ဖောက်ကြခြင်းမျိုးမဟုတ်ဘဲ ဆေးခန်းသို့မဟုတ် အလှပြင်ဆိုင်များတွင်အဓိက လုပ်ကြသည်ဟု သော်တာ အလှပြုပြင်ဆိုင်မှ အလှဖန်တီးရှင် ကြယ်ရာကပြောပြသည်။

"တချို့မိန်းကလေးတွေက ချက်မှာ တောင်လာဖောက်ကြတယ်"ဟု ကြယ်ရာကဆိုသည်။ အပေါက်ဖောက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၏ အပ်သေနတ် အစရှိသော အရာများတွင်နီကယ် ပါဝင်မှုနှုန်းမြင့်မားပါက အပေါက်ဖောက်သူပေါ်ကို များစွာ အန္တရာယ်ရှိသည်ဆိုသည်။

အပေါက်ဖောက်ရာတွင် အသုံးပြုသည့် ပစ္စည်းနှင့် ရေရှည်တပ်ဆင်ထားသည့် တန်ဆာမှာ စတီးလ်စစ်သာဖြစ်သင့်ပြီး နီကယ်နှင့် အခြားသတ္တုအရောများမပါဝင်သင့်ကြောင့် ကျွမ်းကျင်သူများကဆိုသည်။

လူငယ်များအတွက်ဖက်ရှင်တစ်ခုဖြစ်သော်လည်း ထိုအလေ့အထက မိသားစုလူမှုဝန်းကျင်တွင် လက်ခံရန်ခက်ခဲသည်။ လျှာ၊ နှုတ်ခမ်း၊ မျက်ခုံး၊ ပါး စသည့်ဖြင့် ဖောက်ထားသည့်အပေါက်များတွင် အလှဆင်ပစ္စည်းများတပ်ထားသည်ကို မြင်တွေ့ရသည်မှာ အသည်းယားစရာ၊ ကြက်သီးထစရာအဖြစ် လူအများစုက ခံစားကြရသည်။ ခန္ဓာကိုယ်အနှံ့ အပေါက်ဖောက်ခြင်းအား လက်ခံပေးရန် ဖက်ရှင်မျက်လုံးအချို့ လိုအပ်နေဆဲဖြစ်ကြောင်း အသက် ၂၀ ဝန်းကျင်အရွယ်ရှိ လူငယ်များကဆိုသည်။

# ဆေးရွက်ကြီး၊ ဆေးလိပ်နှင့် အီး – စီးကရက် အန္တရာယ်များ

ခင်မေဇော်(ဝါရှင်တန်ဒီစီ)



*အီး-စီးကရက်သောက်နေသူတစ်ဦး*

ဓာတ်ပုံ-အင်တာနက်

ယခင်က ဆေးလိပ်မသောက်ရဟု စာချိတ်ထားသော နေရာတွင် စီးကရက်သောက်နေသူများကို တွေ့ရသည်။ သို့သော် အနံ့ထွက်မလာပါ။ နောက်မှ သတိပြုမိသည်မှာ ဆေးလိပ်နှင့်တူပြီး ဆေးလိပ်အစစ်မဟုတ်သည့် အီးစီးကရက်ဖြစ်နေသည်။ ဆေးလိပ်ဖြတ်လိုသူများအတွက် နီကိုတင်းကို တိုက်ရိုက်ရှူခြင်းဖြင့် လိုအပ်နေသော နီကိုတင်းကို ဆေးလိပ်မပါဘဲ ရရန် စီစဉ်ထားခြင်းဖြစ်သည်။ ဆေးလိပ်ဖြတ်သူများအတွက် အီး စီးကရက်ခေါ် လျှပ်စစ်စီးကရက်က အကူအညီများစွာ ဖြစ်စေကြောင်း စက်တင်ဘာ ၇ ရက် တနင်္ဂနွေနေ့တွင် Lancet Medical Journal တွင်ဖော်ပြလိုက်သောသုတေသနစာတမ်း တစ်စောင်ကဆိုသည်။

လက်မောင်းတွင် ကပ်သော နီကိုတင်းအကွက်ပြားလေးများနည်းတူ သက်ရောက်မှုရှိသည်ဟု ဆိုသည်။ အီးစီးကရက်ဖြင့် ဆေးလိပ်ဖြတ်လိုသူ၊ လျှော့လိုသူများကို များစွာကူညီနိုင်ကြောင်း သုတေသနလေ့လာမှု ကိန်းဂဏန်းအစီရင်ခံစာများနှင့် ဖော်ပြသည်။

ဆေးလိပ်သည် တစ်နှစ်ကို လူပေါင်း ခြောက်သန်းသေဆုံးမှုအတွက် အဓိကတရားခံဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင်သေဆုံးသူ ရှစ်သန်းကျော်အထိ တိုးလာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တွက်ဆထားသည်။ မြန်မာနိုင်ငံတွင် အမျိုးသား ၁၀၀ တွင် ၁၉ ဦးနှင့် အမျိုးသမီး ၁၀၀ တွင် ၁၈ ဦးနှုန်းသည် ဆေးလိပ်ကြောင့်သေဆုံးနေသည်ဟု ကမ္ဘာ့အဆုတ် ဖောင်ဒေးရှင်းနှင့် အမေရိကန်ကင်ဆာအသင်းက ထုတ်ပြန်သည့် ဆေးလိပ်ကမ္ဘာ့မြေပုံ (Tobacco Atlas) အချက်အလက်များအရ သိရသည်။ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဆေးလိပ်သောက်သူ ဦးရေတွင် အမျိုးသားက အမျိုးသမီးများထက် တစ်ဆကျော် ပိုများနေသည်။ သို့သော် ဆေးလိပ်ကြောင့် သေဆုံးရာတွင် မူကွာခြားမှုမများလှကြောင်းတွေ့ရသည့်အတွက် အနီးအနားမှဆေးလိပ်ငွေ့ရှူရှိုက်ပြီး ရောဂါရရှိကြသည်ဟု ဆိုနိုင်သည်။ မြန်မာကလေးသူငယ် ၁၀၀ တွင်လည်း ၃၄ ဦးက ဆေးလိပ်သောက်သုံးသူ လူကြီးများနှင့်အတူ နေထိုင်နေကြပြီး ဆေးလိပ်ငွေ့ကိုတစ်ဆင့်ခံ ရှူရှိုက်နေရသည်။ မြန်မာများဆေးလိပ်ဖိုးအတွက် တစ်နှစ်လျှင်အနည်းဆုံးဒေါ်လာ ၁၄ သန်း ကုန်ကျခံနေသည်ဟု လည်း သိရသည်။

၂၀၁၁ ခုနှစ် ဧပြီလက ထုတ်ပြန်ခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် အဆုတ်ကင်ဆာကြောင့်သေဆုံးသူ ၆,၆၅၉ ဦးရှိခဲ့ပြီး အထွေထွေအဆုတ်ရောဂါကြောင့် သေဆုံးသူမှာ ၁၆,၃၃၈ ဦးရှိသည်။ ဆေးလိပ်ဟုဆိုလိုက်လျှင်အဆုတ်ရောဂါဖြစ်ပေါ်သည်ကိုသာ အသိများကြသည်။ သို့သော် အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာပေါင်းစုံကြောင့် သေဆုံးမှုများတွင် ဆေးလိပ်က အဓိကတရားခံဖြစ်သည်။ နှာခေါင်း၊ ပါးစပ်၊ လည်ချောင်း၊ အဆုတ်၊ အစာအိမ်၊ ကျောက်ကပ်၊ ဆီးအိမ်၊ အရိုးချဉ်ဆီ၊ သွေးကင်ဆာ အစရှိသည်တို့လည်း ပါဝင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွက် ဆေးလိပ်၏ အန္တရာယ်က ထင်ရှားမြင်ရသည်ထက်ကိုပိုဆိုးနေသည်။ အဆစ်အမြစ်ကိုက်ရောဂါသည်ပင်ဆေးလိပ်ကြောင့် နှစ်ဆတိုးလာနိုင်သည်ဟု ဆို၏။

အာရှအမျိုးသမီးများတွင် အဖြစ်များသည့် အရိုးပါးရောဂါသည်လည်းဆေးလိပ်ကြောင့်ကျန်ခန္ဓာကိုယ်တစ်ခုလုံးကို ထိခိုက်သလို မျက်စိအမြင်အာရုံကို ထိခိုက်စေပြီး တိမ်ဖြစ် ပေါ်စေသည်ဟု လည်း သိရသည်။ မြန်မာနိုင်ငံလိုဆေးဝါးကုသမှုနိမ့်ကျသောဒေသတွင်မည်သည့်ရောဂါကြောင့်မှန်းမသိကြဘဲ သေဆုံးသွားသူများစွာရှိနေသဖြင့် ဆေးလိပ်၏ ရိုက်ခတ်မှုမည်မျှအထိကြီးမားမည်ကိုအတိအကျမသိနိုင်ပေ။ စာရင်းသွင်းရရှိထားသော အရေအတွက်ထက် များစွာပိုမည်က အသေအချာပင်။

ယခုအခါ အီးစီးကရက် ပေါ်ထွက်လာ၍ ဆေးလိပ်စွဲသူများအတွက် ဆေးလိပ်ဖြတ်ရန် သတင်းကောင်းဟု ဆိုနိုင်သော်လည်း ဆိုးကျိုးများကလည်း ရှိလာပြန်သည်။

**စာမျက်နှာ(၁၄)သို့**



7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

မျက်နှာဖုံးမှ

## ကိုယ်ပျောက်အမတ်မင်းများကို သတိထားပါ

ထိုမေးခွန်းများအနက် တစ်ခုကိုတော့ ဖြေဆိုသူ သုံးထောင်နီးပါးအနက် သုံးပုံနှစ်ပုံခန့် မှန်အောင် မဖြေဆိုနိုင်ခဲ့။

မေးခွန်းက "မိမိရပ်ရွာကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို သိရှိပါသလား"

အဆိုပါစစ်တမ်းကို လိုက်လံအကူအညီပေးခဲ့သည့် သတင်းသမားများ၏ အဆိုအရ လွှတ်တော်ကိုယ်စားလှယ်ကိုမြင်တွေ့ဖူးလား (သို့တည်းမဟုတ်) သင်တို့နေ့စဉ်ကြုံတွေ့ရသည့် အခက်အခဲကိုထိုလွှတ်တော်ကိုယ်စားလှယ်က လာရောက်လေ့လာစုံစမ်းလား (သို့တည်းမဟုတ်) သင့်ထံမှမဲရသဖြင့် လွှတ်တော်ထဲထိုင်နေခွင့်ရသည်ကို ကျေးဇူးတင်ရှိကြောင်း လာရောက်ပြောကြားဖူးပါသလားဆိုသည့် မေးခွန်းများအတွက် "မရှိပါ" ဟု ဖြေဆိုသူသာများသည်ဟု ဆိုသည်။

7Day မှ ပြုလုပ်သည့် လူ ၁၅၀ ခန့် ပါဝင်သည့် အသေးစားစစ်တမ်းတစ်ရပ်၏ အဆိုအရတော့ ၎င်းတို့မဲပေးခဲ့သည့် ကိုယ်စားလှယ်များက ရွေးကောက်ပွဲပြီးကတည်းက ပျောက်ချက်သားကောင်းနေခဲ့ကြောင်း ရာနှုန်းပြည့်နီးပါး ဖြေဆိုခဲ့ကြသည်။

ရာစုနှစ်ထက်ဝက်ကျော်ကြာ စစ်ခေါင်းဆောင်များကသာ အာဏာကို ထိန်းချုပ်ထားခဲ့သည့် မြန်မာနိုင်ငံတွင် အငြင်းပွားဖွယ်ရာ ရလဒ်များ ထွက်ပေါ်ခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲနှင့်အတူ လွှတ်တော်များတွင် ရောက်ရှိနေသည့် ကိုယ်စားလှယ်များ၏ ပြည်သူလူထုအပေါ် ထားသည့် ဆက်ဆံရေးမှာ မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပြီဖြစ်သည်။ လွှတ်တော်သက်တမ်းနှစ်နှစ်ကျော်ကြာအတွင်း ကိုယ်စားလှယ်အနည်းစုကလေးကလွဲပြီး ကိုယ်စားလှယ်တော်တော်များများသည် လွှတ်တော် ပြင်ပတွင် အိပ်မောကျနေဆဲဖြစ်သည်။

မြို့နေပြည်သူများသည် ရုပ်မြင်သံကြား (သို့တည်းမဟုတ်) သတင်းဂျာနယ်များမှတစ်ဆင့် သူတို့ဒေသ၏ လွှတ်တော်ကိုယ်စားလှယ်မည်သူဆိုသည်ကို တွေ့ခွင့်ရကောင်း ရနိုင်သည်။ လျှပ်စစ်မီးပင်မရရှိသည့် ကျေးလက်နေပြည်သူများအဖို့တော့ ထိုအခွင့်အရေးနှင့် အလှမ်းဝေးနေပြီး ကိုယ်မဲပေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်မည်သူမှန်းကိုပင် ပြီးခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း မသိရှိသူများလည်းရှိသည်။

"တောမှာနေတဲ့ သူတွေက လွှတ်တော်အမတ်မပြောနဲ့ သမ္မတဘယ်သူမှန်းတောင် မသိတဲ့သူတွေအများကြီးရှိတယ်။ ရွာတွေက လူတွေကလည်း အမတ်ကိုမသိဘူး။ အမတ်ကလည်း ရွာတွေကို မလာဘူး" ဟု မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ရှိတောင်သူတစ်ဦးက ပြောသည်။

တောင်သူလယ်သမားအရေး ဆောင်ရွက်လေ့ရှိသည့် မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုးကတော့ လယ်သိမ်းမြေသိမ်းပြဿနာများနှင့် ပတ်သက်ပြီး သူ့ထံသို့လာရောက်အကူအညီတောင်းခံသည့် လယ်သမားများ၏ ပြောကြားချက်ကို ယခုလိုပြန်ပြောသည်။

"လယ်သမားတွေက ပြောတာ လွှတ်တော်အမတ်တွေက အလုပ်လုပ်တာကို မပြိုင်ဘဲ လွှတ်တော်ထဲမှာ ငုတ်တုတ်ထိုင်တာကို ပြိုင်နေကြတယ်"

တောင်သူလယ်သမားအများစုသည် ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်ထံသို့ သွားရောက်အကူအညီတောင်းခံရန် မဆိုထားနှင့်၊ ၎င်းတို့ကိုယ်စားလှယ်လွှတ်တော်အမတ်ရှိသည်ဟု ဆိုသည်ကိုပင် မသိရှိသည်က များကြောင်း ၎င်းကပြောသည်။

တိုင်းပြည်၏ အခြေခံလူတန်းစားဖြစ်သောတောင်သူလယ်သမားများသာမက နောက်ထပ်အခြေခံလူတန်းစားတစ်ခုဖြစ်သော အလုပ်သမားများနှင့်လည်း လွှတ်တော်ကိုယ်စားလှယ်များအကြားတွင် နွေးထွေးသည့် ဆက်ဆံရေးမရှိသေးဟု အလုပ်သမားအရေး ဆောင်ရွက်သူများက ပြောသည်။

"ပြီးခဲ့တဲ့ နှစ်ဆန်းပိုင်းလောက်က စပြီး အလုပ်သမားတွေ လမ်းပေါ်ထွက်ပြီး အကြီးအကျယ်ဆန္ဒပြခဲ့ကြတယ်။ ဒီလောက်ဖြစ်နေတာကို လွှတ်တော်ထဲမှာ ဒီထက်အသည်းအသန်ဆွေးနွေးသင့် တာပေါ့။ ကော်မရှင်ဖွဲ့ပြီး ဟိုတလောက စစ်ဆေးတဲ့သူတွေက လွဲပြီး ဘာသိဘာသာနေကြတာများနေတယ်"ဟု အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိ ကောင်စီ၏ အလုပ်သမားကိုယ်စားလှယ် ဦးရဲနိုင်ဝင်း က ပြောသည်။

အလုပ်သမားများအနေဖြင့်လည်း လယ်သမားများနည်းတူပင် လွှတ်တော်ကိုယ်စားလှယ်ထံ ၎င်းတို့အခက်အခဲကို တင်ပြရန် မဆိုထားနှင့်၊ ၎င်းတို့ကိုယ်စားလှယ် လွှတ်တော်အမတ်ရှိသည်ဟုဆိုသည်ကိုပင် မသိရှိသည်က များကြောင်း ၎င်းကပြောသည်။

"ဒါက ပြည်သူ့အားနည်းချက်တော့မဟုတ်ဘူး။ ပြည်သူဆိုတာ မဲပေးပြီးရင် သူ့တာဝန်ကျေသွားပြီလေ။ မဲရပြီးသွားတဲ့သူက ဆက်လက်လုပ်ဆောင်ရမှာ လွှတ်တော်အမတ်ရဲ့တာဝန်ပဲ။ လွှတ်တော်အမတ်က ကျေးရွာတွေအထိ ရောက်ရမယ်။ ချောင်ကြိုချောင်ကြားအထိ ရောက်ရမယ်" ဟု သူ၏အမြင်ကို ဦးကျော်စွာစိုးက ပြောသည်။

ရွေးကောက်တင်မြှောက်ခဲ့သည့် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲပြီးသော်လည်း မဲဆန္ဒရှင်များအပေါ်တွင် ကျေးဇူးမမေ့ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်စာရင်းကို သုတေသနလုပ်ကြည့်မည်ဆိုပါက ဒေါ်အောင်ဆန်းစုကြည်သည် ထိပ်ပိုင်းတွင်ရှိနေနိုင်သည်။ သူမ၏ မဲဆန္ဒနယ်ဖြစ်သော ကော့မှူးသို့ကြားဖြတ်ရွေးကောက်ပွဲပြီးသည့် ၂၀၁၂ ဧပြီလဆန်းနောက်တွင် ငါးကြိမ်ထက်မနည်းသွားရောက်ခဲ့ပြီး ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

"ကျွန်မကို ရွေးကောက်ပွဲနေ့မှ လာတယ်ထင်မှာစိုးလို့ လာတာပါ" ဟု ကော့မှူးရောက်လျှင် သူက မကြာခဏပြောလေ့ရှိသည်။

သူ့အား လွှတ်တော်ထဲသို့ အရောက်ပို့ပေးခဲ့သည့် ကော့မှူးမြို့အကြောင်း၊ ကော့မှူးဒေသခံများ၏ ဒုက္ခများ၊ သာယာပုံများကို သူ၏ပါတီမှ ထုတ်ဝေသည့် ဒီလှိုင်းစာစောင်တွင် မကြာခဏရေးသားလေ့ရှိသည်။

သူ၏ မဲဆန္ဒနယ်အကြောင်းကို ညွှန်းလွှန်းသဖြင့် တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးက အစည်းအဝေးတစ်ခုတွင် "တစ်ကော့တည်းကော့နေတာပဲ" ဟုပင် ဝေဖန်ခံခဲ့ရသည်ဟု ဒီချုပ်ဥက္ကဋ္ဌက ဒီလှိုင်းတွင် သူပင်တိုင်ရေးသားသည့် "ဒီစကား" တွင် ရေးသားခဲ့ဖူးသည်။

အလားတူ လာမည့် ရွေးကောက်ပွဲတွင် မဲအများစုအနိုင်ရရန် မျှော်မှန်းထားသည့် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်အချို့သည်လည်း ရွေးကောက်ပွဲအပြီးနောက်ပိုင်း မဲဆန္ဒနယ်များသို့ မကြာခဏရောက်ကာ ဒေသခံများနှင့်တွေ့ဆုံလေ့ရှိသည်။

"ပြည်သူ့အသံ - လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ - လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက် - လွှတ်တော်က ဖော်ဆောင်ရွက်" ဟု ကြွေးကြော်ထားသည့် မြန်မာ့လွှတ်တော်များမှ လွှတ်တော်အမတ်များနှင့် ပြည်သူများအကြား ဆက်ဆံရေး မည်မျှအေးခဲနေသည်ကိုပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ စကားက သက်သေပြနေသည်။

"ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးများ ရပ်နားစဉ်ကာလမှာလည်း မိမိတို့ကို ယုံကြည်အားကိုးစွာဖြင့် ရွေးချယ်တင်မြှောက်လိုက်သည့် နယ်မြေများအရောက်သွားပြီး ဒေသခံပြည်သူများ၏ အသံ၊ ဆန္ဒကို နားထောင်ကြပါ" ဟု ကိုယ်စားလှယ်များအား နာယကကြီးက တိုက်တွန်းရသည်အထိပင် ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူလူထုနှင့် မည်မျှထိတွေ့မှုရှိသည်၊ မရှိသည်ကို လွှတ်တော်တွင်း ၎င်းတို့ဆွေးနွေးသည့် မေးခွန်းများက သက်သေပြနေကြောင်း မကွေးတိုင်းဒေသကြီး မင်းဘူးမြို့မှ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ဦးသန့်စင်က သုံးသပ်သည်။

"အမတ်တွေက သူတို့ကိုယ်တိုင် ပြည်သူတွေရဲ့ အခက်အခဲ လိုက်မေးရမယ့်အစား သူတို့ဆီကို လာပြောတဲ့ကိစ္စတွေကိုတောင် စိတ်ဝင်တစားနားတောင်မထောင်ပေးတာတွေ ရှိတယ်။ အဲဒီတော့ ပြည်သူတွေကလည်း အမတ်တွေဆီ မသွားချင်ကြတော့ဘူး" ဟု ၎င်းကပြောသည်။

တိုင်းပြည်လူဦးရေ၏ တောင်သူများ လယ်မဲ့ ယာမဲ့ဖြစ်နေချိန်၊ ရာသီဥတု ဖောက်ပြန်မှုများကြောင့် ဆင်းရဲဒုက္ခတွေ့နေချိန်တွင် ၎င်းတို့သိမ်းဆည်းထားသည့် လယ်မြေများပြန်မပေးရရေး၊ ၎င်းတို့အကျိုးစီးပွားများ မထိခိုက်စေရေးကို ဦးတည်ဆွေးနွေးမှုများ ရှိနေသည်ကိုမြင်နေရသည်မှာ စိတ်မသက်သာစရာဖြစ်ကြောင်းမကွေးတိုင်းဒေသကြီးအတွင်းမှ တောင်သူတစ်ဦးက ပြောသည်။

ရွေးကောက်တင်မြှောက်ခဲ့သည့် မဲဆန္ဒရှင်များကို မဲရပြီးနောက် ဥပေက္ခာပြုနေခြင်းမှာ ၂၀၁၀ ရွေးကောက်ပွဲထွက်ပေါ်လာသည်နှင့် သက်ဆိုင်ကြောင်း နိုင်ငံရေးသုံးသပ်သူများက ဆိုသည်။ လာမည့်ရွေးကောက်ပွဲတွင် အနိုင်ရရန် မျှော်လင့်ချက်မရှိခြင်းကြောင့်လည်းဖြစ်နိုင်ကြောင်း ၎င်းတို့က သုံးသပ်သည်။

"၂၀၁၅ ကျရင် ငါပိုပြီးတော့ ကြိုးစားပြီး အလုပ်လုပ်သွားမယ် ဆိုတဲ့ ဆန္ဒထက် ၂၀၁၀ ကနေ ၁၅ အထိကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ငြိမ်ငြိမ်ဆိတ်ဆိတ်နဲ့ လစာလေးယူပြီးတော့ မိန်းပြီးနေတာ ပိုပြီးတော့ သင့်တော်မယ်လို့ထင်တဲ့ လွှတ်တော်အမတ်တွေ များနေတယ်။ အနာဂတ်ကိုသာ တကယ်မျှော်မှန်းထားတဲ့ လွှတ်တော်အမတ်ဆိုရင်တော့ ရှုပ်ရှုပ်ချုံချုံနဲ့ အလုပ်လုပ်နေပြီပေါ့" ဟု ဦးကျော်စွာစိုးက ပြောသည်။

၎င်းတို့၏ မဲဆန္ဒနယ်များသို့ ကွင်းဆင်းလေ့လာရန် စိတ်အားထက်သန်မှုမရှိသည့် အမတ်များရှိကြောင်း လွှတ်တော်အမတ်များကိုယ်တိုင် ဝန်ခံမှုများ ရှိခဲ့သည်။

မဲဆန္ဒနယ်များဆီသို့ ကွင်းဆင်းလေ့လာရန် ကြိုးစားသူများသည်လည်း စိန်ခေါ်မှုအချို့ကြောင့်လုပ်သလောက်ခရီးမတွင်ဖြစ်နေခဲ့ကြောင်း လွှတ်တော်အမတ်အချို့က ပြောသည်။

ထိုအခက်အခဲများတွင် ငွေကြေးမလုံလောက်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် (လသာ) က ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များ ရရှိသည့် လစာသုံးသိန်းမှာ ငွေကြေးအင်အားချို့တဲ့သည့် ကိုယ်စားလှယ်များအတွက် ဝေးလံခေါင်ဖျားဒေသများသို့ သွားရောက်ရန်အတွက် အကန့်အသတ်တစ်ခုဖြစ်နေကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

"စင်ကာပူက လွှတ်တော်အမတ်တွေဆိုရင် တစ်လကို စင်ကာပူဒေါ်လာ ၁၃,၀၀၀ လောက်ရတယ်။ အဲဒီတော့ သူတို့က တစ်လတစ်ခါလောက်ပုံမှန်အိမ်တွေဆီသွားမေးဖို့ လုပ်နိုင်တယ်။ ကျွန်တော်တို့က တစ်လသုံးသိန်းလောက်ရကြတော့ သွားချင်တဲ့သူတွေတောင် အခက်အခဲရှိတယ်။ တတ်နိုင်သလောက် လုပ်ပေမယ့် ခရီးမတွင်တာလည်း ရှိတယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။

အခြားအခက်အခဲများမှာ မိမိမဲဆန္ဒနယ်သို့ ဆင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား ဒေသဆိုင်ရာ အာဏာပိုင်များက လိုက်လံစုံစမ်းမေးမြန်းခြင်းကဲ့သို့သော အခက်အခဲများကြောင့် ခရီးမတွင်မှုများလည်းရှိကြောင်း ဦးကြည်မြင့် (လသာ)က ပြောသည်။

မဲဆန္ဒရှင်များနေဖြင့်တော့ များမကြာမီကာလအတွင်း မိမိတို့ ရွေးချယ်ခဲ့သည့် ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီး ပြန်လည်ဆုံတွေ့နိုင်မည့် အခွင့်အရေး တစ်ခုရှိသည်။ ထိုအချိန်ရောက်လျှင် သင်တစ်ခါမှ မတွေ့ခဲ့ဖူးသည့် သင်၏ မြို့နယ်မှ လွှတ်တော်အမတ်အသီးသီးက ပြည်သူများခံစားနေရသည့် အခက်အခဲများကို တစ်အိမ်တက်တစ်အိမ်ဆင်း မေးကောင်းမေးလိမ့်မည်။

အဘယ်ကြောင့် ဆိုသော် ၂၀၁၅ ရွေးကောက်ပွဲအတွက် ပါတီများ မဲဆွယ်ရန် စတင်လှုပ်ရှားနေသောကြောင့် ဖြစ်သည်။

လက်ရှိတည်ဆဲဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အကြိုက်မတွေ့ပါက ဖြုတ်ချရန် မဖြစ်နိုင်ဘဲ နောက်ငါးနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအထိ စောင့်ရမည်ဖြစ်သည်။ တစ်ခါ အရွေးမှားပါက ငါးနှစ်အထိ ခံစားကာစောင့်ရမည်သာဖြစ်သည်။



### ၂၀၁၃ စက်တင်ဘာ ၁၁ မှ ၁၃ ရက်ထိ
### မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်နဲ့တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

အနောက်တောင်မုတ်သုံလေဦးဟာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ စတင်ဆုတ်ခွာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှာ လေထုမငြိမ်မသက်ဖြစ်နိုင်ပြီး လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် မုတ်သုံလေအားအနည်းငယ်မှအသင့်အတင့်ရှိနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့တောင်တရုတ်ပင်လယ်ပြင်တို့မှာမုန်တိုင်းဖြစ်ဖို့အလားအလာများဆက်လက်လျော့နည်းနေနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၃ ပေမှ ၅ ပေခန့်ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ နေ့အပူချိန်များဟာ 33 C-35 Cနဲ့ ကချင်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ 19 C-31 C ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသများတွင် မိုးတိမ်တောင်များဖြစ်ရန် သေချာမှု ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ တနင်္သာရီတိုင်းဒေသကြီးတို့မှာ တိမ်အသင့်အတင့် ၄ ရက်ခန့်ဖြစ်နိုင်ပြီး ၃ ရက်ခန့် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါတယ်။ ဖြစ်ထွန်းနိုင်ပါတယ်။ နေပြည်တော်တိုင်းဒေသကြီး၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ နေရာကွက်ကျားနဲ့ ကျန်တစ်ပြည်လုံးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် ၅ ရက်မှ ၇ ရက်ခန့် မိုးရွာသွန်းနိုင်ပြီး ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။ ရွာရန် ၈၀ ရာခိုင်နှုန်း-၁၀၀ ရာခိုင်နှုန်းအထိရှိပါတယ်။

**နောက်နှစ်ရက်အတွင်း ခန့်မှန်းချက်**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နေမည်။

**ရေဖုံးလွှမ်းနိုင်မှုအခြေနေ**

ရေဖုံးလွှမ်းနိုင်မှုအလားအလာများ သိသိသာသာလျော့နည်းလာပြီး စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းနဲ့ မွန်ပြည်နယ်တို့မှာ ရေဖုံးလွှမ်းမှုအန္တရာယ်အလားအလာများအနည်းငယ်ဆက်လက်ရှိနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင် (MCCW)**

# Health

7Day News Journal

Vol.12, No.27 • SEPTEMBER 11 , 2013


## ဆရာဝန်များ ကုသမှုပုံစံတူစေရန် ဆေးကုသမှုလမ်းညွှန် ရေးဆွဲမည်

ဝတ်ရည်အောင်

ရန်ကုန်၊ စက်တင်ဘာ-၇

တစ်နိုင်ငံလုံးရှိအထွေထွေရောဂါကုဆရာဝန်များ ဆေးကုသမှုပုံစံတူညီစေရန် ဆေးကုသမှုလမ်းညွှန်ရေးဆွဲမည်ဖြစ်ကြောင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

ပြည်တွင်းတွင်ထိုကဲ့သို့သတ်မှတ်ထားသည့် ဆေးကုသမှု လမ်းညွှန်မရှိခြင်းကြောင့် နေရာဒေသအလိုက် သင့်လျော်ရာ ကုသမှုများဖြင့် ကုသနေခြင်းကိုထိန်းချုပ်ခြင်းဖြစ်ပြီး ယခုနှစ်မကုန်မီ အပြီးရေးဆွဲမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ ဥက္ကဋ္ဌ ဒေါက်တာ တင်အေးက ပြောသည်။

"ဥပမာ-ဆီးချိုကို ကုမယ်ဆိုရင် တစ်နိုင်ငံလုံးက ဆရာဝန်အားလုံး ဒီပုံစံအတိုင်းပဲ ကုရမယ်။ အခုလိုလူတစ်ဦးချင်းစီအပေါ် မူတည်ပြီး ကုသနေတာမျိုးမဖြစ်အောင်ပါ"ဟု ဒေါက်တာတင်အေးကပြောသည်။

ဆေးကုသမှု လမ်းညွှန်စာအုပ်မရှိသဖြင့် ယခုနောက်ပိုင်း ပိုမိုများပြားလာသည့် ဆေးကုသမှုများကြောင့် တိုင်တန်းမှုများတွင် ပြင်ပမှ ပညာရှင်များခေါ်ယူစစ်ဆေးနေရပြီး စာအုပ်ထွက်ရှိပြီးပါက အရေးယူမည့်ပြစ်ဒဏ်များကိုလည်း ထိုလမ်းညွှန်စာအုပ်တွင်ပါဝင်သည့်အချက်အလက်များ အသုံးပြုခြင်းရှိ၊ မရှိပေါ် မူတည်ပြီး ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဒေါက်တာဖေသက်ခင်က ပြောသည်။

"နောက်ပိုင်းအထွေထွေရောဂါကုဆရာဝန်တွေ ဆ/မ သက်တမ်းတိုးတဲ့အခါ အခုလို ပိုက်ဆံသွင်းရုံမဟုတ်ဘဲ သတ်မှတ်ထားတဲ့ စာအုပ်ကို တကယ် သုံးရဲ့လား ဆိုတာကို စိစစ်တာ၊ စာမေးပွဲပုံစံမျိုးတွေလည်း တဖြည်းဖြည်း လုပ်သွားဖို့ရှိပါတယ်"ဟု ဒေါက်တာတင်အေးက ပြောသည်။

နိုင်ငံအသီးသီးတွင် ဆေးကုသမှုများအတွက် လမ်းညွှန်ရေးဆွဲထားချက်များအတိုင်း ဆေးကုသကြသော်လည်း မြန်မာနိုင်ငံတွင် ယခုမှ ပထမဆုံးအကြိမ် လုပ်ငန်းလမ်းညွှန်စတင်ရေးဆွဲခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုလုပ်ငန်းလမ်းညွှန်ရေးဆွဲခြင်းကို ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့အပြင် အထွေထွေရောဂါအထူးကုဆရာဝန်များ၊ အထွေထွေရောဂါကု ဆရာဝန်များပူးပေါင်းရေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## လူဦးရေ သုံးဆယ့်ငါးသန်းကျော်အား ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်မည်

ဝတ်ရည်အောင်

ရန်ကုန်၊ စက်တင်ဘာ-၆

လူဦးရေ၃၅သန်းကျော်အား ဆင်ခြေထောက်ရောဂါကာကွယ်ရေးအတွက် စက်တင်ဘာလအတွင်း ကာကွယ်ဆေးများတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သွေးလွန်တုပ်ကွေးနှင့်ဆင်ခြေထောက်ရောဂါစီမံချက်မှ သတင်းရရှိသည်။

ရန်ကုန်နှင့် နေပြည်တော်အပါအဝင် မြို့နယ် ၂၀၄ မြို့နယ်ရှိ လူဦးရေ၃၅ဒသမ၅သန်းအားယခုလ ၉ ရက်မှ ၁၅ ရက်အထိ WHO ၏ ဆေးဝါးထောက်ပံ့မှုဖြင့် ဆင်ခြေထောက်ရောဂါကင်းဝေးရေး ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနီနီအေးက ပြောသည်။

"ဆေးဝါးထောက်ပံ့မှုလည်း ရတဲ့အတွက် တိုင်းနဲ့ပြည်နယ်တွေကို ထပ်တိုးချဲ့ပြီး ဆေးတိုက်တာပါ"ဟု ဒေါက်တာနီနီအေးက ပြောသည်။

ယခင်က ရောဂါကူးစက်မှုများပြားသည့်နေရာများတွင်သာ ဆေးတိုက်နိုင်ခဲ့ပြီး ယခုဖြစ်ပွားမှုရှိနေသည့် ပြည်နယ်နှင့်တိုင်းများတွင်ပါ တိုးချဲ့တိုက်ကျွေးခြင်းဖြစ်ကြောင်း သိရသည်။

သတ်မှတ်ထားသည့်မြို့နယ်များ၌ အိမ်ခြေ ၅၀ တွင် ကျန်းမာရေးအဖွဲ့ တစ်ဖွဲ့နှုန်းဖြင့် လိုက်လံဆေးတိုက်မည်ဖြစ်ပြီး ရောဂါ ကူးစက်မှုကာကွယ်ရန် ကလေး၊ လူကြီးအားလုံး ဆေးတိုက်မည်ဖြစ်သည်။



*ဆင်ခြေထောက်ရောဂါဝေဒနာရှင်တစ်ဦး*

ဆင်ခြေထောက်ရောဂါသည် သွေးကြောတွင် ကပ်နေသည့် သန်ကောင်အမျိုးအစား ကပ်ပါးပိုးကြောင့်ဖြစ်ပြီး ဆင်ခြေထောက်ရောဂါပိုးကိုသယ်ဆောင်သည့် ကျူးလက်စ်ခြင်ကိုက်ခြင်းကြောင့်လည်း ဖြစ်ပွားသည်။

ရောဂါပိုးရှိသူကို ကိုက်ပြီး ရောဂါပိုးမရှိသူကို ထပ်မံကိုက်ခြင်းဖြင့် တစ်ဦးမှတစ်ဦးသို့ ကူးစက်ပြီး ရောဂါလက္ခဏာသည် တခြားရောဂါများနှင့်လည်း ဆင်တူသည့်အတွက် မသိရှိကြကြောင်း သိရသည်။

ဆင်ခြေထောက်ရောဂါလက္ခဏာမှာ ချမ်းတုန်ဖျားခြင်း၊ ယားယံပြီး အင်ပျဉ်ထွက်ခြင်း၊ အကျိတ်များရောင်ခြင်း၊ ဆီးထဲတွင် သွေးပါခြင်းနှင့် ပန်းနာရင်ကျပ်ကဲ့သို့ ချောင်းဆိုးခြင်းများ ဖြစ်ပွားလေ့ရှိပြီး ရောဂါရင့်သည့်အခါတွင် ခြေ၊လက် စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများတစ်ဖက်တည်း (သို့မဟုတ်) နှစ်ဖက်စလုံးကြီးလာခြင်း၊ နောက်ဆုံးအဆင့်တွင် ခြေထောက်လက်များ ကြီးရာမှအရေပြားတွန့်ခေါက်ပြီးဆင်ခြေထောက်အသွင်ဖြစ်ပွားလာခြင်းတို့ ဖြစ်ကြောင်း သိရသည်။

"ဘယ်သူ့ဆီမှာ ရောဂါရှိမှန်းမသိနိုင်တဲ့အတွက် လူအားလုံးကိုတိုက်မှာပါ။ တစ်နှစ်တည်းလည်း တိုက်လို့မရဘူး။ အနည်းဆုံး ငါးနှစ်လောက်ကို တစ်နှစ်တစ်ခါ တိုက်မှ ရောဂါကူးစက်မှုကို ကာကွယ်နိုင်မှာ"ဟု ဒေါက်တာ ဒေါ်နီနီအေးက ဆက်လက်ပြောသည်။

ထို့ကြောင့် နေပြည်တော် ရှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ၁၉ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ၂၂ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ၂၈ မြို့နယ်၊ ကရင်ပြည်နယ် ခုနစ်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်၊ မွန်ပြည်နယ် ၁၀ မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး ၁၀ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီး ၂၆ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်များတွင် ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး စီမံချက်ဖြင့် ဆေးကျွေးမှု ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။







7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# သူနာပြုများ လက်သည်းဆေးဆိုးခြင်း၊ အရှည်ထားခြင်းနှင့်အတုတပ်ဆင်ခြင်းတို့သည်လူနာများအတွက် အန္တရာယ်ရှိ

**လန်ဒန်၊ စက်တင်ဘာ-၆**

သူနာပြုများ လက်သည်းဆေးဆိုးခြင်း၊ လက်သည်းအရှည်ထားခြင်း၊ လက်သည်းအတုတပ်ခြင်း၊ လက်သည်းဆက်ခြင်းတို့ကြောင့် လူနာများ အန္တရာယ်ရှိနိုင်သည်ဟုဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။ သုတေသနပညာရှင်များသည်သူနာပြုကျောင်းသူ၅၀၀ ခန့်ကို သုတေသနပြုခဲ့ရာ ကျောင်းသူ ၆၀ ရာခိုင်နှုန်းမှာ လက်သည်းဆေးဆိုးခြင်း၊ လက်သည်းဆက်ခြင်းများပြုလုပ်ထားသည်ဟု လေ့လာတွေ့ရှိခဲ့သည်။

အမျိုးသားကျန်းမာရေး (NHS) ၏ ကျန်းမာရေးဝန်ထမ်းများမှ ရောဂါပိုးကူးစက်မှုတားမြစ်သည့် မူဝါဒများတွင် ဆေးရုံနယ်မြေရှိ ကျန်းမာရေးဝန်ထမ်းများသည် တံတောင်ဆစ်အောက်ပိုင်းတွင်မည်သည့်အရာမျှမရှိရ၊ လက်ဝတ်ရတနာများ၊ လက်ပတ်နာရီ၊ လက်သည်းဆေးဆိုးခြင်းနှင့်လက်သည်းအတုများကို တားမြစ်သည်ဟူ၍ ပါဝင်သည်။ သို့ရာတွင် စစ်တမ်းကောက်ယူထားသော သူနာပြုကျောင်းသူ ၄၈၈ ဦးသည် ကျန်းမာရေးဌာနက ချမှတ်ထားသော တားမြစ်ချက်များအနက် အနည်းဆုံးတစ်မျိုး ချိုးဖောက်ထားကြောင်း သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းရှာဖွေတွေ့ရှိချက်မှာ စိုးရိမ်ဖွယ်ရာပင်ဖြစ်ကြောင်း RCN သူနာပြု ကောလိပ်က ပြောကြား သည်။

သူနာပြုများ၏ လက်သည်းအတုများနှင့် လက်သည်းဆိုးဆေးများသည် လက်သန့်ရှင်းရေးကို ထိခိုက်နိုင်ပြီး ဘက်တီးရီးယားပိုးမွှားများလည်း ကပ်ငြိနိုင်သောကြောင့် သူနာပြုများအနေဖြင့်လက်သည်းနီဆေးဆိုးခြင်း၊လက်သည်းအရှည်ထားခြင်း၊ လက်သည်းအတုတပ်ခြင်း၊ လက်သည်းဆက်ခြင်းများ မပြုလုပ်သင့်ကြောင်းနှင့် သူနာပြုသည် လက်သည်းအတိုထားရမည်ဖြစ်ပြီး လက်သည်းဆိုးဆေး ကင်းစင်ရမည်ဖြစ်ကြောင်း ယင်းကောလိပ်က သတိပေးခဲ့သည်။

*—Ref: BBC, Lancashire Telegraph*




# ကိုဝင်းဇော်ဦး ခွဲစိတ်မှုအောင်မြင်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ စက်တင်ဘာ-၄**

ကြီးထွားမှုနှုန်းမြန်ဆန်သည့် အခရိုမီဂလီရောဂါခံစားနေရသည့် ကိုဝင်းဇော်ဦးအား စင်ကာပူအထွေထွေရောဂါဆေးရုံကြီးတွင် ခုနစ်နာရီကြာခွဲစိတ်ခဲ့ရာ ရာနှုန်းပြည့်အောင်မြင်ခဲ့ကြောင်း အသည်းအထူးကုဆရာဝန် ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်းကပြောသည်။

စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီခန့်က နှာခေါင်းမှတစ်ဆင့် ခွဲစိတ်မှုအောင်မြင်ခဲ့ပြီး ပီကျူတရီတွင် ကင်ဆာအကျိတ်ဖြစ်နေခြင်းနှင့် ပီကျူတရီ၏ အထက်ပိုင်း ဟိုင်ပိုသားလမတ်စ်ရှိအကျိတ်တို့ကို ဖယ်ထုတ်ရခြင်း နည်းအဆင့်ဆင့်တို့ဖြင့် ညနေတွင် ခွဲစိတ်မှု အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း လမ်း ၃၀ ဆေးခန်း၌ စက်တင်ဘာ ၄ ရက်ကပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဒေါက်တာ ခင်မောင်ဝင်းကပြောသည်။

"နှာခေါင်းထဲမှာလည်း အလုံးတည်နေတယ်။ အရင်က ကင်ဆာလို့ မမျှော်လင့်ထားတဲ့ အကျိတ်ကလည်း ကင်ဆာဖြစ်နေတော့ လုပ်ငန်းအဆင့်ဆင့်နဲ့ ၇ နာရီကြာသွားတယ်"ဟုဒေါက်တာခင်မောင်ဝင်းကပြောသည်။

ခွဲစိတ်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ငါးသောင်းနှစ်ထောင်ကုန်ကျကြောင်းသိရသည်။ အခြေအနေကောင်းမွန်သည့်အတွက် ခွဲစိတ်မှုပြီးနောက်နေ့မှစ၍ ရိုးရိုးလူနာခန်းသို့ပြောင်းရွှေ့ထားပြီး ခွဲစိတ်စဉ် နှာခေါင်းရှိအကျိတ်ကို ခွဲစိတ်ပြီး ဝမ်းဗိုက်တွင်ရှိသည့် အဆီနှင့် အကျိတ်ပိတ်ဆို့ထားခြင်းကြောင့် တစ်လအတွင်း လေယာဉ်ခရီးသွားလာခွင့်ကို စင်ကာပူဆေးရုံမှ ဆရာဝန်များက တားမြစ်ထားကြောင်း ဒေါက်တာခင်မောင်ဝင်းကပြောသည်။

နတ်မောက်မြို့နယ်၊ ထုံးပေါက်ချိုင်းရွာရှိ ကိုဝင်းဇော်ဦးသည် ကြီးထွားသည့် ဟော်မုန်းအထွက်များသည့် ရောဂါခံစားနေရကြောင်း ဆေးစစ်ဆေးတွေ့ရှိချက်များကြောင့် စင်ကာပူအထွေထွေရောဂါကုဆေးရုံတွင် သွားရောက်ဆေးကုသရန် စီစဉ်ခဲ့ပြီး ဩဂုတ် ၁၅ ရက်က စင်ကာပူနိုင်ငံသို့ထွက်ခွာခဲ့ပြီး ယခုလ ၃ ရက်က ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

# ကမ္ဘာလှည့်ခရီးသွားများ ကူးစက်ရောဂါစောင့်ကြည့်ရေးနှင့် သတင်းဖလှယ်ရေး ဒေသတွင်း ဆောင်ရွက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ စက်တင်ဘာ-၇**

နိုင်ငံအချင်းချင်း ခရီးသွားလာမှုများပြားလာသည့်အတွက် ကမ္ဘာလှည့်ခရီးသွားများနှင့် ပတ်သက်သည့် ကူးစက်ရောဂါစောင့်ကြည့်ရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေး (Traveller Health) အား မြန်မာနိုင်ငံမှ ဦးဆောင်ပြီး ပြုလုပ်သွားမည်ဖြစ်ကြောင်း ကူးစက်ရောဂါတိုက်ဖျက်ရေးမှ သတင်းရရှိသည်။

"ကူးစက်ရောဂါတစ်ခုခုဖြစ်ခဲ့ရင် ချိတ်ဆက်ထားတဲ့ အခြားနိုင်ငံတွေကို အကြောင်းကြားမယ်။ ဒါဆိုရင် အဲဒီနိုင်ငံတွေက လာတဲ့ခရီးသွားတွေကတစ်ဆင့်ပြည်တွင်းမှာ ရောဂါမကူးအောင် ကာကွယ်နိုင်မယ်။ ဒီလိုပဲ ဒီမှာ ကူးစက် ရောဂါတစ်ခုခုဖြစ်ရင် သူတို့ကို မကူးအောင် သတင်းအချက်အလက်ထုတ်ပြန်မယ်"ဟု ကူးစက် ရောဂါတိုက်ဖျက်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Traveller Health ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် ပြီးခဲ့သည့်ရက်ပိုင်းက ပြုလုပ်သည့် အာဆီယံ+၃ နိုင်ငံများ၏ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွန်ရက်အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ယခင်က ထိုကဲ့သို့ ဆောင်ရွက်မှုမရှိခဲ့သည့်အတွက် မည်သည့်အချက်အလက်များ ပါဝင်မည်ကိုအသေးစိတ်မသိရှိနိုင်သေးကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

(၄)ကြိမ်မြောက် ကျင်းပသည့် ထိုကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးကွန်ရက်အား ယခုနှစ်အတွက် မြန်မာနိုင်ငံက အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်နေပြီး ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံအလိုက် ကူးစက်ရောဂါနှင့်ပတ်သက်သည့် အားနည်းချက်၊ အားသာချက်စသည့် အချက်အလက်များပါဝင်သောစာအုပ်အားမြန်မာနိုင်ငံမှ ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအချင်းချင်း ကူးစက်ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်သည့်သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့်ပတ်သက်သည့် သင်တန်းများပေးခြင်းစသည့်လုပ်ငန်းများအား အတူတကွ ပူးပေါင်းဆောင်ရွက်နေသည့် ကွန်ရက်ဖြစ်ကြောင်း သိရသည်။

ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် အာဆီယံ+၃ နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ မဲခေါင်ဒေသတွင်း ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ စသည့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

Regional
7Day News Journal
Vol.12, No.27 • SEPTEMBER 11 , 2013

# မန္တလေးတွင် ထိုင်းကောင်စစ်ဝန်ရုံးထားရှိရန် ထိုင်းအစိုးရထံ တင်ပြထား

**အေးမွန်ရာပြည့်**

**မန္တလေး၊ စက်တင်ဘာ-၆**

စီးပွားရေးနှင့် ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရန် မန္တလေးတွင် ထိုင်းကောင်စစ်ဝန်ရုံး ထားရှိရန် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) က ထိုင်းနိုင်ငံ တာဝန်ရှိသူများထံ တင်ပြထားကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တွင် ရင်းနှီးမြှုပ်နှံရန် ထိုင်းလုပ်ငန်းရှင်များက စိတ်ဝင်စားမှု အများဆုံးရှိနေပြီး မန္တလေးတွင် ထိုင်းကောင်စစ်ဝန်ရုံး မရှိသည့်အတွက် ဗီဇာကိစ္စမှစ၍ လုပ်ငန်းများ လုပ်ဆောင်ရာတွင် အခက်အခဲရှိနေကြောင်း အပြန်အလှန်ဆက်ဆံရေးနှင့် လုပ်ငန်းများလုပ်ကိုင်ရာတွင် ပိုမိုချောမွေ့စေရန် မန္တလေးတွင် ထိုင်းကောင်စစ်ဝန်ရုံး ထားရှိပေးရန် တင်ပြတောင်းဆိုထားခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးအောင်မြင့်ထွန်းက ဆိုသည်။

"ကောင်စစ်ဝန်ရုံးရှိရင် ဗီဇာလုပ်ရတာ အဆင်ပြေသွားမယ်။ ကျန်တဲ့ကိစ္စတွေလည်း ချောချောမွေ့မွေ့ဖြစ်သွားမယ်။ ဒီဘက်ကတော့ အမြဲတမ်း တိုက်တွန်းနေတယ်" ဟု ဦးအောင်မြင့်ထွန်းက ပြောသည်။

MRCCI အနေဖြင့်လည်း ၎င်းတို့နှင့် အမြဲထိတွေ့ဆက်ဆံလျက်ရှိသော ထိုင်းနိုင်ငံမှ အဖွဲ့အစည်း ငါးခုကို တွေ့ဆုံတိုင်း မန္တလေးမြို့တွင် ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပေးနိုင်ရန် အမြဲမပြတ်တိုက်တွန်းနေကြောင်း တစ်ဖက်က ဖွင့်လှစ်ပေးရန်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း MRCCI ၏ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က စက်တင်ဘာ၇ရက်တွင်ပြုလုပ်သည့်ASEAN Economic Community (AEC) နှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ၌ ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိအချိန်တွင်မန္တလေးမြို့၌ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးနှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးများရှိနေသော်လည်း ထိုင်းကောင်စစ်ဝန်ရုံးမရှိသောကြောင့် ထိုင်းနိုင်ငံ ဝင်ရောက်ခွင့် ဗီဇာလုပ်ရာတွင် ရန်ကုန်မြို့ရှိ ထိုင်းသံရုံးသို့သာ တစ်ဆင့် ဆက်သွယ်နေရသည်။

အထက်မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သော မန္တလေးမြို့သည် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများလာသည့်အလျောက် ယခုလ ၁၅ ရက်မှစပြီး မန္တလေးမြို့တံတားဦးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ထိုင်းနိုင်ငံ လေကြောင်းလိုင်းသုံးလိုင်း တိုက်ရိုက်ပြေးဆွဲနိုင်တော့မည်ဖြစ်ပြီး ဘန်ကောက်-ပုဂံခရီးစဉ်ကိုလည်း မကြာမီ ပြေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း ဦးစိုးမြင့်က ပြောသည်။

# မုံရွာခရမ်းချဉ်သီးများ ဈေးကွက်အတွင်း စတင်ရောင်းချ

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ-၇**



မုံရွာကုန်းမြင့်ဒေသထွက် ခရမ်းချဉ်သီးများ

ဓာတ်ပုံ- မျိုးမင်းဦး

မုံရွာမြို့နယ်၊ အရှေ့ဘက် ကုန်းမြင့်ပိုင်းဒေသထွက် ခရမ်းချဉ်သီးများ စက်တင်ဘာ လဆန်းပိုင်းတွင် ဈေးကွက်အတွင်း စဝင်လာသော်လည်း အင်းလေးဒေသထွက် ခရမ်းချဉ်သီးဈေးကွက်နှင့် နှိုင်းယှဉ်ပါက ဈေးနှိမ်ဝယ်ယူခြင်းခံရကြောင်း မုံရွာမြို့နယ် ခရမ်းချဉ်စိုက်တောင်သူများက ပြောကြားသည်။

"ဒီလဆန်းပိုင်းမှာ ကုန်းပိုင်းခရမ်းချဉ်တွေ ဈေးကွက်ကို စပို့နေပြီ။ စပို့တဲ့အချိန်မှာ ခရမ်းချဉ်တစ်ပိဿာကို ကျပ် ၆၅၀ ကနေ ၇၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်တယ်။ အင်းလေးကထွက်တဲ့ခရမ်းချဉ်သီးတွေလည်း ဆက်ဝင်နေဆဲပါ။ အင်းလေးခရမ်းချဉ်သီး တစ်ပိဿာကို ကျပ် ၇၅၀ ကနေ ၈၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်ချိန်မှာ မုံရွာဒေသထွက်ခရမ်းချဉ်သီးတွေကို ဈေးနှိမ်ပြီး ဝယ်နေတယ်"ဟုစစ်ကိုင်းတိုင်းဒေသကြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်စိုက်ပျိုးတင်ပို့ ထုတ်လုပ်ရောင်းချသူများအသင်း၊ ခရမ်းချဉ်အစု အဖွဲ့မှ ကိုဝင်းဇော်ဦးက ပြောကြားသည်။

မုံရွာမြို့ အရှေ့ဘက်ကုန်းမြင့်ပိုင်း ဒေသဖြစ်သော ဘင်စီကျေးရွာဒေသခံ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက "ဒီရက်ပိုင်း မုံရွာဒေသထွက်ခရမ်းချဉ်သီးတွေ နေ့စဉ် ပိဿာရာနဲ့ချီပြီး စဝင်နေပြီ။ ရာသီအနေနဲ့တော့ ခရမ်းချဉ်စိုက်ခင်းတွေအကြိုက်ပေ့ါ။ ဈေးအနေနဲ့လည်း ပေါ်စဆိုတော့တစ်ပိဿာ ကျပ်၇၀၀ ဝန်းကျင်တော့ရတယ်။ ကုန်းပိုင်းခရမ်းချဉ်က စက်တင်ဘာလဆန်းကနေ ဖေဖော်ဝါရီလအထိပေါ်မယ်။ ကျွန်းထဲပိုင်းခရမ်းချဉ်စိုက်ခင်းတွေက နိုဝင်ဘာကနေ မေအထိပေါ်မယ်ဆိုတော့ အင်းလေးသီးတွေဝင်တော့မယ်။ နည်းသွားမယ်"ဟုဆိုသည်။

မုံရွာဒေသထွက် ခရမ်းချဉ်တစ်ပိဿာလျှင် ကျပ် ၆၅၀ မှ ၇၀၀ အထိ၊ အင်းလေးဒေသထွက် ခရမ်းချဉ်သီးတစ်ပိဿာလျှင်ကျပ် ၇၅၀ မှ ၈၀၀ အထိ အရောင်းအဝယ် ဖြစ်ချိန်တွင် မုံရွာ ဈေးကြီးများအတွင်း ခရမ်းချဉ်သီး လက်လီ တစ်ပိဿာ ကျပ် ၉၀၀ မှ ကျပ် ၁,၀၀၀ ဝန်းကျင်အထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရသည်။



7 DAY NEWS JOURNAL

Vol.12, No.27 • SEPTEMBER 11 , 2013

# မိုးစပါးစိုက်လယ်ယာမြေများ ရောင်းလိုအားများပြီး ဝယ်လိုအားကျနေ

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ-၇**

မုံရွာခရိုင်၊ အရာတော်မြို့နယ်ရှိ စပါးဖြင့်သာအရောင်းအဝယ်ပြုသော လယ်ယာမြေများ ရောင်းလိုအားများပြီး ဝယ်လိုအားကျဆင်းသွားကြောင်း ဒေသခံတောင်သူများကပြောသည်။

"ဒီဒေသမှာ မိုးစပါးစိုက်လယ်မြေဝယ်မယ်ဆိုရင် ငွေနဲ့ မရောင်းဘူး။ စပါးနဲ့ပဲရောင်းတယ်။ တစ်ကေကိုကောက်ပင်၄ယောက်စိုက်လို့ခေါ်တယ်။ ဆည်ရေမြောင်းဘေးမြေကွက်ဆိုရင် တစ်ယောက်စိုက်ကို စပါးတင်း တစ်ရာသတ်မှတ်တဲ့အတွက် စပါးတင်း၄၀၀ နဲ့ ရောင်းတယ်။ ဆည်ရေများမှ ရတဲ့ မြောင်းဝေးလယ်တွေဆိုရင် လေးယောက်စိုက် (တစ်ကေ)ကို စပါးတင်း ၇၀ နဲ့ရောင်းတဲ့သူတွေရှိတယ်။ ဒီနှစ် ဆည်ရေမရလို့ မိုးစပါးစိုက်တောင်သူတွေ စိုက်စရိတ်မြင့်လို့လယ်မြေတွေရောင်းချင်တဲ့သူပေါ်ပေမယ့် ဝယ်သူမရှိဘူး"ဟု ရွာသစ်ကျေးရွာတောင်သူ ဦးမျိုးလွင်က ပြောသည်။



*အရာတော်မြို့နယ်အတွင်းရှိ စပါးစိုက်ခင်းများ*

ဓာတ်ပုံ- မျိုးမင်းဦး

"အရင်တုန်းကတော့ ဆည်မြောင်းဘေးစိုက်ရေအလွယ်တကူရတဲ့လယ်မြေဆိုရင်လေးယောက်စိုက် (တစ်ကေ)ကို စပါးဆိုရင် တင်း ၄၀၀ ပေါ့။ ရွှေဆိုရင် ၄ ကျပ်သားပေါ့ဗျာ။ ဒီနေ့ခေတ်မှာရွှေဈေးက ခုနစ်သိန်းဝန်းကျင်ရှိပြီးစပါးဈေးက တင်းတစ်ရာကိုရှစ်သိန်းကနေ ကိုးသိန်းအထိရှိတော့ ရွှေကိုမယူ စပါးကိုပဲယူတယ်။ ဒါပေမဲ့ တစ်နှစ်မှတစ်သီးစိုက်ရတဲ့ မိုးစပါးစိုက်ခင်းတွေမှာ ဆည်ရေမရတော့ တောင်သူတွေလည်း အခက်ကြုံပြီး မြေတွေရောင်းတဲ့သူရောင်းကြပေမယ့် ဝယ်သူကနည်းတယ်"ဟု ရှားကုန်းကျေးရွာ မိုးစပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

အရာတော်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးသောလယ်ယာမြေများသည် သဖန်းဆိပ်ဆည်၊ ရေဦးတူးမြောင်း မြောင်းမတော်အမှတ် (၂) မြောင်းဆုံးလက်တံရှိ အုတ်ရှစ်ကြီးကျေးရွာအုပ်စုနှင့် လိင်လှကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးရေလုံလောက်စွာရရှိသောကြောင့် မိုးစပါးစိုက်လယ်ယာမြေများဝယ်လိုအားများပြီး ရောင်းလိုအားနည်းပါးခဲ့သည်။ အဆိုပါမြောင်းဆုံးလက်တံအဖျားပိုင်းရှိ နေယာခင်း၊ ကိုင်းရွာ၊ အုတ်ရှင်းကြီး၊ ကျွန်းတော၊ ရှားကုန်း၊ ခင်သာနှင့် ဗောင်းကျေးရွာအုပ်စုတို့တွင် ဆည်ရေရရှိမှုနည်းပါးသောကြောင့် စိုက်ပျိုးစရိတ်မြင့်တက်ကာမိုးစပါးစိုက်လယ်ယာမြေများ ရောင်းချလိုသူပိုမိုများပြားသော်လည်းဝယ်လိုအားနည်းပါးခဲ့ခြင်း ဖြစ်သည်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများနှေးကွေးနေ

**မောင်ကံ**

**ရန်ကုန်၊ စက်တင်ဘာ-၇**

ဇူလိုင်နောက်ဆုံးပတ်မှစတင်ကာ မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းနှင့် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ရေငန်ပုစွန်များဝယ်ယူမှုရပ်ဆိုင်းပြီးနောက်မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများလည်းနှေးကွေးလာကြောင်း သတင်းရရှိသည်။

"အဓိက ကုန်သွယ်မှုတန်ဖိုးကိုထိန်းထားတာက ရေငန်ပုစွန်ပို့ကုန်ဖြစ်ပါတယ်။ တခြားပို့ကုန်တွေကမရှိသလောက်တင်ပို့ရတဲ့ကုန်စည်တွေဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံက ဇူလိုင်နောက်ဆုံးပတ်ကနေ ရေငန်ပုစွန်ဝယ်ယူမှုကို ရပ်ထားတာကြောင့် ကုန်သွယ်ရေးဟာလည်း တခြားနှစ်တွေထက်နည်းနေတာဖြစ်ပါတယ်။ ပြန်လည်တင်ပို့နိုင်ဖို့အတွက် နှစ်ဖက်ကုန်သည်အချင်းချင်းညှိနှိုင်းနေပေမယ့် အခုထိအဆင်မပြေကြသေးပါဘူး"ဟု မောင်တောနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောသည်။

မောင်တော နယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုလုပ်ငန်းများနှေးကွေးနေခြင်းနှင့်အတူ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုလုပ်ငန်းမှာလည်း အလုပ်မဖြစ်ကြောင်း စစ်တွေမှ ကုန်သည်တစ်ဦးကပြောသည်။

"ဆီးယိုထုပ်ပို့ရတာကကုန်သွယ်မှုမဟုတ်ပါဘူး။ တကယ့်တန်ဖိုးမြင့်ပို့ကုန်တွေပို့နိုင်မှကုန်သွယ်မှုက မြင့်တက်လာမှာဖြစ်ပါတယ်။ အခုစစ်တွေနဲ့မောင်တောက အများဆုံးတင်ပို့နေရတဲ့ ပို့ကုန်ရေငန်ပုစွန်တွေကို ဝယ်ယူမှုရပ်နားထားတဲ့အတွက်ကုန်သွယ်မှုဟာလည်း ကျဆင်းနေတယ်လို့ ပြောလို့ရပါတယ်"ဟုဆက်လက်ပြောကြားသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကုန်သွယ်မှုမှာ လွန်ခဲ့သည့် ၂၀၁၂ခုနှစ်အတွင်းကလည်းနှစ်နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် ကျဆင်းခဲ့ပြီး ယခုနှစ်တွင်လည်းပို့ကုန်သွင်းကုန်များကို ကန့်သတ်လာသည့်အတွက် ကုန်သွယ်မှုတန်ဖိုးမှာ ယခင်နှစ်ထက်ကျဆင်းနိုင်ဖွယ်ရှိနေကြောင်း ကုန်သွယ်သူများကဆိုသည်။

# ဘောဂသီရိကားဝင်းအတွင်း အလှူခံ ကိုရင်အတုများ ဖမ်းဆီးရမိ

**ကျော်ဇေယျ**

**နေပြည်တော်၊ စက်တင်ဘာ-၇**

နေပြည်တော် ဘောဂသီရိကားဝင်းအတွင်းသင်္ကန်းဝတ်ဖြင့်လိုက်လံအလှူခံနေသောလူငယ်သုံးဦးကိုစက်တင်ဘာ ၅ ရက် ညနေပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်းသတင်းရရှိသည်။

နေပြည်တော်၊ ပျဉ်းမနားရှိ နေပြည်တော် ဘောဂသီရိကားဝင်းအတွင်း ကိုရင်သုံးပါး လိုက်လံအလှူခံနေကြောင်း သတင်းအရ ပျဉ်းမနားမြို့နယ် သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (၁)ခေါင်းဆောင် ဆရာတော်၊ ရဲတပ်ဖွဲ့ဝင်များနှင့် အသိသက်သေများက သွားရောက်ရှာဖွေစစ်ဆေးစဉ် ရှင်ဟေဝရ(ခ) သန်းတိုးအောင် (၁၃)နှစ် နောင်ချိုမြို့နယ် ရှင်ဝေပုလ္လ(ခ)ဝင်းကျော်မျိုး (၁၆)နှစ် နေပြည်တော်တပ်ကုန်းမြို့နယ်နှင့် ရှင်သြဘာသ(ခ)အောင်အောင် (၁၆)နှစ် ပျဉ်းမနားမြို့နယ်တို့ကို သင်္ကန်းဝတ်ဖြင့် အလှူခံနေကြောင်း တွေ့ရှိခဲ့သည်။

အဆိုပါ ကိုရင်များသည် ကျောင်းတိုက်အတည်တကျ သီတင်းသုံးနေထိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ဝေဠုဝန်တောရကျောင်းတိုက်တွင် သံဃာတော်များ ပစ္စည်းလေးပါးမပြည့်စုံ၍ အလှူခံခြင်းဖြစ်ကြောင်း အကြောင်းပြထားသည့် စာရွက်စာတမ်းများ၊ ဝေဠုဝန်ပရဟိတကျောင်းတိုက်တွင် စာပေသင်ကြားရန်ရှိသောစာသင်သားနှင့်ကျောင်းသားများ ပစ္စည်းလေးပါးမပြည့်စုံ၍ အလှူခံခြင်းဖြစ်ကြောင်း စာအိတ်ပေါ် ရိုက်ထားသည့် စာအိတ်များ၊ သင်္ကန်းသုံးစုံနှင့် အလှူခံရငွေများကို ၎င်းတို့ထံမှ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လိုက်လံအလှူခံနေသည့် ကိုရင်များကို နေပြည်တော်၊ ပျဉ်းမနားမြို့မရဲစခန်းက ပြစ်မှုပုဒ်မ ၂၉၅က (သာသနာညှိုးနွမ်းစေမှု) အရအမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

ဖမ်းမိခဲ့သည့် အဆိုပါကိုရင်အတုများမှာ ကားဝင်းရှိ စားသောက်ဆိုင်များ၊ ကားဂိတ်များတွင် အနားယူ၊ စားသောက်၊ စောင့်ဆိုင်းနေကြသောသူများထံ အလှူခံရသည့် အကြောင်းရင်း စာသားရိုက်နှိပ်ထားသော စာအိတ်များကို လိုက်လံဝေငှပြီး အလှူခံသော နည်းလမ်းကို အသုံးများသည်ဟု ဆိုသည်။

# ကလေး-ရန်ကုန်ခရီးစဉ် တက်လမ်းယာဉ်လိုင်း ထပ်မံပြေးဆွဲ

**ဂျူနိုင်း**

**ကလေး၊ စက်တင်ဘာ-၇**

တက်လမ်းအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းမှ တက်လမ်းရိုးရိုးမှန်လုံကား Higer 2+2 ဖြင့်ကလေးမှရန်ကုန်မြို့သို့နေ့စဉ်ပုံမှန်တစ်စီး ပြေးဆွဲသည့်အပြင် တက်လမ်းအထူး လေအိတ်မှန်လုံ Brand New Higer 2+1Bus ကားသစ်ဖြင့် စက်တင်ဘာ ၆ ရက်မှစ၍ ကလေး- ရန်ကုန်တိုက်ရိုက်ခရီးစဉ်ကို နေ့စဉ်ပုံမှန်တစ်စီး စတင်ပြေးဆွဲနေပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

တက်လမ်းအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းက ကလေးမှရန်ကုန်မြို့သို့နေ့စဉ်မှန်မှန်ပြေးဆွဲလျက်ရှိသည့် တက်လမ်းရိုးရိုးမှန်လုံကားနှင့် တက်လမ်းအထူးလေအိတ်မှန်လုံကားတို့သည် ကလေးမြို့မှ နံနက် ၁၀ နာရီနှင့် ရန်ကုန်မြို့မှ မွန်းလွဲ ၂ နာရီတို့တွင် စတင်ထွက်ခွာကြမည်ဖြစ်သည်။

တက်လမ်းရိုးရိုးမှန်လုံကား၏ ယာဉ်စီးခမှာ ခရီးသည်တစ်ဦးလျှင် ကျပ် ၂၀,၀၀၀ နှင့် တက်လမ်းအထူးလေအိတ်မှန်လုံကား ၏ ယာဉ်စီးခမှာ ခရီးသည်တစ်ဦးလျှင် ကျပ် ၃၀,၀၀၀ ဖြစ်သည်။

**ဝန်ထမ်းအလိုရှိသည်**

(ပြည်တွင်း၌ သာခန့်ထားရန် ၊ လစာကို မြန်မာကျပ်ငွေဖြင့်ပေးမည်)

၁။ **Dy-Supervisor (Engineering)** ကျား (၅) ဦး
A.G.T.I (Mech.) ၊ (သို့) ဘွဲ့ရ ။လုပ်ငန်းအတွေ့အကြုံ (၁) နှစ်အထက်ရှိရမည်။

၂။ **Dy- Manager (Production)** ကျား /မ(၅) ဦး
B.Sc(IC) (သို့) ဘွဲ့ရ ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
အသက်(၂၅) နှစ်မှ (၄၅)နှစ်အတွင်း။

၃။ **Technical Researcher** ကျား/ မ (၅) ဦး
B.E ၊ လုပ်ငန်းအတွေ့အကြုံ (၅) နှစ်အထက် ရှိရမည်။

၄။ **Food Technician (or ) Food Researcher** ကျား/ မ (၅) ဦး
B.Sc (IC) ၊ လုပ်ငန်းအတွေ့အကြုံ (၅) နှစ်အထက်ရှိရမည်။

၅။ **Economic Researcher** ကျား/ မ (၅) ဦး
B.A (Eco) ၊ လုပ်ငန်းအတွေ့အကြုံ (၅) နှစ်အထက် ရှိရမည်။

၆။ **Sales Manager** ကျား (၅) ဦး
ဘွဲ့ရ ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။

၇။ **Engineer (AutoCAD)** ကျား/ မ (၅) ဦး
အင်ဂျင်နီယာ ဘွဲ့ရ ။ AutoCAD 2D , 3D ကျွမ်းကျင်စွာရေးဆွဲနိုင်သူဖြစ်ရမည်။

၈။ **Sales Man** ကျား (၅) ဦး
ဘွဲ့ရ ၊ ဆက်ဆံရေးကောင်းမွန်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၁) နှစ်ရှိရမည်။

၉။ **Junior Sales Man** ကျား (၅) ဦး ဘွဲ့ရ ၊ ဆက်ဆံရေးကောင်းမွန် ရမည်။

၁၀။ **Driver** ကျား(၁၀) ဦး (၈)တန်း ၊လုပ်ငန်း ကျွမ်းကျင်၊ အတွေ့ အကြုံ ရှိရမည်။
အမှတ်စဉ်(၁) ၊(၂) အတွက်လိုင်သာယာ စက်မှုဇုန်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။
ကိုယ်ရေးအကျဉ်း ၊ ဓါတ်ပုံ(၁)၊ မှတ်ပုံတင်၊ ဘွဲ့လက်မှတ်နှင့်အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ စာရိတ္တကောင်းမွန် ကြောင်းထောက်ခံ စာနှင့်တကွ ကြော်ငြာပါသည့် ရက်မှ (၁၄)ရက် အတွင်း: Cho Cho Co.,Ltd . Bldg (3) Rm-6 , Myanmar ICT Park , Hlaing Tsp. သို့ လာရောက် လျှောက် ထား နိုင် ပါသည်။

**နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာ၍လေးမည် ၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလူနတ်ပြည်"ဟုသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။

(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ- နီပေါ) ➜ ၈.၅ သိန်း(စရိတ်ငြိမ်း)၊ (၁၂)ရက်ခရီး- ၉ သိန်း(စရိတ်ငြိမ်း)

(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန +အဝိဇဟိတလေးဌာန +နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊တပ်ရှိမဟာ ➜ ၁၀သိန်း (စရိတ်ငြိမ်း)

**(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၀)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။**

**တာနလိဟ်၊ မုဒ္ဒဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်။**

**(၆) ညအိပ် (၇) ရက်ခရီး — သီရိလင်္ကာ (စွယ်တော်) + ဘန်ကောက် (ပြဘုရား)**

**စရိတ်ငြိမ်း (၁၂.၅) သိန်း ( ထွက်ခွာမည့်နေ့ — ၃၀.၉.၂၀၁၃ )**

**အထူးခရီးစဉ်- အိန္ဒိယ ဗုဒ္ဓဂယာ(မဟာဗောဓိ)+သီရိလင်္ကာ(စွယ်တော်) -(၁၂)ရက်ခရီး စရိတ်ငြိမ်း(၁၅.၅)သိန်း**

**အောက်တိုဘာလ တွင် ထွက်ရှိပါမည်။**

မည်သည့် ခရီးစဉ်မဆို ဟိုတယ်(အိပ်/စား) သီးသန့် သွားရောက်လိုသူများကိုလည်း အထူး စီစဉ်ပေးပါသည်။

**နယ်မှဘုရားဖူးခရီးသည်များကိုရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။**

ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁၇၄၄၄၀၄၊ ၀၉-၄၂၈ ၂၁၇၂၅၁

# နာဂဒေသဖွံ့ဖြိုးရေးလုပ်ရန် ပဏာမအဆင့် တင်ဒါအောင်သည့် ကုမ္ပဏီများစာရင်း ထုတ်ပြန်

**နန်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ- ၇**

နာဂဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ပဏာမအဆင့်တင်ဒါအောင်မြင်ထားသည့် ကုမ္ပဏီငါးခုစာရင်းကို စက်တင်ဘာ ၆ ရက်တွင် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ထုတ်ပြန်ကြေညာလိုက်သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့် နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းနှစ်ခု၊ တံတား ၂၄ စင်း၊ ရေပြွန် ၄၀ ခု၊ စိုက်ပျိုးမြေဧက ၂၀၀ ဖော်ထုတ်ခြင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းလေးခု၊ စိုက်ပျိုးရေးလုပ်ငန်း ငါးခု၊ မွေးမြူရေးခြံနှစ်ခြံ၊ စွမ်းအင်လုပ်ငန်း ၂၈ ခု၊ အိမ်ရာလုပ်ငန်းငါးခုစသည့် လုပ်ငန်းများလုပ်ကိုင်ရန်အတွက် ဒေသဦးစီးအဖွဲ့က ဇူလိုင်လတွင် တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများ လုပ်ကိုင်ရန် ဒေသခံကုမ္ပဏီများဖြစ်သော စာရာမေတီမိသားစုကုမ္ပဏီ၊ မုဒ်ကူညီနောင်ကုမ္ပဏီ၊ ကုန်းလမ်း-ခါးငွေးညီနောင် ကုမ္ပဏီ၊ ဂရိတ်ထိန်ညျုကုမ္ပဏီ၊ ဂရိန်းပတ်ကွိုင်ကုမ္ပဏီတို့ကို ပဏာမအဆင့် ရွေးချယ်လိုက်ကြောင်း သတင်းရရှိသည်။

"ပဏာမအဆင့် တင်ဒါအောင်ထားတဲ့ ကုမ္ပဏီတွေကို တော့ မနေ့ကပဲ အိတ်ဖွင့်ကြေညာလိုက်တယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က အတည်ပြုပေးဖို့ပဲ လိုတော့တယ်" ဟု တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌဦးယောင်ရန်းက ပြောသည်။

တင်ဒါလုပ်ငန်းများတွင် လမ်း၊ တံတားတည်ဆောက်ရေး၊ အိမ်ရာ တည်ဆောက်ရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးနှင့် စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများကိုသာ အဆိုပါ ကုမ္ပဏီများက လျှောက်ထားကြပြီး ယင်းလုပ်ငန်းအားလုံးအတွက် ကျပ်သန်းပေါင်း ၃၀၀၀ ကျော် အသုံးပြုသွားမည်ဟု သိရသည်။

ပဏာမအဆင့် ရွေးချယ်ထားသည့် ကုမ္ပဏီများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က အတည်ပြုပြီးပါက တင်ဒါလုပ်ငန်းစာချုပ်များချုပ်ဆိုမည်ဖြစ်ပြီး လုပ်ငန်းများစတင်နိုင်မည်ဟု ဥက္ကဋ္ဌက ဆိုသည်။

တင်ဒါဖွင့်လှစ်ရွေးချယ်ရေးအစီအစဉ်ကို တိုင်းဒေသကြီးကိုယ်စားလှယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးက လာရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးခရိုင်အတွင်း ယာဉ်တိုက်မှုလျော့ကျ

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ-၇**

ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသော မန္တလေး ခရိုင်ခုနစ်မြို့နယ်တွင်ယာဉ်တိုက်မှုများ လျော့ကျလာကြောင်း သတင်းရရှိသည်။

ယခုနှစ် ဩဂုတ်လတွင် ယာဉ်တိုက်မှုပေါင်း ၂၈ မှုဖြစ်ပွားပြီးသေဆုံးသူ ၁၃ ဦးရှိကာ ဒဏ်ရာရသူ ၅၁ ဦးရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်လများနှင့် နှိုင်းယှဉ်လျှင် လျော့ကျလာသည်ဟု ဆိုနိုင်ကြောင်း မန္တလေးယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူးရုံးမှ ယာဉ်ထိန်းအရာရှိတစ်ဦးက ပြောကြားသည်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီနှင့် ဇွန်လများတွင် ယာဉ်တိုက်မှု အမြင့်ဆုံး ၄၂ မှုထိ ဖြစ်ပွားပြီး မေလတွင် ၂၄ ဦးထိ သေဆုံးမှုရှိခဲ့သည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအထိ ယာဉ်တိုက်မှုပေါင်း ၂၇၂ မှု၊ သေဆုံးသူ ၁၂၄ ဦး၊ ဒဏ်ရာရသူ ၃၆၇ ဦးရှိသွားပြီဖြစ်သည်။ ယမန်နှစ် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီမှဩဂုတ်လအထိကာလတူနှိုင်းယှဉ်ပါက ယာဉ်တိုက်မှုပေါင်း ၁၄၀၊ သေဆုံးသူ ၉ ဦး၊ ဒဏ်ရာရသူ ၁၃၆ ဦးလျော့ကျခဲ့သည်ဟု ယာဉ်ထိန်းအရာရှိက ဆိုသည်။ "သေတဲ့အထဲမှာ ဆိုင်ကယ် ဦးထုပ်မဆောင်းတာကြောင့် အဖြစ်များတယ်။ နေ့စဉ်ယာဉ်စည်းကမ်းမလိုက်နာတာတွေ ဖမ်းရင်လည်း ဆိုင်ကယ်ဦးထုပ်မဆောင်းတဲ့အမှုက အများဆုံးပဲ" ဟု ယာဉ်ထိန်းဝန်ထမ်းတစ်ဦးက ပြောသည်။မန္တလေးမြို့တွင်း အချက်အချာကျသည့်မီးပွိုင့် ခုနစ်နေရာတွင် အသံချဲ့စက်များတပ်ဆင်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သည့်အချက်အလက်များကို အသိပေးကြေညာနေကြောင်း သတင်းရရှိသည်။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက် MAI ) ခရီးစဉ် 950 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-
သက်သနဂိုရ် အစလစေတီတော်ဌာပနာပိတ်ပွဲ နှင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်လိုသူဘုရားဖူးအလှူရှင်များတို့သည် အောက်တိုဘာလ(၁၂)ရက်နေ့ ထွက်ခွာမည့်အဖွဲ့နှင့် လိုက်ပါစာရင်းသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အောက်တိုဘာလ (၅) ရက်နေ့မှ စ၍ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါမည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဝမ္ဗဓေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဝမ္ဗဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၀-B)၊၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး • ဖုန်း - 09 402 64 8989, 09 5300305

ORIENT CLINIC အရှေ့တိုင်း ဆေးခန်း
- ကျွန်တော်တို့၏ ဤဆေးခန်းတွင် အာရုံကြောဆိုင်ရာ ရောဂါများ
- လိပ်ခေါင်းစအိုဝနှင့် အူမကြီးဆိုင်ရာ ရောဂါများ
- ဆီးချို သွေးချို ဆက်စပ်ရောဂါများ
- အမျိုးသား၊ အမျိုးသမီး မျိုးပွားအင်္ဂါနှင့် ဆက်နွှယ်ရောဂါများ
- အရိုးအကြော ရောဂါများ
- နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါများ
- အသည်း၊ အစာအိမ်ရောဂါများနှင့် ကင်ဆာရောဂါအချို့တို့ကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပျောက်ကင်းအောင်၊ သက်သာအောင် ကုသပေးနေပါသည်။
အမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ ပုဂံအိမ်ရာ၊ (၁)လမ်းထိပ်၊ လမ်းမတော်မြို့နယ်။
ဖုန်း- ၀၁ ၂၂၆၉၁၇ ၊ ၀၁ ၂၂၇၂၇၅

Mae Fah Luang Foundation Under Royal Patronage
www.maefahLuang.org
အလုပ်ခန့်အပ်ရန်ခေါ်ယူခြင်း
တာချီလိတ်နှင့် မိုင်းဆတ်ခရိုင်တွင်အကောင်အထည်ဖော်နေသော Sustainable Alternative Livelihood Development Project တွင် အောက်ဖော်ပြပါအလုပ်များခန့်အပ်ရန် English သို့မဟုတ် ထိုင်းစကား တတ်ကျွမ်းသူ၊ ၎င်းအပြင် တိုင်းရင်းသားစကား (ဥပမာ ရှမ်း၊ လားဟူ၊ အခါ)များတတ်ကျွမ်းသူ၊ ကွန်ပျူတာ တတ်ကျွမ်းသူ၊ (MS Excel, Word, Powerpoint & Internet)တာချီလိတ်၊ မိုင်းဆတ်တွင် အခြေပြုပြီး စီမံကိန်းကျေးရွာများတွင် လိုအပ်လျှင်သွားလာနေထိုင်နိုင်သူများ လျှောက်ထားနိုင်သည်။
Administrative Assistant (1) ဦး
၁။ ကျား/မ အသက် ၂၀ မှ ၂၈ နှစ်ကြား
၂။ Business Administration ဘွဲ့ သို့မဟုတ် အခြားစီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာဘွဲ့ရရှိထားသူ။
၃။ စီမံခန့်ခွဲမှုရုံးလုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် ၂ နှစ်ရှိသူ။
Assistant Field Manager (2) ဦး
၁။ ကျား/မ အသက် ၂၅ မှ ၃၅ နှစ်ကြား
၂။ Field Manager ကို စီမံကိန်းဆိုင်ရာလုပ်ငန်းအားလုံး အထောက်အကူပြုရမည်ဖြစ်ပြီးအစိုးရဌာနဆိုင်ရာ များနှင့် ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျေးလက်ဒေသဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် ၃ နှစ်ရှိသူ။
Veternarian တိရစ္ဆာန်ဆေးကုဆရာဝန် (၂) ဦး
၁။ ကျား/မ အသက် ၂၃ မှ ၃၅ နှစ်ကြား
၂။ တိရစ္ဆာန်ဆေးကုဘွဲ့ရရှိထားသူဖြစ်ရမည်။ (အလုပ်အတွေ့အကြုံရှိလျှင် ဦးစားပေးမည်။)
၃။ ကျေးရွာများတွင် အခြေခံတိရစ္ဆာန်ဆေးကုသင်တန်းများပေးနိုင်ရမည်။
Agricultural Officer စိုက်ပျိုးရေးအရာရှိ (၄) ဦး
၁။ ကျား/မ အသက် ၂၃ နှစ်မှ ၃၅ နှစ်ကြား
၂။ စိုက်ပျိုးရေးဘွဲ့ရရှိထားသူဖြစ်ရမည်။ (အလုပ်အတွေ့အကြုံရှိလျှင်ဦးစားပေးမည်။)
၃။ သစ်သီးဝလံ အားလုံးစိုက်ပျိုးမှု တတ်ကျွမ်းအတွေ့အကြုံရှိရမည်။
လျှောက်လွှာများကို-MFLF မြန်မာနိုင်ငံရုံးချုပ်၊ ၃၀-ပီ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁ ၅၃၂၂၄၆ ၂၀၉ ၈၆၃၇၃၆၁ သို့ ၃၀-၉-၂၀၁၃ ရက်နေ့နောက်ဆုံးထားပေးပို့ရန်။ ပဏာမရွေးချယ်ခံရသူများကို ဆက်သွယ်ပြီး လူတွေ့စစ်ဆေးပါမည်။

ဝန်ထမ်းအလိုရှိသည်
❖ Sales Executive M/F (5) Posts
• အသက် (၁၉)နှစ်မှ (၂၈)နှစ်အတွင်း ရှိရမည်။
• တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) ဘွဲ့ရဖြစ်ရမည်။
• သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
• လူသုံးကုန်၊ ကား၊ အီလက်ထရောနစ်၊ မိုဘိုင်း၊ ဖက်ရှင် စိတ်ဝင်စားသူဖြစ်ရမည်။
• ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
• အကျင့်စာရိတ္တနှင့် ကျန်းမာရေးအထူး ကောင်းမွန်ရမည်။
• လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
• လုပ်ငန်းအတွေ့အကြုံရှိပါက လခညှိနှိုင်းပေးပါမည်။
လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၁)ပုံ၊ မှတ်ပုံတင် မိတ္တူ၊ သန်းခေါင်းစာရင်းမိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၃၀.၉.၁၃) ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
7Day Shopping Guide ရုံးနယ်
အခန်းအမှတ်( G-12) မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Tel: 523911~918

7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

စာမျက်နှာ (၂၀) မှ

## အရာခပ်သိမ်းတို့သည် ထိုအမှောင်တိုက် အတွင်း၌ သားကောင်များသာဖြစ်ကြလေကုန်၏

သို့နှင့်ပင် ပြည်သူ့ရဲဆိုသည်လည်း နာမည်လုံးလုံးပျက်ရတော့မလိုဖြစ်လာခဲ့ရသည်ထင်၏။

ယခုလို ခေတ်က ဒီမိုကရေစီလှေကားဦးကို ခြေချတော့မလိုဖြစ်လာသည့်အချိန်အခါရောက်သည့်တိုင် ရာစုနှစ်ဝက်လောက်ပျက်လာခဲ့သည့် အကျင့်စရိုက်ကပြင်နိုင်ဖို့ ခက်ဆဲလားလည်းမသိ။ ဟိုဘက်ရက်တွေထဲတုန်းက ယာဉ်ထိန်းရဲကို လိုင်းကားမောင်းသည့်ဒရိုင်ဘာနှင့် စပယ်ယာက စကေဘာနှင့် ထိုးသွားသည့် သတင်းတစ်ပုဒ်ဖတ်ရသည်။ အလားတူပင် ရပ်ကွက်ထဲ ဆဲဆိုရမ်းကားနေသည့် အမူးသမားကို သွားတားခဲ့သည့်ရဲနှစ်ယောက်ကို အမူးသမားက ဓားဖြင့်လိုက်သဖြင့် စီးသွားသည့် မော်တော်ဆိုင်ကယ်ကို ထားခဲ့ပြီး ထွက်ပြေးကြရသည့်အကြောင်းလည်း ဖတ်လိုက်ရသည်။

သည်သတင်းတွေ ဖတ်ရတော့ စိတ်ထဲမှာ မကောင်း။ တရားဥပဒေစိုးမိုးရေးနှင့် ရာဇဝတ်မှုကို ထိန်းသိမ်းပေးမည့် ရဲတပ်ဖွဲ့ကိုလည်း လူမလေး ခွေးမခန့်တွေဖြစ်ကုန်ကြပါရောလား တွေးမိသည်။

ဘာပဲဖြစ်ဖြစ် ဂျာနယ်ကို ရင်ဖွင့်သည့် ရဲလေး၏ သောနုတ္တိုရ်ဂိုချင်းကို စိတ်မကောင်းဖြစ်မိရသော်လည်း အမှန်ဖြစ်သည်။

တကယ်တော့ အစွယ်လိုသူတွေ၊ အသွားခိုင်းသူတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့သင့်သည်။ ကျွန်တော်မြင်သည်ကတော့ စနစ်က လူတွေကို ဖျက်ဆီးပစ်ခဲ့သည်။ လူတွေကို ကွက်ပြီးပြင်ချင်၍မရ။ စနစ်ကြီးတစ်ခုလုံးကို ပြင်ပစ်ဖို့ လိုမည်သေချာသည်။

အရာခပ်သိမ်းတို့သည် ထိုအမှောင်တိုက်အတွင်း၌ သားကောင်တွေဖြစ်ကုန်ကြရလေကုန်၏ဟု ကျွန်တော်ကတော့ မြင်မိသည်။ အားလုံးဝိုင်းမှ တိုင်းပြည်သာမည့်အကြောင်း သဘောတူနိုင်ကြမည်ထင်ပါသည်။

## ကျန်စစ်သားမင်းတည်ခဲ့သော ရွှေတွင်းအောင်းမြတ်စွာဘုရားပွဲတော်ကျင်းပ

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ-၇**

မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်မြို့ဟောင်း၊ စံပြကျေးရွာတွင် ပုဂံခေတ်ကျန်စစ်သားမင်း တည်ထားခဲ့သော ရွှေတွင်းအောင်းမြတ်စွာဘုရားပွဲတော်ကို ယခုနှစ် စက်တင်ဘာ၅ရက်မှ၁၄ရက်အထိစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

"တင်မောင်ဆန်းမင်းဝင်းရဲ့ ရွှေမန်းသဘင်ကဖျော်ဖြေမှာဖြစ်ပါတယ်။ ဆိုင်ခန်းအနေနဲ့ဂေါပကအဖွဲ့ကဆောက်လုပ်ပေးတာ၃၃၉ ခန်းရှိတယ်။ စားသောက်ဆိုင်တွေနဲ့ဆိုရင် စုစုပေါင်းဆိုင်ခန်း ငါးရာကျော်မယ်"ဟု ရွှေတွင်းအောင်းမြတ်စွာဘုရားဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်။

ရွှေတွင်းအောင်းမြတ်စွာဘုရားဗုဒ္ဓပူဇနိယပွဲတော်သံဃာ့ဒါနဆွမ်းလောင်းပွဲတွင် ပင့်သံဃာအပါး ခုနစ်ဆယ်ကျော်အားစက်တင်ဘာ ၁၂ရက်တွင် ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူပူဇော်မည်ဖြစ်ကြောင်းသိရှိရသည်။

စာမျက်နှာ (၇) မှ

## ဆေးရွက်ကြီး၊ ဆေးလိပ်နှင့် အီး – စီးကရက် အန္တရာယ်များ

အီးစီးကရက်ကလည်း စွဲစေသည်သာ ဖြစ်သည်။ ဆေးရွက်ပါသော ဆေးလိပ်လောက် အန္တရာယ်မများသော်လည်း လုံးဝအန္တရာယ်ကင်းသည်တော့လည်း မဟုတ်ပါ။ အီးစီးကရက်တွင် အဆိပ်ဖြစ်စေသော ဓာတုဆေး Carcinogens နှင့် နောက်ဓာတုဓာတ်ဖြစ်သည့် Diethylene Glycol ပါဝင်သည်။ ၎င်းဓာတုဓာတ်များက လူ့ကျန်းမာရေးကို ထိခိုက်စေပြန်သည်။ အီးစီးကရက်သောက်ပြီး အသက်ရှူလမ်းကြောင်းပြဿနာဖြစ်ပေါ်ကြောင်း သတင်းပေးပို့ချက်များ ရှိခဲ့သည်။

နောက်ပြဿနာတစ်ခုမှာ ဆေးလိပ်ကို အသက်အရွယ် ကန့်သတ်ရောင်းချသည့် နိုင်ငံများတွင် အီး စီးကရက်ကို ကန့်သတ်ခြင်း မရှိသဖြင့် ဆယ်ကျော်သက်များ ဝယ်ယူခွင့်ရနေခြင်း ဖြစ်သည်။ ထိုမှ သုံးစွဲသူလူငယ်လည်း ပိုများလာသည်။ အမေရိကန်နိုင်ငံတွင် အလယ်တန်းနှင့် အထက်တန်းကျောင်းသားများ အီးစီးကရက်သုံးစွဲမှုများပြားနေကြောင်း လေ့လာမှုများက ပြဆိုသည်။

အီးစီးကရက် ထုတ်လုပ်သူများက ကလေးနှင့် လူငယ်များအတွက်ထုတ်လုပ်ခြင်း မဟုတ်ပါဟုဆိုနေသော်လည်းချယ်ရီစတော်ဘယ်ရီ၊ ဗာနီလာ အစရှိသော ကလေးကြိုက်အနံ့များထည့်ပြီး ထုတ်လုပ်နေသည်။ လက်ရှိတွင် စီးကရက်ကြော်ငြာဆိုင်ရာဥပဒေသည် အီးစီးကရက်အပေါ် အကျုံးမဝင်ပါ။

ဤအတောအတွင်း ဂရိနိုင်ငံသုတေသီများ၏ လေ့လာချက်အရ အီးစီးကရက်သုံးစွဲသူများတွင် အဆုတ်အားနည်းလာသည်ကို တွေ့ရသည်။ နီကိုတင်းငွေ့ကို အဆုတ်တွင်းတိုက်ရိုက်ရှူသွင်း၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ပေါ်လာချိန်မကြာလှသေးသဖြင့် ရေရှည်တွင် မည်သို့သော အကျိုးဆက်များပေါ်ထွက်လာဦးမည် မသိရသေးပါ။

ဆေးလိပ်စွဲသူများ ဆေးလိပ်ဖြတ်ရန် အထောက်အကူပြုစေသည်ဟု ဆိုသော်လည်း ဆေး လိပ်စွဲသူများ မဟုတ်သည့် ကလေး၊ လူငယ်များအတွက် အီးစီးကရက် ကျယ်ကျယ်ပြန့်ပြန့် စွဲသည့် အချိန်တစ်ခုရောက်လာမည်ကို စိုးရိမ်နေရပေသည်။

Modern Development Creation (MDC)
Company Liminted
**မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်။**

| | | | | |
|---|---|---|---|---|
| 1. | Site Manager | M | (2) Posts | ဘွဲ့ရ |
| 2. | Site Engineer | M/F | (3) Posts | B.E (Civil) or AGTI (Civil) Interior Decoration အတွေ့အကြုံ ရှိရမည်။ |
| 3. | Engineer (Architect) | M/F | (2) Posts | B.Arch, Auto CAD 2D , 3D ဆွဲနိုင်ရမည်။ |
| 4. | Engineer (QS) | F | (2) Posts | B.E.(Civil) Building Estate များကိုတွက်ချက်နိုင်ရမည်။ Auto CAD 2D,3D ဆွဲနိုင်ရမည်။ Site Building နှင့် Design များကို ကောင်းစွာ ပြင်ဆင်နိုင်ရမည်။ |
| 5. | Purchaser (အဝယ်တော်) | F | (2) Posts | ဘွဲ့ရ၊ အကျင့်စာရိတ္တကောင်းမွန်ရမည်။ ဆက်ဆံရေးပြေပြစ်ရမည်။ ဆောက်လုပ်ရေးသုံးပစ္စည်းများ အကြောင်းကို ဗဟုသုတရှိသူ ဖြစ်ရမည်။ |
| 6. | Store Keeper | M | (3) Posts | ဘွဲ့ရ၊ အကျင့်စာရိတ္တကောင်းမွန်ရမည်။ |
| 7. | Secretary | F | (1) Post | အရပ်အမြင့် အနည်းဆုံး ၅ ပေ ၄ လက်မရှိရမည်။ လူမှုဆက်ဆံရေးကောင်းမွန်၍ ရုပ်ရည်ချောမောပြေပြစ်ရမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်မှု ရှိရမည်။ |
| 8. | Personal Assistant | M | (2) Posts | ဘွဲ့တစ်ခုခုရှိရမည်၊ အလုပ်အပေါ်တွင် စိတ်ဝင်စားပြီး တက်ကြွစွာ လုပ်ကိုင်လိုသောသူ ဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်၍ ရုပ်ရည်ချောမောပြေပြစ်ရမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်မှုရှိရမည်။ |
| 9. | HR Manager / General Manager | | (1) Post | အသက် ၃၀ မှ ၅၀ ကြား၊ HR Function များနှင့်ပတ်သက်၍ ကျွမ်းကျင်ရမည်။ အလုပ်အပေါ်တွင် စိတ်ဝင်စားပြီး တက်ကြွစွာ လုပ်ကိုင်လိုသော သူဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်၍ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်မှုရှိရမည်။ |
| 10. | Project Manager/ Leader | | (1) Post | MBA, DMA သို့မဟုတ် Furniture နှင့်ပတ်သက်၍ ကောင်းမွန်စွာ နားလည်ရမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်မှုရှိရမည်။ (Business Term)။ Communication ကောင်းမွန်ရမည်။ ဌာနတစ်ခုလုံးကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်ရမည်။ ဈေးကွက်ကို ကောင်းစွာ နားလည်သူ ဖြစ်ရမည်။ Marketing ကို ကောင်းစွာ နားလည်ပြီး Marketing Plan ကို ကောင်းစွာရေးဆွဲနိုင်ရမည်။ |

အထက်ဖော်ပြပါ အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ စိတ်ပါဝင်စားသူတိုင်း မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ သက်ဆိုင်ရာထောက်ခံချက်လက်မှတ်များနှင့်အတူ အမှတ်-၉(A)၊ နဝရတ်လမ်း(၇)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းလမ်းဆုံ အနီးသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။ Email: hunterguy2013@gmail.com, Ph: 01- 665908, 09 421003508, 09-5004547

## ဝန်ထမ်းအလိုရှိသည်

❖**Machine Operator (Web Offset)** **- M(2)Posts**

- Web Offset ရိုက်နိုင်သူ ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။

❖**Machine Operator (4-Unit Offset)** **- M(2)Posts**

- 4-Unit Offset ရိုက်နိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။

❖**Machine Assistant** **- M(2)Posts**

- လုပ်ငန်းအတွေ့အကြုံ အသင့်အတင့်ရှိရမည်။

❖**Production Executive** **- M(2)Posts**

- ဘွဲ့ရ၊ အသက်(၃၅)နှစ်အောက် ဖြစ်ရမည်။
- ကွန်ပျူတာအသုံးပြုနိုင်ရမည်။ Excel ကျွမ်းကျင်ရမည်။
- ရုံးလုပ်ငန်းပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းရမည်။

❖**Production Assistant** **- M(2)Posts**

- အခြေခံပညာအထက်တန်းအောင်မြင်ရမည်။
- အသက်(၃၀)နှစ်အောက် ဖြစ်ရမည်။

အထက်ပါရာထူးများအားလုံး ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ညပိုင်းအလုပ်ဆင်းနိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်ပြီး လစာညှိနှိုင်းပေးပါမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပညာအရည်အချင်းအထောက်အထား မိတ္တူတို့နှင့်အတူ (၃၀-၉-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**7Day Daily သတင်းစာ**
**ဒိုင်းမွန်းကွန်ဒို (E)၊ ပထမထပ်၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊**
**(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၁၂၈၈၇**

Education

7 DAY NEWS JOURNAL

Vol.12, No.27 • SEPTEMBER 11 , 2013

# The Sun Institute၏ သင်တန်းများအား ဗြိတိသျှသံရုံး ထောက်ပံ့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၇**

The Sun Institute တွင် နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များအား အရည်အချင်းမြှင့်တင်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသင်တန်းပို့ချရန် ဗြိတိသျှသံရုံးက ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သည်။

ယခုနှစ် စက်တင်ဘာလမှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလထိ ပံ့ပိုးထောက်ပံ့သွားမည့် အစီအစဉ်တွင် The Sun Institute က သင်တန်းစီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး ဗြိတိသျှသံရုံးက ကုန်ကျစရိတ်များ ပံ့ပိုးသွားမည်ဖြစ်သည်။

"အရင်တုန်းက ကိုယ့်ဘာသာဆောင်ရွက်ခဲ့တာပါ။ အခုသင်တန်းအပတ်စဉ် ၁၀ မှာ သူတို့က စတင်ပံ့ပိုးပေးတာပေါ့။ တစ်လတစ်တန်းဖွင့်တာဆိုတော့ သူတို့က သင်တန်းခြောက်ခုစာအတွက် ပံ့ပိုးပေးတာပေါ့။ တစ်တန်းကို သင်တန်းသား ၅၀ လက်ခံမှာပါ။ ဒီနှစ်မှာ တခြားအဖွဲ့တွေက ပံ့ပိုးဖို့ သဘောတူထားတာတွေလည်းရှိပါတယ်"ဟု The Sun Institute မှတာဝန်ရှိသူဒေါ် အေးမြလှိုင်က ပြောသည်။

The Sun Institute သည် ရန်ကုန်အခြေစိုက်၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသင်တန်းများအား ပို့ချလျက်ရှိပြီး တည်ထောင်ခဲ့ချိန် တစ်နှစ်ပြည့်မြောက်ပြီဖြစ်ကာ စဉ်ဆက်မပြတ် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုသင်တန်း အပတ်စဉ် ၁၀ သို့ရောက်ရှိနေပြီဖြစ်သည်။

ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့်ကောင်းမွန်သော အုပ်ချုပ်ရေး၊ လူ့အခွင့်အရေး၊ ပဋိပက္ခလျှော့ချခြင်း၊တာဝန်သိတတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ပံ့ပိုးကူညီမှုများဆောင်ရွက်လျက်ရှိသည်။



# ကန်းဘရစ်ချ်တက္ကသိုလ်မှ မြန်မာကျောင်းသားနှစ်ဦးအား ပညာသင်ဆုပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၅**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကန်းဘရစ်ချ်တက္ကသိုလ်တွင် ပညာသင်ယူနိုင်ရန် မြန်မာကျောင်းသားနှစ်ဦးအား ပညာသင်ဆုပေးအပ်သွားမည်ဖြစ်ကြောင်း ဗြိတိသျှသံရုံးက သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် ပညာသင်နှစ်မှစ၍ ကန်းဘရစ်ချ်တက္ကသိုလ်တွင် ပညာသင်ယူရန် မြန်မာကျောင်းသားနှစ်ဦးအား ပညာသင်ဆု စတင်ပေးအပ်ခဲ့သော်လည်း ယခင်နှစ်က လျှောက်ထားသူကျောင်းသား မရှိခဲ့ကြောင်းသိရသည်။

"မနှစ်က ကန်းဘရစ်ချ်တက္ကသိုလ်ပညာသင်ဆုအတွက် လျှောက်ထားတဲ့သူ မရှိခဲ့ဘူး။ လျှောက်လွှာခေါ်တဲ့ကာလတိုသွားတာလည်းပါတယ်။ ဒီနှစ်အတွက် မြန်မာကျောင်းသားနှစ်ဦးကို ရွေးချယ်သွားမှာပါ"ဟု ဗြိတိသျှသံရုံး တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗြိတိသျှအစိုးရသည် Chevening ပညာသင်ဆုအစီအစဉ်ဖြင့် မြန်မာကျောင်းသား ငါးဦးခန့်အား နှစ်စဉ်ပညာသင်ဆုပေးအပ်လျက်ရှိပြီး လွန်ခဲ့သည့်ပညာသင်နှစ်မှစ၍ ကန်းဘရစ်ချ်တက္ကသိုလ်ပညာသင်ဆုအစီအစဉ်ကို တိုးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကန်းဘရစ်ချ်တက္ကသိုလ်ပညာသင်ဆုအစီအစဉ်အတွက် ယခုနှစ် ဒီဇင်ဘာ ၁၃ ရက်နောက်ဆုံး လျှောက်ထားရမည်ဖြစ်ပြီး www.admin.cam.ac.uk/students/gradadmissions/prospec/index.shtml တွင် အသေးစိတ်အချက်အလက်များကိုဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားသူများအနေဖြင့် Chevening ပညာသင်ဆုနှင့် ကန်းဘရစ်ချ်တက္ကသိုလ်ပညာသင်ဆုတို့ကို တစ်ပြိုင်နက်လျှောက်ထားရမည်ဖြစ်ပြီးစိတ်ဝင်စားသူများအနေဖြင့် Press.Officer@fco.gov.uk သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

# ရန်ကုန်နှင့် မွန်ပြည်နယ်တို့ရှိ အထက်တန်းကျောင်းသားများကို SCG ပညာသင်ဆု တိုးပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၆**

ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိမြို့နယ်များတွင် နေထိုင်သော အထက်တန်းကျောင်းသားများအား ပေးအပ်နေသည့် SCG Sharing the Dream ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ဘိလပ်မြေစီးပွားရေးလုပ်ငန်းစုဖြစ်သော SCG သည် မြန်မာကျောင်းသားများအတွက် လွန်ခဲ့သည့် ပညာသင်နှစ်မှစ၍ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင်ပညာသင်ထောက်ပံ့ကြေးပေးအပ်သော ကျောင်းသားဦးရေ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပညာသင်ဆုအစီအစဉ်ကိုတာဝန်ယူဆောင်ရွက်နေသော MBE မှတာဝန်ရှိသူက ပြောသည်။

"မနှစ်က ရန်ကုန်နဲ့ မွန်ပြည်နယ်က အထက်တန်းကျောင်းသား ၅၀ စီကိုပညာသင်ထောက်ပံ့ကြေးပေးအပ်ခဲ့တယ်။ ဒီနှစ်ကျောင်းသား ၁၀၀ စီ ရွေးချယ်ပေးအပ်သွားမှာပါ။ ပညာသင်ထောက်ပံ့ကြေးအတွက် လျှောက်လွှာကို အောက်တိုဘာလအတွင်း နောက်ဆုံးလျှောက်ထားနိုင်မှာပါ"ဟု ၎င်းက ဆိုသည်။

SCG Sharing the Dream အစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဒဂုံ၊ တောင်ဒဂုံ၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဆိပ်ကြီးခနောင်တိုနှင့် ကော့မှူးမြို့နယ်၊ မွန်ပြည်နယ်ရှိ မော်လမြိုင်၊ မုဒုံ၊ ကျိုက်မရော၊ ဘီလူးကျွန်း၊ ပေါင်မြို့နယ်များမှ ကျောင်းသားများ လျှောက်ထားနိုင်မည်ဖြစ်သည်။

ပညာသင်ထောက်ပံ့ကြေးအစီအစဉ်အတွက်ဝင်ငွေနည်းပါးသော မိသားစုများမှ ကျောင်းသားများ လျှောက်ထားနိုင်မည်ဖြစ်ပြီး ရွေးချယ်ခံရပါက ပညာသင်ထောက်ပံ့စရိတ်နှင့် ကျောင်းသုံးပစ္စည်းများဝယ်ယူရန် ကျပ်နှစ်သိန်းပေးအပ်သွားမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားလိုသော ကျောင်းသားများအနေဖြင့် စမ်းချောင်းမြို့နယ်၊ ပန်းခြံတာဝါရှိ Myanmar Business (MBE)၊ ဖုန်း-၅၁၆၆၃၉ သို့ ဆက်သွယ်လျှောက်ထားနိုင်မည်ဖြစ်သည်။






အပူပိုင်းဒေသ နတ်ဘုံနတ်နန်းများရဲ့ မော်အတတ်များ လှစ်ဟပြသခြင်းကို ရှုမြင်ခံစားရင်း Garden by the bay ရှိ supertrees များကို ကိုယ်တိုင်မြင်ကြည့်ရအောင်။ Marina bay sands အထက်မှနေ၍ cocktail တစ်ခွက်ဖြင့် ပြန်လည်မြင်ယောင်ကြည့်ရင်း နေဝင်ဆည်းဆာအလှနှင့် အတူ လှုပ်ရှားသက်ဝင်လာသော lion city ၏ ညအလှကို ခံစားရှုမြင်ကြည့်ရအောင်။ ထပ်မံကျန်ရှိနေသော အထူးဈေးနှုန်းခရီးစဉ်များအတွက် tigerair.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

၂၀၁၃ စက်တင်ဘာလ ၁၀ ရက် မှ ၁၆ ရက် အထိ ကြိုတင်လက်မှတ်ဝယ်ယူနိုင်ပြီး
၂၀၁၃ အောက်တိုဘာ ၁ ရက်နေ့ မှ နိုဝင်ဘာ ၁၄ ရက်နေ့ အတွင်း စီးနင်းနိုင်ပါသည်။

tigerair.com

လက်မှတ်ဝယ်ယူရန်နှင့် ငွေပေးချေရန်။

| | |
|---|---|
| www.tigerair.com | credit card ဖြင့် ပေးချေနိုင်ပါသည်။ |
| sales hotline<br>+ ၉၅ (၉) ၄၅၀ ၀၅၀ ၈၉၈ | credit card (သို့) ငွေသားဖြင့် ပေးချေနိုင်ပါသည်။ |

*ဖော်ပြထားသောဈေးနှုန်းသည် ခရီးစဉ် တစ်ကြောင်းတည်းအတွက် ဖြစ်ပြီး အခွန်ခနှင့် ဝန်ဆောင်မှုစရိတ်များကို ထပ်မံပေးဆောင်ရပါမည်။ Credit card ဖြင့် ပေးချေပါက ခရီးသည်တစ်ဦးစီအတွက် ခရီးစဉ်တစ်ကြောင်းတိုင်း ဝန်ဆောင်ခ ကောက်ခံပါမည်။ ယခုအထူးဈေးနှုန်းသည် tigerair မှ သီးခြားသတ်မှတ်ထားသော ခရီးစဉ်များအတွက်သာ ဖြစ်ပြီး ၂၀၁၃ စက်တင်ဘာလ ၁၀ ရက် မှ ၁၆ ရက်နေ့ (စင်္ကာပူဒေသစံတော်ချိန် ည ၁၁ နာရီ ၅၉ မိနစ်) အထိ online မှတဆင့်ဝယ်ယူသော လက်မှတ်များအတွက်သာ အကျုံးဝင်ပါသည်။ ထိုင်ခုံအရေအတွက်ကန့်သတ်ထားပြီး ခရီးသွားများသော ကာလများတွင် ခုံနေရာအခက်အခဲရှိနိုင်ပါသည်။ အခြားသတ်မှတ်ချက်များ ရှိပါသည်။ အသေးစိတ်သိရှိလိုပါက tigerair.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# ထိုင်းရောက်မြန်မာလုပ်သားများအား အထောက်အထားထုတ်ပေးရာတွင် ရေလုပ်သားအများစုကျန်နေ

**အေးမြတ်သူ**

**ရန်ကုန်၊**

**စက်တင်ဘာ-၇**

ထိုင်းနိုင်ငံအတွင်းရှိ တရားမဝင် မြန်မာအလုပ်သမားများအား အထောက်အထားထုတ်ပေးရာတွင် ရေလုပ်သားအများစု ကျန်ရှိနေသေးကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးအောင်ကပြောသည်။

ထိုင်းနိုင်ငံသို့ တရားမဝင်နည်းလမ်းဖြင့် သွားရောက်လုပ်ကိုင်ကာ အထောက်အထားမဲ့ဖြစ်နေသည့်မြန်မာအလုပ်သမား နှစ်သန်းကျော်အား ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်မှစ၍ ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိရာ ယခုအခါမြန်မာအလုပ်သမား ၁ ဒသမ ၇ သန်းခန့်အား အထောက်အထားထုတ်ပေးပြီး ဖြစ်သော်လည်း ထိုင်းငါးဖမ်းစက်လှေပေါ်တွင် အလုပ်လုပ်ကိုင်လျက်ရှိသည့်မြန်မာအလုပ်သမားများအားအထောက်အထားထုတ်ပေးရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။



*ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းခွင်တစ်ခုမှ အလုပ်သမားများ*

ဓာတ်ပုံ-Sakchai Lalit

"သူတို့ဘက်ကပြောတာတော့ မြန်မာအလုပ်သမားတော်တော်ကုန်သွားပြီ။ ကျန်သေးတာက ရေလုပ်သားတွေမှာပဲ အထောက်အထားထုတ်ပေးဖို့ ကျန်နေသေးတာ။ ဒီကနေ ရေလုပ်သားတွေကို MOU နဲ့ တရားဝင်လွှတ်ထားတာမရှိဘူး။ မြန်မာရေလုပ်သားတွေက ဘာအထောက်အထားမှကိုမရှိတာ"ဟု ညွှန်ကြားရေးမှူးချုပ်ဦးမျိုးအောင်ကပြောကြားသည်။

လက်ရှိ ထိုင်းအစိုးရအနေဖြင့် ရေလုပ်သားများအား အထောက်အထားထုတ်ပေးသည့်ကာလကို တစ်နှစ်လျှင် နှစ်ကြိမ်ခွင့်ပြုသွားမည်ဖြစ်သည်။

ယခုအခါအထောက်အထားထုတ်ပေးရန်ကျန်ရှိနေသေးသည့် ရေလုပ်သားစာရင်းများကို ထိုင်းအစိုးရက စတင်ကောက်ခံလျက်ရှိရာ ၎င်းတို့အား အထောက်အထားထုတ်ပေးရာ၌ စခန်းခုနစ်ခုဖွင့်လှစ်ကာ ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရေလုပ်သားများအဖြစ် မြန်မာလူမျိုးအများစုသွားရောက်လုပ်ကိုင်လျက်ရှိသည်။ သို့ရာတွင် ထိုင်းနိုင်ငံငါးဖမ်းလှေပေါ်တွင် သွားရောက်လုပ်ကိုင်သော လုပ်သားအများစုမှာ လုပ်အားခေါင်းပုံဖြတ်ခံရသည့်အပြင် အသက်အန္တရာယ်ထိခိုက်မှုမျိုးရှိကာ လူကုန်ကူးခံရမှုအများဆုံးဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

Assistant Engineer (M-10 Posts), Sub Assistant Engineer (M-10 Posts), Sub Assistant Engineer (QS) (F- 2 Posts), Junior Engineer (Site) (M-25 Posts), Junior Engineer (QC) (F-2 Posts), Site Supervisor (M-20 Posts).

Ph: 01-657781~4

---

**ဝန်ထမ်းအလိုရှိသည်**

1. Website Development Trainer M/F (2) Posts, 2. Java (J2SE) Programming Trainer M/F (1) Post

Email:m3wi.ats@gmail.com

PH:01 652288

---

**Vacancy Announcement**

1. Tour Operator (1) Post
2. Sales & Marketing (1) Post

PH:09 5178110

Email:royalkantkaw1@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ခေါင်းလျှော်ကျွမ်းကျင် မ (၂) ဦး

၂။ ခြေသည်း၊လက်သည်းပုံဖော် မ (၂) ဦး

အမှတ်- ၂၆၊ ၇ ရပ်ကွက်၊ ၅ လမ်း၊ ပြင်ဦးလွင်မြို့။

ဖုန်း-၀၉ ၄၀ ၂၅၆၇၅၇၈

---

**ဝန်ထမ်းအလိုရှိသည်**

1. Office Staff M/F (5) Posts
2. Computer Operator M/F (5) Posts
3. Accountnat LCCI.III F (5) Posts
4. Marketing M/F (5) Posts
5. အရောင်း(နေ/စားငြိမ်း) ၁၀ တန်း M/F (5) Posts
6. ယာဉ်မောင်း M (3) Posts
7. အရောင်း(နေ့/စားငြိမ်း) M/F (5) Posts

ဖုန်း-၀၁ ၂၄၃၈၁၉

---

**အလိုရှိသည်**

Basic,DTP,Graphic,Advance Excel သင်ကြားပြသနိုင်သူ ဆရာမ (၅) ဦး

AutoCAD, 3dsMax, သင်ကြားနိုင်သူ ဆရာ/ဆရာမ (၂) ဦး

ဖုန်း- ၀၉ ၅၀၄၃၅၈၀

---

**ဝန်ထမ်းအလိုရှိသည်**

1. Client Service Manager M/F (4) Posts
2. Marketing Manager M/F (2) Posts
3. Copy Writer M/F (2) Posts
4. Graphic Designer M/F (2) Posts
5. Office & Production Staff M (3) Posts

ဖုန်း-၀၁ ၂၀ ၂၈ ၂၅

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing (Any Degree) (Exper-ienced) F (4) Posts
2. Accountant (ACCA,D.A,B.Com) F (2) Posts
3. Cashier (Any Degree)(Experienced) F (1) Post

PH: 01 8550610

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing Executive M/F (5) Posts
2. Web Designer M/F (2) Posts
3. Web Developer M/F (2) Posts
4. Cleaner F (1) Post

PH: 01 559768

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ အချက်အပြုတ်ကျွမ်းကျင် (ယိုးဒယား၊ တရုတ်၊ ရှမ်း)

၂။ မီးဖိုချောင်/အကူ/ပန်းကန်ဆေး

အမှတ်၅၅၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ ရန်ကုန်။

ဖုန်း-၀၁ ၅၃၅၃၅၀

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing Staff F/M (7) Posts
2. Repoter F/M (3) Posts

အမှတ်(၁၇၈)၊၃၃လမ်းအပေါ်၊ကျောက်တံတား၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၇၁၀၆၂၃

---

**ဝန်ထမ်းအလိုရှိသည်**

Receptionist F (1) Post

LCCI Level 1,2 ပြီးမြောက်သူဖြစ်ရမည်။ အင်္ဂလိပ်ဘာသာစကားရေး၊ ဖတ်၊ ပြော၊ နားလည်ရမယ်။ ကွန်ပျူတာ ကျွမ်းကျင်ရမည်။

ဖုန်း-၀၉ ၄၂၀၃၀၆၁၆၆

---

**အလုပ်သမားအဖွဲ့များအမြန်အလိုရှိသည်**

မြေတူးလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ သံချိ၊ သံကွေးလုပ်ငန်း၊ ဆေးသုတ်လုပ်ငန်း၊ အလူမီနီယံလုပ်ငန်း၊ ကွန်ကရစ်လုပ်ငန်း။

ဖုန်း-၀၁ ၃၇၇၈၉၃

---

**ဝန်ထမ်းအလိုရှိသည်**

အကင်မျိုးစုံကျွမ်းကျင်စွာ ကင်နိုင်သူ (၁) ဦးအလိုရှိသည်။

ဖုန်း-၀၉ ၄၃၀၁၄၈၉၄

---

**ဝန်ထမ်းအလိုရှိသည်**

1. English Language M/F (6) Posts
2. Reception M/F (6) Posts
3. Mobile Phone Software M/F (4) Posts
4. Basic,DTP,Design M/F (6) Posts

အမှတ်-(၃၅၆)၊ မဟာဗန္ဓုလလမ်းမကြီး၊ ဆိပ်ကမ်းသာလမ်းထိပ်။

ဖုန်း-၀၁ ၂၅၃၂၉၃

---

**ဝန်ထမ်းအလိုရှိသည်**

အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။ အမျိုးသားအသက် (၃၀-၄၀)၊ နှစ်ပတ်အတွင်းဆက်သွယ်ရန်။

ဖုန်း-၀၉ ၇၃၀၅၈၅၇၃

---

**ဝန်ထမ်းအလိုရှိသည်**

1. Cashier M (3) Posts
2. Waiter M (10) Posts
3. သန့်ရှင်းရေး M (3) Posts
4. ဂိတ်ကြေးကောက်စာရေး F (5) Posts
5. ဂိတ်ကြေးကောက်ဝန်ထမ်း M (7) Posts
6. အကင်ဆရာ M (2) Posts

ဖုန်း-၀၉ ၅၀၉၃၈၇၀

---

**ဝန်ထမ်းအလိုရှိသည်**

1. M&E Engineer (1) Post
2. On Job Training Engineer (1) Post
3. Accountant (1) Post

hyh@gssw.biz

PH: 09 420009194

---

**ဝန်ထမ်းအလိုရှိသည်**

စာရေးမ (၂) ဦး

ဘွဲ့ရ၊ ရုပ်ရည်သန့်ပြန့်ရမည်။ ယဉ်ကျေးသိမ်မွေ့ရမည်။ လှည်းတန်းအနီးနေထိုင်သူ ဦးစားပေးမည်။ ဆက်သွယ်ရန်-

ဖုန်း-၀၁ ၅၀၄၉၁၃

---

**ဝန်ထမ်းအလိုရှိသည်**

၁။ကွန်ပျူတာစာစီစာရိုက် (၂) ဦး

၂။ အလုပ်သင် (၂) ဦး

ဆက်သွယ်ရန်-

Dream City Computer

ဖုန်း-၀၉ ၇၃၀၅၂၄၃၃

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing Executive M (2) Posts
2. Driver M (5) Posts

အမှတ်(၄၅)၊ သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၅၃၇၄၄၁

---

**အမြန်အလိုရှိသည်**

1. Sales Manager M (1) Post
2. Office Staff F (1) Post
3. Driver M (1) Post

ဆက်သွယ်ရန်-

PH: 09 250143595

---

**အမြန်အလိုရှိသည်**

Medical Rep: ကျား/မ (၁) ဦး

A6,301,Shwekaba Housing, Mindama Road, Mayangone Township.

PH:01 656968

---

**ဝန်ထမ်းအလိုရှိသည်**

၁။ စက်ချုပ်ကျွမ်းကျင်ဝန်ထမ်း မ (၂) ဦး

၂။ လက်ချုပ်ဝန်ထမ်း မ (၁) ဦး

Mademoiselle Collection

အမှတ်(၇၃)၊ ရေဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၅၄၉၈၅

---

**ဝန်ထမ်းအလိုရှိသည်**

1. B.E (Electrical Power) M (2) Posts
2. B.Tech (EP) M (3) Posts
3. Training M (20) Posts
4. ရုံးဝန်ထမ်း F (2) Posts

ဆက်သွယ်ရန်-

Ph: 01 391756

---

**ဝန်ထမ်းအလိုရှိသည်**

1. Software ဖြင့်စာရင်းကိုင် မ (၁) ဦး
2. Sale & Marketing မ (၅) ဦး

အမှတ် ၁၅(အေ၊၅)၊ ပြည်လမ်း၊ အေဝမ်း/၉မိုင်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၀၉ ၄၃ ၂၀၅၀၁၈

---

English Language (ကျား/မ-၆ ဦး)၊ Reception (ကျား/မ-၆ ဦး)၊ Mobile Phone Software ပိုင်း သင်ကြားနိုင်သူ (ကျား/မ-၄ ဦး)၊ Basic, DTP, Design သင်ကြားနိုင်သူ (ကျား/မ-၆ ဦး)၊ ၁၀ တန်းအောင် (အလုပ်သင်) ကွန်ပျူတာသင်ကြားရန် (ကျား/မ-၁၀ ဦး)၊ AutoCAD M&E-Working Drawing (ကျား/မ-၂ ဦး)၊ A+ Hardware, Networking (ကျား/မ-၂ ဦး)။

ဖုန်း- ၂၅၃၂၉၃

---

**ဝန်ထမ်းအလိုရှိသည်**

၁။ မော်တာစက်ချုပ်ကျွမ်းကျင် မ (၁၀) ဦး

၂။ အထည်ချုပ်ဝန်ထမ်း ကျား/မ (၃) ဦး၊

၃။ Supervisor ကျား/မ (၃) ဦး၊

၄။ Leader ကျား/မ (၃) ဦး။

ဖုန်း-၀၉ ၄၂၁၁၃၀၁၈၁

---

**ဝန်ထမ်းအလိုရှိသည်**

၁။လုံခြုံရေး ကျား (၅) ဦး

၂။ Driver ကျား (၃) ဦး

အမှတ်(၃၃/၄၉)၊ Strand Condo (Second Floor)မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# “ဆီးဂိမ်းနဲ့ အာဆီယံဥက္ကဋ္ဌ နီးလာတော့ ငြိမ်းချမ်းရေးကို အဖြစ်သဘောနဲ့ လုပ်ချင်လာတယ်လို့ ခံစားရတယ်”

## ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော် (KBC) အထွေထွေ အတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဆွန်နှင့် တွေ့ဆုံခြင်း

**အောင်နိုင်**

ငြိမ်းချမ်းရေးဆွေးနွေးပွဲထပ်မံပြုလုပ်နိုင်ရန်အစိုးရနှင့် ကေအိုင်အိုအလုပ်အဖွဲ့ (TAT)အချင်းချင်း စက်တင်ဘာလအတွင်း ဆက်တိုက်တွေ့ဆုံသွားမည်ဟု ငြိမ်းချမ်းရေး အကျိုးဆောင်များက ပြောကြား နေချိန်မှာပင် ကချင်ပြည်နယ်တွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့သည်။ ကုလအထူးအကြံပေး မစ္စတာဗီဂျေနမ်ဘီးယား လိုင်ဇာတွင် ကေအိုင်အိုထိပ်ပိုင်း ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့သည့်နေ့မှာပင်ညပိုင်း၌တိုက်ပွဲဖြစ်ပွားခဲ့သောမချမ်းဘောမြို့နယ် အင်ခါဂါကျေးရွာဒေသခံ တစ်ရာကျော်မှာလည်း တောထဲသို့တိမ်းရှောင်နေရပြီး စက်တင် ဘာ ပထမပတ်အထိအကူအညီပေးရေးအဖွဲ့များသွားရောက်ခေါ် ယူခွင့်မရသေးပေ။ ကချင် အရေးနှင့် စပ်လျဉ်း၍ စစ်ဘေးရှောင်ဒုက္ခသည်များအား စောင့်ရှောက်နေသော ကချင် နှစ်ခြင်း ခရစ်ယာန်အသင်းတော် (KBC)အထွေထွေအတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဆွန်ရန်ကုန်မြို့သို့ရောက်ရှိနေခိုက် 7 Day News မှ သွားရောက်တွေ့ဆုံမေး မြန်းခဲ့သည်များကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။



*ဒေါက်တာ ခလမ်ဆမ်ဆွန်*

ဓာတ်ပုံ- အေးမြကျော်

**ငြိမ်းချမ်းရေးဆွေးနွေးပွဲအလားအလာတွေနဲ့ ပတ်သက်ပြီး ဆရာ့အမြင်ပြောပြပေးပါဦး။ ဒီလထဲမှာ အလုပ်အဖွဲ့ (TAT)အချင်းချင်း ဆက်တိုက်တွေ့ဆုံသွားမယ်လို့ သိရပါတယ်။**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းလာချိန်မှာလည်း ထူးခြားတာမတွေ့ရဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး သိပ်လည်းမရဘူး။ ပြောပုံအရဆုံးဖြတ်ခွင့်မရှိတာလား၊ တစ်ခုခုကြိုးကိုင်မှုအောက်မှာ သွားနေတဲ့ ပုံစံမျိုးပဲတွေ့ရတယ်။ အောက်တိုဘာလမှာ တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်ဖို့ ပြောတယ်။ ဖြစ်မလို၊ ဖြစ်မလိုနဲ့ KIO ကတော့ TAT က စနစ်တကျဘာပြီးရင် ဘာလုပ်မလဲ။ မူဝါဒချပြီး တိတိကျကျလုပ်ပြီး ဖွဲ့စည်းရတယ်။ အဲဒီလိုအစီအစဉ်မချနိုင်သရွေ့ အောက်တိုဘာလမှာ တစ်ပြည်လုံး အပစ်အခတ်ရပ် လက်မှတ်ထိုးဖြစ်ရင်လည်း ကေအိုင်အိုပါမယ်မထင်ဘူး။ ဘာကြောင့်လဲဆိုရင် ကေအိုင်အိုကလည်း အမြဲတမ်းပြောနေတာပဲ။ ဒီကြားထဲမှာ ပီပီပြင်ပြင် ဆွေးနွေးဖို့ဘာမှမရှိသေးတဲ့ အခြေအနေမျိုး။ အပစ်အခတ်ရပ်စဲရေးထိုးရုံနဲ့ ပီပြင်ပြီဆိုတာ မဟုတ်သေးဘူးပေါ့။ ဆီးဂိမ်းနဲ့ အာဆီယံဥက္ကဋ္ဌ နီးလာပြီဆိုတော့ အဖြစ်သဘောနဲ့ လုပ်ချင်တဲ့ သဘောရှိတယ်လို့ ခံစားရတယ်။ အဆီအနှစ်တော့ရှိမယ်မထင်ဘူး။ လေးလေးနက်နက် စနစ်တကျဖြစ်ဖို့ လိုအပ်တယ်။ ပြီးရင် အစိုးရက နှုတ်နဲ့ အလွတ်သဘောမျိုးကမ်းလှမ်းတာများတယ်။ ကေအိုင်အိုကစာနဲ့လေးလေးနက်နက်မျိုး တရားဝင်လိုချင်တယ်။ ဒီလိုအခြေအနေမျိုး။ ဒီတော့ တစ်ဖက်နဲ့ တစ်ဖက်စောင့်ကြည့်သလိုမျိုးမှားတာနဲ့ ဖြစ်ပြီ နှစ်ဖက်အကြောင်းပြချက်က ဒီလိုဖြစ်နေတာ။ တစ်ခုရှိတာ တိုင်းရင်းသားတွေလိုချင်တဲ့ အခွင့်အရေးပေးတယ်ဆိုရင် ဒီနေ့လည်း ဖြစ်နိုင်တယ်။ တစ်ရက်၊ တစ်မိနစ်အတွင်းဖြစ်နိုင်တယ်။ မဟုတ်ဘဲ ပေါ်လစီအရ လုပ်ရင် ဦးအောင်မင်းတို့ရဲ့ လိုချင်တဲ့ ဆန္ဒပဲဖြစ်လိမ့်မယ်။ KIO က လေးလေးနက်နက် စဉ်းစားပြီးမှ ပါဝင်မယ်မြင်တယ်။

**ပန်ဝါ၊ မချမ်းဘောဘက်မှာပြန်ဖြစ်ခဲ့တဲ့ တိုက်ပွဲတွေပေါ် ရော ဘယ်လိုထင်မြင်ယူဆမိပါသလဲ။**

NDAK တို့ပြည်သူ့စစ်တို့နဲ့ တိုက်ပွဲပြန်ဖြစ်တယ်။ အချင်းချင်း ပြန်တိုက်သလိုဖြစ်နေတယ်။ ဒါကိုရှောင်ကြမယ်ထင်တယ်။ အခုကြားရတာ ကေအိုင်အေနေရာကို တပ်က ထိုးစစ်ဝင်လို့ ဖြစ်ရတဲ့ အခြေအနေလို့သိရတယ်။ နောက်မှာ အစိုးရပါတယ်။ အချင်းချင်း ပြန်ဖြစ်စေတဲ့ သဘောပဲ။ ဆွေးနွေးပွဲဆိုပေမယ့် တိုက်ပွဲတွေဖြစ်နေတယ်။ ဘယ်ပြည်သူယုံမလဲ။ ဒီ အခြေအနေမှာ ကေအိုင်အိုက သွားဆွေးနွေးရင် ပြည်သူတွေက ဆဲမှာ။ ဒီလောက် ထွက်ပြေးဒုက္ခရောက်နေကြတာ။ မင်းတို့က ငြိမ်းချမ်းရေးသွားပြောနေတယ်ဆိုပြီး ဆဲကြမှာပေါ့။ မေလက တပ်ပိုင်းဆိုင်ရာ သီးသန့်ဆွေးနွေးခဲ့ကြတယ်။ အပစ်အခတ်လျှော့ချရေး သဘောတူညီချက်ပေါ့။ ကေအိုင်အိုက အလွတ်သဘောတွေ့ချိန်မှာ တပ်တွေ ဆုတ်ပေးဖို့ စာရင်းပေးတယ်။ ဒါပေမဲ့ အခုထိအကောင်အထည်မဖော်ဘူး။ ဒါ့အပြင် တပ်တွေထပ်တိုးတာ ပြည်သူကတွေ့တယ်။ ပြည်သူတွေတွေ့တာက အင်အားတိုးချဲ့နေတာပဲ။ ဒီတော့ ယုံကြည်မှုအားနည်းစေတယ်။

**စစ်ဘေးရှောင် ဒုက္ခသည်တွေ အရေးနဲ့ပတ်သက်ပြီးတော့လည်း သုံးသပ်ပေးပါဦး။ အခုဒုက္ခသည် အရေအတွက် ဘယ်လောက်ရှိမလဲ။ မေလသဘောတူညီချက်မှာလည်း ပြန်လည်နေရာချထား ဖို့ နှစ်ဖက် ညှိနှိုင်းဆောင်ရွက်မယ်လို့ပါပါတယ်။**

အားလုံး တစ်သိန်းကျော်ရှိတယ်။ စခန်း ၁၂၀ ကျော်တယ်။ လျော့သွားတာက ဖားကန့်မှာပဲရှိတယ်။ အခုမချမ်းဘောဘက်မှာဆိုရင် အရေအတွက်နည်းပေမယ့် သူတို့ဒေသရဲ့ ခံစားရတာတွေက အများကြီးပဲ။ ပြန်နေရာချထားဖို့လည်း ညှိနှိုင်းဆောင်ရွက်တာ မရှိဘူး။ ပထမတစ်ကြိမ်မြစ်ကြီးနားမှာ နေရာချဖို့ တန်ဖိုးနည်းအိမ်ရာတွေမှာပေါ့။ ဒီအတွက် ကိုယ့်နေရပ်တွေကိုအပြီး စွန့်ခွာကြောင်း လက်မှတ်ထိုးခိုင်းတယ်။ တန်ဖိုးနည်းအိမ်တွေ လိုချင်ကြောင်း လက်မှတ်ထိုးရတယ်။ အိုင်ဒီပီတွေက ဘယ်သူမှသွားမနေဘူး။ အခုတစ်ခါ ၃၅ သိန်းတန်အိမ်ရာတဲ့ လုပ်ပြန်ပြီ။ ဘာတွေဖြစ်ဦးမလဲမသိဘူး။ အိုင်ဒီပီတွေ ဆန္ဒမပါဘဲဆိုရင် သိန်း ၁၀၀ တန်ပေးလည်း အလုပ်ဖြစ်မှာမဟုတ်ဘူး။ အိုင်ဒီပီတွေက ကိုယ့်နေရပ်ပဲပြန်ချင်ကြတာ။ ပြီးရင် သူတို့က လိုင်ဇာဘက်က အိုင်ဒီပီတွေကိုကြည့်နေတာ။ ဟိုဘက်က မလှုပ်ရင် သူတို့လည်း မလှုပ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် စိတ်မချလို့၊ မယုံသေးလို့။ အခြေအနေကိုနှစ်ဖက်မညှိနှိုင်းဘဲတော့ မဖြစ်နိုင်ဘူး။ ပြီးရင်နေရပ်တွေကို ပြန်။ အခြေချဖို့ အချိန်ယူရမယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ကချင်တွေက စုစုစည်းစည်းနဲ့ ဝိုင်းလုပ်တတ်ကြတော့ သူတို့ကို နေရပ်တွေမှာ ပြန်အခြေကျအောင်လုပ်ပေးနိုင်ဖို့က တကယ်တော့ သိပ်တော့ မကြာနိုင်ပါဘူး။

**ဒီနေ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ လွှတ်တော်ရဲ့ပါဝင်တဲ့ အခန်းကဏ္ဍကိုရော ဘယ်လိုမြင်မိပါသလဲ။**

လွှတ်တော်ထဲရောက်နေတဲ့ အမတ်တွေက ပါတီနိုင်ငံရေးပဲ ဦးစားပေးတဲ့သဘော။ အားလုံးနဲ့ဆိုင်တဲ့ အကြောင်းအရာတွေကို ခုထိပြောတာမရှိသေးဘူး။ IDPS အရေး၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပြောတာနည်းနည်းပါးပါးပဲ ကြားရတယ်။ လိုလိုလားလားနဲ့ဖြစ်စေချင်တဲ့ ဆန္ဒနဲ့ပြောဆိုတာမတွေ့ရသေးဘူး။

**ဒေါ်အောင်ဆန်းစုကြည်ရဲ့ပါဝင်မှုအခန်းကဏ္ဍနဲ့ပတ်သက်လို့ ဘာများမှတ်ချက်ပြုလိုပါသလဲ။ ဒေါ်အောင်ဆန်းစုကြည်က တရားဝင်ဖိတ်ခေါ်လို့ရှိရင် ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပါဝင်သွားမယ်လို့ ပြောထားပါတယ်။**

တိုင်းရင်းသားတွေအတွက် ဝမ်းနည်းစရာပေါ့။ အားလုံးမျှော်လင့်ထားကြတဲ့ ခေါင်းဆောင်တစ်ယောက်က လွှတ်တော်ထဲဝင်မှ လွှတ်တော်စကားပဲပြောတော့တယ်။ အရင်ကလို ရဲရဲတောက် အမှန်တရားတွေမပြောတော့ဘူး။ တိုင်းရင်းသားအရေးသက်သက် ပြောဆိုတာမရှိတော့ဘူး။ ယေဘုယျခြုံပြောတာပဲရှိတယ်။ လွှတ်တော်ရဲ့လူပဲဖြစ်သွားတယ်။ တိုင်းရင်းသားတွေက မခံစားနိုင်ကြဘူး။ ကချင်ဆိုပြောစရာအများကြီးရှိတယ်။ လွတ်လပ်ရေးရဖို့ ဗိုလ်ချုပ်အောင်ဆန်းက ကချင်မှာ စည်းရုံးပြီး ကချင်ဦးထုပ်ဆောင်းပြီး ကချင်စလွယ်နဲ့ စည်းလုံးရေးဓာတ်ပုံရိုက်ခဲ့တယ်။ ကချင်ပါဝင်လာလို့ ပြည်ထောင်စုရှိလာတဲ့ သဘောဖြစ်ခဲ့တယ်။ ဗိုလ်ချုပ်က ကချင်ကို တော်တော်ဦးစားပေးတယ်။ တခြားကိုသွားရင်လည်း သက်သက်ပေါ့။ ကချင်မှာတော့ ဗိုလ်ချုပ်က ဒီဂရီအဆုံးစည်းရုံးနိုင်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်က အခုကချင်အရေးကို ဘာမှမဟုတ်သလို လျစ်လျူရှုထားတာ တိုင်းရင်းသားတွေ ဝမ်းနည်းမှု၊ သူ့ရဲ့ ကျဆုံးမှုလို့ပဲ ထင်မြင်မိတယ်။ သူ့ကို ၈၈ ကနေ ရဲရဲဝံ့ဝံ့အာဏာရှင်ကို တော်လှန်ရဲတဲ့ စိတ်ဓာတ်ကိုချီးကျူးခဲ့တာ မြန်မာကိုကယ်တင်မယ့် ဒီမိုကရေစီကိုဦးဆောင်မယ့်ခေါင်းဆောင်လို့ ယုံကြည်ခဲ့တာ။ သူမြစ်ကြီးနားရောက်ချိန်မှာလည်း တစ်စားပွဲတည်းထမင်းစားချိန်မှာ မေးဖူးတယ်။ တိုင်းရင်းသားအရေးကို ဘယ်လိုမြင်လဲပေါ့။ သူက ကျွန်မ အနေနဲ့စောသေးတယ်ပြောတယ်။ နောက်သူက IDPS နဲ့ပတ်သက်လို့အလှူငွေတော့လှူတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တွေးမျှော်လင့်တာက ပိုက်ဆံ မဟုတ်ဘူး။ ကိုယ်တိုင်ဒုက္ခသည်တွေကို အားပေးတာမျိုးလိုချင်တာ။ သူမလုပ်ခဲ့ဘူး။ အခုလည်း သူ့ရဲ့တိတ်ဆိတ်နေမှုများလာတော့ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့နေရာမှာပျက်ကွက်နေသလိုခံစားရတယ်။ နိုဗယ်ဆုဘယ်လောက်ပေးပေး။ အပြင်ကလူတွေအထဲမှာဖြစ်နေတာမမြင်ရဘဲပေးတာ။ အထဲကလူတွေ ခံစားချက်က သူကငြိမ်းချမ်းရေးကို ပြည်တွင်းမှာ မလုပ်နိုင်တော့ဘူးလို့ခံစားမိလာရတယ်။ ရခိုင်၊ ကချင်၊ လက်ပံတောင်းမှာ သူ့ရဲ့ ရဲရဲတောက် ကဏ္ဍမရှိတော့ဘူး။ ပြီးရင်တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ တစ်ယောက်အနေနဲ့လည်းဘာမှမလုပ်နိုင်သေးဘူးဆိုတာတွေ့ရတယ်။ ကချင်မှာ ဘရန်ရှောင်ကိစ္စကိုပဲကြည့်။ တရားဥပဒေ စိုးမိုးမှုလုံးဝမရှိတာ သက်သေပဲ။ တပ်ကတရားဥပဒေအပေါ်မှာရှိနေတယ်ဆိုတဲ့ အထောက်အထားပဲ။ ဒါတွေကြည့်ရင် သူကငြိမ်းချမ်းရေးကိုရော ပီပီပြင်ပြင်မလုပ်နိုင်တော့ဘူးလို့ထင်မိတယ်။

**ငြိမ်းချမ်းရေးအမြန်ရရှိဖို့ အစိုးရကိုရော ဘာများအကြံပြုတိုက်တွန်းပြောချင်ပါသလဲ။**

မြန်မာ့ဒီမိုကရေစီရေးမှာ တိုင်းရင်းသားအရေးမပါဘဲ မပြီးနိုင်ဘူး။ အခုလက်နက်စွဲကိုင်နေတာ။ အားလုံးတိုင်းရင်းသားတွေပဲ။ တိုင်းရင်းသားတွေက မရှိတာကို တောင်းနေတာမဟုတ်ဘူး။ ရှိပြီးသားကိုတောင်းတာ။ စိတ်သဘောထားကြီးစွာ လိုက်လျောလိုက်ရင် ပြေလည်သွားနိုင်တယ်။ အစိုးရအနေနဲ့လည်း တိုင်းရင်းသားတွေကို ဟိုတစ်ဖွဲ့၊ ဒီတစ်ဖွဲ့ မဟုတ်ဘဲ စုံစုံညီညီတွေ့ဆုံပြီးမှ မင်းတို့လိုချင်တာဒါပဲဆိုရင် ပြီးသွားမှာ။ အခုက ကချင်ဝန်ကြီးချုပ်က ကချင်။ ဒါပေမဲ့ ပြည်သူဆန္ဒနဲ့မဲပေးထားတဲ့ခေါင်းဆောင် မဟုတ်ဘူး။ အစိုးရက တိုင်းရင်းသားတွေ တောင်းနေတဲ့ မူလအခွင့်အရေးတွေပေးရင် ရိုးရိုးသားသားညာဏ်နီညာဏ်နက်မပါဘဲ သဘောထားကြီးကြီးနဲ့ Power Sharing လုပ်လိုက်ရင် ပြည်ထောင်စုကြီး ငြိမ်းချမ်းမယ်လို့ ယုံကြည်တယ်။ ဒီလိုပဲ တိုက်တွန်းချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်**

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# Commodity Watch

စာမျက်နှာ (၂၃) မှ

## အားနွဲ့သူ ဖေးကူလှည့်ပါငဲ့

ကျန်းမာရေးဝန်ထမ်းနှင့် ဆက်သွယ်ရကောင်းမှန်းပင် မသိနိုင်ကြသူ မိခင်များ၏ ကလေးငယ်များအတွက် ဤစီမံချက်မှာ ပါဝင်နိုင်ခဲ့ပါရဲ့လား။ ရွှေပြည်သာမြို့နယ်မှာ မိသားစုတစ်ခုတည်းမှာပင် ပိုလီယိုရောဂါ ဖြစ်ခဲ့ပြီး အကြောသေနေသူ မောင်နှမနှစ်ဦး ရှိသည့်အဖြစ်မျိုး တွေ့ရသည်။

မနှစ်က မြန်မာပြည်မှာ ပိုလီယိုပိုင်းရပ်စ် ပြန်လည်တွေ့ရှိရသည်ဆိုသည့်သတင်းကြားခဲ့ရပြန်သည်။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမျိုးရှိနေသော်လည်း စောင့်ရှောက်မှုတွေ၊ တာဝန်ယူမှုတွေ မရှိသလောက်ဖြစ်ခဲ့သည်ဟု ထင်မိသည်။ မိခင်နှင့် ကလေးသူငယ်တွေဆီ မည်မျှသွားရောက်စောင့်ရှောက်ခဲ့ကြသည်တော့မသိ။ နိုင်ငံတော်အခမ်းအနားများမှာ ဝတ်ကောင်းစားလှဝတ်လျက် ပဝါနှစ်စအသာချကာ အခမ်းအနားတက်ကြသည်ကိုတော့ ရုပ်မြင်သံကြားမှာ မြင်ဖူးပါသည်။ သတင်းစာ နောက်ကျောဖုံးမှာ တွေ့ဖူးပါသည်။

အမှန်စင်စစ် မိခင်နှင့် ကလေးသူငယ်များကို ကောင်းမွန်စွာစောင့်ရှောက်နိုင်ရန်မှာ ကျန်းမာရေး ဝန်ဆောင်မှုအတွက် ဘတ်ဂျက်ကောင်းလည်းရှိရမည်။ ကျွမ်းကျင်သူ ဆရာဝန်ဆရာမတို့လည်း ပြည့်စုံလုံလောက်ရမည်။ မိသားစုများကိုယ်တိုင်ပြန်လည်ထူထောင်ရေးကိစ္စကို စိတ်ဝင်တစားလုပ်ဆောင်နိုင်ရန် ပညာပေးအစီအစဉ်တွေလည်း လိုအပ်ပါလိမ့်မည်။ တိုင်းသူပြည်သားလူများစု၏ ဘဝတွေအတွက် လုံလောက်သော ဝင်ငွေမရရှိနိုင်ဘဲ ဆင်းရဲမွဲတေနေသေးလျှင်လည်း မိခင်နှင့် ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်ကို တိတိကျကျဆောင်ရွက်နိုင်ရန် အရာရာသည် ခက်ခဲနေပေလိမ့်ဦးမည်ထင်မိသည်။

ရောဂါရှာဖွေရေးကျွမ်းကျင်သူတစ်ယောက်အနေဖြင့် ကျွန်မ၏ တွေ့ရှိချက်မှာတော့ မသန်စွမ်း၍ လှုပ်ရှားသွားလာရခက်ခဲလှသူ ဤကလေးငယ်မျိုးတွေမှာ သွေးချိုဓာတ်တိုင်းကြည့်ရာ အများစုမှာ ငယ်ငယ်ရွယ်ရွယ်နှင့် သွေးချိုအနည်းငယ်မြင့်တက်နေတတ်သည်ကိုတွေ့ရသည်။ ထိုအချက်ကြောင့် မသန်စွမ်းသူများ အစာ အာဟာရအချိုးအဆကို ထိန်းညှိစားတတ်ရန် သုတေသနမျိုးလည်းလိုအပ်ပါလိမ့်မည်။ ထိုကိစ္စမျိုးမှာ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ရှိပါမည်။

ရွှေပြည်သာမြို့နယ်မှ အပြန်လမ်းတွင်တော့ မင်းဓမ္မလမ်း၊ ပြည်လမ်းတစ်လျှောက် ပုဂ္ဂလိကပိုင်ဆိုင်မှုတွေများလှသော လူချမ်းသာများ၏ လတ်လတ်ဆတ်ဆတ်ဆောက်လုပ်ထားသော ခြံကျယ်ဝင်းကျယ်ထဲမှ အိမ်ကောင်းရာကောင်းများ၊ ချမ်းသာကြွယ်ဝလှသော သူဌေးလက်သစ်ကြီးများ၏ ခွဲ့ထွင်နေကြသော ကုမ္ပဏီအဆောက်အအုံကြီးများကို ငေးမောရင်း ကျွန်မတို့ မြန်မာပြည်မှာ လူတစ်စုကောင်းစားရေးနှင့် လူများစုဘဝလုံခြုံရေးတို့ကို မျှဝေစွာစီမံခန့်ခွဲတတ်ရန် အထူးလိုအပ်နေပြီ၊ အချိန်နှင့်အမျှ ဆင်းရဲချမ်းသာ ကွာဟချက်ကြီးသည်ထက် ကြီးမားလာခြင်းကိုလည်း ထိန်းညှိရန်လိုအပ်နေပြီဟုလည်း ယူဆမိသည်။

ဆင်းရဲချမ်းသာ ကွာဟလာခြင်း၏ နောက်ကွယ်မှာ မသန်စွမ်းသူနိုင်ငံသားဦးရေလည်း တိုးပွားလာပါလိမ့်မည်။ ဤအချက်ကို နိုင်ငံရေးသမားများ သတိပြုမိကောင်းမှ သတိပြုမိကြမည်ထင်သည်။ ကျွန်မတို့က လက်တွေ့ကျကျ သိမြင်နေသူများဖြစ်၍ မိမိမြင်သည်၊ တွေ့ရှိသည်ကို ပြောရဆိုရလိမ့်မည်။ ဆင်းရဲမွဲတေမှုကို အခြေခံလျက် မသန်စွမ်းသူတိုးပွားလာမှုသည် နိုင်ငံ၏ အနာဂတ်အတွက် လုံးဝမကောင်းပါ။ မဖြစ်သင့်ပါ။ တိုင်းပြည်အတွက် လုပ်အားလည်းဆုံးရှုံးနိုင်သလို မိသားစုတစ်စုချင်းအတွက် ပြုစုစောင့်ရှောက်ရေးဝန်ထုပ်ဝန်ပိုးလည်း ဖြစ်စေပါလိမ့်မည်။ မသန်စွမ်းကလေးသူငယ်ဦးရေတိုးပွားခြင်းကို တားဆီးနိုင်ရန် မြန်မာနိုင်ငံသားအားလုံး မျှဝေခြင်းကို နားလည်နိုင်စွမ်းရှိမှသာ ပြုပြင်နိုင်ပါလိမ့်မည်။ ထိုနည်းအတူ လက်ရှိလူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်သော မသန်စွမ်းသူ ၁ ဒသမ ၃ သန်းကိုလည်း သန်စွမ်းသူများက စာနာငဲ့ညှာကူညီသင့်ပါသည်။

ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်ကမူ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းသို့လာရောက်စဉ်က "အခုလိုမသန်စွမ်းသူများရဲ့ အရေးကိစ္စတွေကို ဆောင်ရွက်ရာမှာ အန်တီတို့လို သာမန်လူတွေကဆောင်ရွက် ပေးကြရမှာဖြစ်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် ပြောဆိုခဲ့သလို မသန်စွမ်းသူများအတွက် အစိုးရတာဝန်ရှိသူများ အပါအဝင် အများပြည်သူကပါ အားနွဲ့သူကို ငဲ့ညှာဖေးကူစာနာထောက်ထားတတ်သော ဗြဟ္မစိုရ်တရားတွေ ထွန်းကားပါစေဟုလည်း ဆုတောင်းပါသည်။

မျှဝေတတ်ခြင်းတွေမရှိလျှင် နစ်နာသူတွေက ဘဝတစ်ခုလုံး နစ်နာလွန်း၍ပါလေ။ ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 120,000 |
| Galaxy Ace | 138,000 |
| Galaxy Ace Plus | 175,000 |
| Galaxy Ace 2 | 185,000 |
| Galaxy S Advance | 235,000 |
| Galaxy S2 | 300,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 470,000 |
| Galaxy Tab 7.1 | 285,000 |

**YANGON MOBILE** ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 710,000 |
| iPhone 5 (16 GB) | 635,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 106,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 102,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 225,000 |

စက်တင်ဘာ(၇)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 32S5500AR | 490,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 275,000 |
| Sony (LED) | 32EX33 | 320,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 194,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 210,000 |
| Samsung | WT10J | 180,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 280,000 |
| Mitsubishi | 1.0HP(Heavy) | 230,000 |
| Samsung | (1.0HP)AS09TUQN | 230,000 |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၉၀၀ |
| ဘိလပ်မြေ (AAဇီယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၇)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၁,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၄,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၆၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၃၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

စက်တင်ဘာ(၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Aug(26) | 815 | 920 | 920 | 940 |
| Aug(27) | 815 | 920 | 920 | 940 |
| Aug(28) | 815 | 920 | 920 | 940 |
| Aug(29) | 815 | 920 | 920 | 940 |
| Aug(30) | 815 | 920 | 920 | 940 |
| Aug(31) | 815 | 920 | 920 | 940 |
| Sep (1) | 815 | 920 | 920 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှုအနည်းငယ် ရှိနိုင်သည်။


## Note Book

| | |
|---|---|
| **MSI** | |
| Intel Core i3 2.3GHz,2GB DDR3,500GB HDD,HD, 14" | 547,000 |
| Intel Core i3 2.4GHz,4GB DDR3,500GB HDD,HD,15.6" | 559,000 |
| Intel Core i5 2.5 GHz,2GB DDR3,500GB HDD,1GB VGA,14" | 619,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 750GB HDD,17.3" | 1131,000 |
| **Dell** | |
| Intel Core i3 1.8 GHz, 2GB DDR3, 500GB HDD,14" | 466,000 |
| Intel Core i3 1.8 GHz, 6 GB DDR3, 500GB HDD, HD,15" | 482,000 |
| Intel Core i5 1.8 GHz, 4GB DDR3,1TB HDD,HD,14" | 710,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 750 GB HDD, HD,15.6" | 969,000 |
| **Acer** | |
| Intel Core i3 1.9 GHz, 4GB DDR3, 500GB HDD, 14" | 544,000 |
| Intel Core i3 1.4 GHz,2GB DDR3,60GB SSD,HD, 11.6" | 710,000 |
| Intel Core i5 1.8GHz, 4GB DDR3, 500GD HDD,14" | 622,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 778,000 |

7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# အရာခပ်သိမ်းတို့သည် ထိုအမှောင်တိုက်အတွင်း၌ သားကောင်များသာဖြစ်ကြလေကုန်၏

**သင်းရီ**




သည်ရက်ထဲမှာတရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သော ပြည်သူ့ရဲတပ်ဖွဲ့အကြောင်း သတင်းတွေ ကြားနေရသည်။ ကောင်းချက်လည်းပါ၊ ဆိုးချက်လည်းပါ၊ စိတ်မကောင်းစရာလည်းပါ၊ စိတ်ပျက်စရာလည်းပါ။

၃၀-၈-၂၀၁၃ နေ့က ပြီးစီးသွားခဲ့သော ပြည်သူ့လွှတ်တော် သတ္တမအကြိမ် ပုံမှန်အစည်းအဝေးမှ ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အစီရင်ခံစာထဲတွင်တော့ ရဲတွေကရာဇဝတ်မှုကျူးလွန်ထားတဲ့ သူတွေကို တိတိကျကျ ထုတ်ဖော်နိုင်ခြင်းမရှိကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်သူတွေကို မျက်ကွယ်ပြုထားကြကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကလည်း လောင်းကစားမှုတွေကို မသိကျိုးကျွန်ပြုထားကြကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုသော်လည်း အဆင့်ဆင့်အုပ်ချုပ်ရေးပိုင်းများတွင် အအကျင့်ဟောင်းတွေအကျင့်ပျက်ခြစားတာတွေ ရှိနေကြောင်းဟု ဖော်ပြထားသည်ကို ကြားခဲ့ရသည်။

ထိုအစီရင်ခံစာအပေါ် သက်ဆိုင်ရာတွေက မည်သို့မည်ပုံ အရေးယူဆောင်ရွက်ကြသည် (သို့မဟုတ်) မည်သို့မည်ပုံ ဆောင်ရွက်ကြမည်ကို မကြားသိရသေးသော်လည်း မကြာသေးမီရက်ပိုင်းထဲမှ ဂျာနယ်တစ်စောင်ထဲတွင်တော့ သာမန်ရဲသားလေးတစ်ဦးက ရင်ဖွင့်စကားတွေ အတိအလင်းဆိုလာတာဖတ်ခဲ့ရသည်။ သူပြောပုံကဖြင့် သနားစရာလည်း ကောင်း၊ စိတ်ပျက်စရာလည်း ကောင်းဆိုသလိုရှိရချေ၏။ သူပြောပြပုံလေးက စာဆိုတော်ကြီး ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုထဲမှ မုဆိုးကြီးသောနုတ္တိုရ်ငိုချင်းဆန်သည်။

"အစွယ်လိုသူ မိဖုရား၊ အသွားခိုင်းသူ မင်းကေရာဇ်။ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက် သုံးယောက်သားအနက် တွင်မှ၊ ကံကွက်ကြား၍ ငမိုက်သားကျွန်တော်မုဆိုးလေ နင်ချည်းပင်ခံပေတော့ဟု. . ."

ဆိုသလို ဝမ်းနည်းပက်လက်ဖြစ်နေလေတော့၏။

ထိုရဲသားလေး ပြောပုံအရတော့ဖြင့် သူရရှိနေသည့် ရာထူးနေရာလေး မြဲစေဖို့ မြို့နယ်မှူး၊ စခန်းမှူး၊ နယ်ထိန်းအရာရှိများ၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အလျှင်မီစေရန် ရပ်ကွက်ထဲပတ်၍ ငွေပဲလိုက်ရှာနေရပါသည်တဲ့။

(တောင်းရရမ်းရ၊ ညစ်ရကပ်ရ၊ ခြိမ်းရခြောက်ရ အလုပ်တွေကို ရှေ့မျက်နှာနောက်ထား၍ အရှက်မဲ့အကြောက်မဲ့ လုပ်ဆောင်နေရပါသည်ဆိုသည့်သဘော) အဆင်မပြေသည့်အခါ ငွေတိုးဖြင့်ချေးကာ ဆွဲကာပင် ပေးနေခဲ့ရပါသည်တဲ့။

ကဲ. . .။ ထိုရဲသားလေး၏ ပြည်သူ့ဝန်ထမ်းဘဝက ဘယ်လောက်များ ဂုဏ်ကျက်သရေတွေနှင့် ပြည့်စုံခဲ့ထည်နေလိုက်ပါသလဲ။

သူပြောပြသည်လေးကို ဖတ်ရင်းနှင့် လွန်ခဲ့သည့် အနှစ် ၃၀ လောက်ဆီက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကြီး ယိုယွင်းပျက်စီး အပြီးသတ်နိဂုံးချုပ်တော့မည့် နောက်ဆုံးဇာတ်သိမ်းပိုင်းထဲမှ ပြည်သူ့ရဲတပ်ဖွဲ့၏ ရဲသားလေးတစ်ယောက်ဖြစ်ပုံကို ပြန်ပြောင်းသတိရလိုက်မိသည်။

မှတ်မှတ်ရရ။ နွေခေါင်ခေါင်ပူပြင်းလောင်မြိုက်လွန်းလှသည့် တပေါင်းတန်ခူး၏ နေ့ခင်းကြီးတစ်ခုထဲမှာဖြစ်သည်။ ကျွန်တော်က မြို့နှင့်ငါးမိုင်ခြောက်မိုင်ဝေးသော တောရွာတစ်ရွာမှ လွှစင်ထောင်သစ်ခွဲပြီး စီးပွားရှာသော ဆွေလိုမျိုးလို မိတ်ဆွေရင်းတစ်ဦး၏ အလှူသို့ ရောက်နေခဲ့သည်။ အလှူက မနက်ပိုင်းကတည်းက ပြီးသွားခဲ့ပြီဖြစ်သော်လည်း ပူပြင်းသည့် နေဒဏ်ကိုကြောက်သဖြင့် မပြန်ဖြစ်တော့ဘဲ နေ့လယ်နေကို ရှောင်ရင်း အလှူရှင်မိတ်ဆွေနှင့် စကားစမြည် ပြောနေချိန်တွင် မောင်ဗမာစက်ဘီးအစုတ်ကလေး ချောက်ချက်ချောက်ချက်နင်းကာ ချွေးတွေသံတွေတရွဲရွဲနှင့် ထိုရဲသားလေးရောက်လာခဲ့ခြင်းဖြစ်ပါသည်။

ထိုရဲသားလေးကိုမြင်လိုက်ကတည်းက သူ့အလှူပီတိနှင့်သူ တစ်မနက်လုံး ရွှင်ရွှင်ပျပျရှိနေခဲ့သည့် အလှူရှင့်မျက်နှာက သံမဏိကြောတစ်ခုလို တင်းမာသွားသည်။ ရဲသားလေးက နဖူးပြင်မှစီးကျလာနေသည့် ချွေးသီးချွေးပေါက်တွေကို ပုဆိုးခါးပုံစဖြင့် သုတ်ရင်း ကျွန်တော်တို့ ထိုင်နေသည့် ရေနွေးကြမ်းဝိုင်းစားပွဲနှင့် လက်တစ်ကမ်းဆီလောက်မှ သစ်ခွဲသား ပကာပုံနိမ့်နိမ့်လေးပေါ်မှာထိုင်သည်။ သူ့အင်္ကျီကျောမှာ ချွေးတွေကနစ်နေသည်။ ကျွန်တော်တို့ ရေနွေးကြမ်းဝိုင်းမှ တန်းလျားခုံ တွင်နေရာလွတ်ရှိ နေသော်လည်း သူဝင်မထိုင်။ သည်ဖြစ်စဉ် တိုတိုလေးထဲမှာပင် ထိုရဲသားလေး၏ အလိုလိုသိမ်ငယ်မှုက မြင်သာနေသည်။ အလှူ့ရှင် မိတ်ဆွေက ရှေ့တွင် ငုတ်တုတ်လေးထိုင်နေသည့် ထိုရဲသားလေးကို မြင်လေသည့်ဟန်ပင်မပြ။ အဖက်လုပ်လိုသည့်ဟန်လည်းမရှိ။ အတော်ကြီးကြာမှ ရဲသားလေးထံမှ ပင်ပန်းစွာအားထုတ်လိုက်ရသည့် အသံလေးထွက်လာသည်။ အခြားမဟုတ်။ သူ့ဆရာ စခန်းမှူးရာထူးတိုးပြီး ရွှေ့ပြောင်းရန်ရှိသဖြင့် ခရီးစရိတ်ကလေး ထောက်ပံ့ပါမည့် အကြောင်းဖြစ်၏။

သစ်တောဥပဒေနှင့်မလွတ်ကင်းသည့် လွှစင်ထောင်သူနှင့် ရဲဆိုသည်က ထိုအခါကတည်းကပင် အလှူအိမ်မှ ဟင်းအိုးနှင့် ဇွန်းနှယ်ခပ်မဆုံးဆိုသလိုရှိခဲ့သည်။ သို့သော် ထိုနေ့က ထိုရဲသားလေးမှာ လာခဲ့ရသည့် ခရီးနှင့်တန်အောင် ထောက်ပံ့ကြေးမရလိုက်။

"ဒီကောင့်ကိုပိုက်ဆံငါးကျပ်လောက်ပေးလိုက်စမ်းပါကွာ။ မနက်က ဆနွင်းမကင်းကျန်တာလေးလည်း ထုပ်ပေးလိုက်"

အလှူရှင်၏အသံက ရဲသားလေးအဖို့တော့ မည်သို့ခံစားလိုက်ရမည်မသိ။ ကျွန်တော်ကမူ ရဲသားလေးကို အားနာစိတ်ပေါက်မိသည်။ ထိုခေတ် ထိုအချိန်တုန်းက လက်ဖက်ရည်တစ်ခွက် တန်ဖိုးပြား ၅၀ သာရှိသဖြင့် ငွေငါးကျပ်က မနည်းလွန်းလှဆိုသည့်တိုင် ရဲတစ်ယောက်၏ ရှိသင့်သောဂုဏ်သိက္ခာ ပွန်းပဲ့မှုနှင့်တော့ဖြင့် ချိန်စက်၍မကာမိနိုင်။ ပေးလိုက်သည့် အလှူကျန် ဆနွင်းမကင်းထုပ်လေးကို ကိုင်ကာ လာခဲ့ရာနေပူဒဏ်ပြင်းပြင်းအောက်မှ လေးငါးခြောက်မိုင်ခရီးဆီ စက်ဘီးစုတ်ကလေးကိုနင်းကာ ခပ်ကုပ်ကုပ် ပြန်ထွက်သွားရရှာသည့် ထိုရဲလေးကိုကြည့်ရင်း ကျွန်တော်က သက်ပြင်းချမိသည်။ ဖြစ်ရလေ. . ဟုလည်း တွေးမိသည်။

အမှန်စင်စစ်တော့ စနစ်ကြီးကပင် ထိုရဲသားလေးကို ဂုဏ်သိက္ခာမဲ့စွာ သူတောင်းစားရုပ် ဖန်ဆင်းပေးလိုက်ခြင်းဖြစ်သည်။

လယ်သမား၊ အလုပ်သမားတွေကို အခြေခံ၍ တည်ဆောက်ပါသည်ဆိုသော ဆိတ်သားရေကို ဖုံးထားသည့် ဆင်သေကောင် မဆလ၏ စစ်အာဏာရှင်လက်အောက်တွင် ထိုသို့သော ရဲလေးမျိုးတွေဝင်ပြီးတင်ဆက်ကပြရသည့် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအခန်းကဏ္ဍဆိုသည်က ရုပ်ပျက်ဆင်းပျက်နိုင်လွန်းခဲ့သည်။

တရားသူကြီးစင်မြင့်ပေါ်သို့ ဥပဒေမသိ၊ ဘာမသိ ခြေသလုံးပေါ်မှာ တမန်းဆီတွေ လက်နှစ်သစ်နှင့် ဘုန်းကြီးကျောင်းထွက်လယ်သမားက တရားသူကြီးအဖြစ် ရောက်လာသည်။ အုပ်ချုပ်ရေးပိုင်းတွင်လည်း ထိုနည်းလည်းကောင်း။ ပြည်သူ့ကောင်စီအဖွဲ့ဝင်တွေအဖြစ်နှင့်က စစ်သားလူထွက်လည်းရောက်၊ ဆတ္တာသည် (ဆံပင်ညှပ်သမား)လည်းရောက်၊ လယ်သူရင်းငှားလည်းရောက်၊ အပ်ချုပ်သည်လည်းရောက်။ သူတို့တွေက လယ်သမား၊ အလုပ်သမား ကိုယ်စားပြုသူတွေ ပေကိုး။

သူတို့အထက်ကမှ သူတို့ကို ရွေးချယ်ခန့်အပ်သော ပေါ်လစီချမှတ်သည့်အဖွဲ့အစည်းအဖြစ်နှင့်က လယ်သမား၊ အလုပ်သမားအတုတွေ ပါဝင်ဦးဆောင်သည့် လမ်းစဉ်ပါတီဆိုသည့်အခါ ထိုအဖွဲ့အစည်းအဆင့်ဆင့်မျိုးတွေကမှ လောင်ပုပ်မတက်လျှင် ဘယ်အရာကပုက်အက်အက်ဖြစ်ပေတော့မလဲဟု ဆိုရတော့မလိုရှိတော့၏။

သို့နှင့် ပေါ်လစီကိုင်သူ၊ အုပ်ချုပ်သူ၊ တရားစီရင်သူတွေက သူ့အကန့်နှင့်သူမဟုတ်ဘဲ ရောထွေးမွှေနှောက်ဆိုသည့်အခါ တရားစီရင်ရေးအခန်းကဏ္ဍသည်လည်း ကစော်ဖောက်ကုန်တော့သည်။ ထိုအခါ တရားသူကြီးလည်း တရားသူကြီးမဟုတ်တော့။ ရှေ့နေရှေ့ရပ်ဆိုသူတွေကလည်း ရှေ့နေမဟုတ်တော့ဘဲ 'အလယ်နေ'ဖြစ်လာသည်။ တရားသူကြီး၊ ရဲ၊ ဥပဒေအကြံပေး၊ ပြည်သူ့ကောင်စီ၊ ပါတီယူနစ်တွေရဲ့ အလယ်မှာ နေရသည်။ ဟိုလူသည်လူတွေအတွက် တရားခံထံမှတောင်း၍ ရသည့် လာဘ်ငွေကို အလယ်ကောင်မှနေကာ ဟိုဟိုသည်သည် မျှဝေခွဲ့ကျွေးရသည်။ ဥပဒေစာအုပ်ကြီးကို အပင်ပန်းခံကာ လှန်လှောဖတ်နေစရာမလိုတော့။ အပေးအယူနှင့် လမ်းခွဲကိုင်အလုပ်လုပ်တတ်လျှင် အဆင်ပြေသည့် ခေတ်သို့ရောက်ခဲ့သည်။

ထိုသို့သော တရားစီရင်ရေးခေတ်ကြီးမျိုးကပင် ၂၆ နှစ်၊

သည့်နောက်တော့ နောက်လာသည့် မောင်ပုလဲဒိုင်းဝန်ထက်ကဲဆိုသလိုမျိုး စစ်အာဏာရှင်အစစ်ကြီးက မခေါ်ပင့်ချေဆိုသလိုရောက်လာသည့်အခါ လိုချင်ဦးဟဲ့ ဒီမိုကရေစီဟု အငြိုးကြီးနှင့် ပေးလိုက်သည့် ဒီမိုကရေစီခြေချက်ကဖနောင့်နှင့်ပေါက်သလိုရှိသည်။

စစ်အာဏာသိမ်းပြီးသည်နှင့် တိုင်းပြည်နှင့်အဝန်းမှာ အရက်ဆိုင်တွေမှိုလိုပေါက်လာသည်။ ညဉ့်ကလပ်တွေ အပြိုင်အဆိုင်ဖွင့်ခွင့်ပေးလိုက်သည်။ လောင်းကစားဝိုင်းတွေကို တရားဝင်လိုလုပ်ခွင့်ပြုလာသည်။ သည်လိုဟာမျိုးတွေကို တာဝန်ရှိသူတွေက ဟိုရန်ပုံငွေ သည်ရန်ပုံငွေ အကြောင်းပြကာ ဦးဆောင်လာကြပြန်သေးသည် ဆိုသည့်အခါ ဒုစရိုက်လုပ်ငန်းမျိုးတွေတွင်သာ ကျွမ်းကျင်တတ်မြောက်သူတွေနှင့် တာဝန်ယူအုပ်ချုပ်သူတွေလုံးထွေးပေါင်းစည်းလာကြရင်းနှင့်ပင် တရားဥပဒေစိုးမိုးရေးဆိုသည်က အဖတ်ဆယ်ရခက်တော့သည်။ မကောင်းမှုဆိုသည်ကလည်း တစ်ခုတည်းလာတတ်သည်မဟုတ်သည့်အခါ မူးယစ်ဆေးဝါးဘာညာဆိုသည်တွေက အဖော်အပေါင်းအဖြစ်ပါလာကြတော့သည်။ အလားတူပင် ရာဇဝတ်မှုဆိုသည်ကလည်း ကပ်လျက်တွဲလျက်. . ။ တရားဥပဒေစိုးမိုးနိုင်ခြင်းကို ပျက်စီးစေနိုင်သည့် ထိုသို့သော အကြောင်းတရားတွေများပြားလှသည့်ထိုခေတ်လိုမျိုးထဲမှ ရဲတပ်ဖွဲ့ဆိုသည့်အခါ နတ်ထွင်းသည့်ခံတွင်းဟု ပြောရမလိုရှိလာသည်။

ထိုသို့သော လှုပမက်မောစရာကောင်းသည့် ကျော့ကွင်းမျိုးကို လွတ်အောင်ရှောင်နိုင်သည့် လူမျိုးဆိုသည်က သည်ပုတ်ထဲက သည်ပဲမဖြစ်အောင် ကြိုးစားဖို့ခက်မည်ထင်သည်။

**စာမျက်နှာ (၁၄)သို့**

# Technology

7 DAY NEWS JOURNAL

Vol.12, No.27 • SEPTEMBER 11 , 2013




မိုဘိုင်းဖုန်းဖြင့် အင်တာနက် အသုံးပြုနေသူတစ်ဦးကို တွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဖုန်းဖြင့် အင်တာနက်သုံးသူ ၁ ဒသမ ၂ သန်းရှိလာ

**ဆွေမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၇**

မြန်မာနိုင်ငံအတွင်း၌ ဖုန်းဖြင့် အင်တာနက်သုံးစွဲသူဦးရေ ဩဂုတ်လထိ ၁၂သိန်းကျော်(၁ဒသမ ၂သန်းကျော်)အထိရှိလာကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ဇူလိုင်လအထိစာရင်းများအရ မိုဘိုင်းဖြင့် အင်တာနက်သုံးစွဲသူဦးရေမှာ GSM ဖုန်းအမျိုးအစား လျှောက်ထားသုံးစွဲနေသူ ၈၇၀,၀၀၀ ကျော်ရှိပြီး WCDMA ဖုန်းအမျိုးအစားဖြင့် လျှောက်ထားသူ ၁၃၀,၀၀၀ နှင့် CDMA 800 MHz ဖုန်းအမျိုးအစားများဖြစ်သည့် ကျပ် ၁,၅၀၀ တန်ဖုန်းများအပါအဝင် လျှောက်ထားသူ ၁၀၅,၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်တစ်ဦးကပြောသည်။

ထို့အပြင်ဩဂုတ်လအတွင်း၌ ဖုန်းမှ မက်ဆေ့ချ်ပို့၍ GSM နှင့် WCDMA ဖုန်းအမျိုးအစားများကို အင်တာနက်လျှောက်ထားခွင့်ပြုခဲ့ရာ ဩဂုတ်လအတွင်းမှာပင် လျှောက်ထားသူ တစ်သိန်းကျော်ခန့်ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"GSM နဲ့ WCDMA နှစ်ခု လျှောက်ထားတာ တစ်လအတွင်းဆို တစ်သိန်းလောက်ရှိနေပြီ"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းအင်ဂျင်နီယာမှူးကြီး တစ်ဦးကပြောသည်။

ယခုအခါမိုဘိုင်းဖြင့် မက်ဆေ့ချ်ပို့ အင်တာနက်လျှောက်ထားမှုမှာ လွယ်ကူပြီး တစ်သောင်းကျပ်သာ ကျသင့်ခြင်းကြောင့် လျှောက်ထားသူပိုမိုတိုးလာရာ အချိန်အားဖြင့် အကန့်အသတ်မရှိဘဲ ၂၄နာရီလျှောက်ထားနိုင်ခြင်းကြောင့်လည်း တစ်လအတွင်း၌ သိသိသာသာတိုးပွားလာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင်အခြားသော အင်တာနက်လိုင်းများဖြစ်သည့် ADSL, ဂြိုဟ်တုများမှလည်း လိုင်းပေါင်း ၈,၀၀၀ နီးပါးရှိလာရာ တစ်လိုင်းလျှင် ၁၀ ဦးနှုန်းဖြင့် တွက်ချက်ထားခြင်းကြောင့် လက်ရှိတွင် သုံးစွဲသူဦးရေ ရှစ်သောင်းကျော်ရှိလာပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ အင်ဂျင်နီယာချုပ်တစ်ဦးက ပြောသည်။

နောက်ပိုင်းတွင်လည်း မက်ဆေ့ချ်ဖြင့် အင်တာနက်လျှောက်ထားမှုပိုမိုများပြားလာနိုင်ဖွယ်ရှိပြီး ၁၅ သိန်းတန်၊ ငါးသိန်းတန်၊ နှစ်သိန်းတန်နှင့် ကျပ် ၁,၅၀၀ တန် GSM ဖုန်းများအားလုံးနှင့် WCD-MA ဖုန်းများအားလုံး လျှောက်ထားနိုင်သော်လည်း ကျပ် ၁,၅၀၀ တန် CDMA 800 MHzဖုန်းများမှာ ဆက်သွယ်ရေးရုံးများ၌ပင် သွားရောက်လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အခမဲ့အရောင်းအဝယ်ပြုလုပ်နိုင်သည့် ezay ဝက်ဘ်ဆိုက် လွှင့်

**ဆွေမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၆**

အင်တာနက်မှတစ်ဆင့် အရောင်းအဝယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အခမဲ့ချိတ်ဆက်ဆောင်ရွက်နိုင်သည့် ဝက်ဘ်ဆိုက်တစ်ခုကို ပြုလုပ်ထားကြောင်း သတင်းရရှိသည်။

eZay Myanmar's Online Marketplace အမည်ဖြင့် www.ezay.com.mm ဝက်ဘ်ဆိုက်တွင် အရောင်းအဝယ်၊ အိမ်ခြံမြေ၊ ဝန်ဆောင်မှု၊ အလုပ်အကိုင်၊ ဆွေးနွေးချက်များနှင့် အုပ်စု၊ အကျိုးစီးပွား၊ အကျိုးအမြတ်စသည့် ခေါင်းစဉ်များဖြင့် ဝန်ဆောင်မှုပေးနေကြောင်း အဆိုပါဝက်ဘ်ဆိုက်ပြုလုပ်ဆောင်ရွက်နေသည့် axiom ကုမ္ပဏီမှ အရောင်းမန်နေဂျာ ဦးစိုင်းခမ်းထွန်းအုံက ပြောသည်။

အဆိုပါ ဝက်ဘ်ဆိုက်ပေါ်တွင် တင်၍ ရောင်းခြင်းဝယ်ခြင်းနှင့် ဝန်ဆောင်မှုအားလုံးကို အခမဲ့ ဝန်ဆောင်မှုပေးခြင်းသာဖြစ်ပြီး နောက်ပိုင်းတွင်လည်း ဝန်ဆောင်ခနှုန်းထားကောက်ခံရန် အစီအစဉ်မရှိကြောင်း ၎င်းကပြောသည်။

ဝက်ဘ်ဆိုက်စာမျက်နှာတွင် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးဖြင့် သုံးစွဲနိုင်မည်ဖြစ်ပြီး မိမိအရောင်းအဝယ်လုပ်လိုသည့် ပစ္စည်းကို ဓာတ်ပုံနှင့်တကွ ကြော်ငြာနိုင်ရန်လည်း ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ အင်တာနက်မှ ဝန်ဆောင်မှုပေးသည့် ဝက်ဘ်ဆိုက်များ အများအပြားရှိပြီး အချို့မှာ အခကြေးငွေဖြင့် ဝန်ဆောင်ခယူ၍ လုပ်ကိုင်မှုများရှိသည်။

# Apple ကုမ္ပဏီ မျက်နှာပြင်အကျယ် ၆ လက်မရှိ iPhone အသစ်များ ထုတ်လုပ်ရန်စမ်းသပ်

**ဆန်ဖရန်စစ္စကို၊ စက်တင်ဘာ-၆**

လက်ရှိiPhone များထက် မျက်နှာပြင်ပိုကျယ်သော iPhone ပုံစံအသစ်များကို မျက်နှာပြင်အကျယ် ၆ လက်မအထိ ထုတ်လုပ်ရန် စမ်းသပ်နေကြောင်း Apple ကုမ္ပဏီက ပြောကြားလိုက်သည်။

လက်ရှိ iPhone ပုံစံထက် ၂ လက်မပိုကြီးသော ၆ လက်မအရွယ် iPhone များထုတ်လုပ်ရန် Apple ကုမ္ပဏီက စမ်းသပ်နေကြောင်း ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

Apple ကုမ္ပဏီမှ ထုတ်လုပ်ပြီးသော iPhone မျိုးဆက်ငါးခုတွင် မျက်နှာပြင်အကျယ် ၃ ဒသမ ၅ လက်မသာပါရှိခဲ့ပြီးနောက် iPhoe 5 ကို မျက်နှာပြင်အကျယ် ၄ လက်မနှင့် ထုတ်လုပ်ခဲ့သည်။ ထိုအတောအတွင်း iPhone များ၏ ရုပ်ထွက်ကို သုံးကြိမ်ပြောင်းလဲခဲ့ကာ ဆော့ဖ်ဝဲအဟောင်းများကို အဆင့်တိုးမြှင့်ခဲ့ရပြီး မျက်နှာပြင်ပုံစံ အများအပြားအတွက် ဒီဇိုင်းရေးဆွဲခဲ့ရသည်။

Apple ကုမ္ပဏီသည် ၁၃ လက်မရှိ iPad ပုံစံအသစ်တစ်မျိုးနှင့် မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မရှိ iPhone တစ်မျိုးကို ထုတ်လုပ်ရန် စမ်းသပ်နေကြောင်း ဝေါလ်စထရိဂျာနယ်က ဇူလိုင်အတွင်း ဖော်ပြခဲ့သည်။

နည်းပညာသတင်းဝက်ဘ်ဆိုက် CNet ဖတ်ရှုသူများအား ပြီးခဲ့သည့်လက စစ်တမ်းကောက်ယူမှုအရ လူပေါင်း ၈၀ ရာခိုင်နှုန်းက iPhone 5 ထက် ပိုကြီးမားသော မျက်နှာပြင်ပါရှိသည့်ဖုန်းလိုချင်ကြကြောင်း သိရှိခဲ့ရသည်။

*—Ref: CNET*










## ဂူးဂဲလ်ကုမ္ပဏီ ဗြိတိန်နိုင်ငံတွင် စတုရန်းပေတစ်သန်းရှိ ရုံးချုပ်တည်ဆောက်မည်

**လန်ဒန်၊ စက်တင်ဘာ-၆**

ဗြိတိန်နိုင်ငံတွင် ဂူးဂဲလ်ကုမ္ပဏီ၏ စတုရန်းပေ တစ်သန်းရှိ ရုံးချုပ်တည်ဆောက်မည့် အစီအစဉ်ကို လန်ဒန်မြို့ပြစီမံကိန်း အာဏာပိုင်များက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပြောသည်။

လန်ဒန်မြို့ရှိ ဂူးဂဲလ်ကုမ္ပဏီ အလုပ်သမား ငါးထောင်အတွက် ရေကူးကန်တစ်ကန်နှင့်အပြေးလေ့ကျင့်ရေးလမ်း၊ တောင်တက်လေ့ကျင့်မှုနံရံများပါဝင်မည့်အဆောက်အအုံတစ်ခုဆောက်လုပ်မည့်အစီအစဉ်ကို ကမ်ဒန်ကောင်စီသို့ ဂူးဂဲလ်ကုမ္ပဏီကပြီးခဲ့သည့် ဇွန်လအတွင်းက တင်ပြခဲ့သည်။

၂၀၀၆ ခုနှစ်နှောင်းပိုင်းတွင် ပြီးစီးရန်မျှော်လင့်ထားသော ယင်းဂူးဂဲလ်ရုံးချုပ်သည် လန်ဒန်မြို့ ကင်းခရော့စ်အရပ်ရှိ ကန်ဒေါ်လာ ၁ ဒသမ ၀၁ ဘီလီယံတန်ဖိုးရှိ ၂ ဒသမ ၆ ဧကအကျယ်မြေပေါ်တွင် တည်ဆောက်မည် ဖြစ်ကြောင်း ဒေးလီးတယ်လီဂရပ် သတင်းဌာနက ဖော်ပြသည်။

ယင်းအဆောက်အအုံ ဆောက်လုပ်ပြီးပါက ဂူးဂဲလ်ကုမ္ပဏီ၏ အကြီးမားဆုံးရုံး ဖြစ်လာမည်ဖြစ်ကာ ဂူးဂဲလ်ကုမ္ပဏီသည် လတ်တလောတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၊ အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့ နှင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် မြေကွက်များ ဝယ်ယူထားကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ရုံးချုပ်ကို ကင်းခရော့စ်မှာ ဆောက်လုပ်တာဟာ ဂူးဂဲလ်ကုမ္ပဏီနဲ့ လန်ဒန်မြို့ အတွက်လည်း ကောင်းပါတယ်" ဟု ဂူးဂဲလ်ကုမ္ပဏီ၏ ဗြိတိန်နိုင်ငံဆိုင်ရာ အထွေထွေမန်နေဂျာ ဒန်ကော့ဘ်လီက ပြောကြားသည်။

ကင်းခရော့စ်ဗဟိုဖွံ့ဖြိုးတိုးတက်ရေး မြေနေရာသည်လည်း လန်ဒန်မြို့ မြောက်ဘက်ရှိ ယခင်ငါး၊ ကျောက်မီးသွေးနှင့် ဂျုံများ ထွက်ရှိရာနေရာတွင် တည်ရှိကာ ၆၇ ဧကရှိ ယင်းမြေနေရာတွင် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ် ရုံးများ၊ ဈေးဆိုင်များနှင့် နေအိမ်များ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း တယ်လီဂရပ်သတင်းဌာနက ဖော်ပြသည်။

*—Ref: UPI*

# တယ်လီနောက ဝန်ထမ်းတစ်ရာကျော် ထပ်မံခေါ်ယူ




*တယ်လီနောမှ အရာရှိတစ်ဦးကို သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်* ဓာတ်ပုံ-Telenor Myanmar/FB

**ဆွေမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၈**

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသည့် တယ်လီနောကုမ္ပဏီက ဒုတိယအသုတ်အဖြစ် ဝန်ထမ်းတစ်ရာကျော် ထပ်မံခေါ်ယူထားကြောင်း သတင်းရရှိသည်။

တယ်လီနောကုမ္ပဏီက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ဝန်ထမ်းများကို သုံးသုတ်ခွဲ၍ ခေါ်ယူမည်ဟု ကြေညာထားပြီး ပထမသုတ်အဖြစ် စီမံခန့်ခွဲမှုအဖွဲ့ဝင် ခြောက်ဦးနှင့် ပူးပေါင်းလုပ်ကိုင်ရန်အတွက် ပြည်တွင်းဝန်ထမ်း ၂၅ ဦးကိုသာ ခေါ်ယူခဲ့ပြီး ယခုအခါ ဒုတိယအသုတ်အဖြစ် ထပ်မံခေါ်ယူခြင်း ဖြစ်သည်။

"အခုခေါ်လိုက်တာတွေကလည်း Technician ပိုင်းတွေကို အဓိကခေါ်လိုက်တာပေါ့။ အရင်ကတော့ စီမံခန့်ခွဲမှုအပိုင်းလေ၊ ပြီးတော့ အရင်က အောက်တိုဘာမှာမှ ဒုတိယအသုတ်အဖြစ် ထပ်ခေါ်မယ်လို့ ရည်မှန်းထားပေမယ့် အခုက စောခေါ်ဖြစ်သွားတာပါ" ဟု အဆိုပါ ကုမ္ပဏီ၏ ပြင်ပဆက်ဆံရေးအရာရှိက ပြောသည်။


လက်ရှိတွင် ရာထူးနေရာ တစ်ရာကျော်အတွက် ခေါ်ယူထားခြင်းဖြစ်ရာ စုစုပေါင်း ၁၄၆ နေရာအတွက် ပြည်တွင်းမှ လျှောက်ထားနိုင်မည်ဖြစ်ပြီး စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး၊ အမှုဆောင်အရာရှိရုံး၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍ၊ အရောင်းမြှင့်တင်ရေး၊ နည်းပညာပိုင်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာကဏ္ဍများအတွက်ခေါ်ယူထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းမှ လျှောက်ထားသည့် သူများကိုလည်း တယ်လီနောကုမ္ပဏီရုံးချုပ်မှ တိုက်ရိုက်ဆက်သွယ်၍ အင်တာဗျူးမေးမြန်းခြင်းများနှင့် အလုပ်အကိုင်ခန့်ထားခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါပြင်ပဆက်ဆံရေးအရာရှိက ပြောသည်။

ပြည်တွင်းမှ ဝန်ထမ်းများသာမက ပြည်ပတွင် အလုပ်လုပ်ကိုင်နေသည့်သူများလည်း လျှောက်ထားနိုင်ပြီး hr.myanmar@telenor.com သို့ ပေးပို့လျှောက်ထားနိုင်ရာ လက်ရှိတွင်လည်း လျှောက်ထားမှုများပြားနေကြောင်း သတင်းရရှိသည်။

တယ်လီနောမြန်မာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအားလုံးအတွက် ဝန်ထမ်းဦးရေ သုံးထောင်ခန့် ခန့်အပ်သွားမည်ဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းများအတွက် နှစ်ထောင်ခန့်နှင့် ရုံးပိုင်ဆိုင်ရာလုပ်ငန်းများအတွက် တစ်ထောင်ခန့်ခန့်အပ်သွားမည်ဖြစ်ကြောင်း မစ္စ Tipayarat က ဩဂုတ်လအတွင်းက ပြောကြားသည်။






# အားနွဲ့သူ ဖေးကူလှည့်ပါငဲ့

■မယ်ငွေဥ

တစ်လမှာ တစ်ကြိမ်၊ နှစ်ကြိမ်သာထွက်နိုင်သော မသန်စွမ်း အသင်း၏ ကျန်းမာရေး ဝန်ဆောင်မှု ခရီးစဉ်အဖြစ် သည်တစ်ပတ်မှာ ရွှေပြည်သာမြို့နယ်သို့ထွက်ဖြစ်ခဲ့ကြသည်။

(၄-၉-၂၀၁၃) ဗုဒ္ဓဟူးနေ့။

ရွှေပြည်သာမြို့နယ်၊ အမှတ် ၁၀ ရပ်ကွက်၊ အမှတ်(၂၅) မူလတန်းကျောင်းဆောင် ကလေးအတွင်းမှာ ကျွန်မတို့၏ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းသားများ ရောက်လာမည့်အချိန်ကို စောင့်လင့်နေသော မသန်စွမ်းလူနာတွေနှင့် ပြည့်နှက်နေပြီ။ အချိန်က နံနက် ၁၁ နာရီ။

နေသာသောနေ့၏ နေ့လယ်ချိန်။ နေမင်းက အတော်ပူနေသည်။ မူလတန်းကျောင်းကလေး၏ အဆောင်ဟောင်းလေးတစ်ခုအတွင်းသို့ ဝင်ရောက်လိုက်သည်နှင့် ကျောင်း၏ သွပ်မိုးဆောင်မှာ မျက်နှာကြက် တပ်ဆင်မထားသောကြောင့် အပူရှိန်က လောင်မြိုက်မြိုက်။ ပြတင်းပေါက်များ ဖွင့်သော် ဖွင့်မရ။ ရွဲ့စောင်းနေသော ပြတင်းပေါက်များကို ကြိုးစားဖွင့်သော်လည်း ပြုတ်ကျတော့မလိုဖြစ်သွားသဖြင့် ပြတင်းပေါက်တစ်ချပ် နှစ်ချပ် ပွင့်ရုံမျှနှင့် ကျေနပ်လိုက်ရသည်။

အခန်းတွင်းမှာ အိုက်စပ်စပ်ရှိလှသည်။ လာရောက်ကုသခံယူကြမည့်သူများမှာ ကလေးသူငယ်အရွယ်တွေ များလှသည်။ ချိုင်းထောက်နှင့် တွန်းလှည်းနှင့် မသန်စွမ်းလူကြီးများ ပါဝင်သော်လည်း အထူးသတိထားမိအောင် များပြားလှသည်က ကလေးသူငယ်တွေ၊ ကလေးသူငယ်တွေကို မြင်လိုက်သည်နှင့် အခြေအနေကို မှန်းဆနိုင်ပါပြီ။ လူနေမှုဘဝအခြေအနေ နိမ့်ကျဆင်းရဲလှသော ဤမြို့နယ်မှ ဤရပ်ကွက်လေးအတွင်းမှာ မွေးရာပါဟု သတ်မှတ်ပြောဆိုတတ်ကြသော သူငယ်နာ အကြောတင်းရောဂါနှင့် ပိုလီယိုကလေးတွေ အတော်များနေပါလားဟု မြင်မြင်ချင်းပင် သတိပြုမိကြသည်။

ကျွန်မက ကလေးသူငယ်တွေကို မြင်လျှင် မြင်ချင်း သူငယ်နာအကြောတင်းနှင့် ပိုလီယိုဝေဒနာရှင် ကလေးတွေက များလွန်းနေသဖြင့် သူနာပြုအုပ် ဆရာမကြီး(အငြိမ်းစား)ဒေါ်ခင်သီဘက် လှည့်ပြီး "ဒီတစ်ခေါက်တော့ မာမီ့တာဝန်တွေများတော့မယ်"ဟု ပြောမိသည်။ သူနာပြုအုပ်ဆရာမကြီး ဒေါ်ခင်သီမှာ သည်လို အကြောသေ၊ အကြောတင်းရောဂါ ခံစားနေရသူ ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရာမှာ အထူးကျွမ်းကျင်သူ။ အကြောများ ပြန်လည်ရှင်သန် လှုပ်ရှားလာနိုင်ရန် လေ့ကျင့်ခန်းများ သင်ပြပေးနိုင်သူ။ သူငယ်နာ အကြောတင်းရောဂါဆိုသည်က ဦးနှောက်ပျက်စီးမှုကြောင့် ခန္ဓာကိုယ်မဟန်နိုင်။ ခြေလက်တို့ ပုံမှန်လှုပ်ရှားနိုင်ခြင်း မရှိဖြစ်နေသူ ကလေးငယ်တို့ကို ဆိုလိုသည်။

သူငယ်နာ အကြောတင်းရောဂါ(Cerebral Palsy)ခံစားနေရသူ ကလေးသူငယ်များမှာ ပညာသင်ရခက်ခဲတတ်သည်။ မျက်စိ၊ နား၊ အမြင်အကြားအာရုံချို့တဲ့နေတတ်သည်။ စကားပီသအောင် မပြောနိုင်ရှိတတ်သည်။ ကိုယ်နေကိုယ်ဟန် မထိန်းနိုင်ဘဲ ရှိတတ်သည်။ ကွေးကောက်တွန့်လိမ်နေတတ်သည်။ မကြာခဏ တက်တတ်သည်။

ကလေးသူငယ်တွေမှာ မည်သည့် အကြောင်းများကြောင့် သည်လို ဖြစ်ကြရပါလိမ့်။

"မမွေးဖွားမီ၊ မွေးဖွားနေစဉ် ရုတ်တရက် မွေးဖွားတဲ့ အခြေအနေတွေမှာ ဖြစ်တတ်တယ်။ မွေးဖွားနေစဉ် ကလေးရဲ့ဦးနှောက်ထဲမှာ အောက်ဆီဂျင် လုံလုံလောက်လောက် မရတာ၊ သွေးထဲမှာ သကြားဓာတ် လျော့ကျတာတွေကြောင့် ဖြစ်တတ်တယ်။ မိခင်လောင်းဖြစ်သူက အဟာရချို့တဲ့တာ၊ တခြားကတော့ ကူးစက်ရောဂါတွေကြောင့်လည်း ဖြစ်တတ်တယ်။ မြန်မာပြည်မှာတော့ မိခင်လောင်းတွေ အဟာရချို့တဲ့တာနဲ့ မွေးဖွားချိန်နောက်ကျတာ အဆိုးဆုံးဖြစ်မယ်ထင်တယ်"

သမားတော်ကြီး ဒေါက်တာခင်ဝင်းဝင်းမြင့်က ကျွန်မတို့ကို ရှင်းပြသည်။

သည်နေရာ၊ သည်ရပ်ကွက်လေးမှာကော။ အဘယ်အကြောင်းကြောင့် သည်လို သူငယ်နာ အကြောတင်း ဝေဒနာရှင်၊ ပိုလီယို အကြောသေဝေဒနာရှင် ကလေးတွေ သည်လောက်တောင် များပြားနေပါလိမ့်။

"လူနေမှုဘဝ နိမ့်ကျလို့။ ကိုယ်ဝန်ဆောင်ကာလ အာဟာရချို့တဲ့လို့။ မွေးချိန်နောက်ကျလို့။ ဆင်းရဲပြီး လူနေမှုနိမ့်ကျတာ အဓိကပေါ့ကွယ်"

ဆရာဝန်မကြီးနှင့် သူနာပြုဆရာမကြီးတို့၏ စကားများကို နားထောင်ရင်း မြန်မာပြည်ရှိ လူနေမှု နိမ့်ကျသော ရပ်ကွက်မှ မိခင်လောင်းတွေ အာဟာရဘယ်လောက်ရရှိနိုင်ပြီး မွေးဖွားမည့်အချိန် လွယ်ကူချောမွေ့နိုင်စေရန် ကျန်းမာရေးဝန်ဆောင်မှုအကူအညီတွေ မည်၍မည်မျှ ရရှိနိုင်ကြသနည်း။ တွေးတောစဉ်းစားမိခဲ့သည်။ ချမ်းသာကြွယ်ဝသူများအတွက် ပြဿနာမရှိ၊ ဝင်ငွေနည်းပါးလှသူ ဆင်းရဲသားများ ပြည်သူအတွက် တွေးတောစဉ်းစားကြည့်ချင်သည်။ မိသားစုဝင်ငွေ တစ်နေ့တာ အတွက် သုံးထောင်ကျပ်ရသည်ဟု ဆိုပါဦး။ ဆန်ဖိုး၊ ဆီဖိုး၊ ဆားဖိုး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စရိတ်စကများက လုံလောက်ပါမည်လား။ မြန်မာအိမ်ရှင်မတို့ကား သားကိုသခင် လင်ကိုဘုရားဟု သဘောထားတတ်ကြသူများဖြစ်၍ ကြက်သားဟင်းချက်စားနိုင်သည့် မိသားစုများမှာပင် အိမ်ရှင်မများခမျာ တောင်ပံ၊ ခြေထောက်စသည့် အရိုးကိုက်ရတတ်သူတွေ။ ငါးပိရည်နှင့်တို့စရာသာ စားသုံးနိုင်သော ဆင်းရဲသားမိသားစုများ ဆိုပါက ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် အာဟာရ ပြည့်စုံလုံလောက်နိုင်ရန် ပို၍ခက်ခဲကြပေလိမ့်မည်။

မီးဖွားချိန် စောင့်ရှောက်ခံရနိုင်မှု အပိုင်းမှာကော။ ဆင်းရဲသားမိခင်လောင်းများအတွက် မည်သို့ရှိမည်နည်း။

တစ်ခါတုန်းက ကျွန်မမြို့ပတ် ရထားပေါ်မှာ ရွှေပြည်သာမြို့နယ်က ကိုယ်ဝန်ဆောင် မိခင်လောင်းတစ်ယောက်ကို တွေ့ရစဉ် မေးမြန်းကြည့်ဖူးသည်။ မည်သည့်ဆေးရုံသို့သွားရောက်၍ မွေးဖွားမည်နည်း ဆိုသည်ကို။

"အစ်မရယ် ဆေးရုံစရိတ် မတတ်နိုင်ပါဘူး။ အရပ်လက်သည်နဲ့ပဲ မွေးမှာပါ။ အရပ်လက်သည်က အိမ်ကိုလာပြီး မွေးပေးတယ်။ တစ်သောင်းခွဲလောက်တော့ကန်တော့ရတယ်။ အခုဈေးရောင်းရင်း လက်သည်ကို ကန်တော့ဖို့ ငွေစုနေတယ်လေ"တဲ့။

သူ့အဖြေက ရှင်းပါသည်။ ကျွန်မအနေနှင့် နောက်ထပ် မေးခွန်းတွေ ဆက်၍ မမေးဖြစ်တော့ပါ။ ဝင်ငွေနည်းပါးသော မိသားစုများမှာ မိခင်လောင်းများအတွက် ကိုယ်ဝန်ဆောင်ကာလ အာဟာရချို့တဲ့ခြင်းနှင့် မွေးဖွားစဉ်ကာလ ဆေးရုံဆေးခန်းရောက်ရှိရန် ခက်ခဲခြင်းကပင် မွေးဖွားလာသော ကလေးငယ်အနေဖြင့် အပြင်ရောက်ချိန် နောက်ကျနေခြင်းကြောင့် အောက်ဆီဂျင်ပြတ်လပ်နိုင်သည်။ ထိုရောအခါ မွေးလာသော လူသားသစ်ကလေးငယ်မှာ သူငယ်နာအကြောတင်းရောဂါဖြစ်ရန် အခွင့်အလမ်းက အတော်ကြီးမားနေချေပြီ။

မိခင်အာဟာရ ချို့တဲ့ခြင်း၊ ဆေးရုံစရိတ်ကြီးလေးခြင်း ထိုမှသည် သူငယ်နာ အကြောတင်းရောဂါ ခံစားနေကြရပြီး လူ့ဘဝတစ်လျှောက်လုံး ဘဝမလှသည့် ကလေးသူငယ်တွေ၊ စာပေပညာသင်ကြားရန် ခက်ခဲသူလေးတွေ၊ အမြင်အကြားအာရုံ ချို့တဲ့သူလေးတွေ။ မိမိကိုယ်မိမိ ကိုယ်ဟန်မထိန်းနိုင်သူလေးတွေ။ မသန်စွမ်းသူလေးတွေဖြစ်လာကြတော့သည်။

မြန်မာနိုင်ငံ လူမှုဝန်ထမ်းဌာန၏ အဆိုအရ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းက မသန်စွမ်းဖြစ်နေသည်ဟု ဆိုသည်။ ထိုအထဲတွင် မိခင်အဟာရ ချို့တဲ့မှုနှင့် မီးဖွားစဉ်စောင့်ရှောက်မှု ချို့ယွင်းချက်များကြောင့် မသန်စွမ်းဖြစ်နေသည့် ရာခိုင်နှုန်း မည်ရွေ့မည်မျှ ပါဝင်နေမည်နည်း။ တွေးတောဆင်ခြင်မိစရာတွေပါ။

မသန်စွမ်းသူကလေးသူငယ်တွေထဲမှာ ပိုလီယိုအကြောသေရောဂါခံစားခဲ့ရ၍ ခြေတစ်ဖက်ဆာနေသူ။ နှစ်ဖက်လုံး မသန်စွမ်းသူ အကြောသေနေသူ ကလေးများလည်း အတော်များများ ပါဝင်နေပြန်ပါသည်။

ပိုလီယိုအကြောသေရောဂါဖြစ်နေသူ ကလေးငယ်များ၏ မိခင်များကို ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးရတာ မသိဘူးလားဟု မေးခဲ့ရာ "မသိပါ"ဟု ဖြေဆိုသူကများသည်။

သူငယ်နာ အကြောတင်းရောဂါနှင့် ပိုလီယိုရောဂါမှာ ရောဂါလက္ခဏာမတူပါ။ ပိုလီယိုရောဂါမှာမူ မွေးဖွားပြီး ပိုလီယိုပိုးရပ်စ်ကူးစက်ခံရခြင်းကြောင့် နာဖျားပြီး အကြောသေတတ်သော ကလေးသူငယ်ဆိုင်ရာ ရောဂါတစ်ခု။ သူငယ်နာအကြောတင်းကလေးပင်ဖြစ်စေ၊ ပိုလီယိုအကြောသေရောဂါပင်ဖြစ်စေ အမှန်စင်စစ်မူဆင်းရဲမွဲတေမှုကိုသာ အခြေခံနေသည်။ ကလေးသူငယ်များ ပိုလီယိုလေးတွေလည်း မိခင်များက စာပေဗဟုသုတမရှိ။ စာပေ ဗဟုသုတ မရှိသောအခါ ကျန်းမာရေး အသိလည်းမရ။ မသိ။ မရှိ။ ကျန်းမာရေးအသိပညာမရ၊ မသိ၊ မရှိသောအခါ ပိုလီယိုကာကွယ်ဆေးတိုက်ရကောင်းမှန်းမသိကြ။ ရောဂါဖြစ်ပြီးမှ ကလေးက အကြောသေသည်အထိ ဖြစ်ကုန်ကြတော့သည်။

လွန်ခဲ့သော သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်အချိန်ကာလများက ပိုလီယိုကင်းစင်ရေး စီမံချက်ရှိခဲ့ဖူးသည်ကို သတိပြုမိသည်။ **စာမျက်နှာ (၁၉)သို့**

7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

(ယခင်အပတ်မှ အဆက်)




# မင်းဒင်ရဲ့သက်ခိုင်(၂)

မင်းဒင်

ထလန်ခံတပ်ဟာ အမြောက်ကြီး ရှစ်ဆယ့်ငါးလက်၊ စက်အမြောက် အလက်နှစ်ဆယ်၊ တူမီးသေနတ် ပေါင်းမြောက်မြားစွာနဲ့ အမြောက်ဆန်အလုံအလောက်ရှိတဲ့ တစ်ဖက်မီတာလေးရာအရှည်လေးထောင့်စပ်စပ် သစ်ခံတပ်ကြီးဖြစ်ပေမယ့် တပ်သားအင်အားနည်းပါးနေပြီး ခံတပ်ထဲကို ဖူးခက်သူ ဖူးခက်သားနှစ်ထောင်လောက်တဖွဲဖွဲဝင်လာနေကြတယ်။

ဗမာ့ရေတပ်ဟာ ဖူးခက်ကမ်းခြေကို ထပ်ရောက်လာပြီး စစ်ဦးဘီလူးပီပီ မည်းမည်းမြင်ရာ ထောင်းလမောင်းထအောင် စိစိညက်ညက်ချေပစ်တယ်။ မီးခိုးတလူလူနဲ့ ဖုန်းဆိုးမြေဖြစ်အောင် ဖန်တီးပစ်လိုက်ကြတယ်။ မြန်မာရေတပ်ဟာ ထရူးဝါးဆိပ်ကမ်းကို တဖြည်းဖြည်း နီးလာချိန်မှာ ဒေသခံဖူးခက်မျိုးချစ်တွေကလည်း ရတတ်သမျှနည်းလမ်းတွေသုံးပြီး ပြောက်ကျားစစ်ဆင်နွှဲရင်း ထရူးဝါးဆိပ်ကမ်းဆီ မြန်မာတပ်တွေချီရာလမ်းတစ်လျှောက် နှောင့်နှေးအောင် ကြိုးစားကြတယ်။ သူတို့ဟာ ယာမူးအငူမှာ သစ်တပ်တည်ပြီး အမြောက်တွေချထားရင်း မြန်မာ့ကျူးကျော်စစ်ကို စောင့်ကြိုနေခဲ့ကြတယ်။

အဲဒီညမှာပဲ ထရူးဝါးတောင်ဘက်က သစ်တောနဲ့နွံအိုင်တွေကြားကို မြန်မာတပ်တွေ အလုံးအရင်းနဲ့ရောက်လာတယ်။ ထလန်မှာ တပ်စွဲထားတဲ့ဗမာတပ်ဆီကိုလည်း မြန်မာတပ်သားသောင်းချီပြီး ထပ်ရောက်လာတယ်။ နောက်တစ်နေ့အရုဏ်တက်မှာ ဆင်နွှဲတဲ့ ထိုးစစ်ဟာ နာရီပိုင်းသာကြာမြင့်ပြီး မြန်မာတပ်တွေဟာ ယာမူးအငူက သစ်ခံတပ်ကိုရော၊ ထရူးဝါးဆိပ်ကမ်းကိုပါ သိမ်းလိုက်တယ်။ မြန်မာတပ်တွေဟာအဖိုးတန်ပစ္စည်း လုပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပ၊ နောက်ထုံးစံအတိုင်း တစ်မြို့လုံး မီးတင်ရှို့ပြီး သံ့ပန်းအမြောက်အမြားကို ဖမ်းခေါ် သွားကြတယ်။

ဖူးခက်မှာရှိနေတဲ့ မြန်မာတပ်သားသုံးထောင်အပြင် ဖန်ငပြည်နယ်ဘက်က နောက်ထပ်မြန်မာစစ်သည်တစ်ထောင်ထပ်ရောက်လာပြီး ဆယ်ရက်မြောက်နေ့ နိုဝင်ဘာ ၁၈ ရက်ညမှာတော့ ထလန်ခံတပ်ကိုပထမဆုံးအကြိမ်အနေနဲ့ မြန်မာတပ်တွေ အလုံးအရင်းဝင်တိုက်တယ်။ ခံတပ်အမြောက်တွေကြောင့်မြန်မာတွေ အတုံးအရုံးကျဆုံးကြတယ်။ အဖမ်းခံရတဲ့ မြန်မာစစ်ဗိုလ်တစ်ဦးပြောတာကတော့. .

'ထလန်ခံတပ်ကို ကျုပ်တို့ညတိုက်ပွဲဆင်ခဲ့ကြတယ်။ ယိုးဒယားအမြောက်စာမိပြီး ကျုပ်တို့လူငါးရာ ကျော်ကျော်ကျခဲ့တယ်။ ဒဏ်ရာရတာတွေ အများကြီးမို့ နောက်ဆုံးမှာ သစ်ချွန်တပ်လှည်းတွေကို စွန့်ပစ်ပြီး ဆုတ်ခဲ့ရတယ်။ သေနာပတိမင်းကြီး ငဦးဖျားနာပြီး ကံကုန်တယ်ဆိုတယ်။ တပ်ဆုတ်ဖို့အမိန့်ရလာတယ်'လို့ ရေးထားပြန်တယ်။

မြန်မာတပ်တွေဟာ လုပ်နေကျနည်းအတိုင်း မြို့ရွာတွေကို မြေလှန်မီးရှို့၊ ရသမျှအကုန်ခိုး၊ သံ့ပန်းတွေကို ဖမ်းဆီးပြီးတိုက်လှေတွေနဲ့ ပါချန်ကျွန်းဆီပြန်ဆုတ်ခဲ့တယ်။ ပါချန်ကျွန်းဆိုတာ ဝိတိုရိယအငူနဲ့ရနောင်းကြား လက်ရှိထိုင်းမြန်မာနယ်စပ်အဖြစ် သတ်မှတ်ထားတဲ့နေရာက ကျွန်းပဲ။ စာရေးသူ၏ ကော့သောင်းဒေသခံများအား မေးမြန်းစုံစမ်းချက်အရ ယခုလက်ရှိ အချိန်တွင် ပါချန်ကျွန်းဟူ၍ မကြားဖူးကြောင်း ဆိုကြသည်။

ဖူးခက်ကနေ အလဲလဲအပြိုပြိုဆုတ်လာတဲ့ မြန်မာအနောက်ဘက်စစ်တောင်ပံတပ်ဟာ ပါချန်မှာနားရင်း ဒဏ်ရာကုစားနေခဲ့တယ်။ မလေးဘက်ကိုချီတဲ့ အရှေ့ဘက်စစ်တောင်ပံမြန်မာတပ်ဟာ မလေးပင်နီဆူလာကို ဖြတ်ကျော်ရင်း ဖူးခက်မှာရှိတဲ့ အနောက်ဘက်စစ်တောင်ပံမြန်မာတပ်နဲ့ ပူးပေါင်းနိုင်ဖို့ အားထုတ်တယ်။ ဒီအချိန်မှာပဲ မြန်မာစစ်တောင်ပံနှစ်ဖက်ဟာ ပါချန်မှာပူးပေါင်းပြီး ထလန်ခံတပ်ကိုတိုက်ဖို့ ဖူးခက်ကို သိမ်းဖို့ အမိန့်ရောက်လာတယ်'

ညီလင်းဆက်သည် ကျွန်တော်အမည်မခေါ်တတ်သည့်ဝိုင်နှင့် ကော်ဖီရောထားသောဖျော်ရည်ကို တစ်ငုံသောက်လိုက်ရင်း မေးခွန်းတစ်ခုကို ညည်းသံဖြင့် ဝင်ထောက်လိုက်သည်။

'ဩော် အစ်ကိုကြီးပြောတဲ့ ပထမဖူးခက်ထိုးစစ်မှာ ထလန်ခံတပ်ကိုမြန်မာတွေ မရလိုက်ဘဲကိုး'

'နေဦးဟ၊ သေချာဖတ်ကြည့်ရင် မြန်မာတွေရဲ့ စေ့စပ်သေချာတဲ့ သေနင်္ဗျူဟာကိုမြင်နိုင်တယ်။ တကယ်တော့ မြန်မာတွေဟာ ဒဏ်ရာရနေတဲ့တပ်ကို ရနောင်းအထိဆုတ်တယ်။ မလေးပင်နီဆူလာကတပ်နဲ့ ရနောင်း နားမှာ ပူးပေါင်းပြီး အင်အားဖြည့်တင်းတယ်။ ဆုတ်ခဲ့တဲ့အကြောင်းရင်းထဲမှာ ထလန်ခံတပ်က ယိုးဒယားတွေ လက်သံပြောင်လို့ မဟုတ်ဘဲ စစ်ဆင်ရေးကြီးတစ်ခုလုံးကို ဦးဆောင်တဲ့သေနာပတိကံကုန်သွားတာကြောင့်လည်း ဖြစ်နိုင်တယ်။ ဒါကြောင့် နောက်တစ်လတိတိအကြာမှာ မြန်မာတွေ ထလန်ကို သိမ်းနိုင်တယ်။ မင်းကြီးငဦးဟာ ဘယ်မြို့ဘယ်နေရာမှာ ကွယ်လွန်ခဲ့တယ်ဆိုတာတော့ အတိအကျ ဖော်ပြမထားဘူး။ ခန့်မှန်းချက်အရ ရနောင်းမြို့နားမှာရှိတဲ့ ပါချန်စစ်ဆင်ရေးဌာနချုပ်မှာ ကွယ်လွန်ခဲ့ဟန် ရှိတယ်။ အဲဒီစာအုပ်မှာ ဆက်ပြီးရေးထားတာက. . မြန်မာတွေဟာ အရေးတော်ပုံမလှရင် အကုန်သေရမယ်ဆိုတာ သဘောပေါက်ကြတယ်။ အင်အားသုံးသောင်းနီးပါးရှိတဲ့ မြန်မာတပ်မကြီးဟာ အင်အားခြောက်ထောင် ပျော့ပျော့ပဲ ကျန်တော့တယ်။ ဖူးခက်သားတွေကတော့ ၁၇၈၆ ခုနှစ်၊ လေဒီချန်းလက်ထက်ကလိုပဲ အောင်မြင်စွာတွန်းလှန်နိုင်ခဲ့ကြပြီဆိုပြီး တက်ထောင်နေကြတယ်။ လူသေတွေကိုမီးရှို့၊ ရိက္ခာဖြည့်တင်း၊ အိမ်တွေပြန်ပြင်နေချိန် ဒီဇင်ဘာ ၁၇ ညမှာဖူးခက်မြောက်ပိုင်းနန်ယန်ကမ်းခြေကို အလျှင်အမြန်ကမ်းကပ်လာတဲ့ ဗမာတပ်သားတွေကို ဘွားခနဲတွေ့လိုက်ရတဲ့အခါ ဘာလုပ်ရဘာကိုင်ရမှန်းမသိဖြစ်ကုန်ကြသတဲ့။

ဒါဟာ ဖူးခက်ထလန်ခံတပ်ကို မြန်မာတပ်က ဒုတိယအကြိမ်ထိုးစစ်ဆင်ခြင်းပါပဲ။ မြန်မာတပ်ဟာ အစောင့်တပ်သားတစ်ထောင်သာချန်ပြီး အင်အားငါးထောင်ရှိတဲ့တပ်ကြီးနဲ့ ထလန်ကို အလုံးအရင်းချီတက်လာချိန်မှာ ဖူးခက်မျိုးချစ်တွေဟာ ခုခံတွန်းလှန်ဖို့ အစီအမံတွေ ဘာတစ်ခုမှ မလုပ်နိုင်တော့တဲ့အပြင် ထလန်ခံတပ်ထဲကိုတောင် ဝင်ပြေးဖို့အချိန်မရတော့ဘဲ ဖန်ငပင်မကုန်းမြေဆီကိုသာ အသက်လုပြီးပြေးရပါတော့တယ်။

ပီနန်မှာရှိတဲ့ ပြင်သစ်သာသနာပြုအဖွဲ့ကနေ ဖူးခက်ကို စေလွှတ်ခံရတဲ့ မက်ရှားရာဘူးက သာသနာပြုအဖွဲ့ခေါင်းဆောင် ပြင်သစ်ဘုန်းတော်ကြီးပါလီဂွင်ဂ်စ်ဆီရေးသားခဲ့တဲ့စာမှာ ဖော်ပြထားတာကတော့. . .

'မြန်မာတွေဟာ လေလိုအလျှင်မျိုးနဲ့ ထလန်ခံတပ်ဆီ အပြင်းချီတက်လာကြလို့ ခံတပ်ထဲဝင်ပြေးနိုင်တာ ခြောက်ရာကျော်လောက်ပဲရှိမယ်။ ကျန်တဲ့ထောင်ချီတဲ့သူတွေဟာ မြန်မာစစ်တပ်ချေမှုန်းတာကို ခံလိုက်ရတယ်။ ကျွန်တော်က စနေနေ့ကမှ ဂျန်စီလုံ(ဖူးခက်)ကိုရောက်တယ်။ နောက်နေ့မှာ မြန်မာတပ်တွေချီလာပြီဆိုလို့ ရဲတိုက်ထဲကို ဝင်ပြေးရပြီး ကျွန်းသူကျွန်းသားတွေ ဘေးမသီရန်မခစေဖို့ ဆုတောင်းနေရုံပဲရှိတယ်'လို့ ဖော်ပြထားတယ်။

အချိန်ကား ညဆယ့်တစ်နာရီထိုးလုပြီ။ ကျွန်တော်တို့ထိုင်နေသည့် ဆိုင်ရှိစားပွဲကုလားထိုင်တို့ကို သိမ်းစပြုနေပြီ။ ကျွန်တော်သည် နာနတ်သီးဖျော်ရည်ကိုတစ်ငုံချင်းသောက်ရင်း ကိုသက်ခိုင်ပြောပြနေသည့် ဖူးခက်ထလန်ခံတပ်သို့မြန်မာထိုးစစ်ဇာတ်ကြောင်းမှာ နစ်မျောနေသည်။ ကိုသက်ခိုင်သည် ရုတ်တရက် စကားစဖြတ်လိုက်ရင်း လက်ညှိုးနှင့်လက်မကိုဝိုင်းပြလျက် ကောင်တာဆီသို့ မေးငေါ့ကာ ငွေရှင်းရန် ကျွန်တော့်ကို အချက်ပြသည်။

ကားရပ်ထားခဲ့သည့် ပါကင်ရှိရာ ဂျန်စီလွန်းကုန်တိုက်မြေအောက်ခန်းဆီသို့ သုံးဦးသားလမ်းလျှောက်နေစဉ်တွင်လည်းကောင်း၊ သူ့ကိုယ်တိုင်ကားမောင်းနေစဉ်တွင်လည်းကောင်း ကိုသက်ခိုင်သည် မြန်မာ့ဖူးခက် ထိုးစစ်အကြောင်းကိုစကားမျှင်မပြတ်နိုင်ဘဲ ရှိ၏။ ကိုသက်ခိုင်သည် သူ့ဇာတ်လမ်းကို အဆုံးသတ်နိုင်ရန် ပါတောင်ဂျေဂျေပလာဇာရှိ ညပိုင်းမှာဖွင့်သည့်မြန်မာလက်ဖက်ရည်ဆိုင်ရှိရာသို့ မောင်းနေပြန်ရာ ကျွန်တော်နှင့် ညီလင်းဆက်မှာ ငြိမ်လျက်လိုက်ပါလာခဲ့သည်။ ကိုသက်ခိုင်ကား ညီလင်းဆက်ခရီးပန်းနေမည့်အရေးကို တွေးမိဟန်မပူဘဲ သူ့ဇာတ်ကြောင်းတွင် သူကိုယ်တိုင်မျောနေသကဲ့သို့ရှိသည်။

ဤသို့လျှင် ကိုသက်ခိုင်သည် ရုံဖန်ရုံခါသူစိတ်အားထက်သန်သည့် အခြေအနေကိစ္စရပ်များတွင် ပတ်ဝန်းကျင်ကို မေ့လျော့နေတတ်သည်။ ဂျေဂျေပလာဇာသို့ ကျွန်တော်တို့ရောက်ချိန်တွင် ရန်ကုန်သား ဝင်းကျော်ခိုင်၏ လက်ဖက်ရည်ဆိုင်လည်း ပိတ်နေခဲ့ပြီ။ နောက်ဆုံးတွင် ကိုသက်ခိုင်သည် ညီလင်းဆက်တည်းခိုရာ ပါရာပါတောင်းဟိုတယ်ရှိရာသို့ကြာကြာမောင်းနှင်ရမည့် လမ်းရှည်ကြီးတစ်ခုကို ရွေးမောင်းကာ သူ့ဇာတ်လမ်းကို ဆက်ပြန်၏။

ထိုနေ့ညက ကိုသက်ခိုင်စကားဆက်ခဲ့သည့် ဖူးခက်မြန်မာတိုက်ပွဲမှာ အောက်ပါအတိုင်းဖြစ်သည်။ 'ဒီတစ်ကြိမ်မှာ မြန်မာတပ်တွေဟာ အမြောက်ဆန်အလှမ်းမမီတဲ့ နေရာတွေမှာ စခန်းချပြီး ထလန်ခံတပ်ကို ဖြိုဖို့ သစ်ချွန်တပ်တစ်ဖက်ငါးခုစီ တည်ဆောက်ကြတယ်။ မြန်မာတပ်တွေဟာထလန်ခံတပ်ကို ချေမှုန်းနိုင်ဖို့ ကျောက်ဖရာသီအိုတောင်(တုန်ဆိုင်းရေတံခွန်)ပေါ်ကိုအကြီးဆုံးအမြောက်တွေ ကျားကုပ်ကျားခဲဆွဲတင်ကြတယ်။ သစ်ချွန်ခံတပ်ထိုးနေတုန်းမှာလည်း မြန်မာတွေဟာ ထလန်ခံတပ်ထဲကို မီးမြားတွေရာချီပစ်သွင်းပြီး အဆောက်အအုံတွေကို မီးလောင်တိုက်သွင်းတာကြောင့် ဒေသခံတွေ တုန်လှုပ်ချောက်ချားကုန်တယ်။ ညတိုက်ပွဲတွေမှာ အမြောက်သံ၊ တူမီးသံတွေ စီစီညံနေခဲ့တယ်။

စာမျက်နှာ (၃၂)သို့




# လူတွေရော ပြားကုန်ပြီလား

**မောင်သာချို**

**(တစ်)**

လွန်ခဲ့သော အနှစ်သုံးလေးဆယ်တစ်ဝိုက် မြန်မာနိုင်ငံကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ချီတက်နေခဲ့ကြသော ၁၉၈၀ ဝန်းကျင်ခန့်တွင် ကာတွန်းတစ်ကွက်ကို စာမျက်နှာပေါ်၌ ဖတ်ရှုခွင့်ရခဲ့ပါသည်။ ကာတွန်းထဲ၌ အဘိုးအိုတစ်ယောက်က စာတိုက်ဝန်ထမ်းလာပို့သွားသည့် စာကိုကိုင်၍ ဖတ်နေသည့်ပုံ ဖော်ပြထားပါသည်။ စာပါအကြောင်းအရာတွေက ချစ်ကြောင်း၊ ကြိုက်ကြောင်း၊ သတိရကြောင်း ဖွဲ့နွဲ့သီကုံးထားသည့် မိန်းကလေးလက်ရေးနှင့်စာ။ သည်စာကို အဘွားအိုကလှမ်းမြင်လိုက်ရာ မကြီးမငယ်နှင့် ဘာရောဂါထရပြန်သတုံးဟူသည့် အဓိပ္ပာယ်ဖြင့် အဘိုးအိုကိုလှမ်းအကြည့် အဘိုးအိုက ပြန်ပြီးဖြေရှင်းနေသည့် စကားကို ကာတွန်းပေါ်၌ ဖော်ပြထားပါသည်။

"အထင်မမှားပါနဲ့ကွ သမီးရည်းစားဘဝက မင်းပို့လိုက်တဲ့စာ. . အခုမှ စာတိုက်က ရောက်လာတာ"တဲ့။

ကာတွန်းဖတ်၍ ကျွန်တော်တို့ပြုံးခဲ့ကြရပါသည်။ ဆက်သွယ်ရေးခက်ခဲခဲ့ (သို့မဟုတ်)နှေးကွေးခဲ့ရသည့် မနေ့က လူမှုဘဝများကို ထင်ဟပ်ထားသည့်ကာတွန်းပဲဖြစ်ပါသည်။

ဟိုးအဝေးမှာ ရောက်နေသော လူတစ်ယောက်ယောက်နှင့် တယ်လီဖုန်းဆက်သွယ်စကားပြောနိုင်ဖို့အတွက် မိုင်နှစ်ဆယ်လောက်က မြို့ရှိရာဆီသို့ ရရာယာဉ်နှင့် လိုက်ပါသွားခဲ့ရသည့် နေ့ရက်များ ဤကမ္ဘာပေါ်၌ အမှန်တကယ်ရှိခဲ့ပါသည်။

ကမ္ဘာ့အနောက်ခြမ်းတွင် ကန်နေသည့် ဘောလုံးပွဲအနိုင်အရှုံးသတင်းကို ရက်သတ္တတစ်ပတ်ကြာညောင်းပြီးမှ ကမ္ဘာ့အရှေ့ခြမ်းက သိခွင့်ရသော နေ့ရက်များလည်း ကမ္ဘာပေါ်၌ အမှန်တကယ် ရှိခဲ့ပါသည်။

Information Technology ခေါ် သတင်းနည်းပညာကို မရရှိမီက နှောင့်နှေးကြန့်ကြာဝေးကွာခဲ့ရသည့် လူမှုဘဝနေ့ရက်များ။

**(နှစ်)**

"ရှင်လူထွက်သစ်
ဆယ့်သုံးနှစ်က
ချစ်တဲ့သူကို
အယူတခြား
မိထွေးများက
ဆီးတားဆို
ရစ်ကိုထောင်ကာ
ထားရတယ်"တဲ့

ညောင်ရမ်းခေတ်၏ အမျိုးသမီးစာဆိုရှင် ငြိမ်းမယ်ကတော့ သူ့အိုင်ချင်းထဲမှာ သည်အတိုင်းပဲ ချရေးထားခဲ့ဖူးပါသည်။ မိကြီးမိထွေးတို့ သဘောမတူသည့် လုလင်တစ်ယောက်ကို ချစ်ကျွမ်းဝင်မိသဖြင့် ဗိုင်းမငင်နဲ့တော့၊ ချည်မရစ်နဲ့တော့ဟုဆိုကာ ရစ်ကို တော်ရာလျော်ရာမှာ ထောင်ကာထားလိုက်ဖို့ အမိန့်ပေးပြီး အဆက်အသွယ်ပြတ်တောက်ဆိုင်းငံ့သွားစေရန် စီစဉ်လိုက်ပုံကို သည်အိုင်ချင်း၌ တွေ့နိုင်ပါသည်။

ရှင်ငြိမ်းမယ်ကပင် သူ၏နောက်ထပ် အိုင်ချင်းတစ်ပုဒ်၌ ဤသို့ထည့်သွင်းစပ်ဆိုထားပြန်ပါသည်။

"ငါ့ကိုကွယ်
အမယ်ကြီးနဲ့
ဘကြီးဖျက်လို့
အိမ်လေးထောင့်မှာ
ဆူးတွေချလျက်
ဖျက်နဲ့ငယ်မှ စေ့စုံ
လှေကားခုံမှာ
ဂဠုန်မောင့်ကြောင့်
စောင့်တော့တယ်။
လှေကားဦးမှာ
ဘီလူးမောင့်ကြောင့်
ထိုင်တော့တယ်။
လှေကားခြေမှာ
ဆူးလေမောင့်ကြောင့်
ကြဲတော့တယ်။
အိမ်တိုင်တိုင်းမှာ
နွားရိုင်းမောင့်ကြောင့်
ချည်တော့တယ်။
ထရံကြားမှာ
ဓားသွားမောင့်ကြောင့်
ထားတော့တယ်။
အိမ်ကြမ်းကြားမှာ
အပ်သွားမောင့်ကြောင့်
စီတော့တယ်။
အိမ်မိုးခေါင်မှာ
လှံထောင်မောင့်ကြောင့်
စိုက်တော့တယ်"တဲ့။

ခြံလေးထောင့် ဆူးတွေချထားရုံ၊ ဂဠုန်၊ ဘီလူး၊ ဆူးလေ၊ နွားရိုင်း၊ ဓား၊ အပ်၊ လှံသွားများကို နေရာအနှံ့တွင် ကြဲဖြန့်ထားရုံမျှနှင့် ညောင်ရမ်းခေတ်က ချစ်သူနှစ်ယောက်တို့ အဆက်အသွယ်တွေ ခေတ္တပြတ်တောက်သွားကြပုံရပါရဲ့။

"ကြာညွတ်ဖယောင်း
နေရှိန်ပြောင်းသို့
ဆင့်လောင်းလွမ်းဝှန်
ရှိလိမ့်ဟန်ကို
တိမ်စွန်လေလျှင်
ဖူးရောက်ချင်သည်
ငှက်သွင်ပျံကြွမတတ်
သော်"တဲ့။

ဤသည်ကမူ ရတုဘုရင်နတ်ရှင်နောင်၏ ရတုလက်ရာမွန်ထဲက ကောက်နုတ်ချက်။ မိုးတိမ်စွန်၊ မိုးတိမ်ဖျားကနေ ငှက်ကလေးလို ပျံသန်းသွားရောက်ကာ ညှိုးနွမ်းသူကို သွားကြည့်ချင်ပါလေသတဲ့။

ဩော်. . . လရောင်ကျင်းမှ လင်းခဲ့ကြရသူတို့ခေတ်။ လှည်းနှင့် လှေကို "က"တော့မှ သွားရလာရ လွယ်ကူသောခေတ်။ ကညစ်ကလေးတွေနှင့် ပေပေါ်မှာ ရေးခြစ်ခဲ့ကြရသောခေတ်။ ကြက်တွန်သံကို နာရီလက်တံလို သဘောထားခဲ့ကြရသောခေတ်။ တစ်ဦးနှင့်တစ်ယောက် အဆက်အသွယ်တွေ ပြတ်တောက်သွားဖို့ဆိုသည်မှာ လွယ်လွယ်ကလေး။

အခုတော့. . .

Too connected ဆိုပါလား။ လူတွေချိတ်ဆက်မိလွန်းလေသတဲ့။ လူမှုရေးပညာရှင်တို့၏စကား။ ဟုတ်ပါသည်။ Too connected ပါ။

**(သုံး)**

စာရေးဆရာ Thomas L.Friedman က The World is Flat ဟု ရေးခဲ့သည့်အတိုင်း ကမ္ဘာကတကယ့်ကိုပဲ ပြားခဲ့ပါပြီ။ သတင်းနည်းပညာ (information Technology)က အဟန့်များ၊ အတားများအားလုံးကို ထိုးဖောက်ကာ လူတစ်ယောက်နှင့် လူတစ်ယောက်ကို ဆက်သွယ်ပေးလိုက်ပါပြီ။

Desktop, Lap Top, ipad, iPhone, Keyboard, mouse စသည် စသည်တို့ကို ကြားခံကာ gmail နှင့် အပြန်အလှန်စာရေး၍ရ၊ gtalk နှင့် အပြန်အလှန်စကားဆို၍ရ၊ webcam ကိုထောင်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး တွတ်ထိုး၍ရ၊ ဓာတ်ပုံချင်းဖလှယ်၍ရ၊ Facebook ကနေ သူငယ်ချင်းမိတ်ဆွေဖွဲ့၍ရသည်အထိ ကမ္ဘာကြီးကပြား၍သွားလေရာ Too connected ဆိုသည့် စကားမှာ မမှားပါ။ ဆက်သွယ်မိလွန်းလေသတဲ့။ ဆက်သွယ်မိလွန်းတော့ဘာဖြစ်သလဲ။ ရင်းနှီး။ ကျွမ်းဝင်။ နီးစပ်။ ထိတွေ့။ မှားယွင်း။ အကျိုးများ။ အပြစ်များ။

gmail တွေ၊ gtalk တွေ၊ Facebook တွေ၊ chatting တွေထဲမှာက သိသူတွေရော၊ မသိသူတွေရော အမည်မှန်တွေရော၊ အမည်ဝှက်တွေရော၊ ဓာတ်ပုံအစစ်တွေရော၊ ဓာတ်ပုံအတုတွေရော အထွေးထွေးအယှက်ယှက်ဖြစ်ပါသည်။

ညစ်ညမ်းစကားတွေကို ပြောလို့ရသည်။ ညစ်ညမ်းဓာတ်ပုံတွေကိုပြလို့ရသည်။ Online ပေါ်မှာ ချစ်သူဖြစ် Facebook ထဲမှာ သူငယ်ချင်းဖြစ်ရာက တစ်နေရာရာသို့ ချိန်းဆိုတွေ့ဆုံကာ မကြားဝံ့မနာသာဇာတ်လမ်းတွေကလည်း မဖတ်ချင်မှအဆုံး။

ဂျပန်က ပြန်လာသော မိတ်ဆွေ ဘူမိဗေဒပါရဂူတစ်ယောက်က ဂျပန်မှာ chatting ဝင်နေသောသူကို အလွန်အထင်သေးကြလေသတဲ့။ အရည်မရ၊ အဖတ်မရ ဘဝမှာ ဘာရည်ရွယ်ချက်မှ မရှိသူဆိုသည့် သဘောထားမျိုးရှိကြသည်ဆိုလား။ နာမည်ကျော် ကာတွန်းဆရာသူငယ်ချင်းကတော့ Facebook ထဲဝင်တာ အချိန်ကုန်တယ်ဟုတဲ့။

Online ပေါ်၌ ချစ်သူနှင့် မကြာခဏစကားပြော၊ မကြာခဏမျက်နှာချင်းဆုံနေသူ လူငယ်သုံးလေးယောက်နှင့် စကားပြောဖြစ်ရာ ချစ်သူတွေအပေါ် သူတို့ထားသည့် သဘောထားတွေက သိပ်ပြီးမြတ်မြတ်နိုးနိုးမရှိလှ၊ သိပ်ပြီးတမ်းတမ်းတတ တွယ်တွယ်တာတာ မရှိလှသလိုပါပဲလားဟု ကျွန်တော်ကောက်ချက်ချမိသည်။ အင်းလေ. . လက်ထဲက ဖုန်းကလေးထဲမှာ အရုပ်ရောအသံပါ အားလုံးရနိုင်နေတာ မဟုတ်လား။ ဒါ့ကြောင့် Too connection လို့ အပြစ်တင်တဲ့လေသံနဲ့ ပြောပုံရပါရဲ့။

ကမ္ဘောဒီးယား၌ ဝန်ကြီးချုပ်ဟွန်ဆန်က Mobile Phone တွေကို နောက်ဆယ်နှစ်ကြာမှ သုံးရအောင်ဟု ပြောသံကို ကျွန်တော်ကြားမိဖူးပါသည်။ ကမ္ဘောဒီးယားလူထု စာရိတ္တခိုင်ခံ့လာချိန်အထိ စောင့်ရအောင်ဆိုလား။ ညစ်ညမ်းရုပ်သံတွေ ပျံ့နှံ့မှာစိုးလို့ဆိုလား။ ဝန်ကြီးချုပ်၏ ဇနီး ဘမ်ရာနီကပင် လိင်စိတ်တွေ နိုးကြွစေမှာကို ကြောက်လို့ဟုဆိုကာ Mobile Phone ကို ခဏတားထားဖို့ အသနားခံစာတင်လေသတဲ့။ ထား။

အခုတော့ ဘာပဲဖြစ်ဖြစ် လူတွေလွယ်လွယ်နှင့် ဆက်သွယ်မိကြပြီ။ အကျိုးနှင့်အတူ အပြစ်တွေကလည်း တသီတတန်းကြီး။ သည်နေရာမှာ ကိုယ်ကျင့်တရား (Ethic)တို့၊ ဉာဏ်ခံ (wisdom)တို့၊ စိတ်အခြေလူလားမြောက်မှု (mature)တို့က အရေးပါလာပါပြီ။

မျောက်လက်ထဲသို့လက်နှိပ်စက်ထည့်ပေးလိုက်သလို ရှိသမျှခလုတ်လျှောက်ရိုက်နေရုံနှင့် အဓိပ္ပာယ်ရှိသော ဝါကျတို့ ထွက်လာလိမ့်မည်မဟုတ်ပါ။

ဆက်သွယ်ရန် ခက်ခဲစဉ်က လွမ်းကြရ၊ ဆွေးကြရ၊ သတိတရရှိကြရ၊ တန်ဖိုးထားကြရ၊ မြတ်နိုးကြရသည့် ဝေဒနာမျိုးတွေ အခုခေတ်ကမ္ဘာ အပြားကြီးပေါ်မှာ လျော့နည်းသွားကြတာကတော့ အမှန်ပဲဖြစ်ပါသည်။ ကမ္ဘာအပြားပေါ်၌ဝါကျအထားအသိုမှန်ပါစေကြောင်း ဆန္ဒပြုရပါသည်။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဇွဲညဏ်၊ အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဇွဲမာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# အောက်ကို လုံအောင်ဖိုး

**မြင့်မိုရ်ဆွေ**



လွန်ခဲ့သော ဇွန်လ ၂၁ ရက်က မြန်မာ့အလင်းသတင်းစာရဲ့ မျက်နှာဖုံးမှာ အလွန်ထူးဆန်းတဲ့ ရောမသတင်းတစ်ပုဒ်ပါလာပါတယ်။ အံ့သြမကုန်နိုင်ဖွယ်လို့ဆိုရမလား။ ကွယ်လွန်သူစာရေးဆရာကြီး အီကြာကွေးရဲ့စာထဲကလို ‘ဟိုက်ရှာလပတ်ရည်’လို့ရွတ်ရမလားမသိနိုင်လောက်အောင်ပါပဲ။ ဗာရာဏသီမြို့မှာ ဘာမသိညာမသိအမတ်က ဘာမှနားမလည်တဲ့ သတင်းရေးသူကို ဘာသတင်းတွေပေးလိုက်မှန်း မသိဘူးလို့ ညည်းရမလိုဖြစ်နေပါတယ်။ သတင်းက ‘ရန်ကုန်မြို့မြောက်ပိုင်း၌ မီဂါစီးတီးထူထောင်ရန် ပြည်တွင်းပြည်ပကုမ္ပဏီများအားတင်ဒါခေါ်မည်’ဆိုတဲ့သတင်းပါပဲ။ သတင်းထဲမှာ ‘ရန်ကုန်မြို့မြောက်ပိုင်းတွင် မီဂါစီးတီးတည်ဆောက်ရန် ပြည်တွင်းပြည်ပကုမ္ပဏီတွေကို မကြာမီမှာ တင်ဒါဖိတ်ခေါ်သွားမှာဖြစ်ကြောင်း၊ မရမ်းကုန်းမြို့နယ်တွင်ဖြစ်ပြီး နေအိမ်အဆောက်အအုံများ၊ ဟိုတယ်များ၊ ရှော့ပင်းမောလ်များနဲ့ အခြားအဆင့်မြင့်၊ အထပ်မြင့် အဆောက်အအုံများတည်ဆောက်မှာဖြစ်ပြီး မဟာရန်ကုန်ဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း အစိတ်အပိုင်းတစ်ရပ်အဖြစ်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတာဝန်ရှိသူတစ်ဦးကပြောကြားကြောင်း’ ဖော်ပြထားပါတယ်။

ဖတ်ရသူတွေက ရန်ကုန်မြောက်ပိုင်းမှာ မီဂါစီးတီးကြီးတစ်ခုတည်ဆောက်မယ်လို့ သဘောပေါက်ကြမှာပါ။ အမှန်တော့ မီဂါစီးတီး (Mega City) ဆိုတာ လူဦးရေရှစ်သန်းကျော်ရှိလာတဲ့မြို့ကြီးတွေကိုဆိုလိုတာပါ။ တမင်တည်ဆောက်လို့လည်းမရပါဘူး။ လက်ရှိ ရန်ကုန်ဟာ မီဂါစီးတီးမဖြစ်သေးပါဘူး။ လူဦးရေခြောက်သန်းခန့်သာရှိပါသေးတယ်။ စင်ကာပူ၊ ကွာလာလမ်ပူစတဲ့မြို့တွေတောင်မှ မီဂါစီးတီးမဖြစ်သေးဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ မီဂါစီးတီးဖြစ်မှာ အလွန်စိုးရိမ်နေကြတာပါ။ အတွင်းသရုပ်က ကျေးလက်ကလူတွေမြို့ပေါ်ကိုပြောင်း၊ မြို့ပေါ်က လူဦးရေကလည်းတိုး၊ အဲဒီနှစ်ရပ်ကြောင့် အိမ်ရာပြဿနာ၊ ကျူးကျော်ပြဿနာ၊ အလုပ်လက်မဲ့ပြဿနာ၊ စီးပွားရေးပြဿနာ၊ သယ်ယူပို့ဆောင်ရေးပြဿနာစတဲ့ပြဿနာပေါင်းစုံပြည့်နှက်နေလို့ပါ။ မြန်မာပြည်မှာ ရန်ကုန်မြို့အပြင် နောက်ထပ်လူဦးရေ ရှစ်သန်းရှိမယ့်မြို့ကြီးတည်ဆောက်မယ်လို့ ဆိုတော့ သမိန်ပေါသွပ်ညည်းသလို ‘သွပ် သွပ် သွပ်’လို့ပဲ အော်လိုက်ချင်ပါတော့တယ်။

နောက်တစ်ခါ ဇူလိုင် ၁၅ ရက်မှာ အဲဒီသတင်းနဲ့ကွဲလွဲတဲ့ နောက်ထပ်သတင်းတစ်ပုဒ်ကို မြန်မာ့အလင်းသတင်းစာနောက်ကျောဖုံးမှာပါလာပြန်တယ်။ ‘ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၌ ဒုတိယစီးပွားရေးမြို့တော် တည်ဆောက်ရန် နိုင်ငံတကာမှကုမ္ပဏီများကို တင်ဒါခေါ်ယူမည်’လို့ သတင်းခေါင်းစဉ်တပ်ထားပြန်တယ်။ ဒီသတင်းမှာ ‘ရန်ကုန်ဒုတိယစီးပွားရေးမြို့တော် တည်ဆောက်ရေးအတွက် နိုင်ငံတကာမှ ကုမ္ပဏီများကို တင်ဒါများခေါ်ယူတော့မည်ဖြစ်ကြောင်း၊မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မအနီးဝန်းကျင်ကိုရွေးပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့၊ ဂျပန်နိုင်ငံ JICA အဖွဲ့နဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဟိုတယ်များ၊ ရှော့ပင်းမောလ်များ၊ အဆင့်မြင့်လူနေအဆောက်အအုံများဖြင့် ပြည့်စုံစွာတည်ဆောက်ရန်စီစဉ်ထားကြောင်း’အကျယ်တဝင့်ရေးထားပြန်ပါတယ်။

ယခင်သတင်းလို မီဂါစီးတီးမဟုတ်တော့ဘဲ ဒုတိယစီးပွားရေးမြို့တော်လို့ပြောင်းလဲပြီးသုံးထားပါတယ်။ ဒါကလည်း ‘နောက်တစ်ခါလာပြန်ပြီတဲ့ဟော့’လို့ဆိုရအောင် လုံးဝမှားယွင်းနေပါသေးတယ်။ လက်ရှိရန်ကုန်မြို့ဟာ နိုင်ငံတော်ရဲ့စီးပွားရေးမြို့တော်ပါ။ နေပြည်တော်က အုပ်ချုပ်မှုမြို့တော်၊ မန္တလေးက ယဉ်ကျေးမှုမြို့တော်၊ ပုဂံက ရှေးဟောင်းသမိုင်းဝင်မြို့တော် ဒီလိုသတ်မှတ်ခေါ်ဝေါ်ကြတာ အများအသိပါပဲ။ နောက်ထပ်မရမ်းကုန်းမှာ ဒုတိယစီးပွားရေးမြို့တော် ထပ်မံတည်မယ်ဆိုတော့ စီးပွားရေးမြို့တော်နှစ်မြို့ဖြစ်သွားမယ်လို့အဓိပ္ပာယ်ရနေပါတယ်။ အမှန်က ရန်ကုန်မှာ မြို့လယ်ဒေသ (Down Town) ခြောက်မြို့နယ်(ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ လသာ၊လမ်းမတော်၊ပန်းဘဲတန်း) ကို ဗဟိုစီးပွားရေးဇုန် (Central Bussiness District) (C.B.D) လို့ အစဉ်အဆက် ခေါ်ခဲ့ပါတယ်။ စီးပွားရေးအရ အဲဒီဒေသအပြင် နောက်ထပ် ဒုတိယဗဟို (Secondary Centre)အဖြစ် မရမ်းကုန်းမှာတိုးချဲ့တည်ဆောက်မှာပါ။ စီးပွားရေးဇုန်လို့ပဲခေါ်ရမှာပါ။ ဒါကို နိုင်ငံပိုင်သတင်းစာကြီးမှာ ‘ဒုတိယစီးပွားရေးမြို့တော်’လို့ဆိုလိုက်တော့ ဒုတိယအကြိမ် ‘သွပ် သွပ် သွပ်’လို့ ဆိုလိုက်ချင်ပါတော့တယ်။ နောင်ကို နိုင်ငံပိုင်သတင်းစာက သတင်းတွေမှန်အောင်ရေးကြပါလို့ မေတ္တာရပ်ခံပါရစေ။ နိုင်ငံခြားသားတွေကို အဲဒီသတင်းဘာသာပြန်ပြောမိရင် ကြောင်ကုန်မှာစိုးရပါတယ်။

ရှိစေတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်ရေးမဟာစီမံကိန်းကို ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်အေဂျင်စီ (JICA) အကူအညီရယူဆောင်ရွက်နေတာကို ဝမ်းသာအားရကြိုဆိုပါတယ်။ ယနေ့အချိန်အခါမှာ ရန်ကုန်မြို့နေပြည်သူတစ်ဦးအနေနဲ့ ရန်ကုန်မြို့ဖွံ့ဖြိုးရေးအတွက် ဘာကိုအလိုချင်ဆုံးလဲလို့မေးရင် (Infrastructure Security) လို့ခေါ်တဲ့ အခြေခံ အဆောက်အအုံလုံခြုံမှုကို အလိုချင်ဆုံးလို့ ဖြေရမှာပါပဲ။ မြို့ကြီးသားတိုင်းမှာနေရေးလုံခြုံမှု(Shelter Security)၊ ကျန်းမာရေး လုံခြုံမှု (Health Security)၊ အစားအသောက်လုံခြုံမှု (Food Security) စတဲ့အခြားလုံခြုံမှုတွေလည်း လိုအပ်ကြပါတယ်။ ဒါပေမဲ့ ယနေ့ ရန်ကုန်မှာ အခြေခံအဆောက်အအုံမလုံခြုံတဲ့ ဘဝ၊ အဆင့်အတန်းအလွန်နိမ့်ကျနေတဲ့ဒုက္ခဟာ အလွန်ကြီးမားလှပါတယ်။ ခေတ်အဆက်ဆက်မှာ ရန်ကုန်မြို့ရဲ့ အခြေခံအဆောက်အအုံ တွေဟာ တစ်နှစ်ထက်တစ်နှစ် ယိုယွင်းပျက်စီးလာပါတယ်။

စာမျက်နှာ (၃၂)သို့

# Business

7 DAY NEWS JOURNAL

Vol.12, No.27 • SEPTEMBER 11 , 2013




နမ့်ဆန်မြို့ရှိလက်ဖက်လုပ်ငန်းခွင်တစ်ခုတွင် လက်ဖက်ခြောက်ထုတ်လုပ်ရန် ပြင်ဆင်နေစဉ် ဓာတ်ပုံ - ခိုင်ခိုင်စိုး

# မြန်မာ့လက်ဖက်အရည်အသွေးနှင့် အထွက်နှုန်းတိုးစေရန် ဂျာမနီကူညီမည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၆**

မြန်မာ့လက်ဖက်အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်စေရန် ဂျာမနီနိုင်ငံ GIZ အဖွဲ့မှ နည်းပညာအကူအညီများပေးမည်ဟု သတင်းရရှိသည်။

ဂျာမနီနိုင်ငံ GIZ အဖွဲ့မှလက်ဖက်စိုက်ပျိုးရေးပညာရှင်သည် ဩဂုတ်လနောက်ဆုံးပတ်က မြန်မာနိုင်ငံသို့ လာရောက်၍ ရန်ကုန်နှင့်မန္တလေးမြို့ရှိလက်ဖက်လက်လီလက်ကားရောင်းဝယ်သည့် ကုန်သည်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လက်ဖက်စိုက်ခင်းများသို့ သွားရောက်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးထွန်းမြိုင်က ပြောသည်။

ယင်းလက်ဖက်ပညာရှင်၏ ကွင်းဆင်းလေ့လာချက်များကို ဂျာမနီနိုင်ငံ GIZ အဖွဲ့နှင့် အခြားစိုက်ပျိုးရေးအဖွဲ့များသို့ တင်ပြ၍ လိုအပ်သည့်နည်းပညာအကူအညီများရရှိရန် လုပ်ဆောင်သွားမည်ဟု ၎င်းက ပြောသည်။

“ကွင်းဆင်းလေ့လာခဲ့တဲ့GIZ က လက်ဖက်ပညာရှင်က မြန်မာလက်ဖက်က အနံ့အရသာကောင်းပြီး အရည်အသွေးကောင်းတယ်။ ပြီးတော့ အော်ဂဲနစ်ထွက်ကုန်လည်းဖြစ်ပေမယ့် ဈေးကွက်မရတာကို အံ့ဩတယ်လို့ပြောတယ်” ဟု ဦးထွန်းမြိုင်က ပြောသည်။

ဂျာမနီနိုင်ငံ GIZ အဖွဲ့မှလက်ဖက်နှင့်ပတ်သက်သည့် စံပြစိုက်ခင်းများလုပ်ဆောင်ရန်လည်း နည်းပညာနှင့် အခြားလိုအပ်သည့်အကူအညီများပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် လက်ဖက်အရည်အသွေးကောင်းမွန်စေရန် မြန်မာနိုင်ငံလက်ဖက်အသင်းနှင့် အမျိုးသားနိုင်ငံတကာကုန်သွယ်ရေးလီမိတက်တို့ပူးပေါင်း၍ ပြည်တွင်း၌ လက်ဖက်မျိုးရင်းစိုက်ခင်းများကို လာမည့်နှစ်တွင် ပြုလုပ်သွားရန်ရှိကြောင်း အမျိုးသားနိုင်ငံတကာကုန်သွယ်ရေးလီမိတက်မန်နေဂျင်းဒါရိုက်တာကိုကျော်သီဟက ပြောသည်။

ဂျာမနီနိုင်ငံ GIZ အဖွဲ့မှ စိုက်ပျိုးရေးပညာရှင်သည် လာအို၊ နီပေါနိုင်ငံများတွင်လည်း လက်ဖက်စိုက်ပျိုးမှုနှင့်ပတ်သက်၍ အရည်အသွေးနှင့် အထွက်နှုန်းတိုးစေရန် လုပ်ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၈ | ၉၇၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၄ | ၇၆၄ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၆၆ | ၁၂၈၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၂ | ၃၀. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၅ | ၁၅၈ | ကျပ် |

၂၀၁၃ စက်တင်ဘာ ၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၉၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၈၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၉. ၁၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၂၀၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၅. ၂၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၃၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၉၁. ၉၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၃၂၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၁၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၄၂၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၃၄ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၉ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၈၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၄၉၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၄၀၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၃. ၂၆၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၈၇. ၅၀ |
| ရေနံစိမ်း | စည် | ၁၁၅. ၈၈ |
| ငွေ | အောင်စ | ၂၃. ၈၂ |
| ကြေးနီ | ပေါင် | ၃. ၂၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ စက်တင်ဘာ ၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# မြန်မာ့ပင်လယ်ပြင်တွင် နိုင်ငံခြားငါးဖမ်းသင်္ဘောများအား ဖမ်းဆီးခွင့်လိုင်စင်ချပေးမည် မဟုတ်ဟုဆို

**သန်းဒွေး**

**ရန်ကုန်၊စက်တင်ဘာ-၈**

ဘဏ္ဍာနှစ်အသစ်တွင် နိုင်ငံခြားငါးဖမ်းသင်္ဘောများအား မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးခွင့်လိုင်စင်ချပေးတော့မည်မဟုတ်ကြောင်း သတင်းရရှိသည်။

၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်တွင် နိုင်ငံခြားငါးဖမ်းသင်္ဘောများ မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးခွင့် သက်တမ်းကုန်ဆုံးသော်လည်း နောက်ထပ်ငါးနှစ် တိုးတောင်းခြင်းကို ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များက ကန့်ကွက်ခြင်းကြောင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက သက်တမ်းတိုးမပေးရန် ဆုံးဖြတ်လိုက်သည်။

"အခြားနိုင်ငံတွေကို ငါးဖမ်းခွင့်မပြုတော့ဖို့ ဆုံးဖြတ်တာကို ပြည်သူ့လွှတ်တော်က တင်ပြဖို့မလိုတော့ဘူးဆိုရင်လည်း ကိုယ့်နိုင်ငံသားတွေ အလုပ်အကိုင်အတွက် ဒီအတိုင်းပဲ လုပ်ပါလို့ အကြံပြုပါတယ်"ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကဦးသူရရွှေမန်းကပြောသည်။

မြန်မာ့ပင်လယ်ပြင်တွင် နိုင်ငံခြားငါးဖမ်းသင်္ဘောအစီး ၃၀၀ အထိ ခွင့်ပြုသော်လည်း ထိုထက်ပိုမိုစွာ ငါးခိုးဖမ်းနေခြင်းကြောင့် ငါးသယံဇာတလျော့လာပြီး တိုင်းရင်းသားများ၏ အလုပ်အကိုင်နှင့် စီးပွားရေးကို ထိခိုက်လာကြောင်း မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း တွဲဘက်အတွင်းရေးမှူး ဦးအောင်သန်းဦးက ပြောသည်။

နိုင်ငံခြားငါးဖမ်းသင်္ဘော ၃၀၀ မှ ငါးဖမ်းဆီးခွင့်ပြုခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်လျှင် နိုင်ငံတော်မှ ကန်ဒေါ်လာ ၁၂ သန်းအခွန်ငွေရရှိသော်လည်း ၎င်းနှင့်မကာမိဘဲ နိုင်ငံသားများ အလုပ်အကိုင်ဆုံးရှုံးမှုနှင့် နိုင်ငံ့သယံဇာတများ အလွန်အမင်းဆုံးရှုံးနေကြောင်း ဦးအောင်သန်းဦးကပြောသည်။




# အိန္ဒိယအဝယ်နည်းလာ၍ ပဲဈေးများ ဆက်တိုက်ကျ



ဓာတ်ပုံ - ကျော်ဇင်သန်း

**ဇိုဟေဆာ**

**ကလေး၊ စက်တင်ဘာ-၇**

ကမ္ဘာ့ငွေကြေးလဲလှယ်မှု ဈေးကွက်တွင် ရူပီးဈေးနှုန်းဖောင်းပွနေခြင်းကြောင့် အိန္ဒိယ- မြန်မာပဲကုန်သွယ်မှု ထိခိုက်လာပြီး ပဲဈေးနှုန်းများ နှစ်ပတ်အတွင်း တစ်ဟုန်ထိုးကျဆင်းလျက်ရှိကြောင်း သတင်းရရှိသည်။

ရူပီးငွေကြေး ဖောင်းပွနေပြီး အိန္ဒိယနိုင်ငံတွင် ပဲပေါ်ချိန်ဖြစ်နေခြင်းကြောင့် မြန်မာ့ပဲများကို ဝယ်ယူမှုလျော့နည်းနေခြင်းကလည်း ပဲဈေးများကျဆင်းစေသည့်အချက်ဖြစ်ကြောင်း ဈေးကွက်မှ သိရသည်။

ပဲပို့ကုန်ဈေးနှုန်းများမှာ နှစ်ပတ်အတွင်း မတ်ပဲတစ်တန်လျှင် ကန်ဒေါ်လာ ၃၀ ခန့်ကျဆင်းသွားပြီး ပြည်တွင်းပဲဈေးများမှာလည်း ပို့ကုန်အဓိက ပဲနှစ်မျိုးဖြစ်သော မတ်ပဲနှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ် ၃၅,၀၀၀ ဝန်းကျင်သို့ ကျဆင်းလာကြောင်း သတင်းရရှိသည်။ စက်တင်ဘာလသည် အိန္ဒိယနိုင်ငံ၌ ပဲပေါ်သည့်ကာလဖြစ်သဖြင့် ယခင်နှစ်များတွင် ပုံမှန်ဝယ်လိုအားရှိသော်လည်း ယခုနှစ်တွင် အိန္ဒိယသွင်းကုန်သမားများမှာ ရူပီးငွေဈေးနှုန်းအနေအထားစောင့်ကြည့် ခန့်မှန်းနေခြင်းကြောင့် ဝယ်ယူမှုတုံ့နှေးနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ရူပီးငွေလဲဈေးနှုန်းများသည် ဩဂုတ်လလယ်ပိုင်းတွင် တစ်ဒေါ်လာလျှင် ၆၁ ဒသမ ၃၇ ရူပီးသာရှိရာမှ ယခုစက်တင်ဘာလတွင်တစ်ဒေါ်လာလျှင် ၆၈ ဒသမ ၂၃ ရူပီးအထိ ဖောင်းပွလာခြင်းကြောင့် ပဲဝယ်ယူတန်ဖိုး တစ်ဒေါ်လာအပေါ်တွင် ရူပီးငွေပေးချေရမှုများလာခြင်းဖြစ်ကြောင်း ဈေးကွက်မှ သတင်းရရှိသည်။ ယင်းအခြေအနေများကြောင့် အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်များသည် မြန်မာ့ပဲဝယ်ယူရာတွင် ဈေးနှုန်းလျှော့ချလာသဖြင့် ပဲဈေးများလည်း ကျဆင်းလာခြင်းဖြစ်သည်။ မြန်မာပို့ကုန်လုပ်ငန်းရှင်များမှာလည်း ဈေးမကိုက်သဖြင့် ပြည်တွင်းဝယ်ယူမှုအား ဈေးနှုန်းလျှော့ချလာရာ ပြည်တွင်းပဲဈေးများ ကျဆင်းလာသည်။

မြန်မာ့ပဲ ပို့ကုန်ဈေးကွက်အနေဖြင့်လည်း ပဲတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းခန့်မှာ အိန္ဒိယနိုင်ငံသို့သာတင်ပို့နေရခြင်းဖြစ်ရာ ပဲဝယ်ယူမှုဈေးနှုန်းကျဆင်းနေသော်လည်း အခြားဈေးကွက်သို့ပြောင်းလဲတင်ပို့နိုင်ခြင်းမရှိကြောင်း သိရသည်။

ပြည်တွင်းပဲဈေးများမှာ ဩဂုတ် ၂၆ ရက်တွင် မတ်ပဲတစ်တန်လျှင် ကျပ် ၅၀၆,၀၀၀ နှင့် ပဲစင်းငုံ RC တစ်တန်လျှင် ကျပ် ၅၆၆,၀၀၀ ဈေးများမှ စက်တင်ဘာ ၆ ရက်တွင် မတ်ပဲတစ်တန်လျှင်ကျပ်၄၆၉,၀၀၀ နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ် ၅၃၆,၀၀၀ ဈေးများသို့ ကျဆင်းလာကြောင်း ပြည်တွင်းပဲကုန်သည်တစ်ဦးထံမှ သိရသည်။

7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013






AFP

# လက်နက်တပ်ဆင်ပြီး အရှက်ရအောင်လုပ်ပါ

**ကြည်နေဝင်းမင်း**

မစ္စတာအိုဘားမားရဲ့အဖွဲ့ဟာ ဆီးရီးယားမူဝါဒနဲ့ပတ်သက်ပြီး သိသိသာသာ ရုန်းကန်နေရပါတယ်။ ဒါပေမဲ့လည်း မျှမျှတတပြောရရင် ဒီပြဿနာဟာ နက်နဲရှုပ်ထွေးတဲ့ပြဿနာပါ။ ကျွန်တော်တို့မူဝါဒတုံ့ပြန်မှုတစ်ရပ်လိုအပ်ပါတယ်။ ဒီမူဝါဒဟာ ဆီးရီးယားက နောက်ထပ်ဓာတ်ငွေ့နဲ့ တိုက်ခိုက်တာကိုတော့ တားဆီးနိုင်ရပါမယ်။ အမေရိကန်ကိုလည်း ဆီးရီးယားပြည်တွင်းစစ်ဝဲဂယက်ထဲ တဝဲလည်လည်မဖြစ်စေတဲ့မူဝါဒဖြစ်ရပါမယ်။ တစ်ချိန်တည်းမှာ ဆီးရီးယားနိုင်ငံဟာ ဓာတုလက်နက်တွေနဲ့အတူ ရုတ်တရက်ပြိုလဲပျက်စီးမသွားဖို့လိုအပ်ပါတယ်။ ဒါ့ထက်ဆိုးတာက ဆီးရီးယားအစိုးရအင်အားတောင့်တင်းပြီး ဟစ်ဘိုလာနဲ့ အီရန်တို့ကို အားကောင်းလာစေတာမျိုးမဖြစ်ဖို့လိုပါတယ်။ သို့သော်လည်း ယခုအခါ သမ္မတအိုဘားမားမှာ မှားယွင်းတဲ့ မဟာဗျူဟာရှိနေပုံရပါတယ်။ အိုဘားမားက ဆီးရီးယားစစ်ရေးပစ်မှတ်တွေကို တစ်ကြိမ်တည်း ဒုံးကျည်တွေနဲ့ပစ်ခတ်ပြီး ‘ထိတ်လန့်၊ မှင်တက်’ (Shock and awe) စေတဲ့နည်းအတွက် ကွန်ဂရက်ထောက်ခံမှုရဖို့လုပ်နေတယ်။ မဟာဗျူဟာအမှန်ကတော့ ‘လက်နက်တပ်ဆင်၊ အရှက်ရအောင်လုပ်’ (arm and shame)နည်းလမ်းပဲ ဖြစ်ပါတယ်။

ရှင်းပြပါရစေ။ ဆီးရီးယားအစိုးရက ကလေးငယ်ပေါင်း ၄၀၀ ကျော် အပါအဝင် အရပ်သား ၁,၄၀၀ ကို အဆိပ်ဓာတ်ငွေ့နဲ့ သတ်ဖြတ်ခဲ့တာကိုအမေရိကန်က တုံ့ပြန်သင့်သလားလို့ မေးခွန်းထုတ်ရာမှာ ကျွန်တော့်ကို တက်ကြွလှုပ်ရှားသူတွေဘက်ကို ထည့်လိုက်ပါ။ အဆိပ်ဓာတ်ငွေ့အသုံးပြုမှု တစ်ကမ္ဘာလုံးမှာ ခွဲခြားမှုမရှိဘဲ ပိတ်ပင်ထားတာကို ကမ္ဘာကြီးက တုံ့ပြန်မှုမလုပ်ဘူးဆိုရင် ကမ္ဘာမြေဟာ အလွန်အန္တရာယ်ပြွမ်းတဲ့နေရာ ဖြစ်သွားပါလိမ့်မယ်။ ဒါနဲ့အတူ အမေရိကန်နိုင်ငံသာလျှင် ဒါကိုထက်ထက်မြက်မြက် ဦးစီးဦးဆောင်နိုင်ပါတယ်။ ရုရှားနဲ့တရုတ်နိုင်ငံတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အဓိပ္ပာယ်မဲ့အောင်လုပ်လိုက်ပါတယ်။ ဥရောပဆိုတာက စစ်သမိုင်းပြတိုက်ကြီးဖြစ်နေပြီ။ အာရပ်အဖွဲ့ချုပ်ကတော့ တန်ဖိုးမဲ့တယ်။ အခြားအဖွဲ့တွေကတော့ပွဲကြည့်ပရိသတ်သက်သက်ပါ။ ကျွန်တော်တို့က ရှေ့မှာတစ်ဦးတည်း ကျွံထွက်နေပြီ။ ဒီလို ကျွန်တော်တို့ ဖြစ်ချင်မှဖြစ်ချင်ပါလိမ့်မယ်။ ဒါပေမဲ့အဲဒီမှာရောက်နေပြီ။ ဒါဆို ဦးဆောင်ရပါတော့မယ်။

ဒါပေမဲ့လည်း ဆီးရီးယားစစ်ပွဲအတိုင်းအတာနဲ့ဒီအနေအထားကို ထိန်းသိမ်းဖို့ဆိုတာ ရိုးရှင်းတဲ့ကိစ္စမဟုတ်ပါဘူး။ ဒီလိုစဉ်းစားကြည့်ပါ။ အားလုံးတစ်စုတစ်စည်းတည်းဖြစ်၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံရှိတဲ့ ဆီးရီးယားနိုင်ငံပေါ်ထွက်လာဖို့ဆိုတာ နိုင်ငံတကာစစ်တပ်ကြီးတစ်တပ်ဝင်လာ၊ နိုင်ငံကိုလွှဲပြောင်းရယူ၊ လက်နက်တွေအားလုံးကို တစ်ဦးတည်းပိုင်လုပ်၊ လူအားလုံးသဘောတူတဲ့ အုပ်ချုပ်ရေးကြာရှည်တဲ့ အသွင်ကူးပြောင်းမှုကို ကြီးကြပ်ဆိုတာမျိုးပါ။ လောလောဆယ် ဒါမျိုးကို ဆီးရီးယားတွေ သူ့ဘာသာသူ မလုပ်နိုင်ပါဘူး။ ဒါပေမဲ့လည်း အဲဒီလိုတပ်ဖွဲ့မျိုးဆိုတာ ဒီဘက်ရာစုနှစ်မှာ မဖြစ်နိုင်တော့ပါဘူး။ အဲဒီလိုနည်းလမ်းမျိုးဟာ ဘယ်လောက်ခက်ခဲတယ်ဆိုတာကို အီရတ်နိုင်ငံက သက်သေပြပြီးပါပြီ။

ဒါကြောင့် ဆီးရီးယားနိုင်ငံအတွက် ဖြစ်နိုင်ခြေအရှိဆုံးကတော့ တစ်နည်းနည်းနဲ့ ပိုင်းခြားရခြင်းဖြစ်ပါလိမ့်မယ်။ အာဆတ်ကိုလိုလားတဲ့ အာလာဝိုက်လူမျိုးတွေစိုးမိုးတဲ့ ဆီးရီးယားနိုင်ငံသားတွေက ဒေသတစ်ခုကို ထိန်းချုပ်ပြီး ဆွန်နီတွေနဲ့ ကာ့ဒ်လူမျိုးဆီးရီးယားတွေက ကျန်တဲ့ဒေသတွေကိုထိန်းချုပ်ထားတယ်။ ဒါပေမဲ့ ဆွန်နီတွေမှာလည်း အနောက်ကိုလိုလားပြီး ဘာသာရေးနဲ့ နိုင်ငံရေး ခွဲခြားထားလိုတဲ့ ဆီးရီးယားလွတ်မြောက်ရေးတပ်ဖွဲ့ (Free Syrian Army)နဲ့အစ္စလာမ်မစ်တွေကို လိုလားပြီး အယ်လ်ကိုင်ဒါလိုလားတဲ့ နူဆာရာတပ်ဦးလိုအဖွဲ့တွေဆိုပြီး ရှိနေတယ်။

ဒါကြောင့် သမ္မတဘာရှားအာဆတ်ရဲ့ ဓာတ်ငွေ့အသုံးပြုတိုက်ခိုက်တာကို တုံ့ပြန်ဖို့ အဓိကနည်းလမ်းဟာ အာဆတ်တပ်ဖွဲ့တွေအပေါ် ဒုံးကျည်တွေနဲ့ပစ်ခတ်တိုက်ခိုက်တာမဟုတ်ဘဲ ဆီးရီးယားလွတ်မြောက်ရေးတပ်ဖွဲ့ကို သူတို့တောင်းဆိုတဲ့ သံချပ်ကာယာဉ်၊ လေကြောင်းရန် ကာကွယ်တဲ့ လက်နက်တွေပါပေးပြီး လက်နက်တပ်ဆင်၊ လေ့ကျင့်သင်ကြားပေးခြင်းပါပဲ။ ဒီနေရာက ကောင်းကျိုးသုံးမျိုးရနိုင်ပါတယ်။ ပထမတစ်ချက်ကတော့ သူပုန်တွေကို လက်နက်တပ်ဆင်ပေးခြင်းအားဖြင့် သူတို့ဆက်လက်ရပ်တည်နိုင်ပြီး အာဆတ်အစိုးရကို ရေရှည်မှာ ထိခိုက်အောင်လုပ်ဆောင်နိုင်ပါတယ်။ ဒါဆိုရင် ဆီးရီးယားနိုင်ငံကို ဗုံးကြဲလို့ အမေရိကန်ကို တစ်ကမ္ဘာလုံးက ဝိုင်းပြီးဩဘာပေးကြတာကနေလည်းလွတ်မြောက်ပါမယ်။ ဒုတိယ တစ်ချက်ကတော့ သူပုန်တွေကို လက်နက်တပ်ဆင်ပေးလိုက်ရင် သူပုန်တွေဟာ သူတို့ကိုယ်သူတို့ အာဆတ်အစိုးရဆီကနေ ထိထိရောက်ရောက် ကာကွယ်သွားနိုင်ပါမယ်။ တတိယတစ်ချက်ကတော့ သူပုန်တွေကို လက်နက်ကောင်းတွေ တပ်ဆင်ပေးခြင်းအားဖြင့် လက်တွေ့စစ်မြေပြင်မှာ အလယ်အလတ်ဝါဒီ အတိုက်အခံအုပ်စုတွေက ဂျီးဟတ်ဝါဒီတွေအပေါ် ပိုမိုဩဇာလွှမ်းမိုးလာနိုင်ပြီး နောက်ပိုင်းမှာ မစ္စတာအာဆတ် (သို့မဟုတ်) သူ့ရဲ့မဟာမိတ်တွေကို နိုင်ငံရေးအရ အဖြေရှာဖို့ဆွေးနွေးညှိနှိုင်းဖို့ရာ ဖိအားပေးနိုင်ပါတယ်။

အဲဒါနဲ့ ဆန့်ကျင်ဘက် ဆီးရီးယားနိုင်ငံကိုလေကြောင်းကနေ အကန့်အသတ်နဲ့ ဗုံးကြဲတိုက်ခိုက်တာဟာပစ်မှတ်တွေကိုထိမှန်ရင်တောင် ကျွန်တော်တို့ဘက်က အားနည်းတယ်ဆိုတဲ့ပုံစံမျိုး ဖြစ်စေပါတယ်။ ဒါနဲ့အတူ ကျွန်တော်တို့က ဆီးရီးယားနိုင်ငံသား အများအပြားကို သတ်ခဲ့မိတယ်ဆိုရင် သူ့အဆိပ်ဓာတ်ငွေ့နဲ့ သတ်ခဲ့တဲ့ လူပေါင်း ၁,၄၀၀ ဆီကနေ ကျွန်တော်တို့ကြောင့် ထိခိုက်ခဲ့တဲ့သူတွေဆီကိုအာရုံလွှဲဖို့အာဆတ်အတွက်အခွင့်အရေးရသွားပါမယ်။ နောက်ပြီး ဆီးရီးယားကို ဗုံးကြဲလိုက်လို့ နောက်ဆက်တွဲဘာတွေဖြစ်လာမလဲဆိုတာ ဘယ်သူသိနိုင်မလဲ။

သို့သော် ကျွန်တော်တို့ရဲ့ တုံ့ပြန်မှုကို အဲဒီမှာတင်ရပ်ထားလို့မရပါဘူး။ ကျွန်တော်တို့ဟာ ရှိသမျှသံတမန်ရေးတန်ဆာပလာတွေကို အသုံးပြုပြီး အာဆတ်နဲ့ သူ့မိန်းမ အက်မာ၊ သူ့ညီ လူသတ်ကောင်မေဟာနဲ့ ဒီဓာတ်ငွေ့တိုက်ခိုက်မှုမှာ ပါဝင်ခဲ့တယ်လို့ ဖော်ထုတ်လို့ရတဲ့ အစိုးရဝန်ကြီး၊ စစ်ဘက်အရာရှိတွေကို အရှက်ရအောင် လုပ်ရပါမယ်။ ကုလလုံခြုံရေးကောင်စီရှေ့မှောက်မှာ ရှုတ်ချနိုင်ဖို့ သူတို့နာမည်တွေကို ဖော်ထုတ်တင်ပြရပါမယ်။ သူတို့ကို နိုင်ငံတကာရာဇဝတ်မှုတရားရုံး (ICC)ရှေ့မှောက်ရောက်အောင် ဆွဲခေါ်လာရပါမယ်။ သူတို့ကို နာမည်ကြီးသွားအောင် လုပ်ပစ်ရပါမယ်။ လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်မှုနဲ့ အလိုရှိနေတဲ့သူတွေဆိုပြီး ကမ္ဘာပေါ်က စာတိုက်တိုင်းမှာ သူတို့ဓာတ်ပုံတွေ ကပ်ထားရပါမယ်။

ဟုတ်ပါတယ်။ အခုအချိန်မှာ သူတို့ကို တရားဥပဒေရှေ့မှောက်ရောက်အောင်လုပ်ဖို့ အခြေအနေမရှိသလောက်ပါဘဲ။ ဒါပေမဲ့ ဒီလိုအလိုရှိသူစာရင်းသွင်းတာမျိုးဟာ ကမ္ဘာ့အသိုင်းအဝိုင်းအတွက် ဘယ်လောက်အဟန့်အတားဖြစ်စေတယ်ဆိုတာ လျှော့တွက်လို့မရပါဘူး။ သူတို့ဟာ မြောက်ကိုရီးယား၊ အီရန်နဲ့ ရုရှားရဲ့အချို့ဒေသတွေ ခရီးသွားချင်သွားနိုင်မယ်။ အဲဒီထက်မသွားနိုင်ဘူး။ အဲဒီအခြေအနေကနေ အာဆတ်ထောက်ခံသူတွေကတောင် သူတို့ဖယ်ရှားပြီး နိုင်ငံရေးအဖြေရှာတာမျိုး ဖြစ်သွားနိုင်ပါတယ်။

ကျွန်တော်တို့ရဲ့ အနီရောင်စည်းကို ကာကွယ်ဖို့ ဆီးရီးယားနိုင်ငံကိုကျွန်တော်တို့တစ်နိုင်ငံတည်းကဗုံးကြဲရင် ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေကို ပွဲကြည့်ပရိသတ်နေရာရောက်အောင် လုပ်သလိုဖြစ်ပြီး အဲဒီလူတွေ အများအပြားက ကျွန်တော်တို့နဲ့ ဆန့်ကျင်ဘက်ကို အားပေးပါလိမ့်မယ်။ ဒီဓာတ်ငွေ့တိုက်ခိုက်မှုကို ကျူးလွန်ခဲ့တဲ့လူတွေကို ကျွန်တော်တို့အရှက်ရအောင်လုပ်တဲ့အခါမှာ ကမ္ဘာကြီးကို ကျွန်တော်တို့ ဖိတ်ခေါ်နိုင်ပြီး ဒီအနီရောင်စည်းကို စာရိတ္တမျဉ်း၊ ကမ္ဘာ့မျဉ်းအဖြစ် ကူညီပြောင်းလဲနိုင်ပါတယ်။ မစ္စတာပူတင်၊ တရုတ်နဲ့ အီရန်နိုင်ငံတို့အတွက်လည်း အမေရိကန်ဗုံးကြဲတာကို ရှုတ်ချဖို့လွယ်ပါတယ်။ ဒါပေမဲ့လည်း သူတို့အနေနဲ့ဆီးရီးယားကလူအစုလိုက်အပြုံလိုက်သေစေတဲ့ လက်နက်အသုံးပြုတာကို ကာကွယ်ပြောဆိုဖို့တော့ ခက်ခဲပါလိမ့်မယ်။ ဒါကြောင့် သူတို့ကို အတင်းအကျပ်ရွေးချယ်ခိုင်းပါစို့လား။ အကောင်းဆုံးကတော့ အရှက်ရအောင်လုပ်ခြင်းဆိုတဲ့ စိတ်ဓာတ်စာရိတ္တရေးရာအရ တုံ့ပြန်မှုဟာ အကန့်အသတ်မရှိဘဲ အကန့်အသတ်မဲ့ခြင်းပါပဲ။


ပဲ့ထိန်းဒုံးကျည်တွေနဲ့အကန့်အသတ်ထား တိုက်ခိုက်မှုဟာ အိုဘားမားက သူ့ရဲ့ဂုဏ်သိက္ခာထိန်းသိမ်းဖို့ လိုအပ်ချက်နဲ့တော့ ကိုက်ညီပါတယ်။ ဒါပေမဲ့ ဒါဟာ အာဆတ်ရဲ့လုပ်ရပ်ကိုကျွန်တော်တို့ရဲ့ လုပ်ရပ်ဆိုပြီး အကြောင်းအရာပြောင်းသွားစေနိုင်တဲ့ အန္တရာယ်ရှိပါတယ်။ တုံ့ပြန်အရေးယူဖို့ သူပုန်တွေကို စွမ်းအားရှိအောင်လုပ်ပေး၊ ကမ္ဘာကြီးကိုပါအရေးယူဖို့စာရင်းပေးသွင်းခိုင်းရမယ့်အစား ဗုံးကြဲလိုက်တာဟာ ကျွန်တော်တို့ မလိုချင်တဲ့ဘက်ကို ဆွဲသွားပြီး ကျွန်တော်တို့ကိုယ်တိုင် ဒီဇာတ်လမ်းပိုင်ရှင် ဖြစ်သွားနိုင်ပါတယ်။

လက်နက်တပ်ဆင်ပေး၊ အရှက်ရအောင်လုပ် (arm and shame) ဆိုတာဟာ ဆီးရီးယားမှာ လူနဲ့သူနဲ့တူတဲ့ သူပုန်တွေကိုလက်နက်တပ်ဆင်ပေး၊ အဆိပ်ဓာတ်ငွေ့ နောက်ထပ်အသုံးပြုတာကို တားဆီး၊ အာဆတ်ကို အထီးကျန်အောင်လုပ်၊ ညှိနှိုင်းမှုလုပ်ဖို့ သူနဲ့သူ့ဘေးနားကလူတွေကို ဖိအားပေးဖို့ အကောင်းဆုံးဖြစ်ပါတယ်။ ဒါဟာ လုံးဝဥဿုံပြည့်စုံသွားပြီလား။ No ။ ဆီးရီးယားကိစ္စမှာ လုံးဝဥဿုံပြည့်စုံတယ်ဆိုတာ မီနူးစာရင်းထဲမှာကို မပါဘူး။

*—Ref: The New York Times*
*သတင်းစာပါဆောင်းပါးရှင် Thomas.L.Friedman ၏'Arm and Shame' ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်။*

7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# 7DAY BOOK REVIEW




## လေဆိပ်နှင့် လူအက်ဆေးများ

(ဆောင်းဖြူ၊ ဝင်းနော်)

"သူတို့နှစ်ယောက်၏အက်ဆေးကလေးတွေကို ဖတ်ပြီးတော့ စိတ်ထဲမှာ အေးမြမြခံစားရသည်။ ထိုအချိန်မှာ ကျွန်တော့်မျက်နှာကိုကျွန်တော် မှန်ထဲမှာ ပြန်ကြည့်မိလျှင် ကျေနပ်ကြည်နူးနေသော မျက်နှာကို ပြန်မြင်ရလိမ့်မည်ဟုထင်သည်"ဟု ဆရာမောင်ခင်မင်(ဓနုဖြူ)က အမှာစာရေးသားချီးမြှင့်ပေးထားသော စာရေးသူ ဆောင်းဖြူနှင့် ဝင်းနော် ရေးသားထားသည့် လေဆိပ်နှင့်လူအက်ဆေးများစာအုပ် ထွက်ရှိလာသည်။ ဆောင်းဖြူ၏အက်ဆေးရှစ်ပုဒ်နှင့်ဝင်းနော်၏အက်ဆေး ခုနစ်ပုဒ်တို့ကိုစုစည်းဖော်ပြထားသည်။

စာရေးသူဆောင်းဖြူနှင့် ဝင်းနော်တို့၏အက်ဆေးများမှာ လူ့ လောကတွင် ကြုံရဆုံရလေ့ရှိသော အကြောင်းအရာများကို အပေါင်းအသင်းများအား လေအေးအေးနှင့် ပြောပြနေသော သဏ္ဌာန်ရေးဖွဲ့ထားခြင်းဖြစ်ရာ စာဖတ်သူများ ရိုးရိုးရှင်းရှင်းခံစားဖတ်ရှုနိုင်သောစာအုပ်ဖြစ်သည်။ "အနေဝေးခြင်း၊ အနေနီးခြင်း၊ အယူအဆဝေးခြင်း၊ အယူအဆနီးခြင်းတို့ကို ဂရုစိုက်ဆင်ခြင်၍ နီးလွန်း၍မမြင်ရခြင်း၊ ဝေးလွန်း၍မမြင်ရခြင်းများ မဖြစ်ကြရလေအောင် ဝေဖန်ဆန်းစစ်ပြီး မိမိတို့၏ဝန်းကျင်၊ မိမိတို့ လူ့အဖွဲ့အစည်းကို အကျိုးပြုသော သူများဖြစ်ရန် ကြိုးပမ်းအားထုတ်နိုင်ရန် လိုအပ်ပေသည်"ဟု စာအုပ်တစ်နေရာတွင်ဆိုထားသည်။ ကျောက်ပန်းခက်စာပေကစီစဉ်ပြီး တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။




## ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဖျံတစ်ကောင် လွတ်နေ

(မြေမှုန်လွင်)

'ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဖျံတစ်ကောင်လွတ်နေ'ဆိုသည့် ထူးခြားသည့်အမည်ဖြင့် မြေမှုန်လွင်၏ ဝတ္ထုတိုများစာအုပ်ထွက်ရှိလာသည်။ ဝတ္ထုတိုများစာအုပ်ဆိုသည့်အတိုင်း ဝတ္ထုတိုအပုဒ် ၂၀ ကို စုစည်းဖော်ပြထားသည်။ သရဲရထား၊ စပါးကြီးမြွေသည် သတ္တဝါများကို အကောင်လိုက် မျိုချတတ်သည်။ ထိုခွေးများ၊ ခုန်ဖိနပ်၊ ကျောရိုးကို ဂျပန်ဝတ္ထုတို တစ်ပုဒ်မှယူ၍ ဇာတ်ကောင်များသည်ပြင်သစ်ဝတ္ထုမှဖြစ်ကာ ဤဝတ္ထုကြီးကို မြန်မာလိုကျွန်ုပ်ရေးသည်။ အသည်းကွဲသည် သေသည် သေသည် သေသည် သေသည် အသည်းကွဲသည်စသည့်သမားရိုးကျဟန်မှ ခွဲထွက်ကာရေးသားဟန်များကလည်းထူးခြားသည်။ လူငယ်ကဗျာဆရာ၊ စာရေးဆရာမြေမှုန်လွင်၏ လက်ရာဖြစ်သည့်အတိုင်း လူငယ်တို့၏ လွတ်လပ်စွာတွေးခေါ်ခံစားရေးသားမှုကိုဖတ်ရှုသိရှိနိုင်မည်ဖြစ်သည်။ "ဒီဝတ္ထုလေးတွေကလည်း ကျွန်တော်လုပ်ချင်တာတွေထဲက တစ်ခုပေါ့။ ဒီထက်ဘာမှမပိုပါဘူး။ အမျိုး၊ ဘာသာ၊ သာသနာတိုးတက်ဖို့တို့၊ အနုပညာ စစ်၊ မစစ် မှတ်ကျောက်တင်ခံဖို့တို့၊ မြန်မာစာပေလောကကြီး ဘာဖြစ်ဖို့၊ ညာဖြစ်ဖို့တို့၊ အာရကေခိုင်ဖို့၊ စော်ကြည်ဖို့တို့၊ ကျေးဇူးရှင်စာဖတ်ပရိသတ်ကြီး နှလုံးပီတိဂွမ်းဆီထိဖို့တို့ ဘာညာကွိကွရည်ရွယ်ချက်များနဲ့ရေးခဲ့တာမဟုတ်ပါဘူး"ဟု အမှာတွင် ရေးထားသည်။ ငါတို့စာပေက ထုတ်ဝေ ဖြန့်ချိပြီး တန်ဖိုး ၂,၀၀၀ ကျပ်ဖြစ်သည်။

# Knowledge ဗဟုသုတ

## တီဗီအဝေးထိန်းကိရိယာတွေ ပေါ်ပေါက်လာပုံ

တီဗီများကို အဝေးမှနေ၍ ထိန်းချုပ်အသုံးပြုနိုင်သော ရီမုတ်ကွန်ထရိုးများကို ၁၉၅၀ တွင် Zenith Electronics Corporation က စတင်တီထွင်ခဲ့ခြင်း ဖြစ်သည်။ ထိုပထမဆုံးရီမုတ်များကို Lazy Bones ဟုခေါ်သည်။ တီဗီနှင့် ဆက်သွယ်ထိန်းချုပ်ရာတွင်ကြိုးသွယ်ထားပြီး ယနေ့ခေတ်ကဲ့သို့ကြိုးမဲ့ကိရိယာများ မဟုတ်ပေ။ ထို့နောက် ဇင်းနစ်ကော်ပိုရေးရှင်းမှ ဒေါက်တာ ရောဘတ်အက်ဒလာက အာထရာဆိုးနစ်ခေါ် လူ့နားဖြင့် မကြားနိုင်သည့်ကြိမ်နှုန်းမြင့်အသံလှိုင်း High-frequency sound ကို အသုံးပြုသည့် ရီမုတ်များ တီထွင်နိုင်ရန် ကုမ္ပဏီမှ အင်ဂျင်နီယာအဖွဲ့တစ်ခုကို တာဝန်ပေးခဲ့ပြီး Zenith Space Command ဟု အမည်ရသည့် အသံလှိုင်းသုံး ရီမုတ်ကွန်ထရိုးများကို တီထွင်နိုင်ခဲ့သည်။ သို့သော် ထိုမူလ ရီမုတ်များမှာ ဈေးကြီးလှကာ ရီမုတ်မှလွှင့်လိုက်သော အချက်ပြလှိုင်းများကို ဖမ်းယူနိုင်ရန် တီဗီတွင် ရက်စီဗာ တပ်ထားရပြီး တီဗီ၏တန်ဖိုးကို ၃၀ ရာခိုင်နှုန်းခန့် ဈေးကြီးစေခဲ့သည်။ သို့သော် နည်းပညာပိုင်းအောင်မြင်မှုကို အခြေခံ၍ နောက်ပိုင်းတွင် ပေါ်ထွက်လာသော ရီမုတ်ကွန်ထရိုးများကို ဈေးသက်သာစွာဖြင့် ထုတ်လုပ်နိုင်ရန် လမ်းစပေးခဲ့သည်။

—*Ref: ideafinder*

# တစ်ပတ်တာကံကြမ္မာ

စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

တစ်ခုထက်ပိုသော လုပ်ငန်းများလုပ်ရန် အနေအထားရှိသည်။ အခွင့်အရေးသစ်များပေါ် ထွန်းမည်။ လုပ်ငန်းဟောင်းများပြန်လည်အပြီးသတ်နိုင်သည်။ ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းနိုင်မည်။ ငွေကြေးနှင့် ပတ်သက်ပြီး ပြောဆိုဆောင်ရွက်ခြင်းများ အောင်မြင်နိုင်သောအနေအထားရှိသည်။ မတော်တဆထိခိုက်မှုများရှိတတ်သည်။ ကျန်းမာရေးသတိရှိပါ။ ခါတိုင်းထက်ပို၍ ငွေဝင်လမ်းကောင်းသည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရည်ရွယ်ထားသည်များ ဖြစ်မြောက်အောင်မြင်အောင်ဆောင်ရွက်နိုင်သည်။ မိတ်ကောင်းဆွေကောင်းများ တွေ့မည်။ ကာလရှည်ကြာစိတ်ကူးထားသော ကိစ္စများပြီးမြောက်အောင်မြင်မည်။ မထင်မှတ်ဘဲ စုပေါင်းလုပ်ငန်းလုပ်ရမည်။ ပျိုရွယ်သူများစန်းပွင့်မည်။ မိသားစုအတွက် အလှူမင်္ဂလာကိစ္စများကြုံမည်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ခရီးကံ၊ လုပ်ငန်းကံကောင်းသည်။ ရင်းနှီးမြှုပ်နှံ၍ အကျိုးရှိမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အထူးတိုးတက်မည်။ ရည်မှန်းထားသည်များအောင်မြင်မည်။ တက်လမ်းပွင့်သော ကာလဖြစ်သည်။ ရှိရင်းစွဲ အဆင့်မှ ပိုမိုမြင့်သော ဘဝအဆင့်သို့ တိုးတက်မည်။ ကာလအတန်ကြာပိတ်နေသော လမ်းများပြန်ပွင့်မည်။ စုပေါင်း၍လုပ်သော ကိစ္စများမှ အကျိုးကောင်းစွာခံစားရမည်။ လူမျိုးကွဲ၊ ကပြားနှင့် ပတ်သက်သော ကိစ္စ များမှ အကျိုးရရှိမည်။ အလုံးစုံအောင်မြင်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဆောင်ရွက်သည့် ကိစ္စများ၊ မိမိလိုလားချက်များ၊ ပြည့်စုံအဆင်ပြေမည်။ ခက်ခဲသော ကိစ္စများဖြေရှင်းနိုင်မည်။ ဝင်ငွေကောင်းမည်။ ဥစ္စာတိုးပွားမည်။ အပြိုင်အတိုက်အခံများကျော်လွှားနိုင်မည်။ သူတစ်ပါးကြောင့် မိမိထံတွင် ကျရောက်နေသော စိတ်အနှောင့်အယှက်များကင်းဝေးမည်။ မိသားစုပိုင် သူတစ်ပါးလက်သို့ရောက်နေသော ငွေ၊ ပစ္စည်းများလက်ဝယ်ပြန်ရမည်။ သူတစ်ပါးကတိယုံစား၍ မရပါ။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရည်မှန်းထားသည်များကို လက်တွေ့အကောင်အထည်ဖော်၍ အထူးကောင်းသော လဖြစ်သည်။ လုပ်ငန်းခွင်မှ သူများအဖို့ အလုပ်အောင်မြင်မည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့မြှုပ်နှံထားသောငွေများမှ အကျိုးအမြတ်ရရှိမည်။ မိတ်ဆွေအကြီးအကဲအထောက်အကူရရှိမည်။ ခရီးသွား၍ကောင်းသည်။ အလုပ်သစ် ရှာဖွေလုပ်ကိုင်၍ အဆင်ပြေမည်။ မိသားစုနှင့် ပတ်သက်သော ကောင်းသတင်းများရရှိမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ပေါ်ပေါက်လာသော အခွင့်အရေးများကို လက်လွှတ်ပေးရန်မသင့်။ မေတ္တာကံမြင့်မားနေသည်။ ၅၊၂၊၈၊၁၅၀၀ အလုံးစုံကောင်းသည်။ အလွန်စိတ်ပင်ပန်းမည်။ သို့သော်ပင်ပန်းရကျိုးနပ်မည်။ တစ်ပါးသူအပေါ် မိမိ စေတနာနှင့် ကူညီသည်မှ ထူးခြားသော အကျိုးဆက်များရရှိမည်။ စိတ်အနှောင့်အယှက်များ၊ ရန်အတိုက်အခံများ ကြုံတွေ့ရမည်။ ကြုံနေသော အခက်အခဲများကင်းစင်မည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ငွေကြေးကံကောင်းမည်။ လုပ်သော အလုပ်အဆင်ပြေမည်။ သူတစ်ပါးကို အားကိုးခြင်းထက် အရာရာကိုယ်တိုင်ဆောင်ရွက်၍ အဆင်ပြေမည်။ စုဆောင်းထားသောငွေများတစ်ပြိုင်တည်းသုံးစွဲရမည်။ လက်ဝယ်ရထားပြီးမှ အခွင့်အရေးကောင်းများဆုံးရှုံးတတ်သည်။ စိတ်ရှည်သည်းခံမှုဖြင့် ပြန်လည်အဆင်ပြေမည်။ အပြောအဆိုဂရုစိုက်ပါ။ လက်လွှန်ထားသည်များ ပြန်လည်ရရှိမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပြဿနာတစ်ခုဖြေရှင်းအောင်မြင်မည်။ ကိုယ်စုထားသော ငွေ၊ သူတစ်ပါးကောင်းကျိုးအတွက် သုံးစွဲပေးရမည်။ ပျိုရွယ်သူများအဖို့အလွန်စန်းကောင်းသည်။ လုပ်ငန်းခွင်မှ သူများအဖို့ အထူးအောင်မြင်မည်။ မိမိ၏ အမည်ကို အလွဲသုံးစားပြုသူများနှင့် တွေ့ရတတ်သည်။ ကိုယ်လုပ်လိုသည်ကတစ်ဖက်၊ မိသားစုအပေါ် ဦးစားပေးသည်က တစ်ဖက်၊ နှစ်ဖက်ကြားစိတ်ပင်ပန်းနေရမည်။ မျက်နှာပွင့်လန်းမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကိုယ်ရေးကိုယ်တာထက် တစ်ပါးသူအရေးကို ဦးစားပေးနေရမည်။ မလိုမုန်းထား၊ မနာလို၊ အပြိုင်အတိုက်အခံ ပြုသူများနှင့်ထိပ်တိုက်တွေ့နေရတတ်သည်။ ရည်မှန်းထားသည်များအကောင်အထည်ဖော်ရာ၌ အလွယ်တကူမရှိ၊ ခက်ခက်ခဲခဲအကောင်အထည်ဖော်ရမည်။ တစ်ပါးသူ ဝေဖန်တားဆီးနေသည့်ကြားမှ ဇွတ်လုပ်၍ အကျိုးကောင်းများရရှိမည်။ စိတ်မပါဘဲလုပ်နေရသည့် လုပ်ငန်းများတွင် အချိန်ကုန်ငွေကုန်ဖြစ်နေရဦးမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

တိုးတက်မှုများရှိမည်။ အကြံအစည်အောင်မြင်မည်။ ကိုယ်ရေးကိုယ်တာထက် သူတစ်ပါးကိစ္စဆောင်ရွက်ရင်း ကိုယ့်အတွက်ကောင်းခြင်းကြုံမည်။ သူတစ်ပါးမတွေးသော၊ မလုပ်သော လမ်းကြောင်းမှ ထိုးဖောက်၍ ကောင်းသော တိုးတက်မှုရရှိမည်။ ငွေအပေးအယူသတိရှိပါ။ နေရာအပြောင်းအလဲကိစ္စဆောင်ရွက်အောင်မြင်မည်။ စာရွက်စာတမ်းကိစ္စများတွင် သတိနှင့် ယှဉ်၍ ဆောင်ရွက်ပါ။ အလုပ်အကြံအောင်မြင်မည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ပြောင်းလဲခြင်း၊ တိုးတက်ခြင်းရှိမည်။ စိတ်ကူးသစ်များ လက်တွေ့ဆောင်ရွက်နိုင်သည်။ ပေါ်လာသည့် အခွင့်အလမ်းများကို ရဲရဲတင်းတင်းလက်ခံရန် သင့်သည်။ ရုတ်တရက်ငွေအကုန်အကျများခြင်းအား နှစ်ကြိမ် (သို့) လေးကြိမ်ကြုံမည်။ အရောင်းအဝယ်ကိစ္စအလောတကြီးလုပ်၍ စိတ်အနှောင့်အယှက်ကြုံမည်။ ထွက်ပေါက်ရှာပြီး ငွေကုန်မည်။ လိုရာပြည့်မြောက်ခြင်း၊ ဆောင်ရွက်သမျှ အောင်မြင်ခြင်းများ ကြုံမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ကောင်းသော အခွင့်အရေးနှင့် အပြောင်းအလဲများပူးတွဲကြုံမည်။ လက်တွင်ရှိသော ငွေကြေးပမာဏထက်ပို၍ သုံးစွဲရကိန်းကြုံမည်။ ရဲရဲတင်းတင်းရှေ့တိုးဆောင်ရွက်ပါ။ ဉာဏ်ကစား၊ စွန့်စား၍ လုပ်ကိုင်ကာ ငွေဝင်ကိန်းပေါ်မည်။ အိမ်တွင်မကြာခဏဆူပူခြင်းကြုံမည်။ ထူးထူးခြားခြားငွေဝင်ကိန်းကြုံမည်။ ပူးတွဲလုပ်ကိုင်နေသူများနှင့် လမ်းခွဲ၍ လူသစ်များနှင့် လုပ်ကိုင်ရတတ်သည်။ အစားအသောက်သတိရှိရမည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၅၀)

## အလျားလိုက်

၂။ အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ တွေ့ဆုံပွဲ လုပ်ပေးသောအဖွဲ့
၄။ အင်္ဂလန်နိုင်ငံအလယ်ပိုင်းမှ ဒေသတစ်ခု
၆။ ဇာစ်မြစ်ဟု မြန်မာမှုပြုထားသောစာအုပ်ကို မူရင်းရေးသားသူ
၈။ ၂၃ လိုင်းမြောက် မြန်မာတွင် ပျံ့သန်းသောလေကြောင်း
၁၁။ အာဆီယံတွင် မြန်မာဗိုလ်စွဲသော နယ်ပယ်တစ်ခု
၁၂။ ဆီးချိုရောဂါ အန္တရာယ်ဖြစ်နိုင်သော အကြောင်းရင်းတစ်ခု

## ဒေါင်လိုက်

၁။ ယခုနှစ်တွင် ဥပဒေ ၂၀ ခုခန့် ပြင်ဆင်မည့် ဝန်ကြီးဌာန
၃။ ရဲတပ်ဖွဲ့အဓိကလုပ်ရသော တာဝန်တစ်ခု
၅။ မြန်မာတွင် အခမဲ့လာရောက်ဆေးကုပေးမည့် တောင်ကိုရီးယားဆရာဝန်များ
၇။ ဆီးဂိမ်းတွင် လာရောက်မည့်သူများ
၉။ လားရှိုးနှင့် မူဆယ်တွင် ထုတ်လုပ်မည် ဆိုသောအရာ
၁၀။ ကုန်စည်ဒိုင်ရှိသော မြို့တစ်မြို့



### Smart Dictionary ကံထူးသူ

၁။ ဒေါ်မြင့်မြင့်ကြည်၊၁၃/တကန(နိုင်)၀၆၅၉၉၀ အမှတ်(၁၄)၊ ဗိုတောက်ပင်လမ်း၊ ကြည့်မြင်တိုင်။

### ကျန်အဖြေမှန်သူများ

၂။ မမေဇင်ထွန်း၊ ၅/ငဇန(နိုင်)၀၆၅၇၅၇
၃။ အေးချမ်းမောင်၊ ၁၃/ညရန(နိုင်)၁၁၃၁၀၉
၄။ မေသဥ္ဇာမောင်၊ ၈/ခမန(နိုင်)၁၈၅၉၂၆
၅။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀
၆။ မသန္တာအောင်၊ ၉/လဝန(နိုင်)၁၆၄၀၇၇
၇။ ကိုနန္ဒအောင်ဆွေ၊ ၅/ရဘန(နိုင်)၀၀၀၅၁၃

### ပဟေဠိ အမှတ်စဉ်(၂၄၉)အဖြေမှန်




အမည် ........................................ မှတ်ပုံတင်အမှတ် ........................................

နေရပ်လိပ်စာ ........................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၂၁) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဗဟုသုတ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၃-၉-၂၀၁၃ သောကြာနေ့ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

**မြေကွက်ရောင်းမည်**

အကွက်အမှတ်(၅၂၇)၊ ဗိုလ်အောင်ကျော်လမ်းနှင့် လယ်သမားလမ်းထောင့်၊ အပြင်ပဒံ၊ လှိုင်သာယာ၊ ပေ (၄၀×၆၀)၊ ပါမစ်ရပြီး။ (သိန်း-၂၀၇)
ဖုန်း-၀၉-၄၂၀၀၃၂၀၈၆

**သင်ကြားသည်**

သူငယ်တန်းမှ အဋ္ဌမတန်းအထိ ဘာသာစုံ (သို့) တစ်ဘာသာချင်း Guide လုပ်ပေးသည်။ အိမ်လိုက်သင်သည်။ (မင်္ဂလာတောင်ညွန့်၊ တာမွေမြို့နယ် အနီး)။ ဖုန်း-၀၉-၃၁၄၁၇၉၁၉

**ရောင်းမည်**

မဟာစည်ရိပ်သာလမ်း၊ စတုရန်းပေ (၂၆၀၀)၊ ဘိုးဘွားပိုင်အမည်ပေါက်။ သိန်း-၆၅၀၀၊ ဖုန်း-၀၉-၄၃၀၈၃၇၈၁

**ကွန်ဒိုငှားရမ်းမည်**

စတုရန်းပေ(၁၄၀၀)၊ 1MB ၊ 2BR ၊ လှည်းတန်းလမ်းအနီး၊ ပရိဘောဂနှင့် အိမ်သုံးပစ္စည်းများ အပြည့်အစုံပါရှိသည်။ (နိုင်ငံခြားသားသီးသန့်)
ဖုန်း-၀၉-၄၃၀၈၃၇၈၁

**Study Guide**

Grade 6 to 11
ကိုနောင်နောင် (B.C.Sc(Hons))
ဖုန်း-၀၉ ၃၁၁၄၆၁၇၇

**ဆရာ Jhonny**

ဆယ်တန်းကျောင်းသားများနှင့် International School ကလေးများအတွက် English နှင့် အခြားဘာသာများကို အိမ်တိုင်ရာရောက်သင်ကြားပေးပါသည်။
ဖုန်း- ၀၉ ၄၂၀၁၈၅၈၂၃

**Guide**

၈၊ ၉၊ ၁၀တန်း ဘာသာစုံ (သို့) တစ်ဘာသာချင်း Guide လုပ်ပေးသည်။ ဂုဏ်ထူး၊ အာမခံ၊ မေးခွန်း ဟောင်းလေ့ကျင့်ပေးသည်။ ဖုန်း- ၀၉ ၄၂၀၀၇၃၄၈၈

**Ever Stand**

ကိုရီးယား (EPS-TOPIK)စာမေးပွဲ အတွက် သီးသန့် ခုနစ်ယောက်ဝိုင်းများ။
ဖုန်း- ၀၉ ၄၃၁၀၇၄၀၂

**Study Guide**

၁၀ တန်းဘာသာစုံ ဂိုက်လိုပါက ဆက်သွယ်နိုင်ပါသည်။ (ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာမြို့နယ်များ)
တစ်ဘာသာ- ၁၂၀၀၀
ဖုန်း- ၀၉ ၂၅၆၀၁၆၆၅၉

**OIEC (LMD)**

Sec 2,3&4/grade 8,9&10 ကျောင်းသားများ OIEC တစ်ခုတည်းတွင် IGCSE ကို 1yr တက်ပြီး ဘာသာစုံဂုဏ်ထူးနှင့် ထူးချွန်စွာ နှစ်ချင်းပေါက်ခဲ့ပါသည်။
ဖုန်း- ၀၉ ၇၃၂၅၅၂၈၁

**Teaching and Guide**

သူငယ်တန်းမှ ၈ တန်းထိဘာသာစုံ၊ ၉၊ ၁၀တန်း Myan, Eng,Bio သင်ကြားပေးသည်။ Guide လုပ်သည်။
ဖုန်း- ၀၉ ၄၂၀၁၇၉၃၃၂

**Pre Kg Kg**

International School မှ ကျောင်းသားနှင့် Grade I မှ V ကျောင်းသားများလက်ရေးလက်သားကောင်းမွန်ရန်နှင့် ဘာသာစုံ အခြေခံကောင်းများရရှိစေရန် အိမ်အရောက်သင်ကြားပေးပါသည်။
ဖုန်း- ၀၉ ၃၁၀၄၅၆၉

**ဂျပန်ဘာသာစကားသင်တန်း**

အခြေခံ 4 skills သင်တန်းများ၊ စကားပြောသင်တန်းများ၊ kanjiသီးသန့်သင်တန်းများ၊ JILT & NAT-TEST Exam Practise တန်းခွဲများ။ ဖုန်း- ၀၉ ၄၂၁၀၂၄၈၆၁

**ဆရာမခင်အေးအေးခိုင်**

၉၊ ၁၀တန်း English Text,Grammar ၁၀ တန်းအောင် ဘွဲ့ရ၊ ဘွဲ့ကြိုနှင့် လုပ်ငန်းခွင်ဝင်သူများအတွက် English 4 Skills ကို အိမ်အရောက်အထူး သင်ကြားသည်။
ဖုန်း- ၀၉ ၄၂၀၀၄၆၉၅၂

**သင်ကြားပေးသည်**

အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် International ကျောင်းများမှ Pre School, Young Learners ကျောင်းသား/သူများကို English စာ သီးသန့်သင်ကြားပေးသည်။ ဖုန်း- ၀၉ ၄၂၁၀၄၈၂၆၉

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်းများအတွက် သင်္ချာ၊ ရူပဗေဒအထူးသင်ကြားပေးသည်။
ဖုန်း-၀၉ ၄၂၁၀၅၄၀၃၄

**ရောင်းမည်**

ဗဟန်း၊ ပြည်ထောင်စုလမ်း ပေ(၈၀× ၁၀၀)၊ ဘိုးဘွားပိုင်။
ရောင်းဈေး-1sqft-3L
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ငှားမည်**

၄၂လမ်း၊ မြေညီ၊ ပေ(၁၆×၄၀)၊ ငှားမည်။
ဖုန်း- ၀၉ ၅၀၀၅၈၁၇

**ရောင်းမည်**

မ/ဒဂုံ(၃၀)ရပ်ကွက်၊ သခင်ဗစိန်လမ်းမကြီးပေါ်၊ 2BN ပေ(၄၀×၆၀)၊ ဂရန်။
ရောင်းဈေး-1200L
ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**Unique colours Computer Service**

ကွန်ပျူတာများကို Network ချိတ်ခြင်းနှင့် Computer Maintenance & Services များကို လစဉ်ဆောင်ရွက်ပေးသည်။
ဖုန်း- ၀၉ ၄၂၁၀၈၆၈၅၃

**ကွန်ပျူတာ တပ်ဆင်ပြုပြင်ခြင်း**

Software Instauation, System services, virus clean & system clean Network Installation & services PC-4500 ks.
PH: 09 31058583

**ဝန်ဆောင်မှု**

Computer Service Customized Software Service Web Site Service များအတွက်။
ဖုန်း-၀၉ ၄၃၀၂၆၄၄၃

**အိမ်အရောက် ပန်းချီပညာသင်တန်း**

ပန်းချီပညာကို အခြေခံမှစကာ သင်ကြားပေးသည်။
ဖုန်း- ၀၉ ၄၂၀၁၄၈၆၆

**ZN Satallite Group**

စလောင်းအမျိုးမျိုး ပြုပြင်တပ်ဆင်ပေးသည်။
ဖုန်း-၀၉-၇၃၁၂၂၅၈
၀၉-၄၃၀၈၄၃၉၈

**ရောင်းမည်**

ဗဟန်း၊ ဆရာစံလမ်းမ ပေ(၁၀၈×၉၀) ဂရန်မြေ၊ ရောင်းဈေး-1sqft=6.5L
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

မရမ်းကုန်း၊ မင်းဓမ္မလမ်း ပေ (၅၀×၈၀) 2RC,4MBR,ဂရန်၊ အဆင့်မြင့်ပြင်ပြီး။
ရောင်းဈေး-11000L
ဖုန်း-၀၉၇၃၁၄၇၇၉၃

**'အာလားလား ရေခဲမုန့်'**

အလှူ မင်္ဂလာဆောင်အမျိုးမျိုးအ တွက် အော်ဒါများ မှာယူနိုင်သည်။
ဖုန်း-၀၉-၇၃၁၂၂၅၈
၀၉-၄၃၀၈၄၃၉၈

**ဆက်သွယ်နိုင်သည်**

တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်လိုသောကြောင့် နေရာအကွက်ကောင်းသော မြေနေရာများအလိုရှိသည်။ မြေပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉ ၄၀၁၆၀၀၄၄၄

**ရောင်းမည်**

ဗဟန်း၊ ရွှေဂုံတိုင်လမ်းမပေါ် ပေ (၅၀× ၁၂၅)၊ ဂရန်မြေ။
ရောင်းဈေး-1sqft=5L
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ဝယ်လိုသည်**

လေးထောင့်ကန်(စိုက်/ခင်း)၊ မြေကွက်များဝယ်လိုသည်။
ဖုန်း- ၀၉ ၇၃၁၁၈၂၀၈

**ရောင်းမည်**

ရန်ကင်း၊ သစ္စာလမ်းမ၊ ပေ (၃၀×၇၅)၊ 2 BN ဘိုးဘွားပိုင်။ ရောင်းဈေး-7000L
ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ရောင်းမည်**

ပုဇွန်တောင်၊ အောက်ပုဇွန်တောင်လမ်း ပေ(၁၃×၆၀) မြေညီ၊ ဟောင်ကောင်၊ နှစ်လွှာ၊ 2RC,ဖုန်း၊ ရေမီးစုံ။
ရောင်းဈေး-850L
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

မ/ဒဂုံ(၃၂) ရပ်ကွက်၊ ကျောင်းလမ်းမကြီးကျောကပ်ထောင့်ကွက်၊ ပေ(၄၀× ၆၀)၊ 1BN။
ရောင်းဈေး-700L
ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းလိုသည်**

မြဝတီကွန်ဒို၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းဒေါင့် 1950 Sq Feet Lift, Car parking.
ဖုန်း-၀၉ ၄၂၀၀၇၆၁၃၉

**ရောင်း/ဝယ်**

စိုက်ပျိုးရန်မြေကော အကျယ်ရှာဖွေနေသလား။ ရောင်းလို/ဝယ်လိုပါက ဆက်သွယ်ပါ။ လွင်မြင့်မိုရ်အောင်
ဖုန်း- ၀၉ ၇၃၀၅၄၅၄၃

**Greatest First Car Rental**

ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)၊ မြို့တွင်းမြို့ပြင်နယ်ဝေးခရီးစဉ် အမျိုးမျိုးအတွက် ကားမျိုးစုံစင်းလုံး ငှားရန်ရှိသည်။လချုပ်၊ နှစ်ချုပ်ငှားမည်။
ဖုန်း-၀၁ ၂၂၄၄၁၈

**To Day**

အထွေထွေဝန်ဆောင်မှုလုပ်ငန်း အိမ်၊ခြံ၊မြေ၊ စီးပွားရေးအတိုင်ပင်ခံ၊ အလုပ်ရှာဖွေရေးအင်ဂျင်စီ၊ လူသားအရင်းအမြစ်စွမ်းရည်တို့ကို မြှင့်တင်ပေးနေပါသည်။
ဖုန်း-၀၉ ၃၁၀၂၈၃၁၇

7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

စာမျက်နှာ (၂၄) မှ

## မင်းဒင်ရဲ့သက်ခိုင်(၂)

နေ့ပိုင်းမှာလည်း မြန်မာတွေဟာ ထလန်ခံတပ်ထဲက ရှိစုမဲ့စု အမြောက်ဆန်တွေ၊ ယမ်းတွေ တစ်စတစ်စ အားနည်းပြုန်းတီးသွားအောင်၊ ခံတပ်ထဲကနေ ပြန်ပစ်နေအောင် စစ်မြူဆွယ်တဲ့ သေနင်္ဗျူဟာကို သုံးတယ်။

တစ်ချိန်တည်းမှာ ခံတပ်နားထိ ကတုတ်ကျင်း တွေတူးပြီး တဖြည်းဖြည်းချဉ်းကပ်လာတာမို့ ပြင်သစ်ဘုန်းကြီးရာဘူးတောင်ဘုရား တနေရတယ်။

မြန်မာ့စစ်ဦးထုံးစံအတိုင်း ထလန်ခံတပ်အပြင်ဘက်က အရာအားလုံးကို မြေလှန်ပစ်လိုက်ကြတယ်။ အနီးနားမှာပုန်းအောင်းနေတဲ့ ကျွန်းသူကျွန်းသားတွေကို လိုက်ဖမ်း၊ လှောင်အိမ်ထဲထည့်ပြီး မြန်မာပြည်ကို ကျွန်အဖြစ် ပို့ပစ်လိုက်ကြတယ်။ မြန်မာ့တိုက်လှေတွေကလည်း မြောက်ဘက်နဲ့အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက် မပြတ်ကင်းလှည့်ရင်း တွေ့သမျှလှေဖောင်တွေကို ဖျက်ဆီးတိုက်ခိုက်ရင်း ဖူးခက်ကျွန်းကို ပင်မဖန်ကုန်းမြေနဲ့ အဆက်ပြတ်အောင် ဖြတ်တောက်နေကြတယ်။ မြန်မာ့တိုက်လှေအများစုဟာ ပက်ပရာတူးမြောင်းမှာ တပ်စွဲရင်း ဖန်ငဘက်က ယိုးဒယားခံစစ်ကို မပြတ်စောင့်ကြည့်နေကြတယ်။

ဝါးချွန်တွေနဲ့ ကတုတ်တွေတည်ရင်း အခိုင်အမာတပ်စွဲထားပြီး အဲဒီဝါးချွန်ကတုတ်တွေဟာ လေးပေကနေ ခြောက်ပေအထိမြင့်တဲ့အပြင် တူမီးပစ်ဖို့ နေရာတွေပါစီမံဖန်တီးထားတာကြောင့် အံ့ဩစရာကောင်းလောက်အောင် ခိုင်မာသတဲ့။

နောက် ဆယ့်လေးနှစ်အကြာမှာဖြစ်ခဲ့တဲ့ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအတွင်းမှာ ဗြိတိသျှသေနတ်သမားတွေရဲ့အဆိုအရ ခြောက်လက်မအမြောက်ဆန်ကိုတောင် ဝါးချွန်ကတုတ်က မဖြုံဘဲ ယိမ်းကာနွဲ့ကာနဲ့ အမြောက်ဒဏ်ကို ကြံ့ကြံ့ခံနိုင်တယ်လို့ အဆိုရှိတယ်။ အမြောက်ဒဏ်ကြောင့် ကတုတ်ကျင်းနားမှာရှိရှိသမျှပြုတ်ပြုတ်ပြုန်းတာတောင် ဝါးချွန်ကတုတ်ကတော့ ပန်းပန်လျက်ပဲတဲ့။ ဒီအဖြစ်ကို စိတ်မရှည်တဲ့ ဗြိတိသျှစစ်သားတစ်ယောက်က'အမြောက်အမြောက် အားလုံးကိုဖောက်-ဝါးချွန်ကတုတ်ကဖြင့် မကြောက်ရေးချမကြောက်'လို့တောင် စာချိုးဖူးတယ်။ နောက်ဆုံး အမြောက်ဆန်ထဲမှာ ယမ်းမှုန့်တစ်ဝက်လျှော့ထည့်လိုက်တော့မှ ဒုက္ခအကြီးအကျယ်ပေးနေတဲ့ဝါးချွန်ကတုတ်ကို မျိုးဖြုတ်နိုင်သတဲ့။ မလေးရှားနဲ့ ယိုးဒယားတွေလည်းမြန်မာတွေရဲ့ လက်စောင်းထက်လှတဲ့ အဲဒီဝါးချွန်ကတုတ်တွေရဲ့ဒဏ်ကို ပက်ပက်စက်စက်ခံရပြီး ဒုက္ခများခဲ့ကြတယ်။

ထလန်ခံတပ်နောက်ဘက်မှာတော့ မြန်မာကတုတ်ကျင်းတွေဟာခံတပ်နားတဖြည်းဖြည်းနီးလာခဲ့ကြပြီ။ မလေးဘက်ကနေ တပ်ဆုတ်လာတဲ့ မြန်မာ့အရှေ့စစ်တောင်ပံတပ်ဟာ တပ်သားရှစ်ထောင်နဲ့အတူ ထပ်ရောက်လာတဲ့အတွက် ထလန်ခံတပ်ကို ထိုးစစ်ဆင်နေတဲ့ မြန်မာတပ်ဟာ သုံးပတ်အတွင်း အင်အားတစ်သောင်းသုံးထောင်ရှိတဲ့ တပ်မဟာကြီးဖြစ်လာတယ်။ အဲဒီတပ်မဟာကြီးဟာ လက်နက်အင်အားမရှိတော့သလောက်အခြေအနေနဲ့ ကူကယ်ရာမဲ့နေတဲ့ ဖူးခက်သား အင်အားခြောက်ရာသာရှိတဲ့ ထလန်ခံတပ်ဆီကို တရွေ့ရွေ့ချီတက်လာချိန်မှာ ဖူးခက်သားတွေဟာ ဘယ်အချိန်ဘယ်နေရာက ပေါ်လာမယ်မသိတဲ့ စစ်ကူကို စောင့်ရင်းတစိမ့်စိမ့်တွေးကြောက်နေဖို့သာ တတ်နိုင်ကြပါတော့တယ်'

သူ့ဇာတ်လမ်း ဤနေရာအရောက်တွင်ညီလင်းဆက်တည်းခိုရာ ဟိုတယ်သို့ ကျွန်တော်တို့ရောက်ခဲ့ကြပြီ။ ညီလင်းဆက်ကိုပို့အပြီး ကျွန်တော်တို့အိမ်ပြန်သည့်အချိန်ကား ညဥ့်သန်းခေါင်ယံတိုင်ခဲ့ပြီ။ ကိုသက်ခိုင်သည် သူ့ဇာတ်လမ်းရှည်ကြီးကို ခင်းခဲ့ရသောကြောင့်ဖြစ်ပေမည်။ နှုတ်ဆိတ်ရင်းကားကို ပုံမှန်မောင်းနှင်လျက်ရှိ၏။ ပါတောင်ကမ်းခြေနှင့် ဖူးခက်မြို့မဆီ လမ်းတစ်လျှောက်ကားအသွားအလာမှာ နေ့လယ်ခင်းအချိန်အခြေအနေနှင့် မထူးခြားလှ။ စည်ကားနေမြဲပင်။ ထိုအချိန်တွင် ကျွန်တော့်ခေါင်းထဲသို့ မေးခွန်းတချို့ဝင်ရောက်လာပြန်သည်။ 'ကိုသက်ခိုင်၊ ခင်ဗျားပြောတဲ့ တိုက်ပွဲနောက်ဆုံးအခန်းမှာ မြန်မာတပ်တွေဟာ ထလန်ခံတပ်ကို သိမ်းလိုက်ရောလားဗျာ'

**(ဆက်လက်ဖော်ပြပါမည်။)**

## JOKE

### ထားလိုက်ပါတော့

အမျိုးသားနှစ်ဦး စူပါမားကက်တစ်ခုတွင် ဈေးဝယ်နေစဉ် ဈေးဝယ်ပစ္စည်းလှည်းချင်းတိုက်မိသည်။

အမျိုးသားတစ်ဦးက "ဆောရီးပါကွာ၊ ကျွန်တော့်မိန်းမပျောက်သွားလို့ပါ"ဟု ပြောရာ ဒုတိယအမျိုးသားက "ဟာတိုက်ဆိုင်လိုက်တာ။ ကျွန်တော်လည်း ကျွန်တော့်မိန်းမကိုလိုက်ရှာနေတာ။ ကျွန်တော် တော်တော်လေးစိတ်ပူနေပြီ"ဟု ၎င်းကပြောရာ ပထမအမျိုးသားက "ကျွန်တော်ကူညီနိုင်ရင် ကူညီပါတယ်ဗျာ။ ခင်ဗျား မိန်းမက ဘယ်လိုပုံစံလဲ"ဟု မေးသည်။ ဒုတိယအမျိုးသားက "ကျွန်တော့်မိန်းမက အရပ်မြင့်မြင့်၊ ဆံပင် ရှည်ရှည်၊ တင်းတင်းရင်းရင်း၊ ကိုယ်လုံးတောင့်တောင့်ပါ။ ဒါနဲ့ ခင်ဗျား မိန်းမကရော"ဟု အမေးရှိရာ ပထမအမျိုးသားက "ကျွန်တော့်မိန်းမကို ထားလိုက်ပါတော့ဗျာ၊ လာ ခင်ဗျားမိန်းမကို လိုက်ရှာရအောင်"ဟု ဆိုပါတော့သည်။

### ခန္ဓာကိုယ်ဒီဇိုင်းထုတ်သူ

အင်ဂျင်နီယာကျောင်းသားသုံးဦး လူ့ခန္ဓာကိုယ်ကို မည်သူဒီဇိုင်းဆွဲ သနည်းဟု ဆွေးနွေးနေကြသည်။ ပထမတစ်ဦး"လူ့ခန္ဓာကိုယ်ကို ဒီဇိုင်းဆွဲတာ စက်မှုအင်နီယာဗျ။ အရိုးအဆစ်တွေ ပေါင်းစပ်ထားပုံကြည့်လေ"ဟုဆိုသည်။ ဒုတိယတစ်ဦးက"ဘယ်ကလာဟုတ်ရမလဲ။လျှပ်စစ် အင်ဂျင်နီယာဒီဇိုင်းဆွဲတာ အကြောအခြင်စနစ်ကို လျှပ်စစ်ကြိုးတွေလို သွယ်တန်းထားတယ်"ဟု ပြောရာ ကျန်တစ်ဦးက"မဟုတ်ပါဘူး ဗျာ ဆောက်လုပ်ရေး အင်ဂျင်နီယာဗျ။ အပန်းဖြေရေယာနားမှာ စွန့်ပစ်ပစ္စည်းပိုက်လိုင်းတွေ တပ်ထားတာ ဆောက်လုပ်ရေးအင်ဂျင်နီယာမလုပ်လို့ဘယ်သူလုပ်မှာလဲ"ဟု ဆိုလိုက်သည်။

စာမျက်နှာ (၂၆) မှ

## အောက်ကို လုံအောင်ဖုံး

အိမ်ရာလိုအပ်ချက်တွေ အတွက် မြို့သစ်တွေတည်ဆောက်ပြီး ဖြေရှင်းပေးတာတွေ၊တဲပေါ်ကတိုက်ပေါ်တင်ပေးခဲ့တာတွေ၊ ဟောင်းနွမ်းသွားတဲ့ မြို့ပြအဆောက်အအုံဟောင်းတွေနေရာမှာ မြို့ပြပြန်လည်အဆင့်မြှင့်ခြင်း (urban Redevelopment) ဆိုတဲ့ စီမံကိန်းနဲ့ အိမ်ရာအဆောက်အအုံသစ်တွေ၊ ရှော့ပင်းမောလ်တွေ၊ ဟိုတယ်တွေဟာ တိုး၍တိုး၍ နေရာယူလာကြတာတွေ့နိုင်ပါတယ်။ ဒါပေမဲ့ မြို့သူ၊ မြို့သားတွေအတွက်အခြေခံအဆောက်အအုံတွေကို သိသိသာသာ ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ့် (Infrastructure Redevelopment) စီမံကိန်းဆိုတာ ရန်ကုန်မြို့မှာ သီးသန့်မရှိခဲ့ပါဘူး။ ဘန်ကောက်မှာ (SIEMENS)လိုပြည်ပကုမ္ပဏီကိုငှားပြီး မြို့ရဲ့အခြေခံအဆောက်အအုံကို သုတေသနလုပ်တာတွေ့ရပါတယ်။ ၁၀ နှစ်ကျော်ရင်မြို့ပြအခြေခံအဆောက်အအုံတွေရဲ့ စွမ်းအားက ကျဆင်းတယ်လို့ဆိုကြပါတယ်။ ရန်ကုန်မြို့ရဲ့ အခြေခံအဆောက်အအုံတွေကတော့ အရှေ့တောင်အာရှမှာ ကိုလိုနီခေတ်လက်ရာအတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားတာတွေ့နိုင်ပါသေးတယ်။

ပထမဆုံး လမ်းတွေကိုကြည့်ပါ။ ပျက်စီးယိုယွင်းနေတဲ့လမ်းတွေဟာ ရန်ကုန်မြို့အနှံ့အပြားမှာမင်းမူနေဆဲပါ။ အချို့လမ်းတွေကို ကွန်ကရစ်ခင်းတယ်ဆိုလို့ဟန်ကျပြီလို့မထင်ပါနဲ့။ ယနေ့ နေပြည်တော်မှာကွန်ကရစ်လမ်းတွေကို နိုင်လွန်ကတ္တရာထပ်ခင်း နေရတယ်။ စင်ကာပူ၊ဘန်ကောက်စတဲ့မြို့တွေမှာလမ်း၊ရေမြောင်း နဲ့ ပလက်ဖောင်းကို စနစ်တကျတစ်ပါတည်းတွဲပြီး တည်ဆောက်ပေးထားတာ တွေ့မြင်နိုင်ပါတယ်။ မြေသားမြောင်းဆိုတာမတွေ့ရတော့ဘူး။ ဒီမှာက လမ်းကိုကွန်ကရစ်ခင်းတယ်။ဒါပေမဲ့ရေမြောင်းကိုနဂိုအတိုင်းပစ်ထားတယ်။ ပလက်ဖောင်းခင်းတာ၊ပြုပြင်တာမလုပ်ဘူး။ ၁ပေကျော်မြင့်သွားတဲ့ ကွန်ကရစ်လမ်းပေါ်က မိုးရေတွေက နိမ့်ကျန်နေတဲ့ အိမ်တွေထဲ ဒလဟောစီးဝင်လို့ အိမ်တွေရမြုပ်တာကို ကန်တော်ကလေးနဲ့တာမွေမှာ မိုးရွာတိုင်း ခံစားနေကြရရှာပါတယ်။

ရေစီး၊ရေလာကောင်းအောင် ထိထိရောက်ရောက် ဆောင်ရွက်ပေးဖို့ အလွန်အမင်း လိုအပ်နေတုန်းပါပဲ။ ရေကျော်က မြောင်းကြီးလို့ခေါ်တွင်တဲ့ရေနုတ်မြောင်း၊ တာတွေနတ်ချောင်းက ရေနုတ်မြောင်း၊ ရန်ကင်းဘောက်ထော် ရေနုတ်မြောင်း၊မင်္ဂလာဒုံ၊တောင်ဥက္ကလာရေနုတ်မြောင်းစတဲ့ ပင်မရေမြောင်းကြီးတွေကို နှစ်စဉ်ပုံမှန်တူးဖော်ထိန်းသိမ်းမှုက မတွေ့ရ၊ မမြင်ရသလောက်ပါပဲ။ တစ်မြို့လုံးရဲ့ ရေစီးရေလာ ကွန်ရက်စနစ်ကို အသေးစိတ် စစ်ဆေးပြီး မြှင့်တင်ပေးဖို့လိုနေပါပြီ။

အမှိုက်သိမ်းရာမှာ ပြည်သူတွေရဲ့မြို့ကြီးသားစိတ်နဲ့ ပူးပေါင်းပါဝင်မှု (Awareness) လိုသလို အမှိုက်ပုံးတွေလုံလောက်အောင်ထားပေးဖို့၊ အမှိုက်သိမ်းစနစ်ကိုလည်း အဆင့်မြှင့်ဖို့လိုနေပါတယ်။ နေ့စဉ်အမှိုက်တန် ၁၇၀၀ မှာ ၁၅၅၀ တန်သာသိမ်းနိုင်တယ်လို့သိရပါတယ်။ ရန်ကုန်မြို့ရဲ့ လမ်းမဘေးတွေမှာ ဘယ်သူမှမသိမ်းတဲ့ အုန်းခက်၊ အုန်းလက်၊ သစ်ခက်၊ သစ်ရွက်တွေ ဟိုတစ်ပုံဒီတစ်ပုံနဲ့ ရှိနေတုန်းပါပဲ။လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က မီးကြိုးနဲ့မလွတ်တဲ့ သစ်ကိုင်းတွေကိုခုတ်ပြီး သယ်မသွားဘူး။ အိမ်ရှေ့မှာပုံလျက်ထားခဲ့တယ်။ စည်ပင်အမှိုက်ပုံးနဲ့ အမှိုက်ပုံမှာ အဲဒါတွေစွန့်ပစ်လို့မရဘူးဆိုကြပါတယ်။

မြို့ရေပေးရေးကိုကြည့်ပါ။ ၁၉၅၈ ခုနှစ်ကတည်ခဲ့တဲ့မြို့တွေဟာ ယနေ့နှစ်ပေါင်း ၆၀ လောက်ကြာတာတောင် သန့်စင်တဲ့ရေပေးဝေမှု (Pipe Water) ကိုမရရှိကြသေးတာတွေ့ရပါတယ်။ ရရှိတဲ့ရပ်ကွက်အချို့မှာလည်း ည ၁၁ နာရီမှ ရေအားများလို့ အိပ်ပျက်ခံပြီး ရေခံနေရတုန်းပါပဲ။ ယခင်အစိုးရလက်ထက်က မြို့သစ် (၇) မြို့ကိုကွင်းဆင်းကြည့်ရင်သောက်သုံးရေဒုက္ခသည်တွေ မရေတွက်နိုင်လောက်အောင် တွေ့နိုင်ပါတယ်။ မြို့လယ်ကရေ ပိုက်တွေ သံချေးကိုက်ပြီးနေတာ၊ ပေါက်ပြနေတာတွေလည်း ရှိနေဆဲပါပဲ။ ဥပေက္ခာဝန်ဆောင်မှုအားကောင်းလေ ရန်ကုန်မြို့ရဲ့အခြေခံ အဆောက်အအုံတွေကယိုယွင်းကျဆင်းလေဖြစ်နေမယ်ထင်ပါတယ်။

လျှပ်စစ်ဓာတ်အားကလည်း နွေအခါဆို အဖြစ်ကနည်းပြီး အပျက်ကများတာကြောင့်ဝိပဿနာကျင့်စဉ်အတွက် တေဇောဓာတ်ကို 'ဘင်္ဂဉာဏ်'ရအောင်ရှုရာမှာ အလွန်ပဲအထောက်အကူရ နေပါတယ်။ ယခု မိုးရာသီမှာတော့ အပျက်ကနည်းပြီး အဖြစ်ကများနေလို့ သိပ်ပြီးအကျယ်မချဲ့တော့ပါဘူး။ ယနေ့ ရန်ကုန်မှာ ခေတ်သစ်အမွေဆိုးလို့ပြောရမဲ့ဒုက္ခကယာဉ်ကြောတွေ ပိတ်ဆို့နေတဲ့ ပြဿနာပါ။ အခပေးပြီး ယာဉ်ရပ်နားဖို့နေရာနဲ့ အဆောက်အအုံတွေ သီးခြားစီစဉ်ဆောက်လုပ်ပေးဖို့လိုနေတာအမှန်ပါပဲ။ ယာဉ်ရပ်နားစခန်းတွေ၊ ယာဉ်သွားလမ်းကွန်ရက်စနစ်တွေကို တိုးချဲ့မှုအစီအစဉ်လုပ်သူကတခြား၊မော်တော်ယာဉ်တွေ တင်သွင်းခွင့်ပြုတဲ့အဖွဲ့ကတခြား၊ လုံးဝပူးပေါင်းဆောင်ရွက်မှုမရှိတဲ့ အဲဒီနှစ်ဖွဲ့ကြားမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကလည်း မနိုင်မနင်းကြားညပ်နေသလိုပါပဲ။ ဇူလိုင်လတစ်လထဲမှာ အမှုပေါင်း ၁၂,၀၀၀ ရှိပြီးတစ်နေ့ပျမ်းမျှ အမှု ၄၀၀ စံချိန်တင်ထားတာတွေ့ရပါတယ်။ ဒါ့အပြင် အများပြည်သူသုံးမော်တော်ယာဉ် လိုင်းတွေကလည်းကျပ်၊လူတွေကလည်း စည်းကမ်းမလိုက်နာဘဲ အတ္တလွန်ကဲလို့ ယာဉ်ကြောတွေကပိတ်အစရှိတဲ့ ပြဿနာတွေနဲ့ လုံးလည်ချာလည်လိုက်နေတဲ့မြို့ကို'ရန်ကုန်လို့ခေါ်သည်'ဟု အဓိပ္ပာယ်ဖွင့် နိုင်ပါတယ်။ ဘန်ကောက်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် လူတစ်ဦးဟာ တစ်နှစ်ကို ရက်ပေါင်း ၄၄ ရက်လုပ်အား ဆုံးရှုံးလျက်ရှိကြောင်း သိရှိရပါတယ်။ ဒီနေ့ ရန်ကုန်မှာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် တစ်နေ့ ၁ နာရီခွဲခန့် လမ်းပေါ်မှာအချိန်ကုန်နေကြပါပြီ။ ဒါကြောင့် တစ်နှစ်ကို ရက်ပေါင်း ၂၅ ရက်ခန့် အနည်းဆုံးအလုပ်လုပ်ရမယ့်အချိန်တွေ လမ်းပေါ်မှ ၁ပျောက်ဆုံးနေပြီလို့ဆိုနိုင်ပါတယ်။ ရန်ကုန်မြို့က အလုပ်သမားခုနစ်သိန်းကျော်ဟာအလုပ်လုပ်နိုင်တဲ့နာရီပေါင်းများစွာကို လမ်းပေါ်မှာ အချည်းနှီးစွန့်လွှတ်ခဲ့ရပါပြီ။ ဒါဟာ တိုင်းပြည်ရဲ့ GDP ကို အနည်းနဲ့အများ ထိခိုက်စေတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ယခုနှစ်အတွင်း ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို အမေရိကန်ဒေါ်လာ ၄၄၆ ဒသမ ၈၆ သန်းထုတ်ချေးရာမှာမြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးလုပ်ငန်းပါဝင်ကြောင်းသတင်းကောင်းရရှိပါတယ်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုဟာ မြို့ပြဖွံ့ဖြိုးရေးရဲ့ ပင်မအခြေခံဖြစ်လို့ အဲဒီချေးငွေတွေကိုခွဲဝေသုံးစွဲရာမှာအထပ်မြင့်တွေပလူပျံရေး အတွက်ကိုသာဇောင်းပေးမှာ စိုးရိမ်မိပါတယ်။

အမှန်တော့ အခြေခံ အဆောက်အအုံတွေ အဆင့်မြင့်လာတာနဲ့အမျှ'ရေမြင့်ကြာတင့်'ဆိုတာလို အဆောက်အအုံအသစ်သာမက အဟောင်းတွေရဲ့အဆင့်ဟာလည်း မြင့်မားဝင့်ကြွားလာမှာဖြစ်ပါတယ်။ ယခုအခါ နိုင်ငံခြားသားတွေအတွက် ရုံးခန်းငှားခတွေဈေးကြီးတယ် ဆိုတဲ့ အကြောင်းတရားထဲမှာ ငှားတဲ့အခန်း ၁၀၀ ရှိရင် ၉၀ က အခြေခံ အဆောက်အအုံနိမ့်ကျယိုယွင်းနေတဲ့ ပတ်ဝန်းကျင်မှာသာရှိနေပြီး အခန်းပိုင်ရှင်လူနည်းစုရဲ့ ကြိုက်ဈေးငှားရမ်းခနှုန်း ပေါ်ပေါက်လာခြင်းကြောင့်လည်း ဖြစ်တယ်လို့သိရပါတယ်။နောက်ဆုံးပြောချင်တာကတော့ မီဂါစီးတီးတွေ၊ ဒုတိယစီးပွားရေးမြို့တော်တွေစတဲ့သတင်းမှားတွေနဲ့ အချင်းများပြီး သွပ် သွပ်သွပ်လို့လည်း မညည်းပါရစေနဲ့။ 'အပေါ်ဟာနေပါဦး၊ အောက်ကိုလုံအောင်ဖုံး'ဆိုတာလိုဟိုတယ်ကြီးတွေ၊ အထပ်မြင့်တိုက်ကြီးတွေ၊ ရှော့ပင်းမောလ်ကြီးတွေ၊ ဟိုက်ပါမားကတ်ကြီးတွေ၊ အဆင့်မြင့်အိမ်ရာတွေစတဲ့အကျိုးတူစီမံကိန်းကြီးတွေကိုသာ 'အထူးဦးစားပေးပြီး' မြို့ပြဖွံ့ဖြိုးမှု Quick Win တံဆိပ်အမြန်ရိုက်နှိပ်နိုင်ရန် ကြိုးပမ်းမှုထက် ရန်ကုန်မြို့သူ၊မြို့သားတွေ (မြို့သစ်တွေအပါအဝင်) နေ့စဉ်နေ့တိုင်း တွေ့ကြုံခံစားနေရတဲ့ အခြေခံအဆောက်အအုံယိုယွင်းကျဆင်းမှုဘေးဒုက္ခကိုလည်း ဦးစားပေးပြီး ဖြေရှင်းပေးလှည့်ကြပါ။ 'အောက်ကိုလုံအောင်ဖုံး'ပေးကြပါခင်ဗျား. . . လို့ပါပဲ။

Environment

7DAY NEWS JOURNAL

Vol.12, No.27 • SEPTEMBER 11 , 2013

# ကွမ်းလုံရေအားလျှပ်စစ်စီမံကိန်းအတွက် EIA နှင့် SIA စစ်တမ်းနှစ်ခုသက်ဆိုင်ရာအတည်ပြု

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၇**

သံလွင်မြစ်အထက်ပိုင်းတွင် တည်ဆောက်မည့်ကွမ်းလုံရေအားလျှပ်စစ်စီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း (EIA) နှင့် လူမှုရေးထိခိုက်မှုစစ်တမ်း (SIA) များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အတည်ပြုပြီးဖြစ်ကြောင်း ရေအားလျှပ်စစ်စီမံကိန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးက စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတွင် ပြောသည်။

"ကွမ်းလုံစီမံကိန်းကို နိုင်ငံတော်က လက်ခံလိုက်ပြီ။ တရုတ်ကုမ္ပဏီနဲ့ ဖက်စပ်လုပ်ဖို့ စနေတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနကလည်း အတည်ပြုပေးလိုက်ပြီ" ဟု အဆိုပါပုဂ္ဂိုလ်က ဆိုသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်တွင် ပြဋ္ဌာန်းလိုက်ပြီးနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသော လုပ်ငန်းရှင်များကို ပတ်ဝန်းကျင်ထိခိုက်မှု စစ်တမ်းနှင့် လူမှုရေးထိခိုက်မှုစစ်တမ်း လုပ်ဆောင်ရမည်ဟု သတ်မှတ်ထားသည်။

လက်ရှိတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ မပြဋ္ဌာန်းရသေးသောကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု စစ်တမ်းနှင့် လူမှုရေးထိခိုက်မှုစစ်တမ်း အစီရင်ခံစာပေးပို့သည့် ကုမ္ပဏီများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ လုပ်ဆောင်သင့်၊ မသင့် အတည်ပြုပေးခြင်းမဟုတ်ဘဲ မည်သည့်အချက်များလိုအပ်သည်ဟု သဘောထားအကြံပေးချက်များသာ လုပ်ဆောင်နေကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက တာဝန်ရှိသူတစ်ဦးက ပြောသည်။

"Pass ပေးတာမျိုး၊ အတည်ပြုတာမျိုးမလုပ်ဘူး။ အားလုံးကို ခြုံငုံသုံးသပ်တဲ့အဆင့် မရောက်သေးတော့ အကြံပြုချက်ပေးတာပဲ လုပ်နိုင်သေးတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

သံလွင်မြစ်တွင်တည်ဆောက်မည့်ရေအားလျှပ်စစ် စီမံကိန်းဖြစ်သော ဟတ်ကြီးနှင့် ရွှေလီစီမံကိန်းများကို သဘောထား မှတ်ချက်ပေးရန် စစ်ဆေးနေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ စီမံကိန်းများသည် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းများကို မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက ဆက်စပ်ဝန်ကြီးဌာနမှ အကြံပြုချက်များဖြင့် ရေးဆွဲနေသည်။ ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းလုပ်ဆောင်ရမည့် လုပ်ငန်းအမျိုးအစားများကို ဇူလိုင်လတွင် ဝန်ကြီးဌာနက လုပ်ငန်းရှင်များနှင့် ပြည်သူလူထုကို ထုတ်ပြန်ကြေညာခဲ့သည်။

# ရခိုင်ကမ်းရိုးတန်းတွင် ပင်လယ်လိပ်များ စာရင်းကောက်ယူမည်



သောင်ပြင်ပေါ်တွင် တွေ့ရသည့် ပင်လယ်လိပ်များ — commons.wikimedia.org

**နိုင်နိုင်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၇**

ရခိုင် ကမ်းရိုးတန်းတွင် ကျက်စားနေသည့် ရှားပါးပင်လယ်လိပ်ကောင်ရေစာရင်းကို အောက်တိုဘာလတွင် ကောက်ယူမည်ဟု သတင်းရရှိသည်။

ရှားပါး လိပ်ကောင်ရေစာရင်းကို စက်တင်ဘာလတွင် ကောက်ယူရန်ပြုလုပ်ထားသော်လည်း မိုးရာသီကာလဖြစ်သည့်အတွက် ပင်လယ်လိပ်များ ဥချမည့် အောက်တိုဘာလ၌သာ ကောက်ယူတော့မည်ဟု စာရင်းကောက်ယူမည့် CLEARR မှ စီမံကိန်း မန်နေဂျာ ဦးဝင်းမောင်က ပြောသည်။

ရခိုင်ကမ်းရိုးတန်းဒေသတွင် ရှားပါးပင်လယ်လိပ်များဖြစ်သည့် လိပ်စွန်၊ လိပ်စောင်းလျား၊ လိပ်ခွေး၊ ပြင်သာလိပ်၊ လိပ်လောင်းတို့နေထိုင်ကျက်စားပြီး ယခုအခါတွင် လူများဖမ်းဆီးစားသောက်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ငါးဖမ်းပိုက်များနှင့်ငြိတွယ်ခြင်းနှင့် ကျက်စားဥချရာနေရာများ ပျက်စီး ကျဉ်းမြောင်းလာခြင်းကြောင့် မျိုးသုဉ်းလုနီးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့်အတွက် ကောင်ရေအတိအကျသိရှိစေရန် စာရင်းကောက်ယူခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ထိုသို့ ကောက်ယူပြီးပါက ကောင်ရေစာရင်းအတိအကျကို မှတ်တမ်းတင်၍ သစ်တောဌာနများသို့ ပေးပို့ကာ ဒေသခံများနှင့် ပူးပေါင်းထိန်းသိမ်းသွားမည်ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် ပင်လယ်လိပ်များကို ရခိုင်ပြည်နယ်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတစ်လျှောက်တွေ့ရပြီး မျိုးသုဉ်းလုနီး တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း အဆင့် (၁)စာရင်းတွင် ပါဝင်သည်။

မြန်မာနိုင်ငံတွင် လိပ်မျိုးစိတ်ပေါင်း ၃၂ မျိုးရှိပြီး ကုန်းလိပ် ၄ မျိုး၊ ကုန်းနေရေနေလိပ် ၂၃ မျိုးနှင့် ပင်လယ်လိပ် ၅ မျိုးရှိကြောင်း သတင်းရရှိသည်။

# အမျိုးသားအဆင့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ စက်တင်ဘာတွင်ဖွဲ့စည်းမည်

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၇**

ဒေသခံအစုအဖွဲ့ပိုင် သစ်တောဖွံ့ဖြိုးရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များနှင့် အစိုးရပါဝင်သော အမျိုးသားအဆင့်ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ကို စက်တင်ဘာလအတွင်း ဖွဲ့စည်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမျိုးသားအဆင့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ (National CF Working Group) မူကြမ်းကို လက်ရှိတွင် အသေးစိတ်ရေးဆွဲနေသည်ဟု ဆိုသည်။

"ဒီလအတွင်း ဖွဲ့စည်းမယ်။ ဝန်ကြီးဌာန တစ်ခုတည်း သစ်တောထိန်းသိမ်းရေးကို လုပ်လို့မရဘူး။ အားလုံးပါဝင်မှ ထိန်းသိမ်းရေးအောင်မြင်မယ်။ အဲဒါကြောင့် ဒီအဖွဲ့ကို ဖွဲ့စည်းဖြစ်တာပါ။ အခုနောက်ပိုင်း ဝန်ကြီးဌာန တွန်းအားပေးလုပ်ဆောင်တာတွေ ကောင်းပါတယ်" ဟု RECOFTC အဖွဲ့မှ ဦးမောင်မောင်သန်းက ပြောကြားသည်။

အမျိုးသားအဆင့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ဖွဲ့စည်းရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ နေပြည်တော်တွင် အလုပ်ရုံဆွေးနွေးပွဲ လေးကြိမ်ပြုလုပ်ခဲ့သည်။

ဆယ်စုနှစ်တစ်ခုကျော်ကြာ လမ်းညွှန်ချက်တစ်ခုအနေဖြင့်သာ ထွက်ရှိခဲ့သော ဒေသခံအခြေပြုအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း ပိုမိုအသက်ဝင်ဖွံ့ဖြိုးလာရေး နည်းဥပဒေသတ်မှတ်ရန် ဝန်ကြီးဌာနက စီစဉ်နေသည်။

၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် CF ၏ အကျိုးအမြတ်ခွဲဝေမှုနှင့် အသုံးချမှု ပုံသဏ္ဌာန်များသည် လမ်းညွှန်ချက်နှင့် ကွဲပြားခြားနားမှုမြင့်တက်လာခဲ့သည်။ ဒေသခံအခြေပြု သစ်တောတည်ထောင်ခြင်းကို ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးတည်ထောင်လုပ်ကိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ကချင်၊ ချင်း၊ မွန်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသခံအခြေပြု အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းကို လုပ်ကိုင်ကြသည်။



Tourism
7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# ဩဂုတ်လအတွင်း စပိန်ခရီးသွား ဝင်ရောက်မှုလျော့ကျ

**ခန့်ထက်**

**ရန်ကုန်၊ စက်တင်ဘာ-၆**

ဩဂုတ်လသည်ပုံမှန်အားဖြင့်ခရီးသွားဧည့်သည်များ ဝင်ရောက်မှုအမြင့်ဆုံးကာလဖြစ်သော်လည်း ယခုနှစ်တွင် ဝင်ရောက်မှု လျော့နည်းနေကြောင်း သတင်းရရှိသည်။

လက်ရှိတွင် စပိန်ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာရန်ကုန်လေဆိပ်ဝင်ပေါက်မှ ဩဂုတ်လအတွင်း ၈၀၀ ဦးကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၂ ခုနှစ် အလားတူကာလတွင် ခရီးသွား ဦးရေ ၁၂၀၀ ကျော်ဝင်ရောက်ခဲ့ကြောင်းမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ စာရင်းများအရ သိရသည်။

"စပိန်တွေ အဝင်နည်းတာ။ ကိုယ်ထင်တာ စပိန်မှာစီးပွားရေးမကောင်းလို့ထင်တယ်။ ဒီနှစ် ဩဂုတ်လမှာလည်း ပုဂံကို ဝင်တာတော်တော် နည်းသွားတယ်" ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက စပိန်ခရီးသည်အဝင်နည်းခြင်းနှင့်ပတ်သက်၍ သုံးသပ်သည်။

ဩဂုတ်လတွင် စပိန်ခရီးသည်များသာမက အီတလီခရီးသည်များလည်းဝင်ရောက်မှုလျော့နည်းလာပြီး ပုံမှန်အားဖြင့် ဩဂုတ်တွင် အဖွဲ့လိုက်လာရောက်ကြသူအများဆုံးလည်းဖြစ်ကြောင်း အီတလီ ဘာသာစကား ဧည့်လမ်းညွှန် ကိုအောင်ထွန်းလင်းက ပြောသည်။

"ဒီနှစ်က သိသိသာသာ စပိန်ဧည့်သည်တွေနဲ့ အီတလီ ဧည့်သည်တွေက အဝင်နည်းနေတယ်။ ပုံမှန်ဩဂုတ်လမှာဆိုရင် စပိန်နဲ့ အီတလီ ဧည့်သည်က အဝင်များနေကျ" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် စပိန်ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ဦးရေ ၃၀၀၀ ကျော်ရှိနေပြီး ယခင်နှစ်က အလားတူ ကာလတွင် စပိန်ခရီးသည်ဝင်ရောက်မှုမှာဦးရေ၄၀၀၀ ကျော်အထိ ရှိနေခဲ့သောကြောင့် တစ်ထောင်ကျော်အထိလျော့နည်းနေကြောင်း ရန်ကုန် လေဆိပ်အဝင်စာရင်းများအရ သိရသည်။

စပိန်ခရီးသွားများ လျော့နည်းနေသော်လည်း ယခုနှစ်တွင် အာရှခရီးသည်ဝင်ရောက်မှု မြင့်တက်လာသောကြောင့် ရန်ကုန်လေဆိပ် ဝင်ပေါက်မှ နိုင်ငံခြားသားဝင်ရောက်မှုသည်ယခုအချိန်အထိ လေးသိန်းခွဲကျော် ရှိနေပြီး တစ်သိန်းကျော် မြင့်တက်လာကြောင်း သတင်းရရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ ဝင်ပေါက် အသီးသီးမှ နိုင်ငံခြားသား ဧည့်သည် ဝင်ရောက်မှုမှာ ရှစ်သိန်းခုနစ်သောင်းကျော် ရှိနေပြီး ၂၀၁၃ နှစ်ကုန်တွင် ခရီးသည်ဦးရေ ၁ ဒသမ ၈ သန်း ဝင်ရောက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။

# ရန်ကုန်-ကျိုက်ထိုအထူး အမြန်ရထား စတင်ပြေးဆွဲ



*စက်တင်ဘာ၇ရက်က အထူးအမြန်ရထားစတင်ပြေးဆွဲသည့်အခမ်းအနား*

**အိမွန်ကျော်**

**ရန်ကုန်၊စက်တင်ဘာ-၇**

ရန်ကုန်မှကျိုက်ထိုမြို့သို့ပထမဆုံးအကြိမ်ပြေးဆွဲမည့် လေအေးပေးစက်ပါအထူးအမြန်ရထားမှာ စက်တင်ဘာ ၇ ရက်က ခရီးသည် ၁၂၀ ခန့်ဖြင့် စတင်ဖွင့်လှစ် ပြေးဆွဲခဲ့ကြောင်းမြန်မာ့မီးရထားမှသတင်းရရှိသည်။

ရန်ကုန်-ကျိုက်ထိုအထူးအမြန်ရထားလိုင်းကို တစ်ပတ်လျှင် နှစ်ရက်စတင်ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်မှကျိုက်ထိုမြို့သို့လေးနာရီခန့်သာ ကြာမြင့်မည်ဖြစ်သည်။ လမ်းတွင် ပဲခူး၊ ဝေါ၊ သိမ်ဇရပ် သုံးဘူတာ ရပ်နားမည်ဖြစ်သည်။

လက်မှတ်တစ်စောင်လျှင် ၃၅၀၀ကျပ်ကျသင့်ပြီး လက်မှတ်ခကို မြန်မာကျပ်ငွေဖြင့် သာမက နိုင်ငံခြားငွေဖြင့်လည်း ဝယ်ယူနိုင်ပြီး ခရီးသည် ၃၀၀ ကျော်လိုက်ပါစီးနင်းနိုင်သည်ဟုဆိုသည်။

ကျိုက်ထိုဘူတာသို့ ရောက်ပါက ကျိုက်ထီးရိုးဘုရားကင်ပွန်းစခန်းသို့ သွားလိုသော ခရီးသည်များအတွက် မြန်မာ့မီးရထားမှ ကျိုက်ထိုမော်တော်ယာဉ်အသင်းနှင့် ချိတ်ဆက်ပြီး ကားစီစဉ်ထားရှိကာ ကားခမှာ လူတစ်ဦးလျှင် ကျပ် ၅၀၀ ကျသင့်သည်ဟု သတင်းရရှိသည်။

အထူးအမြန်ရထားမှာ RBE (Rail Bus Engine)အမျိုးအစားဖြစ်ပြီး ၂၀၁၂ ခုနှစ်က ဂျပန်နိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သည်ဟု သိရသည်။

"ဘုရားဖူးရာသီရောက်ရင် လိုအပ်သလို မော်လမြိုင်အထိတိုးချဲ့ပြေးဆွဲဖို့ရှိပါတယ်"ဟု မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောကြားသည်။

ကျိုက်ထို-ရန်ကုန် ခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျိုက်ထိုဘူတာမှ နေ့လယ် ၁၂ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။







7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# Cartoon

























7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# “ဒေသတွင်းမှာ အန္တရာယ်က တဖြည်းဖြည်းချင်း ကြီးမားကျယ်ပြန့်လာနိုင်ပါတယ်”

## ပြင်သစ်ဝန်ကြီးချုပ်ဟောင်း ဒိုမိနစ်ဒီဗီလတ်ပင်နှင့် ဆီးရီးယားအရေး ဆွေးနွေးခြင်း



ကျော်မျိုး

ဒီရက်ပိုင်းအတွင်း ဆီးရီးယားကို စစ်ရေးအရေ အရေးယူဖို့ အမေရိကန်ပြည်ထောင်စုက ပြင်ဆင်နေပြီး ရုရှားမှာ စက်တင်ဘာ ၅ ရက်ကစခဲ့တဲ့ ဂျီ-၂၀ ဆွေးနွေးပွဲမှာလည်း ရုရှားနဲ့ အမေရိကန်တို့ရဲ့ ဆီးရီးယားအရေးအပေါ် ချဉ်းကပ်ပုံအမြင်မတူတာတွေ ထွက်လာတာကို သတိထားမိကြမှာပါ။ အမေရိကန်နဲ့အတူ ဆီးရီးယားကိုစစ်ရေးအရ အရေးယူဖို့ အင်္ဂလန်က မပါဝင်နိုင်တော့ပေမယ့် ပြင်သစ်ကတော့ပါဝင်သွားမယ်လို့ သိရပါတယ်။ ပြင်သစ်သမ္မတ ဟော်လန်ဒီဟာ ဆီးရီးယားကို စစ်ရေးအရ အရေးယူမယ့် အမေရိကန်ရဲ့ အစီအစဉ်မှာ ပါဝင်ဖို့ အားသန်ခဲ့ပြီး ပြင်သစ်ပါလီမန်မှာ စက်တင်ဘာ ၄ ရက်က ဆွေးနွေးခဲ့ပါတယ်။ အားလုံးတွက်ဆထားတဲ့အတိုင်း ဗြိတိသျှပါလီမန်မှာ ကြုံရသလို ကန့်ကွက်မှုတွေလည်း ရှိခဲ့တယ်။ ဒါပေမဲ့ သမ္မတဟော်လန်ဒီဟာ ကန်သမ္မတအိုဘားမားလိုပဲ ဆီးရီးယားကို စစ်ရေးအရအရေးယူဖို့ ပါလီမန်သဘောတူညီချက်မရလည်း လုပ်ဆောင်နိုင်တဲ့အခွင့်အာဏာရှိနေပါတယ်။ ဒါ့ကြောင့် ပြင်သစ်ရဲ့ အနေအထားကို သိရအောင် စီအင်န်အင်န်သတင်းက Connect the World အစီအစဉ်က ဂျိုနသန်မန်းနဲ့ပြင်သစ်ဝန်ကြီးချုပ်ဟောင်း ဒိုမိနစ်ဒီဗီလတ်ပင်တို့ရဲ့ ဆွေးနွေးထားမှုကို ပြန်လည်တင်ဆက်ပေးလိုက်ပါတယ်။

**လူကြီးမင်းခင်ဗျာ ပြင်သစ်လွှတ်တော်အမတ်တွေကတော့ (ဆီးရီးယားကိစ္စ)ကို ဆွေးနွေးခဲ့ပြီးပါပြီ။ သူတို့က ထောက်ခံမဲမပေးခဲ့ပါဘူး။ ပြင်သစ်ဘယ်ဘက်မှာ ရပ်နေပါပြီလဲ။ ပြင်သစ်က ဘာဆက်လုပ်မှာပါလဲ။**

ဟုတ်ကဲ့ ပြင်သစ်သမ္မတဟော်လန်ဒီဟာ ဆီးရီးယားသမ္မတ အာဆတ်ကို သူလုပ်ခဲ့တာတွေအတွက် အပြစ်ပေးချင်ကြောင်း ရှင်းရှင်းလင်းလင်းပြောပြီးဖြစ်ပါတယ်။ ပြင်သစ်မှာ (ဆီးရီးယားကိစ္စ)ကို အများကြီးဆွေးနွေးခဲ့တာပေါ့။ ကျွန်တော်တို့အနေနဲ့ စစ်ရေးအရ ဝင်ရောက်စွက်ဖက်သင့်၊ မသင့်ကိုပေါ့။ ဒါပေမဲ့ ပြင်သစ်သမ္မတရဲ့ ဆုံးဖြတ်ချက်က သေချာချထားပြီးသားဖြစ်ပြီး တော်တော်လေးရှင်းလင်းတယ်လို့ ကျွန်တော်ထင်ပါတယ်။

**ဟုတ်ကဲ့။ သမ္မတဟော်လန်ဒီက ပြောခဲ့ပါသေးတယ်။ ပြင်သစ်ဟာ တိုက်မယ်ဆိုပေမယ့် တစ်ဦးတည်း မလုပ်ပါဘူးတဲ့။ ဒီတော့ ပြင်သစ်ဟာ အမေရိကန်ကို စောင့်နေတာလား။**

ဟုတ်ပါတယ်။ အမှန်ကတော့ (အမေရိကန်) ကွန်ဂရက်ရဲ့လက်ထဲမှာ ဆုံးဖြတ်ချက်ရှိပါတယ်။ ပြီးတော့ ကွန်ဂရက်ရဲ့ ဆုံးဖြတ်ချက်ကို မူတည်လို့ သမ္မတအိုဘားမားရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ကို မူတည်လို့ ပြင်သစ်ဟာ ဆီးရီးယားမှာ စစ်ရေးပစ်မှတ်တချို့ကို တိုက်ခိုက်သွားနိုင်ဖို့ အမေရိကန်နဲ့ ပူးပေါင်းသွားမှာပါ။

**တစ်ခုမေးပါရစေ။ လူကြီးမင်းက ဝန်ကြီးချုပ်ဟောင်းလည်း ဖြစ်ခဲ့တယ်ဆိုတော့ ဒီကိစ္စနဲ့ပတ်သက်လို့ အမြင်တချို့ရှိမှာပါ။ ဒီဆုံးဖြတ်ချက်ကို ထောက်ခံပါသလား။**

ဟုတ်ကဲ့ အမှန်ကတော့ ကျွန်တော်မထောက်ခံပါဘူး။ နိုင်ငံတစ်ခု၊ နှစ်ခု ဒါမှမဟုတ် ဒီဆုံးဖြတ်ချက်ကို တူရကီနဲ့ ဩစတြေးလျတို့က ထောက်ခံခဲ့လို့ ထည့်ပေါင်းလိုက်ရင် နိုင်ငံသုံးလေးခုလောက်က တိုက်မယ်ဆိုရင် ဒီတိုက်ခိုက်မှုတွေအတွက် တရားဝင်မှုမရှိဘူးဆိုတဲ့သဘောမျိုး ဖြစ်လိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ ပြီးတော့လည်း ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ဒီကနေ့ပြဿနာအတွက်ဒါဟာ အကောင်းဆုံးအဖြေဖြစ်လိမ့်မယ်လို့ ကျွန်တော်မထင်ပါဘူး။ တကယ်တော့ ကျွန်တော်တို့ဟာ ဓာတုဗေဒတိုက်ခိုက်မှုတွေ ဖြစ်ခဲ့လား၊ မဖြစ်ခဲ့ဘူးလားဆိုတာကို ဆွေးနွေးအဖြေရှာနိုင်ပါတယ်။ အချက်အလက်တွေအားလုံးကလည်း ဒီလမ်းကြောင်းကို ညွှန်ပြနေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ်မေးသင့်တဲ့ အဓိကမေးခွန်းက ဆီးရီးယားလူထုကို ကာကွယ်ဖို့ ဘယ်ဟာက အကောင်းဆုံးနည်းလမ်းဖြစ်မလဲဆိုတာပါ။ ကျွန်တော်ယုံကြည်တာကလည်း တခြားသောအပြောင်းအလဲဖြစ်မယ့် အလုပ်တွေက ဆီးရီးယားမှာဖြစ်နေတဲ့ လက်ရှိအနေအထားနဲ့ ပိုပြီးသင့်တော်လိုက်လျောညီထွေရှိလိမ့်မယ်ထင်ပါတယ်။ အဲဒီနည်းတွေကတော့ လူသားချင်းစာနာအကူအညီပေးရေး၊ စစ်မဲ့ကြားခံဇုန်တွေထားရှိရေးတွေပေါ့။ ကနေ့ဆို ဆီးရီးယားစစ်ပြေးဒုက္ခသည်ဦးရေနှစ်သန်းကို ကျွန်တော်တို့ ရင်ဆိုင်နေရပြီ။ လူလေးသန်းလောက်ကလည်း စစ်ကြောင့် နိုင်ငံတွင်းမှာ နေရာရွှေ့ပြောင်းနေထိုင်နေကြရပြီ။ နိုင်ငံတကာအသိုင်းအဝိုင်းက လုပ်နေတာလည်း မလုံလောက်ပါဘူး။

ကျွန်တော်တို့ဟာ ဆီးရီးယားကိစ္စကို အရေးယူဆောင်ရွက်ဖို့ နိုင်ငံတကာရာဇဝတ်ခုံရုံးကနေလည်း လုပ်နိုင်ပါတယ်။ ဒီခုံရုံးတွေကို တင်ဖို့အတွက် အထောက်အထားဟောင်းတွေကို အတူတကွစုစည်းပြီး ပြင်ဆင်ထားနိုင်တယ်။ ဒါက ဓာတုလက်နက်နဲ့ တိုက်ခိုက်မှုတွေအတွက် အာဆတ်မှာ တာဝန်ရှိတယ်ဆိုရင် သူ့ကို အပြစ်ပေးဖို့ အကောင်းဆုံးနည်းလမ်းပါပဲ။

**ဟုတ်ကဲ့။ ဒါပေမဲ့ လူကြီးမင်း ပြောနေတာ ဖြစ်နေတဲ့ ပြည်တွင်းစစ်ကိစ္စအကြောင်းပဲဖြစ်ပြီး ကန်သမ္မတ (သို့မဟုတ်) ပြင်သစ်သမ္မတတို့က ရည်ရွယ်နေတဲ့ကိစ္စမျိုးတော့ဟုတ်ပုံမပေါ်ဘူးဖြစ်နေပါတယ်။ သူတို့က ဓာတုလက်နက်တွေသုံးလို့ ကမ္ဘာက ဒေါသထွက်ရတာကို ပြောနေတာပါ။ စစ်ကြောင့် ဘယ်လိုပျက်သုဉ်းမှုတွေ ဖြစ်နေတယ်ဆိုတဲ့ကိစ္စကို ဘေးဖယ်ထားပါတယ်။**

ဒါပေမဲ့ ဒီကိစ္စနှစ်ခုကို ခင်ဗျားအနေနဲ့ ခွဲခြားလို့မရဘူးလေ။ လူတစ်သိန်းကျော်လောက် အသတ်ခံရပြီး နောက်လာမယ့်လတွေထဲမှာလည်း လူတွေထပ်သေရဖို့ရှိနေတဲ့ ပြည်တွင်းစစ်ကို ရင်ဆိုင်နေရပြီဆိုရင် ဒီကိစ္စကို ခွဲခြားပြောလို့မရတော့ပါဘူး။ ဒါ့ကြောင့်ပဲ အဓိကမေးခွန်းက ကျွန်တော်ကြိုတင်က ပြောခဲ့သလိုပါပဲ။ လူထုကို ဘယ်လိုကာကွယ်မလဲဆိုတာပါပဲ။ ပြီးတော့ ကျွန်တော်တို့ဟာ ဆီးရီးယားမှာ ပြည်တွင်းစစ်ကို ကြုံနေရတာ သက်သက်မဟုတ်ပါဘူး။ ဒေသတွင်းစစ်ပွဲအဆင့်ကိုတောင် ကြုံနေရတာဖြစ်ကောင်းဖြစ်မှာပါ။ အစ္စလာမ်မစ်ဝါဒီတွေနဲ့ အမျိုးသားရေးဝါဒီတွေ ထိပ်တိုက်တွေ့နေတာကိုတွေ့ရတယ်။ ရှီးယားနဲ့ ဆွန်နီတွေကြား စစ်ပွဲဖြစ်လာနိုင်ခြေရှိနေတယ်။ ကျွန်တော်တို့ အမြင်ကန်းနေလို့ မရပါဘူး။ ဒါ့ကြောင့် ဒေသတွင်းမှာ အန္တရာယ်က တဖြည်းဖြည်းချင်း ကြီးမားကျယ်ပြန့်လာနိုင်ပါတယ်။ ဒါ့ကြောင့်ပဲ ဒီနေ့ကာလမှာ ကျွန်တော့်အတွက် အဓိကမေးခွန်းကတော့ နိုင်ငံရေးအရ စတင်လုပ်ဆောင်မှု လိုတယ်ဆိုတာပဲဖြစ်ပါတယ်။

ဒါကိုပဲ ဂျီ-၂၀ ခေါင်းဆောင်တွေအနေနဲ့ စိန့်ပီတာစဘာ့ဂ်မှာ တွေ့ဆုံစဉ် ဆွေးနွေးသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ ကိုယ့်မှာရှိထားတဲ့ ဆီးရီးယားအပေါ် အမြင်ကိုပြောင်းလဲရမှာမို့ပါ။ ပြင်သစ်ရဲ့ တရားဝင်လုပ်ပိုင်ခွင့်အာဏာအရ ၁၉၂၀ နဲ့ ၁၉၃၀ နှစ်များအတွင်းမှာ ဆီးရီးယားက ဒေသလေးခုပေါင်းထားတဲ့ ဖက်ဒရေးရှင်းတစ်ခုဖြစ်ခဲ့တယ်။ ဒီနေ့မှာတော့ ကျွန်တော်တို့ဟာ ဆီးရီးယားက နောက်ထပ်နိုင်ငံတစ်ခု မဖြစ်နိုင်တော့တဲ့အချက်ကို ရင်ဆိုင်ရပါတော့မယ်။ လူ့အသိုင်းအဝိုင်းတွေက တစ်ခုနဲ့တစ်ခု ပူးတွဲပြီး မနေနိုင်တော့ဘူး။ ကျွန်တော်တို့အနေနဲ့ လူ့အသိုင်းအဝိုင်းတွေကိုတစ်ခုနဲ့တစ်ခုပြဿနာမဖြစ်အောင် ကာကွယ်ရပါမယ်။ ဒီနေ့မှာတော့ (ဆီးရီးယား)မှာ အလာဝိတ်အဖွဲ့တွေက ဆွန်နီတွေအတွက် ခြိမ်းခြောက်မှုဖြစ်နေတယ်။ ဒါပေမဲ့ လာမယ့်နှစ်ကာလတွေအတွင်းမှာတော့ ဆွန်နီတွေက အလာဝိတ်တွေကိုခြိမ်းခြောက်လာလိမ့်မယ်။ ဒါကို ကျွန်တော်တို့ သိထားပါတယ်။

**ဒီတော့ လူကြီးမင်းဆိုလိုနေတာက တရားဝင်မဟုတ်တောင်မှ သူတို့ကို အတည်တကျပိုင်းခြားလိုက်တာမျိုးပေါ့။ ဒါမှမဟုတ် စီစဉ်မှုအသစ်တစ်မျိုးမျိုး၊ ဆီးရီးယားအတွက် အခြေခံဥပဒေသစ်တစ်ရပ်ကို ဆိုလိုနေတာပေါ့။ အဲဒါကို ဘယ်သူက လုပ်ပေးမှာလဲ။**

လက်ရှိအခြေအနေနဲ့ ပိုပြီးလိုက်လျောညီထွေဖြစ်မယ့် သင့်တော်တဲ့ ဆီးရီးယားနိုင်ငံသစ်အောက်မှာ အာရပ်အဖွဲ့ချုပ်ရယ်၊ ဥရောပရယ်၊ အမေရိကန်နဲ့ ရုရှားတို့ကြားထဲမှာ (ဘုံ)သဘောတူညီချက်တစ်ရပ် ကျွန်တော်တို့ ရှာနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဆီးရီးယားမှာ ဖြစ်နေတဲ့အခြေအနေကြောင့် နိုင်ငံရဲ့ လူဦးရေ ၁၀ ရာခိုင်နှုန်းလောက်ရှိတဲ့ ခရစ်ယာန်တွေမှာ တော်တော်ကြီးခြိမ်းခြောက်ခံနေရတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ လူဦးရေရဲ့ ၁၃ ရာခိုင်နှုန်းလောက်ရှိတဲ့ အလာဝိတ်တွေဟာလည်း ဆွန်နီတွေရဲ့ ဆန့်ကျင်မှုကို ကြောက်နေရတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ ပြီးတော့ ဆွန်နီတွေထဲမှာလည်း ဒီမိုကရေစီနိုင်ငံဖြစ်ချင်တဲ့သူတွေနဲ့ ဂျီဟတ်ဒ်စစ်ပွဲကို လိုက်နာချင်သူတွေ တိုးပွားလာပြီး ပြင်းပြင်းထန်ထန်ကို နှစ်ခြမ်းကွဲနေတာ ကျွန်တော်တို့ သိပါတယ်။ ဒီအခြေအနေက ကျွန်တော်တို့ ကိုရီးယား၊ ဂျာမနီတို့ရဲ့ အခြေအနေတွေကို ရင်ဆိုင်ခဲ့ရာမှာ ကြုံခဲ့သလိုမျိုး ရွေးချယ်စရာအသစ်တွေနဲ့ အခြေအနေမျိုးပါ။ ကျွန်တော်တို့ ဒီနေ့ပြောဆိုဆွေးနွေးနေတဲ့ ပြဿနာက ဆီးရီးယားပြည်သူတွေ ရင်ဆိုင်နေရတဲ့ တကယ့်ပြဿနာမဟုတ်ပါဘူး။ နိုင်ငံထဲမှာ လုံခြုံရေးပိုကောင်းအောင် ဘယ်လိုလုပ်မလဲ၊ ဘယ်လိုဖြေရှင်းမလဲဆိုတာမျိုးပေါ့။ ဒါကပဲ နိုင်ငံတစ်နိုင်ငံ တကယ်ဖြစ်နေတဲ့ပြဿနာလို့ ကျွန်တော်ထင်တယ်လေ။ ခုတော့ စစ်ရေးအရ အရေးယူဆောင်ရွက်ဖို့ကို ဆွေးနွေးနေရင်းနဲ့ ကမ္ဘာ့နိုင်ငံတွေဟာ ဆီးရီးယားမှာ တကယ်ဖြစ်နေတဲ့ပြဿနာတွေကို ပြောတာမျိုးမရှိဘူး ဖြစ်နေတယ်။

*—Ref:Discussion with former French Minister Dominique De Villepin. CNN, CONNECT THE WORLD, 5th Sept:*

## Leader's Profile

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ညွှန်ကြားရေးမှူးချုပ်သစ် ရောဘတ်တိုအဇီဗီဒို

ရဲမင်း



ရောဘတ်တို ကာဗယ်ဟိုဒီ အဇီဗီဒိုသည် ဘရာဇီးနိုင်ငံရေးသမားနှင့်သံတမန်တစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ်မှစ၍ ဘရာဇီးနိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁ ရက်မှစ၍ WTO ၏ ခြောက်ယောက်မြောက် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူသည်။

မစ္စတာ အဇီဗီဒိုသည် အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်နှင့် မိခင်ပေါ်တူဂီဘာသာစကားများ ကျွမ်းကျင်ပြီး ဘရာဇီးလီယာတက္ကသိုလ်မှ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ ရရှိခဲ့သည်။ ဘရာဇီးနိုင်ငံတကာ ဆက်ဆံရေးဝန်ကြီးဌာနမှဖွင့်လှစ်သော Rio Branco အင်စတီကျုဒ်မှလည်း ထပ်မံ၍ ဘွဲ့ရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန၌ အလုပ်ဝင်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ဝါရှင်တန်မြို့သို့ ပထမဆုံးသံတမန်ရာထူး ခန့်အပ်ခံရသည်။ ယင်းနောက်တွင် မွန်ဒီဗီဒီယိုနိုင်ငံ ဘရာဇီးသံရုံးတွင် သွားရောက်တာဝန်ထမ်းဆောင်ပြီး ၁၉၉၇ ခုနှစ်တွင် ဂျီနီဗာမြို့၌ အမြဲတမ်းသံတမန်အဖြစ် ခန့်အပ်ခံရသည်။

မစ္စတာ အဇီဗီဒိုသည် ၂၀၀၁ ခုနှစ်တွင် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန အငြင်းပွားမှုဖြေရှင်းရေးဌာနခွဲ အကြီးအကဲအဖြစ် ခန့်အပ်ခံရပြီး ယင်းနေရာတွင် ၂၀၀၅ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ ယင်းနေရာတွင် တာဝန်ယူစဉ်အတွင်း မစ္စတာအဇီဗီဒိုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အငြင်းပွားမှုများစွာတွင် ချေပသူအကြီးအကဲအဖြစ် ပါဝင်ခဲ့ပြီး အခြား WTO အငြင်းပွားမှု ဖြေရှင်းရေး ခုံရုံးများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

၂၀၀၆မှ ၂၀၀၈ ခုနှစ်အတွင်း မစ္စတာ အဇီဗီဒိုသည် ဘရာဇီးလီးယားရှိ နိုင်ငံခြားရေးဝန်ကြီးရုံး၊ စီးပွားရေးနှင့် နည်းပညာရေးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ယင်းနေရာတွင် တာဝန်ယူရင်း WTO အဖွဲ့ ဒိုဟာမြို့ အစည်းအဝေးပွဲများတွင် ဘရာဇီး၏ ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးချုပ်ဖြစ်ပြီး တောင်အမေရိကနိုင်ငံများ၏ ကုန်သွယ်ရေးအဖွဲ့ (MERCOSUR) တွင်လည်း ဘရာဇီးကိုယ်စားပြု ညှိနှိုင်းခဲ့သည်။

မစ္စတာ အဇီဗီဒိုသည် ၂၀၀၈ ခုနှစ်တွင် ဂျီနီဗာမြို့ အခြေစိုက် ကုလသမဂ္ဂ၏ နိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာ ဘရာဇီးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသလို WTO ၏ ဘရာဇီးနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ်ပါ တာဝန်ပေးခြင်းခံရသည်။

သံအမတ်ကြီးသည် နိုင်ငံတကာစီးပွားရေးနှင့်ပတ်သက်၍လည်း စာတမ်းပေါင်းများစွာ၊ ဆောင်းပါးပေါင်းများစွာ ရေးသားခဲ့သည်။

၂၀၁၃ ခုနှစ်မေလတွင် WTO ညွှန်ကြားရေးမှူးချုပ်ဟောင်း ပါစကယ် လာမီ နေရာဆက်ခံရန် ရွေးချယ်ခံရသည်။ ယင်းနေရာအတွက် အမည်စာရင်းတင်သွင်းသူပေါင်း ၁၃ ဦးရှိခဲ့ပြီး နောက်ဆုံးတွင် ချမ်းသာသော နိုင်ငံကြီးများက လိုလားသူ မက္ကဆီကိုပြိုင်ဘက် ဟာမီနီယိုဘလန်ကိုအပေါ် အောင်ပွဲခံခဲ့သည်။

မစ္စတာ အဇီဗီဒိုသည် ဘရာဇီးနိုင်ငံမှ သံတမန် မာရီယာ အဇီဗီဒိုနှင့် အိမ်ထောင်ပြုခဲ့ပြီး သမီးနှစ်ဦးထွန်းကားကာ မြေးမလေးနှစ်ဦးပင် ပိုင်ဆိုင်ထားပြီဖြစ်သည်။

—*Ref: Wikipedia*



JOE PENNEY/REUTERS

*စက်တင်ဘာ ၄ ရက်က မာလီနိုင်ငံ၊ ဘာမာကိုမြို့တွင်ပြုလုပ်သော ကျမ်းသစ္စာကျိန်ဆိုခြင်းအခမ်းအနား၌ မာလီရွေးကောက်ခံသမ္မတ အီဗရာဟင် ဘိုဘာကာ ကီအီတာ ကျမ်းကျိန်နေစဉ်*

# သမ္မတသစ်ရာထူး လက်ခံပြီးနောက် မာလီနိုင်ငံအား အမေရိကန်အကူအညီပြန်ပေး

**ဝါရှင်တန်၊စက်တင်ဘာ-၇**

မာလီနိုင်ငံတွင် ဒီမိုကရေစီစနစ်အရ ရွေးကောက်တင်မြှောက်ထားသော အစိုးရသစ် တရားဝင်ရာထူးလက်ခံပြီးနောက် မာလီနိုင်ငံအပေါ် အကူအညီပေးခြင်းပိတ်ပင်ထားသည်ကို အမေရိကန်နိုင်ငံက ပယ်ဖျက်လိုက်ပြီဖြစ်သည်။

၂၀၁၂ ခုနှစ် မတ်လအတွင်း မာလီအစိုးရကို စစ်တပ်က ရာထူးမှ ဖြုတ်ချပြီးနောက် အယ်လ်ကိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် စစ်သွေးကြွများက နိုင်ငံမြောက်ပိုင်းမြို့များကို သိမ်းပိုက်လိုက်ချိန်မှစ၍ မာလီနိုင်ငံသို့ပေးအပ်သည့် အကူအညီများကို အမေရိကန်နိုင်ငံက ဆိုင်းငံ့ထားခဲ့သည်။

ယင်းစစ်သွေးကြွများကို ပြင်သစ်စစ်တပ်၏ အကူအညီဖြင့် နှိမ်နင်းခဲ့ပြီး ဩဂုတ်လအတွင်း မာလီနိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့သည်။ မာလီနိုင်ငံသမ္မတသစ် အီဗရာဟင်ဘိုဘာကာကီတာသည် စက်တင်ဘာ ၄ ရက်က ရာထူးစတင်လက်ခံခဲ့သည်။

အကူအညီပေးရေးအစီအစဉ်များကို ပြန်လည်စတင်လိုက်သော်လည်း မာလီစစ်တပ်နှင့်မည်ကဲ့သို့၊ မည်သည့်အချိန်တွင် ထိတွေ့ဆက်ဆံမည်ကို ဆက်လက်သုံးသပ်ဦးမည်ဟု ကန်အစိုးရက ပြောသည်။

မာလီစစ်တပ်အား အကူအညီပြန်လည်ပေးအပ်ရာတွင် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ ပညာရှင်ဆန်သော စံသတ်မှတ်ချက်များ၊ အရပ်သားအစိုးရအခွင့်အာဏာ ပြန်လည်သက်ဝင်ခြင်း၊ အုပ်ချုပ်ရေးယန္တရား၏ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးဆောင်ရွက်ရလိမ့်မည်ဟု ကန်အစိုးရကပြောသည်။

—*Ref: Reuters*

# ဗဟိုအာဖရိကနိုင်ငံတွင် ရွာများကိုမီးရှို့ လူများကို ညှဉ်းပန်းနှိပ်စက်ခံရမှုများ ကုလသမဂ္ဂတွေ့ရှိ

**ကုလသမဂ္ဂ၊စက်တင်ဘာ-၇**

မငြိမ်မသက်မှုများ ပြည့်နေသော ဗဟိုအာဖရိကနိုင်ငံမြောက်ပိုင်းသို့ အရေးပေါ် အကူအညီပေးရန် သွားရောက်ခဲ့သည့်ကုလသမဂ္ဂအကူအညီပေးရေးလုပ်သားများသည် မီးရှို့ထားပြီး လူများစွန့်ခွာသွားသောရွာများ တွေ့မြင်ခဲ့ရကာ ကျယ်ပြန့်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ကြားသိခဲ့ရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)က ပြောကြားသည်။

"အဲဒီဒေသမှာ ဥပဒေမဲ့ဖြစ်ပျက်နေတယ်ဆိုတာကို UNHCR အဖွဲ့က အတည်ပြုခဲ့ပါတယ်။ လက်နက်ကိုင်တွေက ရိုက်နှက်တာတွေ၊ ငွေညှစ်တာ၊ ပစ္စည်းတွေလုယက်တာ၊ ဥပဒေမဲ့ဖမ်းဆီးတာ၊ နှိပ်စက်တာတွေ လုပ်ခဲ့တဲ့ အကြောင်း ဒေသခံတွေဆီက ကြားသိခဲ့ရပါတယ်"ဟု UNHCR ပြောခွင့်ရအမျိုးသမီး မယ်လစ်ဆာဖလီမင်းက ပြောကြားသည်။

UNHCR အဖွဲ့သည် ယခင်သီတင်းပတ်အတွင်း မြို့တော်ဘန်ဂူအီမှ မိုင် ၃၁၀ အကွာ ပါဝိုးအာဒေသသို့ သွားရောက်ခဲ့ပြီး ဒေသခံလူထုသည် သေနတ်ကိုင်ထားသူ မည်သူ့ကိုမဆို ကြောက်နေရကြောင်း မစ္စစ်ဖလီမင်းကပြောသည်။

"ရွာပေါင်းခုနစ်ရွာ မီးရှို့ထားပြီး လူသူကင်းမဲ့နေတာကို အကူအညီပေးရေးလုပ်သားတွေက တွေ့ရှိခဲ့ပါတယ်။ ရွာသားတွေက တောတောင်ထဲသွားပြီး ပုန်းနေကြပါတယ်"ဟု UNHCR ပြောခွင့်ရအမျိုးသမီးက ပြောသည်။

ဆီလီကာဟုခေါ်သော သူပုန်အုပ်စုများက ပြီးခဲ့သောမတ်လအတွင်း သမ္မတဖရန်ဆွာဘိုဇီဇီကို ဖြုတ်ချအာဏာသိမ်းခဲ့ပြီးနောက်ပိုင်း ဗဟိုအာဖရိကနိုင်ငံတွင် ဥပဒေကင်းမဲ့နေပြီး ဗဟိုအာဖရိကနိုင်ငံသားအများအပြားမှာ အိမ်နီးချင်း ကွန်ဂို၊ ချဒ်၊ ကင်မရွန်း နိုင်ငံများသို့ ထွက်ပြေးပြီး နိုင်ငံတွင်းမှာပင် ရွှေ့ပြောင်းနေထိုင်သူပေါင်း နှစ်သိန်းကျော်ရှိသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# လူမှောင်ခိုပို့မှုတွင် ပါဝင်သည့်သီရိလင်္ကာဗိုလ်မှူးတစ်ဦးကို ဖမ်းဆီး

**ကိုလံဘို၊ စက်တင်ဘာ-၇**

သီရိလင်္ကာရေတပ်ဖွဲ့သည် ဩစတြေးလျနိုင်ငံသို့ တရားမဝင် လှေဖြင့် ဝင်ရောက်လိုသောသူများအား မှောင်ခိုခိုးထုတ်ပေးနေသည့် ရေတပ်အရာရှိတစ်ဦးကို ဖမ်းဆီးခဲ့သည်။

ဩစတြေးလျအစိုးရက နိုင်ငံတွင်းသို့ ခိုးဝင်ရန်ကြိုးစားသူများအား ပြင်းပြင်းထန်ထန် အရေးယူမည့်အစီအစဉ်ကို ဇူလိုင်လလယ်တွင် ကြေညာခဲ့ပြီးနောက် သီရိလင်္ကာရေတပ်ဖွဲ့သည် လှေဖြင့် ဩစတြေးလျနိုင်ငံသို့ သွားရောက်မည့် နိုင်ငံသား ၃၀၀ ခန့်ကို ထိန်းသိမ်းခဲ့ရသည်။ ထို့အပြင် ပြီးခဲ့သည့်လကလည်း ရေတပ်တပ်သားလေးဦးကို လူမှောင်ခိုလုပ်ရာတွင် ပါဝင်မှုဖြင့်ဖမ်းဆီးခဲ့ပြီး ယခုတစ်ကြိမ်တွင် ဖမ်းဆီးခဲ့သူမှာ ရေတပ်ဒုဗိုလ်မှူးတစ်ဦးဖြစ်သည်ဟု ဆိုသည်။

ရေတပ်တာဝန်ရှိသူတစ်ဦးကလည်း ဗိုလ်မှူးအဆင့်တစ်ဦးကို ဖမ်းဆီးထားသည်မှာ မှန်ကန်ကြောင်း အတည်ပြုခဲ့ပြီး တပ်တွင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဟု ပြောသည်။ ရေတပ်ဖွဲ့သည်ပြီးခဲ့သည့်တစ်လခန့်က နိုင်ငံ့တောင်ပိုင်းကမ်းရိုးတန်းအလွန်တွင် လူ ၇၃ ဦးအား ငါးဖမ်းလှေတစ်စီးဖြင့် ခိုးထုတ်ရန် စီစဉ်နေမှုကို တွေ့ရှိရာမှ ထိုသို့ဖမ်းဆီးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာနိုင်ငံတွင် လူမှောင်ခို ပို့ပေးသူများသည် ဩစတြေးလျနိုင်ငံသို့ သွားလိုသူများကို တစ်ဦးလျှင် ဒေါ်လာ ၇,၆၀၀ ခန့် ရယူကာ လှေဖြင့်ပို့ပေးလေ့ရှိသည်။ *—Ref: Bangkok Post*

# ကန့်ကွက်မှုများကြောင့် မယ်ကမ္ဘာပြိုင်ပွဲကို ဘာလီကျွန်းသို့ ပြောင်းရွှေ့ကျင်းပမည်

**ဂျကာတာ၊ စက်တင်ဘာ-၇**

နိုင်ငံတွင်း အစ္စလာမ်ဘာသာရေးသမားများ၏ ကန့်ကွက်ဆန္ဒပြမှုများကြောင့် အင်ဒိုနီးရှားနိုင်ငံမှ မယ်ကမ္ဘာပြိုင်ပွဲ ကျင်းပသည့် စီစဉ်သူများသည် ပြိုင်ပွဲကို ဟိန္ဒူဘာသာဝင်အများစုနေထိုင်ရာဖြစ်သည့် ဘာလီကျွန်းသို့ ရွှေ့ပြောင်းကျင်းပရန် ဆုံးဖြတ်ခဲ့သည်။




SONNY TUMBELAKA/AFP

*မယ်ကမ္ဘာပြိုင်ပွဲစတင်ရန် တစ်ရက်အလို စက်တင်ဘာ ၇ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ နူဆာဒူအာအပန်းဖြေစခန်းတွင် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်နေသော ကင်မရွန်းမယ် ဒဲနစ်ဗယ်လာရီ အရီနာကို တွေ့ရစဉ်*

အင်ဒိုနီးရှားနိုင်ငံတွင် မယ်ကမ္ဘာပြိုင်ပွဲကို မြို့တော်ဂျကာတာအပြင်ဘက်နှင့် ဘာလီကျွန်းတို့တွင် နေရာခွဲ၍ ကျင်းပသွားရန် စီစဉ်ခဲ့သော်လည်း ပြိုင်ပွဲကျင်းပရန် နီးလာသည့် ယခုအပတ်အတွင်း မြို့တော်၌ ကန့်ကွက်မှုပိုများလာသည်။ ထို့နောက် စက်တင်ဘာ ၄ ရက်မှစ၍ ကန့်ကွက်မှုများမှာ စက်တင်ဘာ ၇ ရက်တွင် ပြုလုပ်မည့်ပွဲ မတိုင်မီ အချိန်ကိုက်ပေါ်လာပြီး ကန့်ကွက်သူများ ပိုများလာနေ၍ ပြိုင်ပွဲကို နေရာရွှေ့ပြောင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ အစိုးရကစနေနေ့က ထုတ်ပြန်သောကြေညာချက်ထဲတွင် "အခုဆိုပွဲတွေအားလုံးကို ဘာလီမှာပဲ ကျင်းပသွားမှာပါ။ မပြီးမချင်း ဘာလီမှာပဲ ပိတ်ပွဲအခမ်းအနားအထိ လုပ်သွားမှာပါ"ဟု ဖော်ပြထားပြီး လူမှုဖူလုံရေးဌာန ပူးတွဲဝန်ကြီး အဂန်လက်ဆိုနိုကလည်း အစိုးရသည် လူထုလိုချင်သည်ကို နားထောင်ခဲ့ကြောင်း ဆိုသည်။

မယ်ကမ္ဘာပြိုင်ပွဲ စီစဉ်သူများသည် အစ္စလာမ်ဘာသာရေးအဖွဲ့များ၏ ကန့်ကွက်မှုကြောင့် ပြိုင်ပွဲတွင် ဘီကီနီဝတ်၍ ယှဉ်ပြိုင်စေခြင်းများကို ထည့်သွင်းမည်မဟုတ်ဟု အစောပိုင်းက ပြောခဲ့သည်။ သို့သော် ကန့်ကွက်မှုများမှာ ပြိုင်ပွဲကို ဦးတည်ခဲ့၍ နေရာရွှေ့ပြောင်းရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ကလည်း ဘာသာရေးအယူသီးသူများသည် လေဒီဂါဂါ၏ ပွဲကို ဘောင်းဘီတိုနှင့် ဘရာစီယာများသာ ဝတ်ဆင်ဖျော်ဖြေသည့်အကြောင်းရင်းကြောင့် ဂျကာတာမြို့တွင် မကျင်းပရန် ကန့်ကွက်ခဲ့ကြသည်။ *—Ref:AFP*




# ဟောင်ကောင်တက္ကသိုလ် ကျောင်းသားကျောင်းသူအများစု အပျို၊ လူပျိုအစစ်များ ဖြစ်ဟုဆို

**ဟောင်ကောင်၊ စက်တင်ဘာ-၇**

ဟောင်ကောင်တက္ကသိုလ်ကျောင်းသားသမဂ္ဂက ပြုလုပ်ခဲ့သော စစ်တမ်းတစ်ခုအရ တက္ကသိုလ်ကျောင်းသားများ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် တစ်ခါမျှ ချစ်သူရည်းစားနှင့် ချိန်းတွေ့ဖူးခြင်းမရှိသည့် အပျို၊ လူပျိုစစ်စစ်များဖြစ်နေကြသည်ကို တွေ့ရသည်။

ထိုစစ်တမ်းသည် ကျောင်းသား၊ကျောင်းသူပေါင်း၆၃၀(ကျား ၃၁၄ ဦးနှင့် မ ၃၁၆ ဦး)ကို ပြီးခဲ့သည့်လက မေးမြန်းကောက်ယူခဲ့ခြင်းဖြစ်သည်။ စစ်တမ်းမှ ရလဒ်များကို စက်တင်ဘာ ၄ ရက်က ကျောင်းသားသမဂ္ဂ၏မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ စစ်တမ်းတွင် မေးမြန်းခံရသည့် ကျောင်းသား၊ ကျောင်းသူ ၇၃ ရာခိုင်နှုန်းက ၎င်းတို့တွင် လိင်မှုအတွေ့အကြုံလုံးဝမရှိကြောင်း ဖြေကြားခဲ့ပြီး ဖြေဆိုသူအများစုမှာ မိန်းကလေးများဖြစ်ကြသည်ဟု သိရသည်။ စစ်တမ်း၌ ဖြေဆိုသူ ၁၇ ရာခိုင်နှုန်းကသာ တက္ကသိုလ်မရောက်မီ လိင်ကိစ္စအတွေ့အကြုံရှိသည်ဟုဝန်ခံထားပြီး ၁၀ ရာခိုင်နှုန်းကမူ တက္ကသိုလ်တက်မှသာ အတွေ့အကြုံရှိလာကြောင်း ဆိုသည်။ ထို့အပြင် ဖြေဆိုသူအချို့က တက္ကသိုလ်ခန်းမများထဲတွင် ချစ်သူနှင့်အတူနေဖူးကြပြီး အချို့မှာမူ ကျောင်းဝင်းအတွင်း အခြားနေရာများတွင် နေဖူးကြကြောင်း ဝန်ခံခဲ့သည်။

စစ်တမ်းတွင် အတွေ့အကြုံမရှိသကဲ့သို့ တစ်ခါမှလည်း ချိန်းတွေ့မှုဒိတ်လုပ်ဖူးခြင်းမရှိသူ အရေအတွက်မှာ စုစုပေါင်း၏ ၄၄ ရာခိုင်နှုန်းရှိပြီး အများစုဖြစ်ခဲ့သည်။ ငါးရာခိုင်နှုန်းကမူ ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာတိမ်းညွှတ်မှုမှာ ဆန့်ကျင်ဘက်လိင်သို့ ဦးတည်ခြင်းဟုတ်၊မဟုတ်မသေချာကြောင်းဝန်ခံခဲ့ကြသည်။

*—Ref: Asiaone*

7DAY NEWS JOURNAL

# Entertainment

Vol.12, No.27 • SEPTEMBER 11 , 2013

## ကာလာစုံ Lessonကိုရုပ်ရှင်အဖြစ် ပြန်ရိုက်ခွင့်ရဖို့မျှော်လင့်နေတဲ့ စိုင်းစိုင်း

ဖွဲ့ညက်

**ရန်ကုန်၊ စက်တင်ဘာ-၇**

ရုပ်ရှင်အစည်းအရုံးမှ ရိုက်ကူးခွင့် ယာယီပိတ်ထားသော ကာလာစုံ Lesson ဇာတ်ကားကို ရိုက်ကူးခွင့် ပြန်ရရန် မျှော်လင့်ကြောင်း စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

ယင်းဇာတ်ကားကို ယခင်က ဗီဒီယို အဖြစ် လျှောက်ထားကာ စတင်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ရိုက်ကူး၍မပြီးခင် ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးရန် လျှောက်ထားခဲ့ရာ ခွင့်ပြုခဲ့သောကြောင့် ရိုက်ကူးနေချိန်တွင် ပိတ်ပင်ခံခဲ့ရခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

"ဒီဇာတ်ကားက ဗီဒီယိုကနေ ရုပ်ရှင်ပြောင်းမှာ မဟုတ်ပါဘူး။ ဗီဒီယိုရိုက်ထားဖူးပေမယ့် ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးမှာဖြစ်ပါတယ်။ ခြင်းချက်အနေနဲ့ ရိုက်ထားတဲ့ အရုပ်တွေကို ပြန်အသုံးပြုမှာ ဖြစ်ပါတယ်"ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ယင်းရုပ်ရှင်ကို တားမြစ်ခြင်းသည် ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးခွင့်ပြုခဲ့သည်မှာ ၂၀၁၂ ဩဂုတ်လကတည်းကဖြစ်ပြီး ယခုအချိန်တွင် ရုပ်ရှင်အဖြစ် ရိုက်ကူးမည်ဆိုသောကြောင့် မူတစ်ခုအနေဖြင့် ခွင့်မပြုနိုင်ကြောင်း အကြောင်းပြန်ခြင်းဖြစ်သည်ဟု ပြောသည်။

"ဗီဒီယိုကို ကားကြီးကူးပြောင်းခွင့်မပေးဘူးဆိုတာ အစည်းအဆက်ချမှတ်ခဲ့တဲ့ မူတစ်ခုပါ။ တစ်ဦးတစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်လည်း မဟုတ်ပါဘူး။ CEC အစည်းအဝေးမှာ ဆုံးဖြတ်ပြီး အားလုံးသဘောတူတဲ့အတွက် အဲဒီမူအရ ချက်ချင်းပြောလိုက်ရတာပါ"ဟု အထက်ပါကိစ္စအပေါ် ဦးလူမင်းက ရှင်းပြသည်။

ရုပ်ရှင်ရိုက်ကူးခြင်းနှင့်ပတ်သက်၍ ယင်းရုပ်ရှင်တွင် ပါဝင်သော မင်းသား၊ မင်းသမီး၊ ကင်မရာမန်း၊ စက်အဖွဲ့အပါအဝင် အားလုံးက ကန့်ကွက်ရန်မရှိကြောင်း ရုပ်ရှင်အစည်းအရုံးသို့တင်ပြထားပြီး ရုပ်ရှင်အစည်းအရုံးမှ အမြန်ဆုံး ပြန်လည်ရိုက်ကူးခွင့်ပြုရန် မျှော်လင့်ကြောင်း စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

"ရုပ်ရှင်အစည်းအရုံးအနေနဲ့ကြိုးစားနေတဲ့ အနုပညာရှင်တွေဘက်ကနေပြီး အမြန်ဆုံးပြန်လည်ဖြေရှင်းပေးမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု စိုင်းစိုင်းက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ယင်းရုပ်ရှင်ဇာတ်ကားတွင်ပါဝင်သည့် သရုပ်ဆောင်များနှင့် စက်အဖွဲ့များကလည်း ရုပ်ရှင်ကားကြီးအဖြစ် ရှင်းလင်းပြီးပါကြောင်း ထပ်၍ စာတင်ထားသောကြောင့် စီအီးစီအဖွဲ့များနှင့် ဆွေးနွေး၍ ထုတ်လုပ်သူအလွှာသို့ ချပြကာ အများဆန္ဒဖြင့် ဆုံးဖြတ်ပေးမည်ဟု ဦးလူမင်းက ပြောကြားသည်။



ဓာတ်ပုံ-နစ်ကီ




*ရန်ကုန်လေဆိပ်သို့ပြန်လည်ရောက်ရှိလာသော ခင်ဝင့်ဝါ*

ဓာတ်ပုံ-ကျော်ဇင်သန်း

## "ပရိသတ်ကြီးက ပိုက်ဆံအကုန်အကျခံပြီး မဲပေးတာတွေ့တော့ ဝမ်းသာလွန်းလို့ မျက်ရည်တောင်ကျမိပါတယ်"

**ခင်ဝင့်ဝါနှင့်တွေ့ဆုံခြင်း**

**ကြူကြူဟာန်**

ကမ္ဘာ့အဆင့်သုံးတွင် ရပ်တည်သော မယ်ပြိုင်ပွဲဖြစ်သည့် "Miss Supranational 2013" တွင် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ခင်ဝင့်ဝါသည် မြန်မာပရိသတ်များ၏အားပေးမှုကြောင့်စက်တင်ဘာ၆ရက်နောက်ဆုံးပြိုင်ပွဲတွင် Miss Internet ဆုအပါအဝင် Most Beautiful Girl In the World ဆု၊ Missosology မှ ချီးမြှင့်သော People Choice Award နှင့် Face of Miss Supranational 2013 ဆုတို့ရရှိခဲ့ပြီး ပြိုင်ပွဲတွင် နိုင်ငံ ၈၀ ကျော်ထဲမှ နောက်ဆုံး ဆန်ခါတင် ၂၀ဦး စာရင်းတွင် ပါဝင်ခွင့်ရခဲ့သည်။

အသက် ၁၉ နှစ်ပင် မပြည့်သေးသည့် ခင်ဝင့်ဝါ၏ပြိုင်ပွဲတစ်လျှောက်မြန်မာဝတ်စုံများဝတ်ဆင်ထားပုံများနှင့် ပြိုင်ပွဲဝင် ဘီကီနီဝတ်ဆင်ခဲ့သည့်ပုံများက အွန်လိုင်းပရိသတ်များအကြား ရေပန်းစားခဲ့သည်။ ပြိုင်ပွဲအတွေ့အကြုံများနှင့်၎င်း၏ခံယူချက်၊ခံစားချက်များကို မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဘီလာရုစ်မှာပြိုင်ပွဲဝင်ခဲ့တဲ့ အတွေ့အကြုံလေးတွေကို ပရိသတ်အတွက် အရင်ဆုံးမျှဝေပေးပါဦး။**

ဘီလာရုစ်မှာ လေ့လာရေးခရီးသွားရတာ ညီမအတွက် အတွေ့အကြုံဗဟုသုတအများကြီးရခဲ့ပါတယ်။ပြီးတော့သူတို့ရဲ့ဓလေ့ရိုးရာယဉ်ကျေးမှုတွေ အများကြီးကိုလည်း သိခွင့်ရခဲ့ပါတယ်ရှင့်။

**အခုလို အသက်ငယ်ငယ်လေးနဲ့ နိုင်ငံကိုယ်စားပြုပြီးတော့ သူများနိုင်ငံမှာ ပြိုင်ပွဲဝင်ခဲ့ရတဲ့အချိန်မှာ ကိုယ့်ကြောင့် အမှားယွင်းဖြစ်ပြီး နိုင်ငံရဲ့ပုံရိပ် ထိခိုက်သွားမှာကို တွေးပြီး စိတ်ဖိစီးမှုဖြစ်ခဲ့တာရောရှိလား။**

အဲဒီအတွက် လုံးဝစိုးရိမ်စိတ်မရှိပါဘူး။ ညီမ ဒီပြိုင်ပွဲကိုသွားပြိုင်မယ်ဆိုကတည်းကိုက ညီမရဲ့အဖွဲ့အစည်းက အစစအရာရာ ပြင်ဆင်ပေးခဲ့တယ်။ ပြီးတော့ ညီမအနေနဲ့လည်း ကိုယ့်နိုင်ငံရဲ့ ပုံရိပ်မကျအောင် အစွမ်းကုန် ထိန်းသိမ်းပါတယ်။

စာ(၄၁)သို့



7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013



# ဖျော်ဖြေပွဲလုပ်နေစဉ် ချော်လဲပြီး ခြေဆစ်လွဲသွားတဲ့ ကာရီအန်ဒါဝုဒ်

**လော့အိန်ဂျလိစ်၊ စက်တင်ဘာ-၆**

အမေရိကန်ကျေးလက် တေးသီချင်း အဆိုတော် ကာရီအန်ဒါဝုဒ်သည် စက်တင်ဘာလ ၅ ရက်က အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ကောပက်စ်ခရစ္စတီးမြို့၌ ပရိသတ်များအား ဖျော်ဖြေတင်ဆက်နေစဉ် စင်ပေါ်၌ တလိမ့်ခေါက်ကွေးချော်လဲပြီး ခြေဆစ်လွဲသွားသည်ဟု သိရသည်။

ကာရီသည် စင်မြင့်ပေါ်၌ Undo it သီချင်းကို သီဆိုနေစဉ် ၎င်း၏ ခြောက်လက်မခန့်မြင့်သည့် ဒေါက်မြင့်ဖိနပ်ကြောင့် ခြေချော်လဲကျခဲ့ရာမှ ခြေဆစ်လွဲသွားခဲ့သည်။ ကာရီသည် ခြေဆစ်လွဲ၍ နာကျင်သွားသော်လည်း ဝါရင့်အဆိုတော်တစ်ဦးကဲ့သို့ ၎င်း၏ သီချင်းကို ပြီးဆုံးသည်အထိ သီဆိုခဲ့ပြီး ဖျော်ဖြေပွဲဆုံးခန်းတိုင်သည်အထိ ကြိုးစားခဲ့သည်။

ကာရီအန်ဒါဝုဒ်သည် အဆိုပါ မတော်တမှုဖြစ်ပွားပြီးနောက် အိမ်၌ အနားယူစဉ် ခြေစွပ်အသစ်နှင့် ၎င်း၏ခြေထောက်ကို ဓာတ်ပုံရိုက်ပြီး စင်ပေါ်၌ ချော်လဲမှုကို ဟာသအဖြစ် တွစ်တာဝက်ဘ်ဆိုက်၌ ရေးသားခဲ့သည်။ ကာရီက ၎င်း၏ ခြေချောင်းလေးများ လှုပ်ရှား၍ မရသော်လည်း ကျိုးမသွားသည့်မှာ သတင်းကောင်းပင်ဖြစ်သည်ဟု ရေးသားခဲ့သည်။

-XinMSN

# ကင်ဘန်းသရုပ်ဆောင်ထားသော တရုတ်ရုပ်ရှင်ကား စက်တင်ဘာလကုန် ရုံတင်ပြသမည်



**ဆိုးလ်၊ စက်တင်ဘာ-၆**

တောင်ကိုရီးယားသရုပ်ဆောင်မင်းသား ကင်ဘန်းပါဝင်သရုပ်ဆောင်ထားသော " Young Detective Dee: Rise of the Sea Dragon "တရုတ်နန်းတွင်ဇာတ်ကားကို စက်တင်ဘာ ၂၈ ရက်တွင် တရုတ်နိုင်ငံနှင့် အောက်တိုဘာ ၂ရက်တွင် တောင်ကိုရီးယားနိုင်ငံတို့၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ကင်ဘန်း၏အေဂျင်စီက ပြောကြားသည်။

အဆိုပါ3D ဇာတ်ကားသည် သရုပ်ဆောင်ကင်ဘန်းအတွက် ပထမဆုံးနိုင်ငံခြားရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ယင်းဇာတ်ကားတွင် တရုတ်သရုပ်ဆောင်မင်းသား၊ မင်းသမီးများသာပါဝင်ပြီး ကိုရီးယားသရုပ်ဆောင်ဟူ၍ ကင်ဘန်းတစ်ယောက်သာပါဝင်သည်။ ကင်ဘန်းသည် ယင်းဇာတ်ကားတွင် အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်ဟုလည်းသိရသည်။

တရုတ်သရုပ်ဆောင်များနှင့်အတူ ကင်ဘန်းပါဝင်သရုပ်ဆောင်ထားသော အဆိုပါဇာတ်ကားကို ပြင်သစ်၊ အိန္ဒိယ၊ ထိုင်း၊ ဖိလစ်ပိုင်၊ ရုရှား၊ ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ တိုင်ပေနိုင်ငံများသို့ ရောင်းချခဲ့သည်ဟု အမေရိကန် Hollywood Reporter သတင်းဌာနက ပြီးခဲ့သည့် မေလဖော်ပြခဲ့သည်။

အမေရိကန်ရုပ်သံဇာတ်လမ်းတွဲ"Gossip Girl"ကို တရုတ်မူဟန်ဖြင့် ရိုက်ကူးထားသော " V Love"တရုတ်ဒရာမာဇာတ်လမ်းတွဲသစ်၌ လည်း ကင်ဘန်းပါဝင်သရုပ်ဆောင်ထားသည်ဟု ၎င်း၏ အေဂျင်စီက ပြောကြားသည်။ ကင်ဘန်းသည် ယခုလက်ရှိတွင် Goddes of Fire ကေဒရာမာဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

—Ref: TenAsia






7 DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

စာ(၃၉)မှ

# ခင်ဝင့်ဝါနှင့်တွေ့ဆုံခြင်း

အသက်ငယ်တာကြီးတာနဲ့ မဆိုင်ပါဘူး။ နိုင်ငံတကာမှာ အသက်ငယ်ငယ်နဲ့ဦးဆောင်နေတာတွေတစ်ပုံကြီးပါ။ အရေးကြီးတာက ကိုယ်ယူထားတဲ့တာဝန်ကို အကောင်းဆုံးနဲ့အကျေပွန်ဆုံး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မယ်ဆိုရင် ဒါတွေက စိုးရိမ်စရာမဟုတ်ပါဘူး။ ညီမအနေနဲ့လည်း စိုးရိမ်မှုလုံးဝမရှိခဲ့ပါဘူး။

**နိုင်ငံတကာပြိုင်ပွဲမဝင်ခင်က မယ်တစ်ယောက်ရဲ့အတွေ့အကြုံနဲ့ အခုဟိုမှာပြိုင်ပွဲအကြီးကြီးမှာနဖူးတွေ့ဒူးတွေ့ဝင်ပြိုင်ရတဲ့ အတွေ့အကြုံဘယ်လိုကွာခြားလဲ။**

ဘယ်လိုကွာခြားလည်းဆိုတော့ နိုင်ငံတကာမှာ ပြိုင်ရတဲ့ပွဲကျတော့ နိုင်ငံအသီးသီးက အလှမယ်တွေနဲ့ယှဉ်ပြိုင်ရတဲ့အတွက် အတွေ့အကြုံအသစ်တွေရသလို ဗဟုသုတလည်းရတယ်။ ပြီးတော့ ကိုယ့်နိုင်ငံကို ကိုယ်စားပြုပြီးယှဉ်ပြိုင်ရတာဆိုတော့ကွာခြားမှုတော့ရှိတာပေါ့နော်။

**ပြိုင်ပွဲဝင်မယ်တွေနဲ့၊ ဒိုင်တွေက မြန်မာနိုင်ငံကို ဘယ်လိုပုံစံမျိုးနဲ့တွဲသိထားကြလဲ။**

ဒိုင်တွေအားလုံးက မြန်မာကိုသတိထားမိတာကတော့အမှန်ပါ။ ပရိသတ်ကြီးအားလုံးရဲ့ကျေးဇူးကြောင့် မြန်မာဆိုတာကို သူတို့တွေသတိထားမိတယ်။ မြန်မာလူမျိုးတွေ မျိုးချစ်စိတ်ရှိတယ်ဆိုတာလည်း သူတို့ကောင်းကောင်းသိသွားပါပြီ။ ညီမကိုမြင်တာနဲ့ ဒိုင်တွေအားလုံးက မြန်မာဆိုတာတန်းသိတယ်။ အဲဒါကလဲ ပရိသတ်ကြီးရဲ့ကျေးဇူးကြောင့်ပါ။ ပရိသတ်ကြီးအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။ အရမ်းလည်းချစ်ပါတယ်ရှင့်။

**Miss Internet ဆုအတွက် ခရက်ဒစ်၊ ဒက်ဘစ်ကတ်နဲ့ မဲပေးရတာ မြန်မာပြည်အတွက်မလွယ်ကူမှန်းသိထားတယ်။ ဒါပေမဲ့ ညီမ မျှော်လင့်မထားဘဲ မဲတွေရလာတယ်။ အဲဒီအချိန်မှာ ဘယ်လိုခံစားရလဲ။**

ညီမအစက official voting မှာမဲရဖို့မမျှော်လင့်ခဲ့ပါဘူး။ အဲဒါကလည်း ညီမကိုချစ်တဲ့ပရိသတ်ကြီးကို စော်ကားတဲ့စိတ်နဲ့တွေးမိတာမဟုတ်ပါဘူးနော်။ မြန်မာနိုင်ငံမှာ အွန်လိုင်းငွေချေစနစ်ဆိုတာ မတွင်ကျယ်သေးသလို ပရိသတ်ကြီးပိုက်ဆံကုန်မှာစိုးလို့ပါ။ နောက်ပြီး နိုင်ငံတကာနိုင်ငံသားတိုင်းမှာက ခရက်ဒစ်ကတ်အားလုံးမှာရှိကြတယ်လေ။ အဲဒါကြောင့် မမျှော်မှန်းခဲ့တာပါ။ ညီမကိုချစ်တဲ့ နိုင်ငံတကာရောက်ပြည်ပက မြန်မာမျိုးချစ်ပရိသတ်ကြီးတွေက ပိုက်ဆံအကုန်ကျခံပြီး မဲပေးတာတွေ့ရတော့ အရမ်းဝမ်းသာလွန်းလို့မျက်ရည်တောင်ကျမိပါတယ်။ ညီမကို ဒီလောက်အားပေးကြမယ်လို့လဲ မထင်ထားပါဘူး။ နိုင်ငံတကာရောက် မြန်မာပရိသတ်ကြီးနဲ့ မြန်မာပြည်က ပရိသတ်ကြီးအားလုံးကို ကျေးဇူးတွေပြောမပြတတ်အောင်ကိုတင်ပါတယ်ရှင့်။

**ဘီလာရုစ်ရဲ့ စာကြည့်တိုက်မှာ မြန်မာအကြောင်းစာအုပ်ထားပေးခဲ့တယ်ဆိုတော့ ဘယ်လိုစိတ်ကူးရပြီး အဲဒီလိုလုပ်ဖြစ်ခဲ့တာလဲ။ စာကြည့်တိုက်မှာရော မြန်မာနဲ့ပတ်သက်ပြီး ဘာတွေတွေ့မြင်ခဲ့လဲ။**

ဟုတ်ကဲ့၊ အဓိကရည်ရွယ်ချက်ကတော့မြန်မာကိုကမ္ဘာကသိစေချင်တဲ့အတွက်ပါ။ ပြီးတော့ ညီမတို့မြန်မာနိုင်ငံကြီးရဲ့ တောတောင်ရေမြေသဘာဝအလှအပရှုခင်းတွေနဲ့ မြန်မာလူမျိုးတွေရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေ၊ မြန်မာလူမျိုးတွေရဲ့ ချစ်စရာကောင်းတဲ့ဓလေ့ရိုးရာတွေ၊ မြန်မာလူမျိုးတွေရဲ့ရိုးပင်းကူညီတတ်တဲ့စိတ်ကောင်းစေတနာတွေအားလုံး ကမ္ဘာကိုသိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ညီမတို့မြန်မာနိုင်ငံအကြောင်းစာအုပ်ကို ထားခဲ့တာပါရှင့်။

**အင်တာနက်ဆုရရင် ပရဟိတအလှူလုပ်သွားမယ်လို့ ညီမပြောခဲ့တယ်။ အခုအင်တာနက်ဆု၄ဆုတောင်ရခဲ့တော့ ဘယ်နေရာတွေမှာ လှူဒါန်းသွားဖို့စိတ်ကူးထားလဲ။**

ဟုတ်ကဲ့ရှင့်။ အဲဒါက ညီမတို့အဖွဲ့အစည်းကအစ်ကိုတွေနဲ့တိုင်ပင်ပြီး တကယ်အကူအညီလိုအပ်တဲ့နေရာတွေ သာရေး၊ နာရေးတို့၊ လူမှုရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းအစရှိတဲ့နေရာတွေမှာ လှူတန်းသွားမှာပါရှင့်။

**နောက်ပိုင်းလုပ်ဆောင်မယ့် အနုပညာအလုပ်ကရမယ့်ဝင်ငွေ၃၀ ရာခိုင်နှုန်းကို လူမှုအကျိုးပြုအတွက်သုံးစွဲသွားမယ်ဆိုတော့ ညီမအနေနဲ့ ဒီလိုဆုံးဖြတ်ခဲ့တဲ့ ရည်ရွယ်ချက်ကိုသိချင်ပါတယ်။**

ဟုတ်ကဲ့ရှင့်။ အဲဒါကတော့ ပရိသတ်ကြီးဆီကနေရတဲ့ အနုပညာကြေးကိုပရိသတ်ကြီးလည်းကုသိုလ်ရအောင်၊ ပြီးတော့ ညီမကိုယ်တိုင်ကလည်း အရင်ကတည်းက ရည်ရွယ်ထားပြီးသား။ အဲဒီအတွက်ကြောင့်လှူဒါန်းဖို့ဆုံးဖြတ်ဖြစ်ခဲ့တာပါရှင့်။

**Miss Internet ဆုအတွက် နောက်ဆုံးအချိန်ထိ ထိုင်းအလှမယ်နဲ့မဲချင်းယှဉ်ပြိုင်ခဲ့ရတဲ့အချိန်မှာ ညီမအနေနဲ့ ဘယ်လိုမျိုးစိတ်လှုပ်ရှားခဲ့လဲ။**

ဟုတ်ကဲ့။ အစကတော့စိုးရိမ်စိတ်ရှိခဲ့တယ်။ မဲက မတိမ်းမယိမ်းဆိုတော့လေ။ နောက်ပိုင်းကျတော့ ညီမရဲ့ချစ်ပရိသတ်ကြီးတွေရဲ့အားပေးမှုကိုတွေ့ရတော့ ညီမလုံးဝစိုးရိမ်စိတ်မရှိတော့ပါဘူးရှင့်။

**ညီမကိုအားပေးနေတဲ့မြန်မာပရိသတ်ကို အမှတ်တရစကားလေးပြောပေးပါဦး။**

ပရိသတ်ကြီးအားလုံး ချစ်ခင်အားပေးကြပါလို့၊ ပရိသတ်ကြီးစိတ်မပျက်အောင် ညီမဘက်က အစွမ်းကုန်ကြိုးစားသွားမှာပါ။ ပရိသတ်ကြီးအားလုံးကို အရမ်းချစ်ပါတယ်ရှင့်။

**ကျေးဇူးတင်ပါတယ်။**

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Lee Daniels' The Butler | The Weinstein Company | ၇၉,၄၆၆,၄၀၀ | ၃ |
| ၂။ | One Direction:This is Us | Tristar Pictures | ၁၈,၄၇၂,၉၀၀ | ၁ |
| ၃။ | We're the Millers | Warner Bros.Pictures | ၁၁၃,၂၄၀,၀၀၀ | ၄ |
| ၄။ | Disney's Planes | Walt Disney Studios Motion Pictures | ၇၃,၉၇၀,၀၀၀ | ၄ |
| ၅။ | Hombre de Piedra | Lionsgate | ၁၀,၃၇၈,၆၀၀ | ၁ |
| ၆။ | Elysium | TriStar Pictures | ၈၀,၅၂၄,၅၀၀ | ၄ |
| ၇။ | The Mortal Instruments: City Of Bones | Screen Gems | ၂၄,၅၂၃,၉၀၀ | ၂ |
| ၈။ | The World's End | Focus Features | ၁၈,၃၂၀,၆၀၀ | ၂ |
| ၉။ | Percy Jackson:Sea of Monsters | 20th Century Fox | ၅၆,၇၂၉,၅၀၀ | ၄ |
| ၁၀။ | Getaway | Warner Bros.Pictures | ၅,၆၀၆,၁၄၀ | ၁ |

ခိုင်ခိုင်ကျော်မြန်မာထမင်းဆိုင်
(၉) နှစ်ပြည့်ကျေးဇူးတင်လွှာ

❖ ကားတစ်စီး၊ စားသုံးသူတစ်ယောက်ကိုမျှော်ရင်း 'ခိုင်ခိုင်ကျော်'ကိုစခဲ့ရတာပါ။
❖ ခိုင်ခိုင်ကျော်မှာထမင်းစားရင်ဈေးမကြီးဘူး၊သန့်ရှင်းတယ်၊စေတနာပါတယ်၊ပဲဆီစစ်စစ်ကိုသုံးတယ်၊ အချိုမှုန့်လုံးဝမသုံးဘူး၊ ငါးဒန်ကိုငါးမြင်းပြေမရောင်းဘူး၊ငါးဖယ်ကငါးဖယ်၊ ငါးခြစ်ကငါးခြစ်ပဲ၊ ကြက်ဆိုဗမာ၊ ငါးခူဆိုသဘာဝပဲ။
❖ စားသုံးသူတွေအတွက်နေ့စဉ် လုပ်ဆောင်မှုတွေကို 'ခိုင်ခိုင်ကျော်'က မှတ်ကျောက်တင်ခံနိုင်ခဲ့ပါတယ်။
❖ ဆိုင်ရဲ့မှန်ကန်မှုသက်သေဟာ ဆိုင်ဝန်ထမ်းတွေဖြစ်ခဲ့ရပါတယ်။
❖ 'နာဂစ်'လိုနေ့မျိုးမှာတောင် ဝန်ထမ်းတွေရဲ့ စုပေါင်းအားနဲ့ထမင်းချိုင့်တွေကို အိမ်တွေအရောက်ပို့ပေးနိုင်ခဲ့ပါတယ်။
❖ 'နာဂစ်'ဟာ 'ခိုင်ခိုင်ကျော်' ရဲ့သမိုင်းပါ။
❖ 'ဗိုက်ဆာလို့ဝင်စားရင် မြန်မြန်လုပ်မှကြိုက်တယ် ကွ' အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးသည် 'ပထမ'၊ အရသာကောင်းမွန်ရေးသည် 'ဒုတိယ' ဆောင်ပုဒ်များကိုလက်ကိုင်စွဲ၊ ဝန်ထမ်းများကိုဗဟိုပြုချီတက်ခဲ့ရာ ယနေ့(၉)နှစ်ပြည့်ပါပြီ။
❖ အခက်အခဲ၊အကြပ်အတည်းများကိုလည်းမိမိရဲ့လုပ်ဆောင်မှု၊ စားသုံးသူများရဲ့အားပေးမှု၊ သက်ဆိုင်သူတွေရဲ့ပံ့ပိုးမှုတွေနဲ့ဖြေရှင်းနိုင်ခဲ့ပါတယ်။
❖ အခုဆိုရင် စားသုံးသူများအတွက် အရသာ၊ အရည်အသွေး၊ အစားအစာဘေးကင်းလုံခြုံသန့်ရှင်းမှုတို့အတွက် နိုင်ငံတကာအသိအမှတ်ပြု Unilever Food Solution နဲ့ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီး လုပ်ဆောင်လျှက်ရှိပါတယ်။ Unilever Food Solutionက အကြံပြုချက်အရ CK (Central Kitchen) ကိုလုပ်ဆောင်ပြီး မြန်မာထမင်းဟင်းများကို ပြည်ပမှစားဖိုမှူးများနှင့်ညှိနှိုင်းတိုင်ပင်ကာနိုင်ငံတစ်ကာ အဆင့်အတန်းတစ်ခု သို့ရောက်ရှိ အောင်ကြိုးစားနေပါတယ်။
❖ ခိုင်ခိုင်ကျော်နေဖြင့် ထမင်းချိုင့်၊ ထမင်းဘူးများကို အိမ်အရောက်ပို့ဆောင်ပေးခြင်း၊ စက်ရုံ၊ ကုမ္ပဏီများကိုလက်ခံကျွေးမွေးပေးခြင်းနှင့် အလှူ ၊အခမ်းအနားများ၌ စီစဉ်ချက်ပြုတ်ဧည့်ခံပေးလျှက်ရှိပါသည်။
❖ နေ့စဉ်ချက်ပြုတ်ပြင်ဆင်မှုများကိုလည်းကြွရောက် လေ့လာနိုင်ရန်ဖိတ်ခေါ်ပါသည်။
❖ ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်အား အတွေ့အကြုံ၊ ဗဟုသုတများစွာပေးခဲ့ပါသော မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ တစ်ခဲနက် အားပေးခဲ့ကြသောရဟန်းရှင်လူမိဘပြည်သူအပေါင်းနှင့် လုပ်ဖော်ကိုင်ဖက်များ၊ ပစ္စည်းပေးသွင်းသူများအားလုံးကိုကျေးဇူး အထူးတင်ရှိပါသည်။

ခိုင်ခိုင်ကျော်မြန်မာထမင်းဆိုင်
ချိုင့်ဆွဲပို့ဆောင်ရေးမိသားစု

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့် (ပါရမီဂုံးကျော်တံတားကြီးအနီး)။
ပြည်လမ်းဆိုင်ခွဲ - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်းပြည်လမ်း၊ (ရန်ကုန်တက္ကသိုလ်အနီး)။
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။
Central Kitchen - တိုက်အမှတ်(၅၀)၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံစက်မှုဇုံ၊ ရန်ကုန်။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၉ ၊ ၀၉-၅၁၅၉၀၀၄ ၊
၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈

မကြာမီ ထပ်မံဖွင့်လှစ်မည့် ခိုင်ခိုင်ကျော် ဆိုင်ခွဲများ -
❖ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း တောင်ငူဆောင်(ဆိုင်ခွဲ)။
❖ နေပြည်တော်ဥတ္တရသီရိနယ်မြေ၊ နေပြည်တော်(ဆိုင်ခွဲ)။

## မြန်မာ – ဂျပန်လက်ဝှေ့စိန်ခေါ်ပွဲ ရန်ကုန်တွင် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၉**

မြန်မာ-ဂျပန်လက်ဝှေ့စိန်ခေါ်ပွဲစဉ် နှစ်ပွဲအပါအဝင် ပွဲစဉ်ကိုးပွဲ ပါဝင်မည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစဉ်ကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့ရိုးရာလက်ဝှေ့သမား ထွန်းထွန်းမင်းနှင့် ဂျပန်လက်ဝှေ့သမား ဆာမူကာဝါ၊ ညဏ်လင်းအောင်နှင့် ဖူဂျီဟာဟအဟာရိုစသည့် မြန်မာ-ဂျပန်လက်ဝှေ့စိန်ခေါ်ပွဲနှစ်ပွဲပါဝင်သည့် အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်တွင် သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ဂျပန်လက်ဝှေ့သမားဆာမူကာဝါအနေဖြင့် ယခင်က ရန်ကုန်မြို့တွင် လုံးချော၊ စောငမန်းစသည့် မြန်မာပြည်အလွတ်တန်းချန်ပီယံများနှင့် ယှဉ်ပြိုင်ခဲ့ဖူးပြီး သရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

"ဒီဂျပန်လက်ဝှေ့သမားတွေအနေနဲ့ MMA၊ ကစ်ဘောက်ဆင်၊ မွေထိုင်းစတဲ့ ပြိုင်ပွဲတွေကို လိုက်လံယှဉ်ပြိုင်နေတဲ့ သူတွေပါ။ဆာမူကာဝါအနေနဲ့ သူနဲ့ မယှဉ်ပြိုင်ဖူးတဲ့ မြန်မာလက်ဝှေ့သမားတစ်ဦးကို တောင်းဆိုတဲ့အတွက် လက်ရှိ ရိုးရာလက်ဝှေ့မှာ အတိုးတက်ဆုံးဖြစ်တဲ့ထွန်းထွန်းမင်းနဲ့တွဲဆိုင်းစီစဉ်ပေးခြင်းဖြစ်ပါတယ်"ဟု ပွဲစီစဉ်သူကပြောသည်။




ဂျပန်လက်ဝှေ့သမား ဖူဂျီဟာဟအဟာရိုအနေဖြင့် ပွဲမှတ်တမ်းများကို ကြည့်ရှုရသည့်အနေအထားအရ ဆာမူကာဝါထက် ပိုကောင်းသော်လည်း ဝိတ်တန်းငယ်ကြောင်း၊ လက်ရှိ မွန်၊ ကရင်ပြည်နယ်ဘက်တွင် နာမည်ကြီးသည့် ညဏ်လင်းအောင်နှင့် တွဲဆိုင်းစီစဉ်ပေးထားခြင်း ဖြစ်ကြောင်း ပွဲစီစဉ်သူက ဆိုသည်။

ယခုပြိုင်ပွဲတွင် ပြည်တွင်းမြန်မာ့ရိုးရာလက်ဝှေ့သမားအချင်းချင်းယှဉ်ပြိုင်မည့် ပွဲစဉ် ခုနစ်ပွဲလည်းပါဝင်သည်။ အဆိုပါပွဲစဉ်များမှာ ရှမ်းလေးနှင့် ရဲရင့်ထွန်း၊ ရဲမြတ်အောင်နှင့် မိုက်ခဲ၊ လှစ်လှစ်လေးနှင့် အားမာန်၊ ရန်တိုင်းကျော်နှင့်နေရှူဘီ၊ စောသဲအောင်နှင့်ဇမ္ဗူကျော်၊ စောဝေါမူဒိုနှင့် ရဲတံခွန်၊ သပြေညိုနှင့် ဖိုးသားကြီးတို့ ယှဉ်ပြိုင်ကြမည့်တွဲဆိုင်းများဖြစ်သည်။

"ဒီပြိုင်ပွဲမှာ ထူးခြားချက်ကတော့ပွဲစဉ်ကိုးပွဲစလုံးက တစ်ကြိမ်မှ မဆုံဖူးသေးတဲ့ လက်ဝှေ့သမားတွေကို တွဲဆိုင်းစီစဉ်ပေးထားခြင်းဖြစ်ပါတယ်။ နောက်ပြီး မြန်မာ-ဂျပန်ပွဲစဉ်တွေမှာလည်း မြန်မာ့ရိုးရာလက်ဝှေ့စည်းမျဉ်းအတိအကျ အတိုင်း ကျင်းပသွားမှာဖြစ်ပါတယ်"ဟုပွဲစီစဉ်သူက ပြောသည်။ ဂျပန်လက်ဝှေ့သမားဆာမူကာဝါအနေဖြင့် ရန်ကုန်မြို့သို့ သုံးကြိမ်မြောက်လာရောက်ခြင်းဖြစ်ပြီး ဖူဂျီဟာဟအဟာရိုအနေဖြင့် ပထမဆုံးအကြိမ်လာရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲဖြစ်သည်။

နေ့လယ် ၂ နာရီတွင်စတင်မည့် အဆိုပါပြိုင်ပွဲလက်မှတ်နှုန်းထားများကိုကျပ်၁၅,၀၀၀၊ ၁၂,၀၀၀၊ ၇,၀၀၀ သတ်မှတ်ထားပြီးမည်သည့်ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်မည်မဟုတ်ကြောင်း သတင်းရရှိသည်။

## လီဗာပူးကစားသမားလေးဦး လက်မှတ်ထိုးထားသည့် လည်စည်း ငွေကျပ်ငါးသိန်းဖြင့် လေလံအောင်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၉**

အင်္ဂလန်ပရီးမီးယားလိဂ်လီဗာပူးဘောလုံးအသင်း ကစားသမားလေးဦးလက်မှတ်ရေးထိုးထားသည့် လည်စည်း (Scarf) ကိုငွေကျပ်ငါးသိန်းဖြင့် ပရိသတ်တစ်ဦးက လေလံတင်ဝယ်ယူခဲ့ကြောင်း သတင်းရရှိသည်။

လီဗာပူးကလပ်ဝင်တစ်ဦးဖြစ်သည့် မောင်ခန့်စင်ဝင်းသည် အင်္ဂလန်ယူ-၂၁ အသင်းခေါင်းဆောင်ဟန်ဒါဆင်၊ အလန်၊ လူးကပ်စ်နှင့် ဘိုရိုနီတို့လက်မှတ်ရေးထိုးထားသည့် လည်စည်းကို ကြမ်းခင်းဈေး ကျပ်တစ်သိန်းသတ်မှတ်ကာရရှိငွေကိုလှူဒါန်းရန်အတွက် ပြီးခဲ့သည့်သြဂုတ်လဆန်းပိုင်းက စတင်လေလံတင်ခဲ့ခြင်းဖြစ်သည်။

"မွေးနေ့အထိမ်းအမှတ်အဖြစ် ရရှိတဲ့ လေလံကြေးတွေကို လှူဒါန်းဖို့ လုပ်ခဲ့တဲ့ အစီအစဉ်လေးမှာ မန္တလေးက လီဗာပူးအသင်းပရိသတ်တစ်ဦးက လည်စည်းကို ငွေကျပ်ငါးသိန်းပေးခဲ့ပါတယ်။ ရရှိတဲ့ လေလံကြေးငွေအားလုံးကိုလည်း လီဗာပူးကလပ်ဝင်တွေရဲ့ အလှူမှာ စုပေါင်း လှူဒါန်းခဲ့ပါတယ်"ဟု မောင်ခန့်စင်ဝင်းကပြောသည်။

အဆိုပါလည်စည်းကို မူလက လေလံဈေးကျပ်နှစ်သိန်းပေးထားသည့် မန္တလေးမှ အခြားပရိသတ်တစ်ဦးကလည်း ငွေကျပ်ငါးသိန်းအထိ တိုးမြှင့်ပေးခဲ့ကြောင်း၊ သို့သော်ငြင်းအနေဖြင့် လေလံကြေးအပြိုင်မဆွဲလိုသည့်အတွက် အဆိုပါငွေကြေးကိုလည်း အလှူပွဲတွင် စုပေါင်းလှူဒါန်းခဲ့ကြောင်း လီဗာပူးဖန်ကလပ်အဖွဲ့ဥက္ကဋ္ဌ ကိုမြတ်လွင်ကပြောသည်။

လီဗာပူးဖန်ကလပ်ဝင်များအနေဖြင့် ပြီးခဲ့သည့်စက်တင်ဘာ ၇ ရက်က မန္တလေး၊ ပြည်ကြီးတံခွန်၊ ပညာသာရ ဘုန်းတော်ကြီးပညာသင်ကျောင်းရှိကျောင်းသား ၂၈၆ ဦးအတွက်လိုအပ်သည့် စာရေးကိရိယာတန်ဖိုးကျပ် ရှစ်သိန်းအပါအဝင် စုစုပေါင်းအလှူငွေကျပ်ဆယ့်နှစ်သိန်းဖိုး လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

"လီဗာပူးဖန်ကလပ်အဖွဲ့ဝင်တွေအနေနဲ့ အရင်က ရန်ကုန်မှာလှူဒါန်းမှုတွေပြုလုပ်ခဲ့ပေမယ့် မန္တလေးမှာ ပထမဆုံးအကြိမ်အလှူပွဲလုပ်ဖြစ်ပါတယ်။ စက်တင်ဘာ ၂၆ ရက်မှာရန်ကုန်မြို့မှာ သွေးလှူဒါန်းပွဲလုပ်ဖို့လည်း စီစဉ်ထားပါတယ်"ဟု ကိုမြတ်လွင်ကပြောသည်။





DAIKIN
ဂျပန်ပြည်မှ
အေးမြသောလေညှင်းများကို
ကြိုဆိုပါသည်။
ဂျပန်နိုင်ငံ နံပါတ် (၁)
အထူးလေအေးပေးစက်ပညာရှင်မှ
မြန်မာနိုင်ငံအားအေးမြသွားအောင်
ဆောင်ရွက်ပေးနေပါသည်။
ဂျပန်နိုင်ငံမှ အထူးလေအေးပေးစက်ပညာရှင်ဖြစ်သော ဒိုင်ကင်း (Daikin) သည် မြန်မာနိုင်ငံတွင် မိတ်ဆွေတို့၏ စီးပွားရေးသုံး၊ အိမ်သုံးလိုအပ်ချက်အားလုံးကို ဆန်းသစ်တီထွင်မှု၊ အေးမြမှု၊ သက်တောင့်သက်သာရှိမှုတို့ဖြင့် ဖြည့်ဆည်းပေးနေပါသည်။
Yangon University Diamond Jubilee Hall
Diamond Condo
SHWE LI BBQ
ဝမ်းမြောက်ဝမ်းသာစွာကြိုဆိုအပ်ပါသည်။
POH MENG MYANMAR CO.LTD
AUTHORISED SERVICE AGENT AND PARTS CENTER
အမှတ် (၄၉၇)၊ G - ၁၁၊ နိုင်းမွန်းကွန်ဒို တာဝါ B ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန် မြန်မာ။
ဖုန်း / ဖက်စ် +၉၅ ၉ ၇၃၂၂ ၇၉၆၃ / +၉၅ ၉ ၃၁၅၉ ၃၆၇၃
Air-Condition Related Products Trading Co., Ltd
Ywar Taw International Trading Co. Ltd
Zeya & Associates
နေရာတိုင်းမှာသင်နှင့်အတူ

7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# မန်စီးတီး၊ ချယ်လ်ဆီး၊ လီဗာပူး အဝေးကွင်းပွဲတွေနဲ့ အင်တာ – ဂျူဗင်တပ်၊ ဘာကာ – ဆီဗီလာ ပွဲကောင်းများနဲ့ ယခုတစ်ပတ်ပွဲစဉ်များ

ကမ္ဘာ့ ဖလားခြေစစ်ပွဲစဉ်တွေ ပြီးဆုံးပြီး ဥရောပလိဂ်ပွဲစဉ်တွေ ပြန်စတင်ချိန်မှာ ရာသီအစ ပွဲကောင်းတွေက စောင့်ကြိုနေပါတယ်။ ပရီးမီးယားလိဂ်မှာ မန်ယူကလွဲလို့ မန်စီးတီး၊ ချယ်လ်ဆီး၊ လီဗာပူးတို့ရဲ့ အဝေးကွင်းပွဲတွေရှိနေပြီး စီးရီးအေမှာ အင်တာ-ဂျူဗင်တပ် ထိပ်တိုက်တွေ့မှုကို ကြည့်ရမှာဖြစ်သလို လာလီဂါမှာလည်း ဘာကာ- ဆီဗီလာပွဲအပြင် ရီးရဲလ်၊ ဗလင်စီယာတို့ရဲ့ အဝေးကွင်းပွဲတွေကို ရှုစားရမှာဖြစ်ပါတယ်။



PETER POWELL/ EPA

**ပရီးမီးယားလိဂ်**

**၁၄၊ စက်တင်ဘာ၊ စနေ**

**မန်ယူ-ခရစ္စတယ်ပဲလေ့စ်**

**ညနေ ၆:၁၅ နာရီ**

**ယမန်နှစ်ရလဒ်မရှိ**

မန်ယူတို့ အိမ်ကွင်းနိုင်ပွဲရနိုင်ပါတယ်။ ပဲလေ့စ်တို့ ဆန်းဒါးလန်းကို နိုင်ထားပေမယ့် မန်ယူနဲ့ ခြေစွမ်းချင်း ကွာဟမှုရှိနေတယ်။ မန်ယူတို့ နှစ်ဂိုးလောက်ရသွားနိုင်ပါတယ်။ ဗန်ပါစီ ဂိုးသွင်းယူနိုင်တဲ့ပွဲ ဖြစ်လာပါလိမ့်မယ်။

**အဲဗာတန်-ချယ်လ်ဆီး**

**ည ၁၁:၀၀ နာရီ**

**ယမန်နှစ်ရလဒ် ၁-၂**

ချယ်လ်ဆီးအဝေးကွင်းခြေစွမ်းကို စောင့်ကြည့်ရပါမယ်။ နည်းပြမော်ရင်ဟိုအတွက် ခက်ခဲမယ် မထင်ပါဘူး။ ချယ်လ်ဆီး ဂိုးနည်းနည်းနဲ့ပဲ ကပ်နိုင်ဖို့ရှိတဲ့ပွဲပါ။

**၁၇၊ စက်တင်ဘာ၊ အင်္ဂါ**

**ဆွမ်ဆီး-လီဗာပူး**

**နံနက် ၁:၁၅ နာရီ**

ဆွမ်ဆီးအိမ်ကွင်းမှာ လီဗာပူးနိုင်ဖို့ကြိုးစားရပါမယ်။ လီဗာပူး အနိုင်ပါ။

**စီးရီးအေ**

**၁၄၊ စက်တင်ဘာ၊ စနေ**

**အင်တာမီလန်-ဂျူဗင်တပ်**

**ည ၁၀:၃၀ နာရီ**

**ယမန်နှစ်ရလဒ် ၁-၂**

ဂျူဗင်တပ် အဝေးကွင်းစံချိန်အကောင်းဆုံးအသင်းအဖြစ် မနှစ်က ရပ်တည်နိုင်ခဲ့တာမမေ့သင့်ပါ။ လက်ရှိမှာ တီဗက်ဇ်၊ ဗူချီနစ်တို့ ပါဝင်နေတဲ့ တိုက်စစ်က အင်တာနောက်တန်းကို ခြိမ်းခြောက်နိုင်ပါတယ်။ အဝေးကွင်းဆိုပေမယ့် ဂျူဗင်တပ်ဘက်က ဂိုးအနည်းနဲ့ နေသင့်တယ်။

**၁၅၊ စက်တင်ဘာ၊ တနင်္ဂနွေ**

**နာပိုလီ-အတ္တလန်တာ**

**နံနက် ၁:၁၅ နာရီ**

**ယမန်နှစ်ရလဒ် ၃-၂**

မနှစ်ကလည်း အိမ်ကွင်းမှာ နာပိုလီနိုင်ခဲ့တယ်။ လက်ရှိခြေစွမ်းအရနာပိုလီသွင်းဂိုးတွေများနေပြီး တိုက်စစ်ပိုင်းအားကောင်းနေပါတယ်။ ဟီဂူအင်၊ဟမ်ဆစ်တိုက်စစ်အတွဲက ဂိုးတွေထပ်ရနိုင်တယ်။ နာပိုလီဘက်က နှစ်ဂိုးအသာနဲ့ နေလို့ရပါတယ်။

**တိုရီနို-အေစီမီလန်**

**နံနက် ၁:၁၅ နာရီ**

**ယမန်နှစ်ရလဒ် ၀-၁**

မီလန်တို့ အဝေးကွင်းနိုင်ပွဲရဖို့ရှိပါတယ်။ တိုရီနိုအိမ်ကွင်းနိုင်ပွဲရဖို့ခက်ခဲနိုင်ပြီး သရေရရင်ပဲ ကျေနပ်ရမှာပါ။ မီလန်ဘက်က တစ်ဂိုးအသာလောက်နဲ့ နိုင်ခြေရှိပါတယ်။

**လာလီဂါ**

**၁၅၊ စက်တင်ဘာ၊ တနင်္ဂနွေ**

**ဘာစီလိုနာ-ဆီဗီလာ**

**ယမန်နှစ်ရလဒ် ၂-၁**

ဘာကာ အိမ်ကွင်းခြေစွမ်းကောင်းနေတာကြောင့် အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်ခြေရှိတယ်။ ဂိုးပြတ်သွားရင်လည်း အံ့သြစရာမဟုတ်ဘူး။

**ဗီလာရီးရဲလ်-ရီးရဲလ်မက်ဒရစ်**

**နံနက် ၂:၃၀ နာရီ**

**ယမန်နှစ်ရလဒ် ၁-၁**

ရီးရဲလ်ရဲ့ ခြေစွမ်းအမှန်ကို စမ်းသပ်မယ့်ပွဲဖြစ်ပြီး အဝေးကွင်းမှာ ခက်ခဲနိုင်ပါတယ်။ ကွင်းလယ်ပိုင်းမှာ ဒီမာရီယာ ခြေစွမ်းပြန်ပြနေတာကြောင့် ဂါရတ်ဘေးလ်ပါဝင်ဖို့ မသေချာလောက်သေးဘဲ အက်သလက်တစ်ကိုနိုင်ခဲ့တဲ့ ပွဲလူစာရင်းအတိုင်း ပွဲထွက်လာနိုင်တယ်။ ရီးရဲလ်အနည်းငယ်သာပေမယ့် သရေပွဲလည်း မထင်ဘဲဖြစ်နိုင်တယ်။

**၁၆၊ စက်တင်ဘာ၊ တနင်္လာ**

**ရီးရဲလ်ဘက်တစ်-ဗလင်စီယာ**


**နံနက် ၁:၃၀ နာရီ**

**ယမန်နှစ်ရလဒ် ၀-၃**

ဘက်တစ် အိမ်ကွင်းနိုင်ပွဲရဖို့ခက်နိုင်တယ်။ လက်ရှိခြေစွမ်းအရ ဘက်တစ်ရုန်းကန်နေရဆဲဖြစ်တာကြောင့် ဗလင်စီယာက အဝေးကွင်းမှာ အနိုင်သုံးမှတ်ရသွားမှာပါ။ ဗလင်စီယာ နှစ်ဂိုးလောက်တောင် ရနိုင်ပါတယ်။







Dumex

# Dumex နို့မှုန့်များအား စိတ်ချယုံကြည်စွာဖြင့် ဝယ်ယူအားပေးနိုင်ကြောင်း ခိုင်မာစွာအသိပေးခြင်း

**Dumex** နို့မှုန့်များကို **စဉ်ဆက်မပြတ် ယုံကြည်မှုအပြည့်ဖြင့်** အားပေးလျှက်ရှိသော စားသုံးသူများ၊ ဝယ်ယူရောင်းချဖြန့်ဖြူးပေးသူများအား **MO ASIA Company Limited - Dumex** မှ ခိုင်မာသော သတင်းကောင်းအား ဝေမျှပေးလိုက်ပါသည်။

**Dumex** နို့မှုန့်များကို ဘေးဥပါဒ်ကင်းရှင်းရေးအတွက် ကုန်ကြမ်းပစ္စည်းများ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ နှင့် ကုန်ချောပစ္စည်းများကို တိကျစွာ စစ်ဆေးဆောင်ရွက်ခြင်းဖြင့် အာမခံပေးလျှက်ရှိကြောင်းကို ထပ်မံအတည်ပြုပါသည်။

**Dumex** နို့မှုန့်များသည် နိုင်ငံတကာ စံချိန်စံညွှန်းများ၊ မြန်မာနိုင်ငံ၏ စည်းမျဉ်းများ နှင့် ကိုက်ညီပါသည်။ **Dumex** သည် ကလေးများ၏ ကျန်းမာရေးကို အထူးအလေးထား၍ အဏုဇီဝစစ်ဆေးမှု၊ အာဟာရဆိုင်ရာ ပြည့်မီမှု နှင့် ဓာတ်မတည့်မှုဆိုင်ရာ စစ်ဆေးမှုများကို နိုင်ငံတကာ အသိအမှတ်ပြု အဖွဲ့အစည်း များ၏ အမြင့်မားဆုံး စစ်ဆေးချက်များ ရရှိထားပြီး ဖြစ်ပါသည်။ **Dumex** နို့မှုန့်များသည် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန **FDA** မှ တရားဝင် ကျန်းမာရေးလက်မှတ်များ ရရှိထားပြီးဖြစ်ပါသည်။

**Dumex** နို့မှုန့်များအားလုံးသည် ယခင်ကလည်း ဘေးဥပါဒ် ကင်းရှင်းခဲ့ပြီး ယနေ့တိုင်အောင် ဘေးဥပါဒ် အမြဲကင်းရှင်းကြောင်း ခိုင်မာစွာထပ်လောင်း အသိပေးအပ်ပါသည်။ **နယူးဇီလန်နိုင်ငံ အခြေခံစက်မှုလုပ်ငန်းဝန်ကြီးဌာနမှလည်း ဘေးဥပါဒ် ကင်းရှင်းကြောင်း** အတည်ပြု သတင်းထုတ်ပြန် ကြေငြာ ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **MO ASIA Company Limited** အနေဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချလျှက်ရှိသော **Dumex** နို့မှုန့်များကို စိတ်ချယုံကြည်စွာ ဆက်လက် စားသုံးနိုင်ပါကြောင်း ခိုင်မာစွာ ထပ်လောင်း အသိပေးအပ်ပါသည်။

ကျွန်ုပ်တို့၏ **Dumex** နို့မှုန့်များအားလုံးကို စိတ်ချယုံကြည်စွာဖြင့် စဉ်ဆက်မပြတ် အားပေးလျှက်ရှိသော စားသုံးသူများနှင့် ဝယ်ယူရောင်းချဖြန့်ဖြူးပေးသူများ အားလုံးကို **အထူး (အထူး)** လေးစားစွာဖြင့် ကျေးဇူးတင်ရှိပါသည်။

**Dumex** နို့မှုန့်များနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါလျှင် **MO ASIA Company** ၏ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Yangon Phone : 01 - 651327, 651387, 660544 Fax: 651842**
**Mandalay Phone : 02 - 71171, 65673**

TESTED & CERTIFIED SAFE

7DAY NEWS JOURNAL
Vol.12, No.27 • SEPTEMBER 11 , 2013

# အစ္စရေး – ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ အရေးကြီးဟု ဂျွန်ကယ်ရီပြောကြား

**လန်ဒန်၊ စက်တင်ဘာ-၉**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် လန်ဒန်မြို့တွင် စက်တင်ဘာ ၈ ရက်က တွေ့ဆုံခဲ့ပြီး အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲအကြောင်း ဦးစားပေးပြောကြားခဲ့သည်။



SUSAN WALSH/REUTERS

*စက်တင်ဘာ ၈ ရက်က လန်ဒန်မြို့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့ တွေ့ဆုံဆွေးနွေးစဉ်*

အစ္စရေးနှင့် ပါလက်စတိုင်းကြား တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများကိုပြီးခဲ့သည့်လက စတင်ခဲ့ချိန်မှစ၍ ဂျွန်ကယ်ရီနှင့်ပါလက်စတိုင်းသမ္မတအဘတ်စ်တို့ယခုပထမဆုံးအကြိမ် တွေ့ဆုံကြခြင်းဖြစ်သည်။

၎င်းတို့သည် အစ္စရေး-ပါလက်စတိုင်း စေ့စပ်ညှိနှိုင်းမှုများ၏ လက်ရှိအခြေအနေများနှင့် ယင်းအခြေအနေများကို မည်သို့တိုးတက်စေရန်၊ အောင်မြင်စေရန် မည်သို့သေချာစေမည်ဆိုသည်ကို သုံးနာရီကြာ သီးသန့်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေမည့်ပတ်ဝန်းကျင်တစ်ခုဖန်တီးရန် အစ္စရေး-ပါလက်စတိုင်း နှစ်ဖက်လုံးက ဆောင်ရွက်ကြရန် အရေးကြီးကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဂျွန်ကယ်ရီသည်ဖေဖော်ဝါရီလအတွင်း ကန်နိုင်ငံခြားရေးဝန်ကြီး ရာထူးစတင်လက်ခံချိန်မှစ၍ အစ္စရေး-ပါလက်စတိုင်းကြားငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် များစွာကြိုးပမ်းခဲ့သည်။

ဂျွန်ကယ်ရီသည် ဇူလိုင် ၂၉ ရက်မှ ၃၀ ရက်အတွင်း အစ္စရေးနှင့် ပါလက်စတိုင်းမှ စေ့စပ်ညှိနှိုင်းရေးပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့သည်။ ၎င်းသည် အစ္စရေးဝန်ကြီးချုပ် နေတန်ညာဟုနှင့်လည်း တွေ့ဆုံရန် စီစဉ်ထားကြောင်းပြင်သစ်နိုင်ငံ ပါရီမြို့ ခရီးစဉ်အတွင်း ဂျွန်ကယ်ရီက ပြောကြားသည်။

*—Ref: AFP*

# တရုတ်ရထားဝန်ကြီးဌာန လာဘ်စားမှု အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို တရားစွဲ

**ဘေဂျင်း၊စက်တင်ဘာ-၈**



REUTERS

တရုတ်ရထားဝန်ကြီးဟောင်းနှင့် အဆက်အစပ်ရှိသော လူသိများသည့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို လာဘ်ထိုးမှု၊ တရားမဝင်စီးပွားရေး လုပ်ကိုင်မှုများဖြင့် တရုတ်နိုင်ငံက တရားစွဲဆိုလိုက်ကြောင်း နိုင်ငံတော်မီဒီယာက ဖော်ပြသည်။

မစ္စစ်ဒင်ရှင်မွှေးသည် စီးပွားရေးလုပ်ငန်း ၂၃ ခုအတွက် ရထားလုပ်ငန်းတည်ဆောက်ရေးကန်ထရိုက်များရရှိရန် ရထားဝန်ကြီးဟောင်း လျူဇီဂျွန်အတွက် ယွမ်ငွေ ၄၉ သန်း (ကန်ဒေါ်လာ ၈ သန်း) အပိုဝင်ငွေ ရရှိစေခဲ့ကြောင်း ဘေဂျင်းအစိုးရရှေ့နေများကို ကိုးကား၍ အစိုးရချိုင်းနားဒေးလီးသတင်းစာတွင် ဖော်ပြသည်။

ထို့အပြင် မစ္စစ်ရှင်မွှေးက မစ္စတာလျူအတွက် အရေးအတွက်မသိရသော အမျိုးသမီးများဖြင့် လိင်မှုရေးရာ စီစဉ်ခဲ့ကြောင်းလည်း သတင်းစာကဆိုသည်။

ယင်းသတင်းနှင့်ပတ်သက်၍ မစ္စစ်ဒင်ရှင်မွှေးနှင့် ၎င်း၏ မိသားစုထံမှ လတ်တလော မှတ်ချက်မရရှိပေ။

မစ္စစ်ဒင်ရှင်မွှေးသည် ရထားလုပ်ငန်း ကန်ထရိုက်ပေါင်းများစွာ ရရှိရန် ဝန်ကြီးဌာန ဝန်ထမ်းအဆက်အသွယ်များမှတစ်ဆင့် ဆောင်ရွက်ခဲ့ကြောင်း၊ တရားမဝင် စီးပွားရေးလုပ်ငန်းများတွင်လည်း ပါဝင်လုပ်ဆောင်ခဲ့ကြောင်း ချိုင်းနားဒေးလီးသတင်းစာက ဖော်ပြပြီး ယင်း တရားမဝင်လုပ်ငန်းများ၏ တန်ဖိုးမှာ ၁၇၈ ဒသမ ၈ ဘီလီယံ (ကန်ဒေါ်လာ ၂၉ ဒသမ ၂၁ ဘီလီယံ) အထိရှိသည်။

*—Ref: Reuters*




# အစ္စလာမ်မစ်စစ်သွေးကြွသူပုန် ၅၀ ဦး သတ်ဖြတ်နိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်တပ်ပြောကြား

**လားဂို့စ်၊စက်တင်ဘာ-၇**

စစ်သွေးကြွများ၏ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဆင်နွှဲခဲ့သော စစ်ဆင်ရေးတစ်ခုအတွင်း ဘိုကိုဟာရမ်အဖွဲ့မှ အစ္စလာမ်မစ်စစ်သွေးကြွ ၅၀ ဦးကို သတ်ဖြတ်နိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်တပ်က စက်တင်ဘာ ၆ ရက်တွင် ပြောသည်။

အစ္စလာမ်မစ်အကြမ်းဖက်သမားများဟု သံသယရှိသည့်သေနတ်သမားများက ဂါဂျီရန်မြို့ဈေးအတွင်းသို့ စက်တင်ဘာ ၅ ရက်တွင် ဝင်ရောက်ပစ်ခတ်ခဲ့သောကြောင့် လူ ၁၅ ဦး သေဆုံးခဲ့ရကြောင်း ဒေသခံများကပြောသည်။ စစ်သွေးကြွများက ကုန်ပစ္စည်းရောင်းချမည့် ကုန်သည်များ အသွင်ဟန်ဆောင်ကာ ဂါဂျီရန်မြို့ဈေးထဲသို့ဝင်ရောက်လာပြီး လူစုခွဲကာ ဈေးအတွင်းရှိ အရပ်သားများကို သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကာ ဒေသဆိုင်ရာအစိုးရအဆောက်အအုံတစ်ခုကို မီးတင်ရှို့ခဲ့ကြသည်။

ယင်းသို့ တိုက်ခိုက်ခဲ့သော အစ္စလာမ်မစ်များကို လိုက်လံတိုက်ခိုက်ရန် နိုင်ဂျီးရီးယားစစ်တပ်က လေကြောင်းအကူအညီနှင့်အတူ စစ်သားများစေလွှတ်ခဲ့ပြီး စစ်သွေးကြွများထွက်ပြေးလွတ်မြောက်နိုင်သည့် နေရာများကို ပိတ်ဆို့ကာ လေကြောင်းအကူအညီနှင့်အတူ လိုက်လံတိုက်ခိုက်စဉ်အတွင်း စစ်သွေးကြွ ၅၀ သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်တပ်မှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဆာဂျာမူဆာက သတင်းထောက်များအား ပြောသည်။ နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းဒေသအများစုတွင်ပြီးခဲ့သည့်မေလအတွင်း အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။

မွတ်ဆလင်အများစုနေထိုင်သည့် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ဘိုကိုဟာရမ်အဖွဲ့က အစ္စလာမ်မစ်နိုင်ငံတော် ထူထောင်လိုသောကြောင့် တိုက်ခိုက်နေခြင်းဖြစ်ကြောင်း ယင်းအဖွဲ့က ပြောကြားထားသည်။ နိုင်ငံတောင်ပိုင်းတွင် နေထိုင်သူအများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံသည် အာဖရိကတိုက်ရှိ ထိပ်တန်းရေနံထုတ်လုပ်သည့် နိုင်ငံများတွင် ပါဝင်သော်လည်း နိုင်ငံသားအများစု၏ တစ်နေ့ဝင်ငွေမှာ ကန်ဒေါ်လာနှစ်ဒေါ်လာအောက်သာရှိပြီး နိုင်ငံမြောက်ပိုင်းတွင် ဆင်းရဲမွဲတေမှု အများဆုံးဖြစ်သည်။ *—Ref: Reuters*

# ထိန်းသိမ်းထားသော အိန္ဒိယရေနံတင်သင်္ဘော အီရန်ပြန်လွှတ်ပေး

**နယူးဒေလီ၊စက်တင်ဘာ-၇**

ရေထုညစ်ညမ်းစေမှု စိုးရိမ်မှုများဖြင့် ဩဂုတ်လအတွင်း ထိန်းသိမ်းထားခဲ့သော အိန္ဒိယရေနံတင်သင်္ဘောကို အီရန်အစိုးရက ပြန်လည်ထွက်ခွာခွင့်ပြုလိုက်သည်။

အီရတ်နိုင်ငံမှ ရေနံစိမ်းတန်ပေါင်း ၁၄၀,၀၀၀ တင်ဆောင်လာသော ဒက်ရှ်ရှန်တီ ဆီတင်သင်္ဘောသည် သောကြာနေ့ညတွင် ဆက်လက်ထွက်ခွာလာပြီဖြစ်ကြောင်း အိန္ဒိယအစိုးရသင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း ရေနံတင်နှင့် ကုန်သင်္ဘောဌာန ဒါရိုက်တာရေယာဉ်မှူး ဆွန်နီသာပါးကပြောသည်။

"ရေနံတင်သင်္ဘောဟာထိန်းသိမ်းထားရာကနေ လွတ်မြောက်ပြီး ည ၁၁ နာရီခွဲမှာ ထွက်ခွာခဲ့ပါတယ်"ဟု ၎င်းက ရိုက်တာသတင်းဌာနအား ပြောကြားသည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှုအတွက် လျော်ကြေးပေးဆောင်ခဲ့ရသည်လားဆိုသည်ကိုမူ ၎င်းကမပြောပေ။

ရေနံတင်သင်္ဘောကို SCI ကုမ္ပဏီက ပိုင်ဆိုင်ပြီး ဟင်ဒူစတန်ရေနံကုမ္ပဏီအတွက် ရေနံစိမ်းများသယ်ယူပို့ဆောင်ပေးနေခြင်းဖြစ်သည်။

အိန္ဒိယနှင့် အီရန်နိုင်ငံတို့သည် အစဉ်အလာအားဖြင့် အားကောင်းသော ကုန်သွယ်ဖက်နိုင်ငံများဖြစ်သည်။ သို့သော် အနောက်နိုင်ငံများ၏ ပိတ်ဆို့တားဆီးမှုများကြောင့် အီရန်နိုင်ငံမှ အိန္ဒိယ ရေနံဝယ်ယူမှုများ လျော့ကျလာခဲ့သည်။ ဇွန်လအတွင်း အိန္ဒိယနိုင်ငံသို့ ရေနံအများဆုံး တင်ပို့ရောင်းချခဲ့သော နိုင်ငံမှာ အီရတ်နိုင်ငံဖြစ်လာသည်။ အီရန်နှင့် အီရတ်နိုင်ငံကြား အမြဲလိုလို တင်းမာမှုမြင့်မားခဲ့ပြီး ယင်းနှစ်နိုင်ငံကြား ၁၉၈၀ မှ ၁၉၈၈ ခုနှစ်အထိ ရှစ်နှစ်ကြာစစ်ပွဲဖြစ်ပွားခဲ့သည်။

*—Ref: Reuters*





7 DAY NEWS JOURNAL

# International

Vol.12, No.27 • SEPTEMBER 11 , 2013



JACKY CHEN/REUTERS

*တရုတ်နိုင်ငံနယ်စပ်မြို့ ဒန်ဒေါင်းနှင့် မျက်နှာချင်းဆိုင် မြောက်ကိုရီးယားနိုင်ငံ ဆီနူဂျူမြို့အနီး ယာလူမြစ်ပေါ်တွင် အမျိုးသားလွတ်လပ်ရေးနေ့အခမ်းအနားများကျင်းပရာ စပိဘုတ်တစ်စီးက မြောက်ကိုရီးယားနိုင်ငံသားများတင်ဆောင်လာသော ကူးတို့ယာဉ်ကိုကျော်ဖြတ်သွားစဉ်။ မြောက်ကိုရီးယားနိုင်ငံသားများသည် စက်တင်ဘာ ၉ ရက်တွင် (၆၅)နှစ်မြောက် နိုင်ငံထူထောင်ခြင်းနေ့ ကျင်းပခဲ့ကြသည်။*

# ဆီးရီးယားကို အမေရိကန်မတိုက်ခိုက်မီ အစ္စရေးအား ကြိုတင်အကြောင်းကြားမည်

**ဂျေရုဆလင်၊စက်တင်ဘာ-၉**

အမေရိကန်နိုင်ငံသည် ဆီးရီးယားနိုင်ငံကို မတိုက်ခိုက်မီ အစ္စရေးနိုင်ငံအား နာရီပိုင်းကြိုတင်၍ အကြောင်းကြားမည်ဖြစ်ကြောင်း အစ္စရေးအရာရှိများက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

အစ္စရေးနိုင်ငံသည် ဆီးရီးယားအရေးနှင့်ပတ်သက်၍ တရားဝင်မသက်ဆိုင်သော်လည်း ကန်အစိုးရက ဆီးရီးယားနိုင်ငံကို စတင်တိုက်ခိုက်လျှင် ဆီးရီးယားနိုင်ငံဘက်မှ ပြန်လည်၍ လက်စားချေမည်ကို စိုးရိမ်လျက်ရှိသောကြောင့် ကန်အစိုးရအနေဖြင့် ဆီးရီးယားနိုင်ငံကို မတိုက်ခိုက်မီ နာရီပိုင်းကြိုတင်၍ အစ္စရေးအာဏာပိုင်များအား အသိပေးမည်ဖြစ်ကြောင်း အစ္စရေးအရာရှိတစ်ဦးက ပြောကြားသည်။

ကန်သမ္မတဘားရက်အိုဘားမားအနေဖြင့် ဆီးရီးယားနိုင်ငံအပေါ် တိုက်ခိုက်မည့်အရေးကို မီးစိမ်းပြလိုက်လျှင် အစ္စရေးနိုင်ငံသည် ဒုံးခွင်းဒုံးစနစ်များနှင့် စစ်တပ်များဖြန့်ကြက်နေရာချထားရန် စီစဉ်ထားသည်။ သမ္မတအိုဘားမားသည် အာဆတ်အစိုးရ၏ ဓာတုလက်နက်သုံး၍ တိုက်ခိုက်မှုအပေါ် စစ်ရေးအရ အရေးယူမည့်ကိစ္စနှင့်ပတ်သက်၍ သဘောတူရန် ကန်လွှတ်တော်ကိုတိုက်တွန်းထားသည်။

အမေရိကန်-အစ္စရေး ပြည်သူ့ဆက်ဆံရေးကော်မတီအဖွဲ့၏ အစ္စရေးထောက်ခံသည့် တက်ကြွလှုပ်ရှားသူ ရာပေါင်းများစွာသည် ဆီးရီးယားနိုင်ငံကိုစစ်ရေးအရ အရေးယူရန်အတွက် ကန်လွှတ်တော်ကိုလာမည့်သီတင်းပတ်တွင်ဝါရှင်တန်မြို့၌ မဲဆွယ်မည်ဖြစ်သည်။

—*Ref: Reuters*

# မက္ကဆီကိုသမ္မတ၏ အခွန်ပြုပြင်ပြောင်းလဲမှုတွင် လူမှုခံစားခွင့်အစီအစဉ်များပါဝင်

**မက္ကဆီကိုစီးတီး၊စက်တင်ဘာ-၉**

မက္ကဆီကိုနိုင်ငံတွင် သမ္မတ ပင်ညာနီယက်တိုက အခွန်ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကြေညာခဲ့ပြီး ယင်းတွင် အောက်ခြေသိမ်း လူမှုအစီအစဉ်များကိုလည်း တင်ပြထားသည်။ သမ္မတ၏အစီအစဉ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ပင်စင်ပေးမည့် အစီအစဉ်အပြင် အလုပ်လက်မဲ့အာမခံစနစ်များလည်းပါဝင်သည်။

အခွန်ကောက်ခံရာတွင် ဝင်ငွေမြင့်မားသူများအပေါ် အခွန်တိုးမြှင့်ကောက်ခံရေး၊စတော့ရှယ်ယာဈေးကွက် အမြတ်ငွေများအပေါ် အခွန်နှုန်းထားတစ်ခု သတ်မှတ်ကောက်ခံရေးများအတွက် ပင်ညာနီယက်တိုက အဆိုပြုထားသည်။ သို့သော်စီးပွားရေးနှေးကွေးနေချိန်တွင် ရောင်းကုန်များအပေါ် အခွန်ကောက်ခံခြင်း အငြင်းပွားဖွယ်ရာ အစီအစဉ်ကိုမူ လျှော့ချထားသည်။

မက္ကဆီကိုသမ္မတက ယမန်နေ့ မိန့်ခွန်းပြောကြားစဉ် ယင်းအစီအစဉ်များကို ကြေညာခဲ့ခြင်းဖြစ်သည်။ "အခွန်ပြုပြင်ပြောင်းလဲရေးဟာ လူမှုရေးပြုပြင်ပြောင်းလဲမှုဖြစ်ပါတယ်"ဟုသမ္မတအိမ်တော်တွင်ပြောကြားသော မိန့်ခွန်းတွင်ပင်ညာနီယက်တိုကဆိုသည်။





EDGARD GARRIDO/REUTERS

*စက်တင်ဘာ ၈ ရက်က မက္ကဆီကိုစီးတီးရှိ Los Pinos သမ္မတအိမ်တော်တွင် ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုများတင်ပြစဉ် အမူအရာလုပ်ပြနေသော မက္ကဆီကိုသမ္မတ ပင်ညာနီယက်တိုကို တွေ့ရစဉ်*

၂၀၁၃ ခုနှစ်တွင် ဘဏ္ဍာရေးလိုငွေပမာဏ အနည်းငယ်လက်ခံမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် နိုင်ငံ့ဂျီဒီပီ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ လိုငွေပြခြင်းကို လက်သင့်ခံမည်ဟု မစ္စတာနီယက်တိုကပြောပြီး စီးပွားရေးကောင်းမွန်ချိန်တွင် ရရှိသော အခွန်ဘဏ္ဍာများကို နောင်တွင် နိုင်ငံအတွက်သုံးစွဲနိုင်ရန် ဘဏ္ဍာရေးတည်ငြိမ်မှုရန်ပုံငွေ တစ်ရပ် ထားရှိသွားရန်လည်း မက္ကဆီကိုသမ္မတကတင်ပြခဲ့သည်။

—*Ref: AP*

Future Auto "မြန်မာနိုင်ငံ၏ ပထမဆုံး Used Car Warranty Service"

၁၅.၇.၂၀၁၃မှ ၃၁.၁၀.၂၀၁၃ အထိ ဝယ်ယူအားပေးသည့် Customer များအတွက်





★ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူထားသော အိမ်သုံးလူစီးကားများအား ဝယ်ယူသည့်နေ့မှစ၍ (၆)လအတွင်း ပစ္စည်းဖိုး၊ လက်ခ မယူဘဲ (အခမဲ့)ပြုပြင်ပေးပါမည်။

★ ရန်ကုန်မြို့အတွင်းကားပျက်ပါက ချက်ချင်းလာရောက်ပြုပြင်ပေးပါမည်။

★ ကားပြင်ဆင်နေချိန်တွင် ယာယီကား အစားထိုးဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းဒီးဗွိုင်အနီး၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-400785, 09-5147128, 09-73231587

ဂျာနယ် မျက်နှာဖုံး မှ

# ချေးငွေဖြင့် ဆင်းရဲမွဲတေမှု ဖြေရှင်းနိုင်မလား

အကြွေးရပါက ဆင်ကိုပင်အကောင်လိုက်ဝယ်သည်ဟု မြန်မာလူထုကြား ပြောဆိုလေ့ရှိကြသည်။ မိမိအတွက်အသုံးလိုသည်၊ မလိုသည်ကိုမစဉ်းစားဘဲအကြွေးရပါက ရယူချင်သောဆန္ဒအား ဥပမာပေးပြောဆိုခြင်းဖြစ်သည်။

ယခုဆိုလျှင် သမဝါယမအသင်းအနေဖြင့် တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်းချေးမည့်အစီအစဉ်စတင်နေပါပြီ။ ထို့အပြင် မှန်မှန်ကန်ကန်လုပ်ကိုင်ပြီး မှန်မှန်ကန်ကန်ပြန်လည်ပေးဆပ်သည့်အသင်းသားများကို ကျပ်ငါးသိန်းထိ ထုတ်ချေးပေးမည်ဟုလည်းသမဝါယမဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ပြောကြားထားပါသည်။

လူလေးဦးလျှင် တစ်ဦးဆင်းရဲနေသော မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရန်ရည်ရွယ်၍ ငွေချေးခြင်းဖြစ်သည်။ ငွေချေးယူမည့်သူအနေဖြင့် မိမိယုံကြည်ရသူအနည်းဆုံးငါးဦးပါရှိသည့်အဖွဲ့ ဖွဲ့စည်းရမည်ဖြစ်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့်ချေးပေးမည်ဖြစ်ကာ ထိုချေးငွေအတွက် အတိုးနှုန်း ၂ကျပ်ပြား၅၀နှုန်းသတ်မှတ်ထားသည်။

ထိုကဲ့သို့ချေးရန်အတွက် တရုတ်နိုင်ငံမှ ပို့ကုန်သွင်းကုန်ဘဏ်မှ အမေရိကန်ဒေါ်လာ သန်းတစ်ရာချေးယူခဲ့သည်။ ထိုချေးငွေအတွက် တရုတ်နိုင်ငံဘဏ်သို့တစ်နှစ်လျှင် ၄ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ပြန်လည် ပေးဆပ်ရမည်ဖြစ်သည်။

သမဝါယမဝန်ကြီးဌာနက ၂၀၁၃၊ ဩဂုတ် ၂၀ရက်အထိ ကျေးရွာပေါင်းတစ်သောင်းကျော်သို့ချေးငွေ ၈၁ဘီလီယံကျပ်ထုတ်ချေးထားသည်ဟု ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းကပြောသည်။ ထပ်မံချေးပေးရန် သမအသင်းများတွင်ငွေကြေးနှင့် ပိုင်ဆိုင်ပစ္စည်းမရှိတော့ဟုဝန်ကြီးကဆိုသည်။

မြန်မာနိုင်ငံရှိကျေးလက်ဒေသရှိပြည်သူများလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဝိုင်းကြီးချုပ်စနစ်ဖြင့်ငွေများထုတ်ချေးခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများမကောင်းမှုများကြောင့် ချေးငွေပြန်မရသည်ကများကြောင်း ငွေချေးလုပ်ငန်းလုပ်ကိုင်ခဲ့သည့် အရပ်ဘက်အဖွဲ့အစည်းများကပြောသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသမဝါယမဝန်ကြီးဌာနသို့ ပြောင်းလဲလာပြီးနောက် သမစနစ်ကိုပြန်လည် အသက်သွင်းလာခြင်းဖြစ်သည်။ ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

အထူးသဖြင့်ရာသီဥတုဖောက်ပြန်ခြင်းကြောင့် သီးနှံများပျက်စီးခြင်း၊ လယ်ယာထွက်ကုန်နှင့်ရေထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမတည်ငြိမ်ခြင်းတို့ကြောင့်ချေးငွေများပြန်လည်မပေးဆပ်နိုင်သူများရှိသည်။

“များသောအားဖြင့် ၈၀ရာခိုင်နှုန်းလောက်က သီးနှံတွေပျက်စီးသွားလို့ပြန်မဆပ်နိုင်တာ။ ၂၀ ရာခိုင်နှုန်းကတော့ တလွဲသုံးပစ်တာတွေရှိတယ်”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်ကပြောသည်။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်ဥက္ကဋ္ဌပိုင်သောကဥ္စနက္ခန်းသာကုမ္ပဏီအနေဖြင့် တောင်သူလယ်သမားများအား ကျပ်ငွေ သုံးဘီလီယံကျော်ချေးခဲ့ရာမှ ၁ဒသမ ၂ဘီလီယံအကြွေးကျန်နေသေးကြောင်းဦးချစ်ခိုင်ကပြောသည်။

“ဈေးတွေရောင်းမကောင်းတော့ လူတွေကချေးငွေထုတ်ကြတယ်။ ဈေးကထပ်ရောင်းမကောင်းတော့ အတိုးနဲ့အရင်းပါထပ်ပြီးမဆပ်နိုင်ကြဘဲဖြစ်နေတာ”ဟု ပက်မြန်မာမှ ချေးငွေထုတ်ယူပြီးညောင်ဦးမြို့မဈေးအတွင်း ယွန်းထည်ရောင်းချနေသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံသည်ရာသီဥတုဖောက်ပြန်မှုကိုယခုဆယ်စုနှစ်အတွင်း ပိုမိုကြုံတွေ့လာရပြီး ပြီးခဲ့သည့် နိုင်ငံတကာရာသီဥတုစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ရာသီဥတုဖောက်ပြန်မှုအဆိုးရွားဆုံးခံရသည့် နိုင်ငံများထဲတွင်ဒုတိယဖြစ်နေသည်။

ထို့ကြောင့်လယ်ယာထွက်ကုန်သီးနှံများစိုက်ပျိုးသည့်ဒေသများတွင်နှစ်စဉ်ရေကြီးမှု၊ အချိန်အခါမဟုတ်မိုးရွာသွန်းမှုနှင့် မိုးခေါင်မှုများကြောင့် စိုက်ပျိုးသီးနှံများနှစ်စဉ်ပျက်စီးမှုနှင့်ကြုံတွေ့နေရသည်။

ထို့အပြင် မြန်မာနိုင်ငံရှိကျေးလက်ဒေသများတွင် တရားဥပဒေစိုးမိုးမှုအားနည်းသဖြင့် ချဲဒိုင်များ၊ အရက်ပုန်းဆိုင်များနှင့် ဘောလုံးလောင်းကစားဒိုင်များမှာ နေရာအနှံ့ပုံစံမျိုးစုံဖြင့်တည်ရှိနေကြသည်။

ထိုကဲ့သို့သောအခြေအနေမျိုးရှိနေမှုများကြောင့် သမဝါယမဝန်ကြီးဌာနမှ တရုတ်နိုင်ငံမှတစ်နှစ်လျှင် ၄ဒသမ ၅ရာခိုင်နှုန်းအတိုးဖြင့်ငွေချေးပြီး ကျေးလက်နေပြည်သူများအားငွေပြန်ထုတ်ချေးမည့်အပေါ် စိုးရိမ်မှုများရှိနေကြသည်။

မြန်မာနိုင်ငံတွင် ဝိုင်းကြီးချုပ်စနစ်ဖြင့်ချေးငွေထုတ်ချေးသည့်လုပ်ငန်းမှာ လက်တွေ့ပိုင်းတွင် အောင်မြင်မှုနည်းပါးနေသည့်အခြေအနေတွင်ရှိနေသဖြင့် တရုတ်နိုင်ငံမှချေးငွေယူပြီး ထပ်ဆင့်ချေးငှားခြင်းသည် နိုင်ငံအတွက်အတိုးပိစေသည့်အတွက် မလုပ်ဆောင်သင့်ကြောင်းအဖွဲ့အစည်းအချို့က အကြံပြုကြသည်။

“အတိုးနှုန်းများတယ်။ မကိုက်တဲ့ငွေကြေးအရင်းအနှီးဖြစ်နေတော့ တိုင်းပြည်အတွက်အတိုးပိနိုင်တဲ့စနစ်ကို အစိုးရအနေနဲ့မကျင့်သုံးသင့်ဘူး။ နဂိုကတည်းကတောင်အစိုးရမှာအကြွေးတွေရှိနေတာမလုပ်သင့်ဘူး”ဟု လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသည့်ပေါင်းကူးလူမှုအဖွဲ့အစည်းမှ ဒါရိုက်တာဦးကျော်သူကပြောသည်။

သို့သော်တရုတ်နိုင်ငံမှချေးယူမည့်ငွေ၏ အတိုးနှုန်းမှာနိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက နည်းပါးကြောင်းကျေးလက်ဒေသများတွင် အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်နေသော Pact Myanmar မှအထွေထွေမန်နေဂျာဦးမောင်မောင်ကပြောသည်။

ချေးငွေများကြောင့်နိုင်ငံတကာတွင်စီးပွားရေးပိုမိုကျပ်တည်းသွားသောနိုင်ငံများရှိခဲ့ပြီးဥပမာပြရမည်ဆိုပါက ဂရိနိုင်ငံဖြစ်သည်။ သို့သော်ထိုင်းနိုင်ငံမှာမူ စနစ်တကျစီမံခန့်ခွဲခဲ့သဖြင့် ချေးငွေများကြောင့်တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးခဲ့သည်။

“သမအဖွဲ့အစည်းဆိုတာက လူတန်းစားအကုန်မပါတဲ့အတွက် ဒါကိုပြန်စဉ်းစားရမယ်။ အဓိကအရေးကြီးတာက စီမံခန့်ခွဲမှုပေါ်မူတည်တယ်”ဟု တရုတ်နိုင်ငံမှအတိုးနှုန်းဖြင့်ငွေချေး၍ သမဝါယမမှငွေပြန်ချေးမည့်အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းဝင်းကပြောသည်။

တောင်သူလယ်သမားများအတွက်စိုက်ပျိုးစရိတ်ချေးရန်အတွက်ဘီလီယံတစ်ထောင်ခန့်ချေးရပြီးထိုပမာဏမှာ လုံလောက်မှုမရှိဘဲ လုံလောက်အောင်ချေးပါကနောက်ထပ်ဘီလီယံတစ်ထောင်ခန့်ထပ်မံလိုအပ်ပြီး ကျန်ရှိနေသောအခြေခံလူတန်းစားများအတွက် ယခုချေးငွေသည်ဆင့်ပါးစပ်နှမ်းပက်သည့် ပမာဏသာရှိသည်ဟုထောက်ပြပြောဆိုသူများလည်းရှိသည်။

သမဝါယမဝန်ကြီးဌာနအနေဖြင့်ကျေးလက်နေပြည်သူများအားချေးရာတွင် ဆုံးရှုံးမှုမရှိစေရန်နှင့်တောင်သူများစုငွေရရှိရန်အတွက်ချေးငွေပေါ်မှ ၁၀ရာခိုင်နှုန်းအားစုငွေအဖြစ်ထားရှိမည်ဖြစ်ပြီး ထိုစုငွေအပေါ်တွင် အတိုးနှုန်းသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာနအဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။

ဝန်ကြီးဌာနအနေဖြင့်တစ်ကြိမ်လျှင် ကျပ်ငွေတစ်သိန်းချေးပေးမည်ဖြစ်ပြီးတစ်နှစ်လျှင် နှစ်ကြိမ်ချေးသွားရန်စီစဉ်ထားကာယခုနှစ်တွင် စတင်ချေးမည်ဖြစ်သည်။

ငွေချေးရာတွင်လည်း သမဝါယမအသင်းဝင်များကိုသာချေးမည်ဖြစ်ပြီး အသင်းဝင်လိုသူများအနေဖြင့် ကျေးရွာရပ်ကွက်များတွင်ရှိသောသမဝါယမအသင်းများတွင်တစ်စုလျှင် ကျပ်ငါးထောင်သွင်း၍ အသင်းဝင်နိုင်မည်ဖြစ်သည်။

“ချေးငွေပေးတယ်ဆိုတာကျေးလက်နေပြည်သူအတွက်ကောင်းပါတယ်။ အတိတ်ကာလမှာဆိုရင်အမတော်ကြေးဆိုပြီးအမည်နဲ့ပေးခဲ့တာ ဒီဘက်ခေတ်မှာမအောင်မြင်တာ။ ချေးငွေရယူသူတွေရဲ့ Mindset (စိတ်ထား)မပြောင်းနိုင်တာနဲ့လုပ်တာကိုင်တာတွေလည်းအပေါ်ကခိုင်းတဲ့အတိုင်းလုပ်ကြလို့”ဟု စီးပွားရေးပညာရှင်ဦးလှမောင်ကပြောသည်။

လက်ရှိတွင် ကျေးလက်နေပြည်သူများအနေဖြင့်လည်း ငွေကြေးအရင်းအနှီးလိုအပ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ စိုက်ပျိုးရေးဆိုင်ရာငွေကြေးကဏ္ဍတွင်အခွင့်အလမ်းအနည်းဆုံးဖြစ်ပြီး ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၃၆ရာခိုင်နှုန်းနှင့် နိုင်ငံလုပ်သားအင်အား၏ သုံးပုံတစ်ပုံခန့်ကိုစိုက်ပျိုးရေးကဏ္ဍကပံ့ပိုးပေးထားသော်လည်းစိုက်ပျိုးရေးကဏ္ဍအတွက် ချေးငွေများကဏ္ဍအားလုံး၏ ၂၅ရာခိုင်နှုန်းခန့်သာရှိသည်ဟု မီချီဂန်တက္ကသိုလ် စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကပြုစုသည့်စာတမ်းတွင်ဖော်ပြထားသည်။

ထိုနည်းတူ အခြေခံအဆောက်အအုံများဖြစ်သောလမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်မီးရရှိရေး၊ သတင်းအချက်အလက်များရောက်ရှိရေးတို့အတွက် လိုအပ်ချက်များစွာရှိနေသည်။

ထို့အပြင် လယ်ယာထွက်ကုန်သီးနှံများ၏ ဈေးနှုန်းများမှာလည်း စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ဈေးကစားကွက်ပေါ်တွင်သာများစွာမူတည်နေပြီးတရားဥပဒေစိုးမိုးရေးမှာလည်းကျေးလက်ဒေသတွင်မရှိသလောက်ရှိနေသည့်အနေအထားဖြစ်သည်။ ထိုအခြေအနေမျိုးတွင်မြန်မာနိုင်ငံသမိုင်းကြောင်းတွင် နာမည်ပျက်ရှိခဲ့သော သမဝါယမအနေဖြင့် တရုတ်နိုင်ငံမှ အတိုးနှုန်းဖြင့်ငွေချေး၍ ကျေးလက်နေပြည်သူများအားတစ်ဆင့်ပြန်လည်ချေးပေးမည့်လုပ်ငန်းစဉ်သည် စဉ်းစားချင့်ချိန်စရာလုပ်ရပ်ဖြစ်သည်ဟု ပညာရှင်များကထောက်ပြပြောဆိုကြသည်။ ။

ဂျာနယ် မျက်နှာဖုံး မှ

# ကုန်းကျော်ရွာကို စွန့်ခွာရမည့် အချိန်



*ကုန်းကျော်ရွာအတွင်း မြေကွက်လပ်တစ်ခုတွင် စက်ဘီးစီးနေသည့် ကလေးငယ်များ*

ဓာတ်ပုံ- မောင်တာ

လွန်ခဲ့သည့် ၂၀၀၂ ခုနှစ်မေလအတွင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ်အတွင်း မြန်မာအစိုးရစစ်တပ်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကော်မတီရှမ်းပြည်တပ်မတော် (RCSS/SSA) တပ်များကြားပြင်းထန်သည့်တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲအတွင်း နှစ်ဖက်တပ်များ ပစ်ခတ်သည့် သေနတ်ကျည်ဆန်နှင့် လက်နက်ကြီး ကျည်ဆန်များ ထိမှန်ကာ ဒေသခံရွာသားအချို့ သေဆုံးခဲ့ပြီး နေအိမ်မီးလောင်ပျက်စီးမှုများ ရှိခဲ့သည်။ ၎င်းတိုက်ပွဲများကြောင့် မိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံမိသားစုပေါင်းများစွာသည် ရပ်ရွာများကို စွန့်ခွာကာ အသက်လုထွက်ပြေးခဲ့ရသည်။ နေရပ်စွန့်ခွာထွက်ပြေးသည့် မိသားစုပေါင်းများစွာတွင် ဦးစိုင်းလျန်တို့မိသားစုလည်း ပါဝင်ခဲ့သည်။

သူတို့မိသားစု အသက်လုထွက်ပြေးခဲ့ရသည့်အကြောင်းကို အချိန် ဆယ်နှစ်ကျော်ကြာပြီးနောက် အသက်၆၀ အရွယ်ဦးစိုင်းလျန်က ပြန်လည်ပြောပြနေခြင်းဖြစ်သည်။

ထွက်ပြေးလာပြီးနောက် ထိုင်း-မြန်မာနယ်စပ်နယ်ခြားမှတ်တိုင်နှင့် တစ်မိုင်ကျော်ခန့်ဝေးသည့် ထိုင်းနိုင်ငံအတွင်း တောင်ကုန်းတစ်ခုပေါ်တွင် နေထိုင်ခဲ့ကြသည်။ အခြားထွက်ပြေးလာသူများနှင့် စုပေါင်းကာ တောင်ကုန်းကို ကုန်းကျော်ရွာအဖြစ် အမည်ပေးခဲ့ပြီး ၂၀၀၂ ခုနှစ်မှစတင်ကာ ယနေ့အထိ ဆယ်နှစ်ကျော်ကြာ နေထိုင်လျက်ရှိသည်။

"တိုက်ပွဲတွေကြောင့် ကျွန်တော်တို့ရွာမှာ ဆက်နေလို့မရတော့ဘူး။ ထွက်ပြေးရတယ်။ တခြားပြေးစရာနေရာကလည်း မရှိတော့ နယ်စပ်ကိုကျော်ပြီး ထိုင်းဘက်ကို ပြေးလာကြတယ်"ဟု ဦးစိုင်းလျန်က ပြောသည်။ တိုက်ပွဲမှ ကျည်ဆန်များကြောင့်ဒေသခံရွာသူရွာသားများ ထိခိုက်သေဆုံးမှု၊ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သလို ရှမ်းလူမျိုးအများစုဖြစ်သည့် ဒေသခံများကိုလည်း SSA အား ကူညီထောက်ပံ့နေသည်ဟု မြန်မာစစ်တပ်က ထင်မြင်ယူဆကာ ရန်ပြုမှုများရှိခဲ့သည်ဟု ဦးစိုင်းလျန်က ဆိုသည်။

"ကျွန်တော်တို့ စစ်ကိုကြောက်တယ်။ ပိုပြီးတော့တောင် စစ်နဲ့မပတ်သက်ချင်ဘူး" ဟု အသက် ၆၀ အရွယ်ဦးစိုင်းလျန်က တိုက်ပွဲများကြောင့် မြေစာပင်ဖြစ်ခဲ့ရသည့် အကြောင်းကိုပြောပြသည်။

အိမ်ခြေ တစ်ရာကျော်ရှိသည့် ကုန်းကျော်ရွာလယ်ပိုင်းရှိ ၎င်း၏နေအိမ်ရှေ့ မြေကွက်လပ်တွင်ထိုင်ကာ လွန်ခဲ့သည့် ဆယ်နှစ်ကျော်က အကြောင်းအရာအချို့ကို ကုန်းကျော်ရွာအုပ်ချုပ်ရေးအဖွဲ့ ခေါင်းဆောင်(သူကြီး)အဖြစ် တာဝန်ယူထားသည့် ဦးစိုင်းလျန်က ပြန်လည်ပြောပြနေခြင်း ဖြစ်သည်။

လက်ရှိတွင်မူ ကုန်းကျော်ရွာသည် စစ်ကြောင့်ထွက်ပြေးလာသည့် ရှမ်းဒုက္ခသည်များ စုပေါင်းနေထိုင်သည့် မြန်မာနိုင်ငံပြင်ပမှ တစ်ခုတည်းသော ရှမ်းဒုက္ခသည်စခန်းအဖြစ် တည်ရှိနေသည်။ မြန်မာ-ထိုင်းနယ်စပ်နှင့် တစ်မိုင်ကျော်ခန့်သာဝေးပြီး ထိုင်းနိုင်ငံချင်းမိုင်ခရိုင် ဝမ်ဟဲန်မြို့နယ်အတွင်း တည်ရှိသည်။

ကုန်းကျော်ရွာတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းတုံမြို့နယ်အတွင်းမှ ပန်ပုံ့ကော်ရွာ၊ ပန်ဟော့ရွာ၊ ဟွေရောက်ရွာနှင့် ပန်မိုင်ဆုံရွာဟူသည့်ရွာလေးရွာမှ စစ်ပွဲကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာသူများ စုစုပေါင်း လူ ၄၀၀ ကျော် နေထိုင်လျက်ရှိပြီး မိသားစု ၁၃၄ စု ရှိသည်ဟု ရွာသူကြီးဦးစိုင်းလျန်က ပြောသည်။

ကုန်းကျော်ရွာ၏ ရွာလယ်မြေနီလမ်းမပေါ်မှ ကြည့်လိုက်လျှင် ထိုင်းစစ်တပ်၊ မြန်မာစစ်တပ်နှင့် ရှမ်းစစ်တပ် (RCSS/SSA) များ တပ်စွဲထားသည့်တောင်ကုန်းများကိုမြင်နေရသည်။ ကုန်းကျော်ရွာရှိနေအိမ်အဆောက်အအုံအများစုသည် ခနိမိုး၊ ဝါးကပ်ကာ အဆောက်အအုံများဖြစ်သည်။

စစ်ပွဲကြောင့် ရပ်ရွာစွန့်ခွာထွက်ပြေးသူ ရှမ်းဒုက္ခသည်အများစုမှာ RCSS/SSA ထိန်းချုပ်နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်တိုင်းလျင်ဒေသတွင် နေထိုင်ကြသည်။ RCSS/SSA မှ လုံခြုံရေး ပေးထားပြီး လွိုင်တိုင်းလျန်ဒေသတွင် စခန်းငါးခုဖွင့်လှစ်ကာ နေထိုင်နေသည့်ရှမ်းစစ်ပြေးဒုက္ခသည် ခြောက်ထောင်ခန့်ရှိသည်ဟု၎င်းတို့ကို ကူညီပေးနေသည့် ရှမ်းအမျိုးသမီးများကွန်ရက် SWAN က ဆိုသည်။

ထွက်ပြေးလာသူတို့အတွက် အဓိကအခက်အခဲမှာ ထိုင်းအစိုးရကတရားဝင်ဒုက္ခသည်အဖြစ်အသိအမှတ်မပြုခြင်းပင်။ ထိုင်းနိုင်ငံအတွင်း ကုန်းကျော်ရွာတွင် ဆယ်နှစ်ကျော်ကြာ နေထိုင်ခဲ့သော်လည်း ယနေ့အချိန်ထိ ထိုင်းအစိုးရက တရားဝင်ဒုက္ခသည်စခန်းအဖြစ် အသိအမှတ်ပြုခြင်းမရှိဘဲ ယာယီဒုက္ခသည်စခန်းအနေဖြင့်သာ နေထိုင်ခွင့်ပေးထားသည်။

မြန်မာနိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် အတင်းအကျပ်နေရပ်ပြန်ပို့ခြင်းမရှိသော်လည်း ယာယီဒုက္ခသည်စခန်းအဖြစ်သာ သတ်မှတ်ထားသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) အနေဖြင့်လည်း ကုန်းကျော်ရွာသားများကို တရားဝင်ဒုက္ခသည်အဖြစ် အသိအမှတ်ပြုပေး ခြင်းမရှိပါ။

ကုန်းကျော်ရွာသူ၊ ရွာသားများထံတွင် ထိုင်းအစိုးရနှင့် UNHCR မှ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုသည့် သက်သေခံလက်မှတ်တစ်စုံတစ်ရာ မရှိသလို မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့စဉ်ကလည်း နယ်မြေမငြိမ်းချမ်းမှုများနှင့် ဒေသခံအများစုမှ မြန်မာစကားပြောနိုင်ခြင်းမရှိသည့် အတွက် မြန်မာနိုင်ငံသား မှတ်ပုံတင်လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ကြောင်း ဦးစိုင်းလျန်က ပြောသည်။

ထိုင်းနိုင်ငံအတွင်း ကုန်းကျော်ရွာတွင် နေထိုင်နေသော်လည်း ဝမ်ဟဲန်မြို့နယ်မှအပ အခြားနေရာများ သွားခွင့်မရှိပါ။ ဝမ်ဟဲန်မြို့နယ်အပြင်ဘက် ထိုင်းနိုင်ငံအတွင်း အခြားနေရာများသွားရောက်လိုလျှင် ထိုင်းအာဏာပိုင်များထံ ခွင့်ပြုချက်တောင်းခံရသည်ဟု ဦးစိုင်းလျန်က ပြောသည်။

စားဝတ်နေရေးအတွက် ကလေးငယ်နှင့် သက်ကြီးရွယ်အိုများမှ လွဲ၍ ကုန်းကျော်ရွာသားများမှာ အနီးဝန်းကျင်ရှိ ငရုတ်စိုက်ခင်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် နေ့စားအလုပ်ဝင်ကြ သည်ဟု ဆိုသည်။

လက်ရှိတွင် ကုန်းကျော်ရွာသားများ၏ စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးအတွက် TBC နှင့် အခြားနိုင်ငံတကာ NGO များ၊ ထိုင်းနိုင်ငံအခြေစိုက် ရှမ်း NGO အဖွဲ့များမှ ထောက်ပံ့ပေးမှုများ ရှိနေသည်။ TBC မှ တစ်ဦးစီအတွက် ဆန် ၁၂ ကီလို၊ ဆီ၊ ဆားနှင့် မီးသွေးများ လစဉ်ထောက်ပံ့ပေးနေသည်ဟုဦးစိုင်းလျန်က ပြောသည်။

သို့သော်လည်း နိုင်ငံသားမှတ်ပုံတင်မရှိခြင်းနှင့် ဒုက္ခသည်အဖြစ် အသိအမှတ်မပြုခြင်းတို့ကြောင့် နိုင်ငံမဲ့ဖြစ်မည့်အရေးနှင့် ကလေးငယ်များ၏ အနာဂတ်အတွက် အလွန်စိုးရိမ်စိတ်ဖြစ်မိသည်ဟု ဦးစိုင်းလျန်က ပြောသည်။

ကုန်းကျော်ရွာမှ ကလေးငယ်အများစုမှာ အနီးနားရှိထိုင်းကျေးရွာများမှထိုင်းစာသင်ကျောင်းများတွင် သွားရောက် ပညာသင်ကြားနေသော်လည်း အဆင့်မြင့်ပညာများကိုသင်ကြားနိုင်ရန်ခက်ခဲနေသည်ဟု ကုန်းကျော်ရွာမှ ကျောင်းသားမိဘများက ပြောသည်။ ထိုင်းပညာရေးစနစ် သင်ရိုးညွှန်းတမ်းအတိုင်း အခြေခံနှင့် အထက်တန်းပညာများကို အနီးနားရှိထိုင်းကျေးရွာ ကျောင်းများတွင် တက်ရောက်ပညာသင်ယူနိုင်သော်လည်း ထိုင်းအစိုးရအသိအမှတ်ပြု ဘွဲ့တစ်ခုခုရရှိရေး တက္ကသိုလ်တက်ရန်မှာ နိုင်ငံသားသက်သေခံ အထောက်အထားမရှိသည့်အတွက် တက်ခွင့်ရရန် အလွန်ခက်ခဲသည်ဟု ကုန်းကျော်ရွာမှ ကျောင်းသားမိဘ ဒေါ်နန်းဦးက ပြောသည်။

ဒေါ်နန်းဦးတွင် အသက်(၁၈)နှစ်အရွယ်သားတစ်ယောက်ရှိပြီး ထိုင်းပညာရေးအလယ်တန်းအဆင့်ပြီးသော်လည်း ထိုင်းတက္ကသိုလ်တက်ဖို့ အခွင့်အရေးမရှိသလိုဖြစ်နေသည်။ မြန်မာနိုင်ငံပြန်ဖို့လည်း သူက မြန်မာစကားမပြောတတ်တော့ပါ" ဟု ဒေါ်နန်းဦးသား၏ ပညာသင်ကြားရေးနှင့် ပတ်သက်ပြီး ပြောသည်။

ဆယ်နှစ်ကျော်ကြာ အခွင့်အရေးတစ်စုံတစ်ရာမရှိဘဲ နေထိုင်ခဲ့ရသလို မျိုးဆက်သစ်များ၏ အနာဂတ်အတွက် မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းရေးရဖို့ မျှော်လင့်ဆုတောင်းမိသည်ဟု ဦးစိုင်းလျန်က ဆိုသည်။ သို့သော် ငြိမ်းချမ်းမှုမရှိသေးချိန် အတင်းအကျပ်ပြန်ပို့လျှင် လက်ရှိဘဝထက် ပိုမိုအခက်အခဲဖြစ်မည်ကို စိုးရိမ်သည်ဟု ဦးစိုင်းလျန်က ပြောသည်။

မူလနေရာဖြစ်သည့် မိုင်းတုံမြို့နယ်တွင်း မဟုတ်ဘဲ မိန်းထား (မိန်းတော့) ဒေသသို့ ပြန်ပို့ပေးမည်ဟု သတင်းများထွက်ပေါ်နေမှုနှင့် ပတ်သက်၍လည်း ၎င်းနေရာသည် ဘိန်းစိုက်ပျိုးမှုနှင့် ဆက်နွှယ်သည့် ဒေသတစ်ခုဟု နာမည်ထွက်နေရာ သူတို့အားလုံး ဘိန်းသံသရာတွင် နစ်မြုပ်သွားမည်ကို စိုးရိမ်ကြောင်း၊ မိန်းထား(မိန်းတော့)ဒေသသည်လက်နက်ကိုင်တပ်ဖွဲ့များပြားသည့် ဒေသဖြစ်ပြီး မြေမြှုပ်မိုင်းအန္တရာယ်မှာလည်း စိုးရိမ်ရသည့် အနေအထားဖြစ်ကြောင်း ဦးစိုင်းလျန်က ဆိုသည်။

လွန်ခဲ့သည့်ဇူလိုင်လအတွင်းက ကုန်းကျော်ဒုက္ခသည်စခန်းသို့ ထိုင်းရဲနှင့်အတူ တာချီလိတ်မှ ရဲအရာရှိနှစ်ယောက် ရောက်ရှိလာပြီး ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့မှဟုပြောကာ နေရပ်ကိစ္စပြောဆိုဆွေးနွေးသည်ဟု ဦးစိုင်းလျန်က ပြန်လည်ပြောပြသည်။ ယင်းရက်သတ္တပတ် အတွင်းမှာပင် ရှမ်းပြည်နယ် မုန်းတော့ဒေသမှ စစ်ဗျူဟာမှူးလည်း ကုန်းကျော်ရွာသို့ ရောက်လာပြီး လူဦးရေစာရင်း မေးမြန်းကာနေရပ်ပြန်ရေးနှင့် နေအိမ်များ ဆောက်လုပ်ပေးပြီး ပြန်လည်နေရာချထားရေးလုပ်ဆောင်နေမှုများအကြောင်းပြောဆိုသွားသည်ဟု ဆိုသည်။

အမှန်တကယ်နေရပ်ပြန်နိုင်သည့် အခြေအနေအထိ မရောက်သေးဘဲ အတင်းအကျပ်နေရပ်ပြန်ပို့မည်ကို စိုးရိမ်နေသည်ဟု ဦးစိုင်းလျန်က ပြောသည်။ ။